www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

# ဆရာကိုချစ်မှ စာကိုချစ်သည်

ပါရမီ
စာပေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**ဆရာကိုချစ်မှ စာကိုချစ်မည်**

ပထမအကြိမ်၊ ၂၀၀၄ ခုနှစ် မေလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၉၈/ ၂၀၀၄(၃)နှင့် စာမူခွင့်ပြုချက်အမှတ် ၆၉/ ၂၀၀၄(၁)တို့အရ ဦးကျော်ဦး (ယာယီမှတ်ပုံတင်အမှတ် ၆၆၈) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း (၀၅၈၂၉) သံလွင်ဦးပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၇၅၀ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန် (ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# မာတိကာ


| | | |
|---|---|---|
| | စာရေးသူ့အမှာ | ၅ |
| ၁။ | ကျောင်းကို ကလေးရောက်အောင် ဘယ်လိုပို့ရမှာပါလိမ့် | ၉ |
| ၂။ | ဆရာထက်တော်နိုင်ပေမယ့် ဆရာ့ကို မဖော်လို့ မဖြစ်ဘူး | ၁၄ |
| ၃။ | ဆရာ့အကြောင်းဆိုတာ သမုဒ္ဒရာလိုပဲ ကျယ်ပြန့်ပါတယ် | ၁၉ |
| ၄။ | ဆရာဆိုတာ ရပ်နေသူ မဖြစ်သင့်ပါဘူး | ၂၅ |
| ၅။ | ဆရာဆိုတာ မြင်တတ်တဲ့အကြည်ဓာတ်ကို ပွင့်စေသူ | ၂၉ |
| ၆။ | ဆရာက ဘာကိုသင်တာလဲ၊ လူကိုလား စာကိုလား | ၃၄ |
| ၇။ | ဆရာရဲ့စိတ်ဓာတ်နဲ့ အမြင်ဟာ ကျယ်ပြန့်ရပါမယ် | ၃၉ |
| ၈။ | ဆရာဆိုတာ လောကရဲ့အလှအပကို မြင်အောင်ပြတတ်သူ | ၄၄ |
| ၉။ | စာသင်ရင်း ပညာဆိုတဲ့အနှစ်သာရကို ဖော်ထုတ်ပြသတတ်မှ ဆရာပီသတယ် | ၄၉ |
| ၁၀။ | ဆရာများ မှားရင် သံသရာရှည်လိမ့်မယ် | ၅၃ |
| ၁၁။ | ဆရာ့ တန်ဖိုး | ၅၈ |
| ၁၂။ | ဆရာများ ညီညာဖို့က ပဓာနပါပဲ | ၆၄ |
| ၁၃။ | သုံးဖက်မြင် ဆရာ | ၆၉ |
| ၁၄။ | တရားတော်ထဲက ပညာရေးအတွေးအခေါ် | ၇၅ |
| ၁၅။ | ဆရာ့ဝတ္တရားများ ၁ | ၈၀ |
| ၁၆။ | ဆရာ့ဝတ္တရားများ ၂ | ၈၆ |
| ၁၇။ | ဆရာ့ဝတ္တရားများ ၃ | ၉၂ |
| ၁၈။ | ဆရာ့ဝတ္တရားများ ၄ | ၉၇ |
| ၁၉။ | ဆရာ့ဝတ္တရားများ ၅ | ၁၀၂ |

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



၂၀။ တပည့်နဲ့ဆရာ ရေနဲ့ကြာလို့ ဆိုပါတယ် ၁ ၁၀၈
၂၁။ တပည့်နဲ့ဆရာ ရေနဲ့ကြာလို့ ဆိုပါတယ် ၂ ၁၁၂
၂၂။ တပည့်နဲ့ဆရာ ရေနဲ့ကြာလို့ ဆိုပါတယ် ၃ ၁၁၇
၂၃။ ဆရာ့အကြောင်း ပြောမှတော့ တပည့်အကြောင်းလည်း ပါရမှာပေါ့ ၁၂၃
၂၄။ ဘဝဆိုတဲ့ကျောင်းမှာ ဆရာကောင်းကလည်း ကျောင်းသားပါပဲ ၁၂၉
၂၅။ ဆရာဆိုတာ ကျောင်းသားများကို လူစင်စစ်ဖြစ်အောင် သင်ပေးနိုင်ရပါမယ် ၁၃၅
၂၆။ သီကုံးပန်းတွင် နေ့တိုင်းဆင်လော့ ၁ ၁၄၀
၂၇။ သီကုံးပန်းတွင် နေ့တိုင်းဆင်လော့ ၂ ၁၄၅
၂၈။ သီကုံးပန်းတွင် နေ့တိုင်းဆင်လော့ ၃ ၁၅၀
၂၉။ သီကုံးပန်းတွင် နေ့တိုင်းဆင်လော့ ၄ ၁၅၅
၃၀။ ကျောင်းနေပျော်မှ စာတော်မည် ၁၆၀
၃၁။ မရှိတာထက် မသိတာခက်ပါတယ် ၁၆၅
၃၂။ တပည့်များရဲ့ အကျင့်စရိုက်ကိုလိုက်ပြီး သင်ကြားနည်းက ပြောင်းပါတယ်ပြီး ၁၇၀
၃၃။ သတ္တဝါတို့၏ ဉာဏ်ရင့်ကျက်မှုကိုလိုက်၍ သင်ကြားနည်းပြောင်းတော်မူသည့် မြတ်ဗုဒ္ဓ ၁၇၆
၃၄။ လူသားတို့၏ ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား ၁၈၂
၃၅။ ဆရာဖြစ်လျှင် ဝမ်းစာပြည့်ရန် အားအန်ထုတ်မှ တန်ကာကျမည် ၁၈၈
၃၆။ ဆရာကိုချစ်လျှင် စာကိုချစ်သည် ၁၉၄
၃၇။ ဆရာကိုချစ်မှ စာကိုချစ်တာကတော့ လက်တွေ့ပါပဲ ၂၀၀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



## စာရေးသူ့အမှာ

ကျွန်မတို့ဘဝတွင် မိဘပြီးလျှင် အရေးအကြီးဆုံးသောပုဂ္ဂိုလ်မှာ ဆရာဖြစ်သည်။ မိဘများသည် လက်ဦးဆရာများ ဖြစ်သည်မှာ မှန်ပါသည်။ သို့သော် သားသမီးနှင့် မိဘဟူသော ဆက်ဆံရေးသည် အနည်းနှင့်အများ ပိုမိုပျော့ပျောင်းသောကြောင့် တစ်နည်းဆိုသော် ပိုမိုလျော့ရဲသောကြောင့် ဆရာများ၏ဩဇာ ဆရာများ၏လွှမ်းမိုးနိုင်စွမ်းလောက် အင်အားမရှိလှပါ။ မိဘကလည်း သားသမီးဟူသောအမြင်တွင် ခံစားမှုစွက်ကာ တင်းတင်းကျပ်ကျပ် ဆက်ဆံရမည့်နေရာ စည်းကမ်းကလနား သတ်ပေးရမည့်နေရာများတွင် မိမိတို့ကိုယ်ကို မထိန်းချုပ်နိုင်ဘဲ ဖြစ်နေတတ်သည်။

ဆရာသည် (ဆရာမသည်) တပည့်ကို ချစ်ခင်တွယ်တာသည်မှာ မှန်သော်လည်း စည်းကမ်းကိုကိုင်ရာတွင် မိဘများကဲ့သို့ အလျှော့ပေးလွယ်ခြင်းမရှိဘဲ တင်းတင်းကျပ်ကျပ် ကိုင်တွယ်လေ့ ရှိပါသည်။ ကျောင်းသားကလည်း ဆရာဆရာမများကို ချစ်ခင်လေးစားသော်လည်း မိဘများနှင့် ဆက်ဆံသကဲ့သို့ နွဲ့ဆိုးဆိုးရန် မဝံ့ရဲပါ။ ထိုသို့သော အနေအထားမှာ မလိမ္မာသည်ကို လိမ္မာအောင်၊ မတတ်ကျွမ်းသည်ကို တတ်ကျွမ်းအောင်၊ မပြေပြစ်သည်ကို ပြေပြစ်အောင် လေ့ကျင့်သွန်သင်ပေးရန် အကောင်းဆုံးအနေအထား ဖြစ်ပါသည်။

ကျွန်မသည် ကံအလွန်ကောင်းသောသူ ဖြစ်သောကြောင့် စေတနာသာမက ကျွမ်းကျင်လိမ္မာသည့်နေရာတွင်ပါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြည့်စုံသော ဆရာများ၏ သွန်သင်ဆုံးမခြင်း သင်ကြားပို့ချခြင်းတို့ကို ခံယူနိုင်ခွင့် ရခဲ့ပါသည်။ ထိုကဲ့သို့ ဆရာများ၏ ကောင်းစွာ ဆုံးမသွန်သင်ခြင်းခံရသောကြောင့် အနည်းနှင့်အများ အောင်မြင်သည့်သူတစ်ဦး ဖြစ်လာသည့်အချိန်တွင် ဆရာတို့၏ကျေးဇူးဂုဏ်ကို ဖော်ကျူးရာကျသော စာတစ်အုပ်ကို ရေးရန် အားယူမိပါသည်။ အမှန်အားဖြင့် **'ဆရာကိုချစ်မှ စာကိုချစ်သည်'** ဆိုသည့် အမည်ပေးထားသော စာအုပ်တွင် ပါဝင်သည့်ဆောင်းပါးများသည် ဆရာများ၏ ကျေးဇူးဂုဏ်ကို ပြည့်စုံအောင်မြင်အောင် ဖော်ကျူးနိုင်ခြင်းမရှိပါ။ အကြောင်းမှာ ဆရာသည် လူဖြစ်အောင် ထုဆစ်ပေးလိုက်သော ကျေးဇူးရှင်ဖြစ်သဖြင့် ဆရာ၏ဂုဏ်များကို ရှုထောင့်စုံမှ ရေးသော်လည်း ကုန်နိုင်ဖွယ်ရာမရှိပါ။ မည်သို့ပင်ဖြစ်စေ ဆရာများသည် တပည့်များအပေါ် မည်ကဲ့သို့လွှမ်းမိုးနိုင်သည်ကိုလည်းကောင်း၊ ထိုလွှမ်းမိုးနိုင်စွမ်းဖြင့် လူတိုင်းလူတိုင်းတွင် မွေးကတည်းက ပါခဲ့သော ဆိုးမိုက်မှားယွင်းစေသည့် အကျင့်စရိုက်များ ကိုင်းညွတ်မှုများကို ပပျောက်စေကာ အတတ်ပညာ၌ လိမ္မာသော ကိုယ့်ကျင့်တရားစောင့်ထိန်း၍ ကိုယ်ရောစိတ်ပါ လိမ္မာသောသူများအဖြစ် **ကြီး**ပြင်းလာစေရန် မိမိတို့၏တပည့်များကို စောင့်ရှောက်ခဲ့ကြပေသည်။

တပည့်များသည် မိဘများ ဆရာများနှင့် ဝေးကွာသည့် အရပ်ဒေသသို့ ရောက်ကာ မိမိ၏ကိုယ်စွမ်း စိတ်စွမ်းကို ထုတ်၍ အခက်အခဲများကို ဖြေရှင်းကျော်လွှားရသည့်အခါ မိဘကျေးဇူး ဆရာသမားများ၏ကျေးဇူးဂုဏ်ကို အလွန်သတိရတတ်ပါသည်။ အကယ်၍ မိမိကျော်လွှားရမည့် အခက်အခဲကို မကျော်လွှားနိုင်ဘူးဟုဆိုပါလျှင် ပြန်လည်သုံးသပ်လိုက်သည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှင့် မိမိကို ဆရာက တဖွဖွသတိပေးတတ်သော အမှားကို မိမိမပြင်ဆင်မိသောကြောင့်သာ ဖြစ်သည့်အကြောင်း သိရပါလိမ့်မည်။

အသက်ကြီးလာသည့်အချိန်အထိ ဆရာသမားတို့၏ သွန်သင်မှုကို သတိရနေနိုင်သည်၊ ကျေးဇူးဥပကာရ တင်နေနိုင်သည်ဟုဆိုလျှင် ထိုသူသည် ကံကောင်းသူဖြစ်ပါသည်။

သို့သော် လူတိုင်းသည် ကံမကောင်းနိုင်ပါ။ ဆရာသည်လည်း ပုထုဇဉ်သာဖြစ်သောကြောင့် အမှားမကင်းနိုင်ပါ။ ထို့ကြောင့် ဆရာသမားတို့၏အမှားသည် တပည့်များ၏ရင်ထဲနှလုံးထဲအထိ စွဲဝင်ကာ စိတ်ဒဏ်ရာဖြစ်တတ်ပါသည်။ ထိုသို့သောအဖြစ်မျိုးကိုလည်း သေသေချာချာလေ့လာကာ ကောင်းအောင် ပြောင်းလဲပစ်နိုင်ရပါမည်။ စာရေးသူသည် ကျယ်ပြောသော စာပေနယ်သို့မဝင်ခင်က ကျောင်းဆရာပီပီ ပညာတန်ဆောင်တွင် ဆောင်းပါးများ ရေးကျင့် ရှိခဲ့ပါသည်။ မကြာခင်က ဆရာနှင့်ပတ်သက်၍ ဆောင်းပါးနှစ်စောင် ရေးသားခဲ့ပါသည်။ ထိုဆောင်းပါးများသည် ပညာရေးနှင့် ပတ်သက်သော ဆရာများနှင့်ပတ်သက်သော ဆောင်းပါးများဖြစ်၍ တစုတစည်းတည်း ရှိစေချင်ပါသည်။ ထို့ကြောင့် ရေးဟန်မှာ စာစကားဖြင့် ရေးဟန်ဖြစ်နေသော်လည်း တပေါင်းတည်းစုစည်း၍ ဤစာအုပ်တွင် ထည့်လိုက်ပါသည်။

ဆရာများကို သတိပေးချင်နေသည်မှာလည်း စာကိုချစ်ကာ စာကို မပျင်းမရိလေ့လာနေနိုင်သည်မှာ သင်ကြားပေးသည့်ဆရာကို ချစ်နိုင်မှသာ ဖြစ်ပါသည်။ ထို့ကြောင့် စာပေတတ်မြောက်ကာ စီကာစဉ်ကာ သင်ကြားတတ်ရုံဖြင့် မိမိကို ကျောင်းသားများ ချစ်လာကြမည် မဟုတ်ပါ။ ကျောင်းသား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အများစုက ချစ်သောဆရာမှာ ကျောင်းသားများအပေါ် ပြည့်ပြည့်ဝဝ စေတနာထားတတ်သည့် ဆရာ၊ မေတ္တာတရားဖြင့် ကောင်းအောင်သွန်သင်ပေးသည့် ဆရာဖြစ်ဖို့ လိုအပ်ကြောင်းကိုလည်း သတိထားစေချင်ပါသည်။ ထိုထိုသော စေတနာစကားဖြင့် ဤစာအုပ်ကို စာဖတ်သူလက်သို့ အပ်လိုက်ပါသည်။ ဆရာသမားများကိုလည်း ဤစာအုပ်ဖြင့် ရိုသေစွာ ပူဇော်လိုက်ပါသည်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ကျောင်းကို ကလေး ရောက်အောင် ဘယ်လိုပို့ရမှာပါလိမ့်

ကျွန်မငယ်စဉ်က ကျောင်းကိုသွားရမှာ အလွန်ကြောက်ခဲ့ပါတယ်။ မေမေက သမီးကို ကျောင်းမထားလို့ မဖြစ်၊ သမီးစာမတတ်ရင် တစ်ဘဝလုံး လူ့အောက် သူ့အောက် ကျတော့မယ်လို့ ပြောပါတယ်။ နောက်တော့ အားအပြည့်ထည့်ပြီး သမီးကို ကျောင်းပို့ခဲ့ပါတယ်။ ချော့မော့လိုက်၊ သနပ်ခါးလှလှကလေး လိမ်းပေးမယ်နော်လို့ ပြောကာ လိမ်းပေးလိုက်နဲ့ သူ့ဘက်ကလည်း အချစ်အကြင်နာတွေကို ပြရှာပါတယ်။ တစ်ခုပါပဲ။ သနပ်ခါးလိမ်းပေးကတည်းက ကျွန်မ မျက်ရည်ပေါက်ကြီးငယ်ကျလိုက်တာ သနပ်ခါးခြောက်တယ်လို့ပဲ မရှိခဲ့ပါဘူး။

နောက်တော့ မေမေက ကျွန်မ မနေချင်တဲ့ ကျောင်းကနေပြီး ဆင်ဖြူကျွန်းမြို့အမျိုးသားကျောင်းကို ပြောင်းထားလိုက်ပါတယ်။ အဲသည်ကျောင်းကိုရောက်တော့ ကျွန်မ ကျောင်းပျော်သွားပါတယ်။ အဲသည်ကျောင်းမှာ ကလေးသူငယ် စိတ်ပညာ အပြည့်အဝတတ်တဲ့ ဆရာဆရာမများ သင်ကြားပို့ချနေတာကိုး။ တစ်ခုတော့ရှိပါတယ်။ စိတ်ပညာဆိုတာ လူသားများရဲ့စိတ်ကိုလေ့လာပြီး ဟန်ချက်ညီညီ အဆင်ပြေပြေပေါင်းသင်းဆက်ဆံလို့ရအောင် အလုပ်အတူလုပ်လို့ရအောင် လေ့လာသင်ကြားရတဲ့ ဘာသာရပ်ဖြစ်တာကိုး။ လူသားများရဲ့စိတ်ဆိုတာ တပြေးညီ ရှိနေတာမဟုတ်ပါဘူး။ တစ်ဦးချင်းအလိုက် သူ့ဗီဇသတ္တိအရ တုံ့ပြန်မှုမတူတာလည်း ရှိတတ်ပါတယ်။ ခေတ်ကာလအခြေအနေရဲ့ လွှမ်းမိုးမှုကလည်း တုံ့ပြန်မှုများကို ပြောင်းလဲသွားစေပါတယ်။ ဒေသိယဓလေ့ထုံးစံများကလည်း စိတ်အထာကို လွှမ်းမိုးတတ်ပါတယ်။ အဲသည်တော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆရာ ဆရာမများဟာ ဉာဏ်ကိုလွှာပြီး သုံးတတ်တဲ့သူများ ဖြစ်သင့်ပါတယ်။

အခုခေတ်မှာ ကလေးများဟာ ပဖြိုးပွင့်လင်းတတ်ပါတယ်။ ကျွန်မတို့ခေတ်ကလို လကြီးမိဘကို ကြောက်တဲ့စိတ် သိပ်မပြင်းထန်ပါဘူး။ အဲသည်စကားမျိုးကို မဟတ္တမဂန္ဓကြီး ရေးတဲ့စာထဲမှာလည်း တွေ့ဖူးပါတယ်။ ခေတ်ပြောင်းလေလေ ကြောက်စိတ်တွေ လျော့ပါးလာလေလေ၊ ဓလေ့ထုံးစံများကို ပြောင်းလဲချင်လေလေ ဖြစ်လာကြသလားလို့လည်း တွေးတောစရာပါပဲ။ အတင်းအကြပ်လုပ်ရင်တော့ ကလေးမှာလည်း စိတ်ဒဏ်ရာ ရသွားတော့မှာပါပဲ။

အခုလို အချီးနိဒါန်းသွယ်နေရတာက ဒီကနေ့ပဲ ကြားလိုက်ရတဲ့ ညီမတစ်ယောက်ပြောပြတဲ့ ဖြစ်ရပ်ကလေးကို တင်ပြချင်လို့ပါ။ ညီမက နယ်ကလာပါတယ်။ သူတို့ဟာ အသိအမြင်ပွင့်လင်းတဲ့ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ သူကိုယ်တိုင်က ကျောင်းဆရာမကြီးတစ်ယောက် ဖြစ်ပါတယ်။ အငြိမ်းစားပေါ့လေ။ သူ့ခြေရာကိုနင်းပြီး ဆရာဖြစ်လာတဲ့သူက သူ့တူမကလေး ဖြစ်ပါတယ်။ ဆရာမကြီးရဲ့တပည့် ဇနီးမောင်နှံမှာ မူကြိုကျောင်းကိုတောင် ပို့လို့မရတဲ့ သားကလေးတစ်ယောက် ရှိပါတယ်။ ကျောင်းကိုကြောက်လိုက်သမှ ကျောင်းနားက ဖြတ်ရင်တောင် ကျောင်းကို လှည့်မကြည့်ပါဘူးတဲ့။ ကလေးသိတတ်စမှာ ကျောင်းနဲ့ ပတ်သက်လို့ ဘယ်သူက ဘာပြောလိုက်သလဲ မသိပါဘူး။ ကလေးတစ်ယောက်ချင်းမှာလည်း သိတတ်တဲ့အရွယ်ကွာခြားမှု ရှိပါတယ်။ အဲဒါကြောင့် ကလေးတွေရှေ့မှာ မတော်မတည့်တွေ မပြောသင့်ပါဘူး။

ထားပါတော့လေ။ ကလေးကို ကျောင်းနဲ့ပတ်သက်လို့ ပြောလို့တောင် မရဘူးဆိုတော့ တူမဖြစ်သူ ဆရာမကလေးက စိတ်ဝင်စားသွားပါတယ်။ ပထမတော့ ကလေးကို သူ့အိမ်ခေါ်လာပါဦးလို့ ပြောလိုက်ပါသတဲ့။ နောက် ချက်ချင်းပဲ စကားကိုပြင်လိုက်ပါတယ်။ မဖြစ်ဘူး၊

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူနေတာက ကျောင်းထဲက အိမ်ဖြစ်နေတယ်။ ကလေးက လိုက်လာရင်တောင် ချက်ချင်းပြန်မယ်ပြောလိမ့်မယ်။ သူလာခဲ့မယ်လို့ ပြောလိုက်ပါတယ်။ ကလေးမိဘနဲ့ စကားထည့်ထားပြီးမှ အဲသည်အိမ်ကို သွားပါသတဲ့။

ကလေးက အိမ်ရှေ့မှာထိုင်ပြီး ငုံးဥပြုတ်ကို စားနေပါသတဲ့။ လက်ထဲမှာလည်း ငုံးဥပြုတ်အိတ်ကလေးကိုင်လို့ပေါ့။ ဆရာမကလေးက ကလေးရဲ့မိဘနှစ်ပါးကို နှုတ်ဆက်ပြီးတော့ ဟဲ့ ဒီကလေးကလေးက ဘယ်သူ့ကလေးလဲလို့ မသိကျိုးကျွန်နဲ့ မေးလိုက်တာပေါ့လေ။ မိဘများက တို့ကလေးပေါ့ဆိုတော့ ဆရာမကလေးက ကလေးက ချောလိုက်တာ မိဘတွေနဲ့တခြားစီပဲလို့ ပြောပြီး ကလေးကိုကောက်ချပြီး နမ်းလိုက်ပါသတဲ့။ပြီးတော့ အားပါး ကလေးကမွှေးလိုက်တာ၊ ငုံးဥနံ့မဟုတ်ဘူးနော်။ ကလေးနံ့ကိုမွှေးနေတာလို့ ပြောလိုက်ပါသတဲ့။ တကယ်တော့ ဆရာမဟာ ကလေးချစ်တတ်ပါလိမ့်မယ်။ ကလေးတွေမှာလည်း ကလေးနံ့ရှိတတ်တာ သေချာပါတယ်။ ကျန်းမာတဲ့ကလေးဆိုရင် ကလေးနံ့မွှေးနေတတ်တာပဲ။ အဲသည်လိုပြောတော့ ကလေးကလေးက သိတတ်နားလည်တဲ့ ကလေးဖြစ်နေတာကိုး။ သဘောကျတာပေါ့။ ကလေးပီပီ ဟန်မဆောင်ဘဲ ဆရာမကလေးကို ငုံးဥပြုတ်တစ်လုံး ထုတ်ကျွေးပါသတဲ့။

အဲသည်အချိန်မှာ ဆရာမကလေးက သားရေ၊ ဒေါ်လေးတို့ အိမ်ကို လိုက်လည်မလားလို့ မေးလိုက်ပါတယ်။ ဒေါ်လေးတို့အိမ်နားမှာ ကစားကွင်းကြီးလည်းရှိတယ်၊ ပျော်စရာကောင်းတယ်လို့ ပြောတော့ ကလေးက ကစားကွင်းရှိတယ်ဆိုရင် ကျောင်းနားမှာရှိတာလား။ကျောင်းဆိုရင် သားမလိုက်ဘူးလို့ ပြန်ဖြေပါသတဲ့။

ဆရာမကလေးက ကျောင်းနားမှာ ဒေါ်လေးတို့အိမ်ရှိတာလည်း ဟုတ်တယ်။ ဒေါ်လေးက ဆရာမလုပ်တာလည်း ဟုတ်တယ်။ ဒါပေမဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စာသင်တဲ့ဆရာမ မဟုတ်ဘူး။ ပုံပြောတဲ့ဆရာမ၊ ပန်းချီဆွဲတဲ့ဆရာမလို့ ပြောတော့ ကလေးက နည်းနည်းစိတ်ဝင်စားလာပြီး သားက ပုံဆွဲတာကို ကြိုက်တယ်လို့ ပြောပါသတဲ့။

တိုတိုနဲ့ လိုရင်းကိုပြောရရင် ဒေါ်လေးဆရာမတို့အိမ်ကို ကလေး လိုကပြီး လည်ပါတယ်။ ပြီးတော့ ဒေါ်လေးကိုယ်တိုင် ငယ်ငယ် ကတည်းက ဝါသနာပါလို့ ဆွဲထားတဲ့ပုံတွေကိုကြည့်ပြီး ကလေးက ပျော်သွားပါတယ်။ အဲသည်နောက်တော့ ကလေးနဲ့ဒေါ်လေးတို့ ပုံ ကလေးတွေကို အတူတူဆွဲကြတော့တာပေါ့။ ဒေါ်လေးဆွဲတဲ့ ပုံကလေး တွေကို သားကလေးက ဆေးခြယ်ပါတယ်။ ဒေါ်လေးက အနီရောင် ဆိုတာ ဘယ်အရောင်၊ အဝါရောင်ဆိုတာ ဘယ်အရောင်၊ ဘယ်ပုံကို ဆေးအနီနဲ့ခြယ်လိုက်နော်စသည်ဖြင့် ပြောရင်း ကလေးကို အရောင်တွေ ပုံတွေနဲ့ စတင်ရင်းနှီးစေပါတယ်။

ပြီးတော့ ကလေးကြိုက်တတ်တဲ့ ပုံပြင်တွေကို ပုံတွေခင်းပြီး ပြရင်း ပြောပြပြန်တော့ ကလေးက ဆရာမကလေးဟာ သူ့ကိုစာသင်နေ တာမှန်းမသိဘဲ စိတ်တွေဝင်စားလာပါသတဲ့။ အဲသည်အချိန်မှာ အင် မတန် ကျော်ကြားတဲ့ ပန်းချီဆရာကြီးဦးလွန်းကြွယ် ပန်းချီဆွဲပြနေ တာကို တီဗွီမှာ ဒေါ်လေးဆရာမနဲ့ သားကလေးတို့ အတူကြည့်ကြ ပြန်ပါတယ်။ စာဖတ်ပရိသတ်က သားကလေးဟာ ဘယ်အရွယ် လောက် ရှိမှာပါလိမ့်လို့ တွေးနေမယ်ထင်ပါတယ်။ စာရေးသူကလည်း စိတ်ဝင်စားလို့ ကလေးအသက်ကို မေးကြည့်ပါသေးတယ်။ သား ကလေးက သုံးနှစ်လောက်ပဲ ရှိပါသေးသတဲ့။

သားကလေးက ဉာဏ်လည်းတော်တော်ကောင်းပါလိမ့်မယ်။ ပန်းချီဘိုးဘိုးကြီးကို ကြည့်ပြီး ဒေါ်လေး ဒေါ်လေး၊ သားလည်း အဲသည်လို ပန်းချီဆရာကြီးဖြစ်ချင်တယ်လို့ ပြောပါသတဲ့။ ဆရာမက ဖြစ်နိုင်တာ ပေါ့။ ဒါပေမဲ့ သားက ပန်းချီပဲဆွဲတတ်ပြီး စာမတတ်ရင် ဘယ်သူကမှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



သားကိုအထင်ကြီးမှာ မဟုတ်ဘူး။ သားက စာမတတ်ဘူးဆိုရင် အဲသည် ဆရာကြီးရဲ့ပုံတွေကို လူတွေကြိုက်သလို သားရေးတဲ့ပုံတွေကို လူတွေက ကြိုက်မှာမဟုတ်ဘူးလို့ အကွက်ဝင်အောင် ပြောလိုက်ပါသတဲ့။ ကလေးက တွေသွားတာပေါ့။ သူက စာမှမသင်ချင်ဘဲကိုး။

ဆရာမကလေးကလည်း ကလေး ဘာပြောမလဲလို့ စောင့်ပြီး နေတာပေါ့။ နောက်တော့ စာသင်တယ်ဆိုရင် ဘာတွေကိုသင်ရမှာလဲလို့ မေးပါသတဲ့။ ဆရာမကလေးက ကကြီးခခွေးသင်ရမှာပေါ့။ အဲသည် ကကြီး ခခွေး သင်ပြီးရင် စာတတ်ဖို့မခက်တော့ဘူးလို့ ပြောလိုက်ပါ သတဲ့။

အဲသည်နည်းနဲ့ ကလေးလည်း မူကြိုကျောင်းသား ဖြစ်လာတော့ တာပေါ့။ သူ့ခေတ်နဲ့သူ့အခါမှာ သင့်တော်ရာနည်းနဲ့ ကလေးများ ကျောင်းကိုလာချင်အောင် ဆွဲတတ်တာဟာ ဆရာ ဆရာမများရဲ့ အောင် မြင်မှု ဖြစ်ပါတယ်။ ကလေး ကျောင်းသွားချိန်တန်ရင် သွားချင်သည် ဖြစ်စေ မသွားချင်သည်ဖြစ်စေ ရိုက်နှက်ပြီး ကျောင်းပို့တယ်ဆိုပါတော့၊ ကလေးက ကျောင်းသွားမယ်ဆိုရင် ဘာပေးရမယ်၊ ဘာစားမယ်နဲ့ ကြေးခေါ်တာတို့၊ ကျောင်းသွားပြီး အီတာတို့၊ စာထဲစိတ်မဝင်စားတာတို့ စတဲ့ ပေးကားပေး၏ မရဆိုတဲ့အဖြစ်များနဲ့ ကြုံနိုင်ပါတယ်။ အခုလို ကလေးက သူလုပ်ချင်တာလုပ်နိုင်ဖို့ အခြေခံအားဖြင့် စာတတ်ရမယ် ဆိုတဲ့အသိနဲ့ သူ့ဘာသာသူ စာသင်ချင်လာတာကတော့ ကောင်းမွန်တဲ့ အနာဂတ်ကို ညွှန်ပြနေတဲ့ ဖြစ်ရပ်ပါပဲ။ ။

*ဆရာမကလေး (ကျွန်မတို့အခေါ်အရ) မီးငယ်ကို ကြီးကြီးဝင်းက ချီးကျူးထောမနာပြုချင်လို့ သည်ဆောင်းပါးကို ရေးလိုက်ပါတယ်။*

## ဆရာ့ထက်တော်နိုင်ပေမယ့် ဆရာ့ကို မဖော်လို့မဖြစ်ဘူး

ကျွန်မ ကျောင်းသူဘဝကတည်းက ကျွန်မတို့ကို သင်တဲ့ဆရာများက ကျောင်းသားဟာ ဆရာ့ထက်တော်ရမယ်ဆိုတဲ့ စကားကို သင်ကြားရင်း ထည့်ပြောတတ်ပါတယ်။ ကျွန်မတို့က ဆရာကလဲ မဟုတ်တာပဲ၊ ကျွန်မတို့က ဆရာ့ထက် မတော်နိုင်ပါဘူး။ တပည့်ပဲဟာစတဲ့ စကားများကို ပြန်ပြောတတ်ပါတယ်။ ကျွန်မ ခဏခဏဖော်ကျူးတတ်တဲ့ ဆရာများထဲက ဆရာမကြီးဒေါ်မိမိက အေး ဆရာ့ထက် တပည့်က နည်းနည်းညံ့၊ နောက်တပည့်ရဲ့တပည့်က ထပ်ပြီးနည်းနည်းညံ့နဲ့ ညံ့သွားရင် နိုင်ငံတော်ဟာ အကျဘက်ကို ရောက်သွားမှာပေါ့။ အဲဒါကြောင့် ဆရာ့ထက် တပည့်က တော်ရမယ်လို့ ပြောတာ၊ တစ်ဆင့်ထက်တစ်ဆင့် တော်သွားမှ နိုင်ငံတော်ဟာ တိုးတက်လာမှာပေါ့လို့ ပြောတော့ ကျွန်မတို့နားလည်သွားပါတယ်။ ဟုတ်ပါ့ကော။ အတက်ဘက်ကိုရောက်အောင် ကြိုးစားရမယ်ဆိုတာ အမှန်ပါပဲကလားလို့ စဉ်းစားမိသွားပါတယ်။

ကိုယ်တိုင်ဆရာဖြစ်တော့လည်း တပည့်ဟာ ဆရာ့ထက်တော်ရမယ်ဆိုတာကို အကြိမ်ကြိမ်ပြောမိပါတယ်။ သိစရာ တတ်စရာ အသစ်အသစ်တွေက များလာပြီဆိုတော့ တပည့်တွေဟာ များများတတ်မှ မြန်မြန်တတ်မှ ဖြစ်ပါမယ်။ ဆရာက သူတို့ရဲ့ ကိုယ်ပိုင်တွေးတောနိုင်တဲ့ စွမ်းအား၊ ကိုယ်တိုင်ခံစားနိုင်တဲ့ စွမ်းအားကို ပျိုးထောင်ပေးနိုင်မှ ဖြစ်ပါမယ်။

တပည့်က သူတို့ ထပြီးသိစရာ တတ်စရာများကို သိအောင် တတ်အောင် သူတို့ဘာသာသူတို့ ရှာဖွေတတ်လာအောင် ဆက်စပ်တွေးတောနိုင်တဲ့ အလေ့အကျင့်ကောင်းများကို ဆရာများက ပေးနိုင်မှဖြစ်ပါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မယ်။ အဲသည်အကြောင်းများကို ကျွန်မက ကျွန်မတပည့် ဆရာလောင်းများကို နှစ်ပေါင်းများစွာကြာအောင် ပို့ချပေးခဲ့ပါတယ်။ စာသင်တဲ့အလုပ်ဟာ ခံယူတဲ့သူများအပေါ်မှာလည်း မူတည်တယ်ဆိုတော့ ဖိတ်တာ စဉ်တာလည်း ရှိမှာပါပဲ။

ကျွန်မက စာသင်ဆရာသာမက စာရေးဆရာလည်း ဖြစ်လာပြန်တော့ ဟောပြောပွဲများကိုလည်း လိုက်ပါတယ်။ စာသင်တာထက် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပြောနိုင်တော့ ပိုပြီးအားရပါးရ ရှိပါတယ်။ ဟောပြောပွဲတစ်ပွဲမှာ စီစဉ်တဲ့သူတစ်ယောက်က သူတို့ မနှစ်ကဖိတ်တဲ့အထဲက စာရေးဆရာတစ်ယောက်ကို ကျွန်မနဲ့သိသလားလို့ မေးလိုက်ပါတယ်တဲ့။ အဲသည်စာရေးဆရာက သိပါတယ်။ ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်တွေပါလို့ ပြောပါတယ်လို့ ကျွန်မကို အားရပါးရ ပြန်ပြောပါတယ်။ သူကတော့ မသိရှာလို့ ဝမ်းသာအားရပြောတာပါပဲ။ ကျွန်မကလည်း မသိရှာတဲ့သူကို သြော် ဟုတ်တယ်၊ ဟုတ်တယ်လို့ပဲ ပြန်ပြောလိုက်ပါတယ်။

တကယ်တော့ သူပြောတဲ့စာရေးဆရာက ကျွန်မနဲ့ လုပ်ဖော်ကိုင်ဖက် မဟုတ်ပါဘူး။ ကျွန်မရဲ့တပည့်ဖြစ်ပါတယ်။ တစ်ခါမှ တစ်နေရာတည်းမှာ အတူတူ အလုပ်မလုပ်ဖူးတဲ့အတွက် လုပ်ဖော်ကိုင်ဖက်လို့ မပြောနိုင်ပါဘူး။ တပည့်လို့ပြောတာက ကျွန်မ ပို့ချရတဲ့အတန်းမှာ သူတက်ရောက်ခဲ့ရတဲ့အပြင် ကျွန်မချပေးတဲ့ခေါင်းစဉ်အတိုင်း စာတမ်းတင်ရဖူးလို့ တပည့်လို့ ပီပီပြင်ပြင် ပြောလို့ရနိုင်ပါတယ်။ သူက ကျွန်မကို ဆရာလို့ လူတောထဲမှာ ချပြီးမပြောနိုင်လောက်အောင် ကျွန်မဟာ ခေခေမာမာ ဆရာတစ်ယောက်မဟုတ်ပါဘူး။ အဲသည်လို ကြားခဲ့ရတဲ့နောက် ဆယ်စုနှစ် တစ်နှစ်လောက်ကြာတဲ့ အတောအတွင်းမှာ သူနဲ့ ကျွန်မ အတူတူ ဟောပြောပွဲတွေ လိုက်ဖူးပါတယ်။ မကြာခဏလည်း ကြုံပါတယ်။ ရှေ့မှာတော့ အင်မတန်မှ ယဉ်ကျေးပါတယ်။ ကျွန်မ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



စိတ်ချမ်းသာအောင်လည်း ပြောတတ်ပါတယ်။ လူကောင်းကလေး တစ်ယောက်ပါပဲ။ လူပုံလယ်မှာတော့ လက်အုပ်တချီချီပါပဲ။ ကျွန်မက လည်း ကျွန်မကို ဆရာဖြစ်တယ်ဆိုတာ မပြောနိုင်ဘူးလားဆိုတဲ့စကားကို ယောင်လို့တောင်မှ မပြောဖြစ်ခဲ့ပါဘူး။

ဆယ်စုနှစ်တစ်နှစ်ကြာပြီးတဲ့နောက်မှာ သူဟာ တစ်စတစ်စနဲ့ လူလုံးမလှ ဖြစ်သွားရှာပါတယ်။ ကျွန်မ စာရေးနေရင်းတောင်မှ စိတ် မကောင်းပါဘူး။ ဆရာတော်ဖူးတာကို ထုတ်ဖော်ပြောရမှာ ဝန်လေးတာ က ကျွန်မတစ်ယောက်တည်းလည်း ဟုတ်ပုံမရပါဘူး။ ဆရာတိုင်းဟာ တပည့်နဲ့ယှဉ်ပြီး မလိုက်နိုင်ပါဘူး။ တပည့်ထက်ပိုပြီး တော်နေအောင် လည်း ထိန်းမထားနိုင်ပါဘူး။ အဲသည်တော့ ကျွန်မလိုမဟုတ်ဘဲ ခေခေ မာမာ ဖြစ်နေရှာတဲ့ ဆရာများကို သူငြင်းဆိုမှာ သေချာသလောက်ပါပဲ။ အဲသည်လို ငြင်းဆိုခြင်းဟာ ကျေးဇူးကိုငြင်းဆိုခြင်းလို့ ပြောနိုင်ပါတယ်။ ကျေးဇူးကိုငြင်းဆိုတတ်တဲ့သူများဟာ ဒုက္ခတွေ့တတ်ပါတယ်။ ကျွန်မ တပည့်ဟာ ခေါင်းကိုသုံးပြီး လုပ်ရမယ့်အလုပ်များကို မလုပ်နိုင်အောင်ဖြစ် သွားပါတယ်။ သူ့ခေါင်းထဲမှာ ဆရာတွေသင်လို့ တိုးတက်ဖွံ့ဖြိုးလာတဲ့ အရာများ အချက်အလက်များဟာ သူ့စိတ်ထဲက ဆရာများ ပျောက်သွား တဲ့နည်းတူ ပျောက်သွားဟန်တူပါတယ်။

တစ်လုံးတစ်ပါဒပဲ သင်ဖူးတယ်ဆိုရင် ဆရာဖြစ်ပါပြီ။ အရှင် သာရိပုတ္တရာကြီးဟာ သင်္ကန်းရုံထားရာမှာ အဝန်းအဝိုင်း မညီဘူးလို့ သတိပေးဖူးတဲ့ သာမဏေကလေးရဲ့စကားကို နားထောင်ပြီး သင်္ကန်းကို ပြန်ပြီးရုံပါတယ်။ ပြီးတော့မှ လက်အုပ်ကလေးချီကာ ဆရာ သင်္ကန်းရုံ ထားတာ ညီပြီလားလို့ မေးတော်မူပါသတဲ့။ အဲသည်အကြောင်း ကလေးများကို စဉ်းစားလိုက်ရင် ဘယ်လောက်သေးဖွဲတဲ့ သွန်သင်ခြင်း သတိပေးခြင်းမျိုးကို ရသည်ဖြစ်စေ ဆရာခံထိုက်တယ်လို့ ဝန်ခံသင့်တယ် ဆိုတာ သိနားလည်နိုင်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်မတို့ငယ်ငယ်ကတော့ တိရစ္ဆာန်ဖြစ်တဲ့ ဖျိုင်းအစာကောက်ပုံကို ကြည့်ပြီး လုံကိုမြှောက်ကာ ပါးစပ်နဲ့ဖမ်းတဲ့ လုံရေးကစားသူ တစ်ယောက်အကြောင်း ဖတ်ရ သင်ရဖူးပါတယ်။ သူ့ကို လူတွေက တော်လိုက်တာ၊ တော်လိုက်တာနဲ့ ချီးကျူးအံ့သြရာက အဲသည်အတတ်ကို ဘယ်ဆရာ့ဆီမှာ သင်ဖူးပါသလဲလို့ မေးပါသတဲ့။ သူက ကျွန်တော် ဖျိုင်းတစ်ကောင် အစာကောက်တာကို ကြည့်ပြီး သင်ယူတာပါဗျာလို့ ဖြေရမှာ ခုခေတ်စကားနဲ့ပြောရင် အောက်တယ်လို့ ထင်ပုံပေါ်ပါတယ်။ ကျွန်တော့ဘာသာ ကျွန်တော်လေ့ကျင့်ယူတာပါလို့ ဖြေလိုက်ပါသတဲ့။ နောက်တစ်ပွဲမှာ လုံကိုပစ်ပြီး ပါးစပ်နဲ့ခံယူရာမှာ မိမိရရ သွားနဲ့မကိုက်လိုက်နိုင်ဘဲ အာခေါင်အထိ လုံဝင်သွားတာကြောင့် အာကို လုံစူးပြီး သေရှာပါသတဲ့။ အဲဒါကြောင့် 'ဆရာအာခံ အာလုံစူး' ဆိုတဲ့ စကားဖြစ်ပေါ်လာတာပါပဲ။

နောက် ဇာတ်တော်တစ်ခုကို ခပ်သုတ်သုတ်ကလေး ပြောပြချင်ပါသေးတယ်။ ဆရာဖြစ်သူက ဘ၀အကျိုးပေးမကောင်းလို့ ဒွန်းစဏ္ဍားဖြစ်ပါတယ်။ ဒွန်းစဏ္ဍားပေမယ့် သူက ဘုရားအလောင်းတော်ပါ။ သူက မန္တာန်ကောင်းတစ်ပုဒ် တတ်ထားပါတယ်။ အဲသည်မန္တာန်ကတော့ သရက်ပင်ကို ဘယ်ရာသီမှာမဆို ပွင့်စေ သီးစေ ရင့်မှည့်စေတဲ့ မန္တာန်ဖြစ်ပါတယ်။ ဆရာဖြစ်သူက အဲသည်မန္တာန်ကို ဘယ်သူ့ကိုမှ သင်မပေးပါဘူးတဲ့။ သစ္စာမတည်တဲ့သူများအတွက် အန္တရာယ်ရှိလို့ သင်မပေးတာပါတဲ့။ သို့ပေမယ့် လူငယ်တစ်ယောက်ဟာ သုံးနှစ်လောက် ကျွန်ခံပြီး ခခယယ တောင်းပန်တော့ မန္တာန်ကို သင်ပေးလိုက်ပါတယ်။

လူငယ်ဟာ အရပ်တကာလည်ပြီး အဲသည်မန္တာန်ကို ရွတ်ကာ စီးပွားဖြစ်နေခဲ့တာ အတန်ကြာပါသတဲ့။ နောက်တော့ ဘုရင်မင်းမြတ်ကိုယ်တိုင် လူငယ်တစ်ယောက် မန္တာန်ရွတ်ပြီး မပွင့်သေးတဲ့သရက်ပင်ကို တစ်ခါတည်းပွင့်စေ သီးစေ ရင့်မှည့်စေတယ်ဆိုတဲ့ ထူးခြားတဲ့ သတင်းစကားကို ကြားသွားပါသတဲ့။ အဲသည်တော့ အဲသည်လူငယ်ကို ရှာစေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုပြီး အရှာခိုင်းတာပေါ့လေ။ တွေ့တဲ့အခါကျတော့ သင်ဟာ အဲသည်လို အစွမ်းကိုဆောင်တဲ့ မန္တာန်ကို တတ်မြောက်သလားလို့ မေးတာပေါ့။ တတ်ပါတယ်လို့ ဝန်ခံတဲ့အခါမှာ သင့်ကို ဘယ်သူသင်ပေးသလဲလို့ ဆက်ပြီးမေးတာကို ခံရတာပေါ့။ အဲသည်လို ဆက်မေးတာက သဘာဝ ကျပါတယ်လေ။ အမေးခံရတဲ့လူငယ်က ကျွန်တော့ကိုသင်ပေးတာ ဒွန်းစဏ္ဍားပါဘုရားလို့ မှန်ကန်စွာ ဖြေလိုက်နိုင်ရင် ပြီးသွားမှာပါပဲ။

သို့ပေမယ့် လူငယ်က ဒွန်းစဏ္ဍားကို ဆရာတော်ရမှာ ဝန်လေး ရှာသတဲ့။ အဲသည်တော့ ကျွန်တော့ဘာသာ တတ်တာပါလို့ ဖြေလိုက် ပါတယ်။ ဘုရင်က အဲသည်လိုဆိုရင် ငါ့ဥယျာဉ်ထဲက သရက်ပင်ကို မန္တာန်တန်ခိုးနဲ့ သီးစေ ပွင့်စေ ရင့်မှည့်စေဖျားလို့ အမိန့်တော်မြွတ် မှတ်လိုက်ပါတယ်။ အဲသည်တော့ လူငယ်ဟာ သရက်ပင်အနီးကို ကပ်သွားပြီး မန္တာန်ကိုရွတ်ဆိုဖို့ ကြိုးစားတော့တာပါပဲ။ သို့ပေမယ့် ဆရာကိုငြင်းဆိုလို့ မန္တာန်ကလည်း လူငယ်ကိုပြန်ပြီး ငြင်းဆိုသွားတာ ကြောင့် သူဟာ တစ်လုံးတစ်ပါဒတောင်မှ မရတော့ဘဲ အအကြီးလို ဖြစ်သွားပါသတဲ့။ ဘုရင်ကမေးတော့ ကျွန်တော်မန္တာန်ရွတ်ဖို့ အာရုံယူ နေပါတယ်လို့ဖြေပေမယ့် နောက်ဆုံးတော့ သူ့စိတ်ထဲက မန္တာန်ထွက် သွားပြီဖြစ်လို့ မရွတ်ဆိုနိုင်တော့ပါဘူး။ အဲသည်အချိန်မှာ ဘုရင်တို့ဘုန်း မိုးသို့ချုန်း မဟုတ်ပါလား။ လူငယ်ဟာ မင်းမိန့်နဲ့ ကွပ်မျက်တာကို ခံလိုက်ရပါသတဲ့။

ကျွန်မကတော့ တပည့်များဟာ ဆရာ့ထက်တော်ဖို့ လိုပါတယ်။ ဆရာ့ထက်တော်လာလေလေ ဆရာ့လိုအပ်ချက်များကိုလည်း မြင်လာနိုင် ပါတယ်။ ဆရာများနဲ့ သဘောထားလည်း ကွဲပြားသွားနိုင်ပါတယ်။ သို့ပေမယ့် ဆရာတော်ဖူးရင် မတော်ဖူးဘူးလို့တော့ မငြင်းသင့်ပါဘူး။ ငြင်းဝံ့ရင်လည်း ငြင်းကြပါ။ လူမသိပေမယ့် သင့်ကံက သိပါတယ်လို့ ပြောချင် ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာ့အကြောင်းဆိုတာဟာ သမုဒ္ဒရာလိုပဲ ကျယ်ပြန့်ပါတယ်

ကျွန်မ ဘီအေ အောင်တော့ ဘီအီးဒီကို ဆက်တက်ပါတယ်။ အဲသည် အချိန်မှာ ကျွန်မမှတ်မိတာက ကျွန်မတို့ အင်္ဂလိပ်စာ ကျူတိုရီယယ် အခန်းထဲမှာ အတူတူတက်ခဲ့တဲ့ ကချင်ကျောင်းသားတစ်ယောက်ပါ ပါလာခဲ့ပါတယ်။ သူ့အမည်က ဦးလဗျားခေါင် ဖြစ်ပါတယ်။ ကျွန်မ တို့ ကျူတိုရီယယ်ကို ကိုင်တဲ့ဆရာမက ဒေါ်ခင်သီတာ ဖြစ်ပါတယ်။ စာသင်ကောင်းတဲ့အပြင် ကျွန်မတို့ရဲ့ အသိအမြင်ကို ကျယ်ပြန့်စေတဲ့ ဆွေးနွေးမေးမြန်းခြင်းများကို အပတ်တိုင်း လုပ်ပေးခဲ့ပါတယ်။ ဆရာမ က မင်းတို့ဘဝမှာ ဘာဖြစ်ချင်ကြသလဲလို့မေးတော့ ကျွန်မက သတင်း စာ ဆရာဖြစ်ချင်တယ်လို့ ဖြေခဲ့ပါတယ်။ တကယ်လည်း သတင်းစာ ဆရာ ဖြစ်ချင်တာပါ။ ဖြစ်လာတာက စာရေးဆရာ။ နီးတော့နီးရှာ သားပဲ။ ကျွန်မသူငယ်ချင်း ဦးလဗျားခေါင်ကို ဘာဖြစ်ချင်သလဲလို့ မေးတော့ နယ်ကျောင်းဆရာဖြစ်ချင်ပါတယ်တဲ့။ ကျောင်းဆရာ ဖြစ်ချင် တယ်လောက် ပြောရင်တောင်မှ ကျွန်မက ထူးထူးခြားခြား လေးစားမိ မယ် မထင်ပါဘူး။ ဦးလဗျားခေါင် ပြောတဲ့စကားအရ သူဟာ သူ့နယ် မှာပြန်ပြီး တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ စေတနာနဲ့ အသိစိတ်ဓာတ်နဲ့ တက္ကသိုလ်ကို တက်ရောက်နေတာကိုး။ အဲသည်လို သိလိုက်တော့ ကျွန်မ သိပ်လေးစားသွားမိပါတယ်။

သူကလည်း ကျွန်မတို့နဲ့ ယခုအချိန်မှာ ပညာရေးတက္ကသိုလ် ဖြစ်လာမယ့်နေရာမှာ တည်ရှိတဲ့ ပညာရေးမဟာဌာနကို တက်ရောက် ခဲ့ပါတယ်။ ဟိုအရင်တုန်းကတော့ ပညာရေးမဟာဌာနကို တက်ရောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တဲ့သူများဟာ လုပ်သက်အတန်ရပြီးတဲ့ ဆရာကြီး ဆရာကြီးများ ဖြစ်ကြပါတယ်။ လူနည်းစုပဲတက်ရောက်ခဲ့တဲ့ မဟာဌာနဖြစ်ပါတယ်။ သို့ပေမယ့် ကျွန်မတို့ခေတ်ရောက်တော့ အသိအမြင်များက ပိုမိုပွင့်လန်းလာတယ်လို့ ဆိုရပါလိမ့်မယ်။ ဘီအေ၊ ဘီအက်စ် အောင်ရုံနဲ့ အထက်တန်းပြဆရာ ဖြစ်နိုင်သေးတဲ့အချိန်ပေမယ့် တစ်ခါတည်း ပညာရေးမဟာဌာနကို တက်ရောက်ပြီးမှ ပညာရေးဌာနကို အလုပ်ဝင်မယ်လို့ တွေးတဲ့သူများ များပါတယ်။ အဲသည်တော့ ကျွန်မတို့ခေတ်မှာ ကျောင်းသားဦးရေက အဲသည်မှာ ၁၀၀ ကျော် ၂၀၀ နီးပါး ဖြစ်သွားပါတယ်။ အဲသည်တော့ ပညာရေးမဟာဌာနမှာ ကျောင်းခန်းတွေ သေသေချာချာ မစီစဉ်ရသေးတော့ အခန်းကျယ်ကြီးတစ်ခန်းထဲမှာ နေရာယူကြရပါတယ်။

ဆရာမကြီးတစ်ယောက်က နေစရာထိုင်စရာ မရှိအောင် လူများလာတဲ့ ကျွန်မတို့ခေတ်က ကျောင်းသားများကို စုစည်းပြီး သင်တန်းပို့ချရင်း စကားပြောပါတယ်။ အဲသည်လို ပြောတဲ့အခါမှာ ဆရာမကြီးက စကားတစ်ခုကို အင်္ဂလိပ်လို ပြောပါတယ်။ If you can-Do, if you can't - Teach. သင်လုပ်တတ်ရင် လုပ်ပါ။ မလုပ်တတ်ရင်တော့ စာသင်ပေါ့လို့ ဘာသာပြန်ဆိုနိုင်ပါတယ်။ ကျွန်မဟာ လူဦးရေများလာတာကို အကြောင်းပြုပြီး ဆရာမကြီးပြောတာကို နားထောင်ရင်း ဦးလဗျားခေါင်ကို စောင်းငဲ့ကြည့်လိုက်မိပါတယ်။ သူဟာ တခြားလုပ်စရာ ဘာမှမရှိလို့ ကျောင်းဆရာလုပ်ဖို့ စိတ်ကူးတာမဟုတ်ဘူးလေ။ သူဟာ ကျောင်းဆရာလုပ်ချင်တဲ့သူ ဖြစ်ပါတယ်။ ကျွန်မကတော့ အဲသည်အချိန်က တက္ကသိုလ်ဆရာမ ဖြစ်ချင်တာပါ။ ဘယ်ဘာသာရပ်မှာမှ ဆရာအဖြစ် မဝင်နိုင်လို့ ပညာရေးတက္ကသိုလ်ကို ရောက်လာတာ ဖြစ်ပါတယ်။ အဲသည်တော့ ကိုယ့်အတွက်တော့ ဘယ်လိုမှ နာသာခံခက် ဖြစ်စရာမလိုပါဘူး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နောက်ပိုင်းမှာတော့ ပညာရေးတက္ကသိုလ်မှာ သင်ယူရတဲ့ ဘာသာရပ်များကို ဝမ်းမြောက်ဝမ်းသာဖြစ်စွာနဲ့ လေ့လာခဲ့ပါတယ်။ ဘာသာရပ်တွေကို ပြန်သင်ရတဲ့ခေတ်မဟုတ်ပါဘူး။ သင်ပြနည်းပညာမှာအကြောင်းအားလျော်စွာ ကိုးကားသင်ကြားတာပဲ ရှိပါတယ်။ ဒါပေမဲ့ ပညာရေးစိတ်ပညာလို ပညာရေးသမိုင်းလို ဘာသာရပ်များဟာ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

အဲသည်လိုနဲ့ ကိုယ်စိတ်ဝင်စားတဲ့ ဘာသာရပ်များပို့ချရာ ပညာရေး မဟာဌာနဟာ ပညာရေးတက္ကသိုလ်အဖြစ် အဆင့်မြင့်လာပြီးတဲ့နောက် ကံကောင်းထောက်မစွာနဲ့ ကိုယ်တိုင်လည်း ပညာရေးတက္ကသိုလ်ကို ဆရာအဖြစ် ရောက်လာခဲ့ပါတယ်။ အဲသည်တော့ ကျွန်မဟာ ပညာရေးတက္ကသိုလ် စာကြည့်တိုက်ထဲမှာ အချိန်များစွာ ကုန်လွန်စေခဲ့ပါတယ်။ အဲသည်တော့ ပညာရေးမဟာဌာနကို ရောက်ရောက်ချင်း ဆရာမကြီး အင်္ဂလိပ်လိုပြောလိုက်တဲ့စကားကို စာအုပ်တစ်အုပ်မှာ ရှင်းလင်းချက်နဲ့တကွ သွားပြီးတွေ့တော့တာကိုး။ ရှင်းလင်းချက်အရ ပြောရရင် အမေရိကတိုက်သစ်ကို တွေ့ရှိပြီးတဲ့နောက် ဥရောပနိုင်ငံကြီးများဟာ သူ့နယ်ကိုယ့်နယ်စသည်ဖြင့် နေရာများကို အပိုင်သိမ်းကြပါတယ်။ အဲသည်လို အပိုင်သိမ်းပြီးတဲ့အခါမှာ ပြန်ပြီးလက်မလွှတ်ဖို့ အဲသည်နယ်များကို သွားရောက်အခြေချမယ့်လူများကို စေလွှတ်ပြီး မြို့သစ် ရွာသစ် လုပ်ငန်းသစ်များ တည်စေပါတယ်။ အဲသည်တော့ လူပေါ်ကနေပြီး လူညွှန့်ခူးတဲ့နည်းတစ်ခု ပေါ်လာပါတယ်။ အရင်းရှိတဲ့သူများက သင်္ဘောများနဲ့ လက်မဲ့အလုပ်သမားများကို တင်ဆောင်ပြီး အမေရိကတိုက်သစ်ကို ခေါ်ဆောင်လာပါတယ်။ ပြီးတော့ တည်းခိုဆောင်ကြီးများမှာ နေရာချထားပြီး အလုပ်ရှာပေးပါတယ်။ အလုပ်ရပြီးတဲ့နောက်မှာတော့ သူတို့စိုက်ထားရတဲ့ သင်္ဘောစရိတ်၊ တည်းခိုဆောင်စရိတ်၊ အလုပ်ရှာပေးတဲ့ စရိတ်စတာတွေအတွက် ဘယ်လောက်ပြန်ပေးရမယ် ဆိုတာကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သတ်မှတ်ပြီး ပြန်ပေးရပါတယ်။ အဲသည်ကြွေးတွေ ကျေရင်တော့ သူ့လခကို သူသုံးနိုင်တာပေါ့။ အဲသည်လို နယ်ပယ်သစ်မှာ အလုပ်ရှာတဲ့ ကိစ္စများကိုတော့ ဥရောပမှာ နေစရာ စားစရာမဲ့နေတဲ့သူများ၊ စွန့်စားပြီး ဘဝတက်လမ်း ရှာဖွေချင်တဲ့သူများက ကြိုးစားလုပ်ဆောင်ကြပါတယ်။

သင်္ဘောပေါ်မတက်ခင်ကတည်းက ခရီးအတွက် အလုပ်အတွက် စီစဉ်ပေးသူများရဲ့ ကိုယ်စားလှယ်များထံကို ကျွန်တော်ဘာလုပ်တတ်ပါတယ်ဆိုတာကို သွားပြောရပါတယ်။ လက်သမားအလုပ် လုပ်တတ်တယ်။ အိုကေ ဟိုမှာ အဆောက်အအုံ အသစ်တွေ ဆောက်နေတယ်။ ကျွန်တော်မွေးမြူရေးတတ်တယ်။ ကောင်းတယ်ကွာ ဟိုမှာ မြေကွက်အကျယ်ကြီးတွေရှိတယ်၊ မွေးမြူရေးခြံတွေလုပ်ဖို့လည်း ကြေးရတတ်တွေက စဉ်းစားထားတယ်စသည်ဖြင့် လက်မှုအလုပ်လုပ်တတ်တဲ့သူများအတွက် အလုပ်ရှာပေးဖို့ကို တာဝန်ယူထားတဲ့ ပွဲစားများက လူတွေ့မေးမြန်းပြီး စာရင်းမှတ်ကာ သင်္ဘောတင်ဖို့ စီစဉ်ကြရပါတယ်။

အဲသည်တော့ နယ်သစ်ပယ်သစ်မှာ ဘဝသစ်ထူထောင်ဖို့ သွားကြတဲ့သူများကလည်း လူအမျိုးမျိုးဆိုတော့ တချို့က ကျွန်တော်ဘယ်လို အတတ်ပညာမျိုးကိုမှ ကောင်းကောင်းမတတ်ဘူးဗျာလို့ ပြောတဲ့သူများလည်း ရှိတတ်ပါတယ်။ အဲသည်လိုလူမျိုးကျတော့ ခင်ဗျား စာကလေး ပေကလေးတော့ တတ်တယ်မဟုတ်လားလို့ မေးကြတာပေါ့။ ဟုတ်ကဲ့ တတ်ပါတယ်ဆိုရင် အိုကေ တတ်တဲ့သူက တတ်တဲ့အလုပ်ကို လုပ်၊ မတတ်တဲ့သူကတော့ စာသင်ပေါ့။ ကမ္ဘာသစ်မှာအခြေချဖို့ သွားကြတဲ့ အိမ်ထောင်စုများမှာ ကလေးတွေပါသွားတာရော၊ ဟိုမှာမွေးတာတွေရော မနည်းဘူး။ အဲသည်ကလေးတွေကို ခင်ဗျား စာသင်ပေးတဲ့အလုပ်ကို လုပ်လို့ရတယ်လို့ ပွဲစားများက ပြောကြပါသတဲ့။ အဲသည်ကစပြီး If you can - Do, if you can't- teach. ဆိုတဲ့စကားက တွင်လာတာဖြစ်ပါတယ်တဲ့။ အဲဒါကြောင့် အမေရိကန်နိုင်ငံက အစောပိုင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပညာရေးသမိုင်းကို ပြောရင် ကျောင်းဆရာများဟာ နေရာကောင်းစွာ မရခဲ့ဘူးလို့ ဆိုပါတယ်။ ကျွန်မဟာ အဲသည်အကြောင်းကို ဖတ်တော့မှ အမေရိကန်ပြန် ဆရာမကြီး ညွန်းဆိုတာက အဲသည်လိုသမိုင်းကြောင်း နောက်ခံနဲ့ လာခဲ့တာကိုးလို့ သိနားလည်သွားပါတယ်။ စိတ်လည်းရှင်း သွားပါတယ်။

ကျွန်မသူငယ်ချင်းလည်း တပည့်များချစ်ခင်လေးစားတဲ့ ကချင် ပြည်နယ်က ဆရာကြီးတစ်ဦးအဖြစ် သူလုပ်ချင်တာကို ကောင်းမွန် အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ဆုံးပါး သွားခဲ့ပါပြီ။ ကျွန်မဖြင့် သူငယ်ချင်းအနေနဲ့သာမကဘဲ လေးစားရတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်ယူထားခဲ့တာဖြစ်လို့ ဆုံးပါးသွားတဲ့အခါ အလွန်ကို နှမြောမိပါတယ်။

ကျွန်မတို့အရှေ့တိုင်းမှာတော့ ဆရာဆိုတာ စာသင်ပေးရုံမျှသာ မက အကောင်းနဲ့အဆိုး၊ အမှားနဲ့အမှန်ကို ဝေဖန်ချင့်ချိန်တတ်တဲ့ အစွမ်းအစ တိုးတက်ဖွံ့ဖြိုးလာအောင်၊ မလိမ္မာသူကို လိမ္မာအောင် သွန်သင်ညွှန်ပြ ဆုံးမတဲ့သူ ကျေးဇူးကြီးမားတဲ့ အနန္တောအနန္တဂိုဏ်းဝင် အဖြစ် သတ်မှတ်ပါတယ်။ နည်းနည်းကလေးပဲ သင်လည်း ကိုယ်နှုတ် နှလုံး သုံးပါးစလုံးကို ကောင်းမွန်တိုးတက်အောင် လုပ်ဆောင်ပေးသူ အဖြစ် ကျေးဇူးတင်ခံရကြတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ တစ်လုံးတစ်ပါဒပဲ သင်ဖူးသည်ဖြစ်စေ ကိုယ့်ဘဝကိုဖြောင့်တန်းမှန်ကန်စွာ တိုးတက်အောင် ထိန်းသိမ်းပဲ့ပြင်ပေးတဲ့သူဖြစ်လို့ ကျွန်မတို့ဟာ ဆရာများကို လေးစား သမှု အမြဲထားကြပါတယ်။ ဆရာများကို အလေးမထားတဲ့သူဆိုရင် လည်း သူဟာ ဘယ်သူ့ကိုမှ အလေးထားတော့မှာ မဟုတ်ပါဘူး။

သမုဒ္ဒရာလောက် ကျယ်ပြန့်တဲ့အကြောင်းကို ရေတစ်စက်စာ လောက်တောင်မရှိတဲ့ စာတိုကလေးနဲ့ ချီးကျူးလို့တော့ မပီပြင်နိုင်ပါဘူး။ သို့ပေမယ့် ဝ ဝလုံးလေး ဝိုင်းဝိုင်းရေးလို့ နှုတ်ကဆိုရင်း လက်သေးသေး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကလေးကို အပေါ်ကဆရာ့လက်က ဆုပ်ကိုင်ကာ ဝလုံးရေးတတ်အောင် သင်ပေးခြင်းခံရတဲ့သူတိုင်း လက်ရေးမျှသာလှအောင် ရေးတတ်တာ မဟုတ်ပါဘူး။ ရေးသားတဲ့အခါ ဝလုံးတစ်လုံးပါတဲ့ ဘဝကိုလည်း လှပအောင် တည်ဆောက်သွားတတ်ကြတယ်ဆိုတာကို ပြောလိုက်ပါရစေ။ ။

# ဆရာဆိုတာ ရပ်နေသူ မဖြစ်သင့်ပါဘူး

ဘဝဆိုတဲ့ကျောင်းမှာ ဆရာက ကျောင်းသားကြီး တပည့်များက ကျောင်းသားငယ်များလို့ တင်စားပြောဆိုလို့ ရပါတယ်။ တစ်ခုကို တော့ သတိထားရပါမယ်။ တချို့သောဆရာများက တပည့်ထက် စာတစ်မျက်နှာလောက်ပဲ ပိုတတ်ပြီး ကျွန်မရေးတဲ့ဆောင်းပါးကို မှား ယွင်းစွာ မညွှန်းဆိုစေချင်ပါဘူး။ ကျွန်မဆိုလိုတဲ့ ဆရာကိုယ်တိုင်ဟာ ကျောင်းသားကြီး ဖြစ်တယ်ဆိုတဲ့စကားဟာ ပိုပြီးကျယ်ပြန့်ပါတယ်။ အခုတလော ကျွန်မ စွဲစွဲလမ်းလမ်းပြောဆိုနေတတ်တဲ့ စကားတစ်ခွန်း ရှိပါတယ်။

ဟို အရင်တုန်းကလည်း အဲသည်စကားကို ကျွန်မပြောခဲ့ပါ တယ်။ ကျွန်မ ဘီအေတန်းမှာတုန်းက သဘာဝတ္တဗေဒလို့ ခေါ်ခဲ့တဲ့ ဒဿနိကဗေဒကို သင်ကြားပို့ချခဲ့တဲ့ ပါမောက္ခဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းကို အထူးပြုပြီး 'ဆရာကိုချစ်ရင် စာကိုချစ်တာပါပဲ'လို့ ပြောခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒဿနိကဗေဒလို ခက်ခဲတဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာ ပြဿနာများကို သင်ကြားမယ့်ဆရာကြီးက အတန်းထဲကိုဝင်ရင် ခပ်တည်တည် ခပ်တင်းတင်းနဲ့ အတွေးထဲမှာ ဝင်စားပြီး လူသားနဲ့ လားလားမှမနီးစပ်တဲ့ပုံနဲ့ နေတဲ့သူ မဟုတ်ပါဘူး။ ဆရာကြီး ဝင်လာရင် လမင်းကြီးဝင်လာသလိုပဲလို့ လွှန်ခဲ့တဲ့ သုံးလေး နှစ်က ပညာရေးတက္ကသိုလ် ဆရာကန်တော့ပွဲမှာ ကျွန်မပြောခဲ့ပါတယ်။ ကျွန်မက စကားအဆစ်ကလေးတောင်မှ ပြောခဲ့ပါသေးတယ်။ ဆရာ ကြီးက လမင်းကြီးထက်ပိုပြီး ကြည့်လို့လှပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာကြီးမှာရှိတဲ့ ပါးချိုင့်ကြီးမျိုး လမင်းကြီးမှာ မရှိလို့ပါပဲလို့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဲသည်လို ပြုံးချိုအေးမြတဲ့ မျက်နှာနဲ့ မသိရင် မြန်မာလိုလည်း မေးလို့ရပါတယ်လို့ ကျွန်မတို့လို တောကတက်လာတဲ့ ကျောင်းသားများ၊ သိလိုတတ်လိုပြီး အင်္ဂလိပ်လိုပြောရင် မှားမှာစိုးလို့ စာမမေးဝံ့တဲ့ ကျောင်းသားများကို လမ်းဖွင့်ပေးခဲ့ပါတယ်။ အဲသည်တော့ ဆရာကြီး သင်တဲ့ဘာသာရပ်ဟာ လေးလံခက်ခဲမနေဘဲ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဘာသာရပ် ဖြစ်နေခဲ့ပါတယ်။ ကျွန်မတို့ဟာ ဆရာကြီးသင်တုန်းက အင်္ဂလိပ်လိုသင်တဲ့အခါ နားလည်ပေမယ့် ကိုယ်သိချင်တဲ့ ကိုယ်မေးမြန်းချင်တဲ့ အကြောင်းအရာများကို အင်္ဂလိပ်လိုမေးမြန်းရမှာ တယ်ပြီးဝန်လေးတာကလား။ ဆရာကြီးက လမ်းဖွင့်ပေးလိုက်တော့ တစ်ခါတည်း စိတ်အေးချမ်းသာစွာ တွေးတောစဉ်းစားနိုင်ကြပါတယ်။ ကျွန်မတို့ ဖတ်ကြတော့ အင်္ဂလိပ်လိုရေးတဲ့ စာအုပ်များကို ဖတ်ကြတာပါပဲ။

အဲသည်လိုနဲ့ ကျွန်မတို့ကိုယ်တိုင် ဘွဲ့တွေတစ်ခုမက ရကြပြီး ဆရာတွေဖြစ်လာတဲ့အခါမှာလည်း ဆရာများကို နည်းအမျိုးမျိုးနဲ့ ဆည်းကပ်ကြပါတယ်။ အားလုံးကိုတော့ လေးစားချစ်ကြည်ညိုစွာ ချဉ်းကပ်တာပါပဲ။ သို့သော် အချို့သောဆရာများကိုတော့ မာကြောင်း သာကြောင်းများကိုပဲ မေးတတ်ကြပါတယ်။ တချို့သောဆရာများကိုတော့ စာမေးတတ်ကြပါတယ်။ ကိုယ်တိုင် ဆရာဖြစ်ခဲ့ပြီ။ အငြိမ်းစားယူခဲ့ပြီ။ သို့ပေမယ့် ဆရာကြီးဦးခင်မောင်ဝင်းတို့လို ဆရာကြီးမျိုးကိုတော့ စာမေးတုန်းပါပဲ။ ဆရာကြီးကလည်း တစ်ခါမှ အဲဒါတော့ ဆရာမသိဘူးလို့ မပြောခဲ့ပါဘူး။ ဆရာလေ့လာထားတာကတော့ ဟောသည်အချက်များ ဖြစ်တယ်။ မတင်ဝင်းမှာ ဘယ်စာအုပ်ရှိသလဲ၊ ဆရာ့ဆီမှာတော့ ဘယ်စာအုပ်ရှိတယ်၊ ယူသွား ယူသွား၊ ဖတ်မယ့်သူပေးရတာ ကောင်းတယ်။ စာဖတ်ရင် တစ်ခုတော့ သတိထားပါ။ အဲဒါကတော့ *ဘယ်နိုင်ငံကမှ သူ့နိုင်ငံထက်ပိုပြီး ကိုယ့်နိုင်ငံကို လာပြီးချစ်မှာမဟုတ်ဘူး။ သူတို့လည်း ချစ်ကြည်ရေးတည်ဆောက်တယ်ဆိုတာ သူတို့နိုင်ငံအကျိုးကို ပထမထားပြီး တည်ဆောက်ကြတာချည်းပဲ*လို့ သတိပေးလိုက်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်မက ဆရာကြီးကိုမေးတာက နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်ပြီး မေးတာကိုး။ ဆရာကြီးကလည်း တပည့်ဖြစ်သူကို သတိထားသင့်တာ ထားဖို့ သတိပေးလိုက်တာပါပဲ။ တကယ်လို့သာ ဆရာကြီးက ကိုယ့်ဘာသာရပ် ကွက်ကွက်ကလေးကိုသာ လေ့လာသိရှိတဲ့ ဆရာကြီးဆိုရင် ဟိုအကြောင်းသိချင်၊ သည်အကြောင်းသိချင်ဖြစ်နေတတ်တဲ့ တပည့်ဖြစ်သူကျွန်မကို ကူညီလမ်းညွှန်မှု ပြုနိုင်မှာမဟုတ်ပါဘူး။ ဆရာကြီးဟာ ရပ်မနေခဲ့ဘဲ ဆရာပီသစွာ ဘဝဆိုတဲ့ကျောင်းက လောကဆိုတဲ့ ဘာသာရပ်ကို ရှုထောင့်စုံက လေ့လာနေခဲ့တဲ့သူဖြစ်လေတော့ ဘာကိုမဆို မေးလိုက်ရင် ဖြေနိုင်တာပါပဲ။

ပညာရေးဟာ တကယ်တော့ ဘဝတာတစ်လျှောက်လုံး ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ ဘာသာရပ်တစ်ခုကို လေ့လာပြီး ဘွဲ့ကလေးတစ်ခုကိုယူ၊ ပြီးတော့ သင့်တင့်လျောက်ပတ်တယ်ထင်တဲ့ အလုပ်ကလေးကို လုပ်။ အသက်မွေးမှုတစ်ခုကို တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ၊ သီလလုံသည်ဖြစ်စေ မလုံသည်ဖြစ်စေ မတတ်နိုင်ဘူး၊ လုပ်ရမှာပဲဆိုပြီး လုပ်ရင်း သေသွားတဲ့သူဟာ တကယ်တော့ တစ်ခါမှ ပညာသင်ဖူးတဲ့သူ မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။

ပညာသင်ယူတယ်ဆိုတာ မိမိရဲ့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးမှာ တိုးတက်တဲ့အသွင်ကို အမြဲဆောင်နိုင်ဖို့ အမြဲအစဉ် စိတ်ကို တက်ကြွလန်းဆန်းအောင် ဖွင့်ထားရမယ်။ သင်ယူသင့် မှတ်သားသင့်တဲ့ အကြောင်းအရာများကို သင်ယူမှတ်သားရမယ်။ မိမိစိတ်တွင်းကို မသွင်းသင့်တဲ့အယူအဆများကို ပယ်ဖျက်တွန်းလှန်နိုင်စွမ်းရှိရမယ်ဆိုတဲ့ အသိနဲ့ သတိလည်း ရှိရမယ်။ အဲသည်လိုလူမျိုးဟာ အသက်ကြီးလို့ အိုသာသွားမယ်၊ သူဟာ စိတ်အင်အားချည့်နဲ့တဲ့သူ ဖြစ်မသွားနိုင်ပါဘူး။ စိတ်အင်အားက အသစ်အသစ်သော စိတ်ဝင်စားစရာများကြောင့် ပိုမိုတက်ကြွနေမှာ ဖြစ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တကယ်တော့ ပညာရေးကို အကန့်ကလေးများ ကန့်ပြီး တစ်ကန့်လောက်က အစိတ်အပိုင်းကလေး သေးသေးကလေးတစ်ခုကို သိတာနဲ့ ငါတယ်ဟုတ်ပါ့လားလို့ အောက်မေ့ရုံမက လူသူလေးပါး ကြားလောက်အောင် ငါသည်ကားဟုဆိုလျှင်လို့ အော်နေတဲ့သူများဟာ တကယ်တော့ ဆရာလို့ အခေါ်ခံသာနေတယ်။ ဆရာစစ်ဆရာမှန် မဟုတ်ပါဘူး။ လောကီပညာရေးမှာဖြင့် ဆရာကြီးတစ်ဆူအဖြစ် တင်စား ပြောဆိုရတဲ့ ဆိုကရေးတီးက **'ငါသိတာတစ်ခုပဲရှိတယ်၊ အဲဒါကတော့ ငါဘာမှမသိသေးဘူးဆိုတာပါပဲ'** ဆိုတာ တကယ်တော့ သိပ်ဟုတ်ပါတယ်။

ဆရာ့အလုပ်က အသက်ရှင်သန်နေတဲ့ အချိန်အတောအတွင်းမှာ ဘဝနဲ့ပတ်သက်သမျှ အကြောင်းအရာများကို တတ်အားသမျှ လေ့လာဆည်းပူးနေကြဖို့ ဖြစ်ပါတယ်။ လေ့လာလို့ကလည်း မကုန်နိုင်ပါဘူး။ သို့ပေမယ့် ဆရာဆိုတာက ဘဝဆိုတဲ့ကျောင်းမှာ ကျောင်းသားကြီး တစ်ယောက်ပီပီ လေ့လာနေနိုင်မှ ကျောင်းသားကလေးများကို ဘဝနဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချနေနိုင်မှာ ဖြစ်ပါတယ်။

အဲသည်နေရာမှာ ဆရာဆိုတာ အိုတယ်မရှိ၊ (စာမသင်ဘဲ နေပိုင်ခွင့်) မရှိ။ အငြိမ်းစားဖြစ်သော်လည်း (စာမသင်ဘဲ နေနိုင်ခွင့်) မရှိတဲ့သူ ဖြစ်ပါတယ်။ အဲသည်လိုပြောလို့ စားဝတ်နေရေးအတွက် အိုသည်အထိ အငြိမ်းစားသည်အထိ စာသင်နေရတယ်လို့ တလွဲမထင်စေချင်ပါဘူး။ ကျွန်မပြောချင်တာက အိုမင်းလေ အနုစ်ပြည့်လေ၊ အငြိမ်းစားချိန်ရောက်လေ ပိုပြီးတွေးတောဆင်ခြင်ခွင့်ရလေ ဖြစ်လာတဲ့အတွက် မိမိထံကို လာရောက်ဆည်းကပ် မေးမြန်းတဲ့သူများကို အားပါပါနဲ့ သင်ကြားဆွေးနွေးနိုင်ရမှာ ဖြစ်ပါတယ်။ အဲဒါမှ ရပ်မနေတဲ့ဆရာလို့ ခေါ်ဆိုနိုင်မှာဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

## ဆရာဆိုတာ မြင်တတ်တဲ့ အကြည့်စာတ်ကို ပွင့်စေသူ

လောကမှာ အပြောများတဲ့စကားတစ်ခု ရှိပါတယ်။ *'ကြည့်သောသူသည် မြင်၏'* တဲ့။ ကျွန်မကတော့ *'ကြည့်တတ်သောသူမှသာ မြင်၏'* လို့ ပြင်ချင်ပါတယ်။ ကြည့်သာကြည့်ပြီး ဘာကိုမှ သေသေချာချာ မမြင်ခဲ့တဲ့သူများကို ကျွန်မ အများကြီးတွေ့ခဲ့ဖူးလို့ပါပဲ။ ကျွန်မ ဆရာဘဝကို စပြီးရောက်ကတည်းက မနက်အစောပိုင်းစပီး ဝင်ရတဲ့အတန်းမှာ ကနေ့ ဘာများထူးထူးခြားခြား မြင်ခဲ့ရသလဲလို့ ကျောင်းသားကျောင်းသူများကို မေးလေ့ရှိပါတယ်။

အဲသည်မေးခွန်းကို ကျောင်းသားများက မျှော်လင့်ထားခြင်း လည်း မရှိတော့ မဖြေတတ်ကြပါဘူး။ သူတို့မြင်တတ်တဲ့အထိ လေ့ကျင့်ပေးချင်လို့သာ ကျွန်မက အချိန်ကုန်ခံပြီး မေးတာဖြစ်ပါတယ်။ အဲဒါ စာသင်တာလားလို့ မေးရင် စာထက်အရေးကြီးတဲ့ ပညာကိုသင်တဲ့အခါ အရေးကြီးတာက သင်ယူသူများအနေနဲ့ မြင်အောင်ကြည့်တတ်ဖို့ လိုအပ်တယ်လို့ ကျွန်မလေးလေးနက်နက် ယုံကြည်တာကြောင့် လေ့ကျင့်တဲ့ သဘောနဲ့ မေးကြည့်တာဖြစ်ပါတယ်။ တကယ်တော့ သိပ္ပံပညာရှင်ဖြစ်ဖို့ ဆိုတာ စူးစမ်းလေ့လာတတ်ခြင်းဆိုတဲ့ အခြေခံသဘောက စတင်ရတာ ပါပဲ။

တက္ကသိုလ်မှာ ဆရာမဖြစ်လာတော့လည်း မနက် ၈ နာရီ အတန်းဝင်ရတဲ့အခါတိုင်း ကိုင်း အဆောင်ကနေပြီး အတန်းထဲဝင်တဲ့ အထိ ဘာတွေကို မြင်ခဲ့ရသလဲလို့ မေးသေးတာပါပဲ။ ကျောင်းသားကြီးတွေက ကျွန်တော်တို့ဖြင့် ဘာမှထူးထူးခြားခြား မမြင်ခဲ့ပါဘူးလို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖြေခဲ့ကြပါသေးတယ်။ ကျွန်မက မျက်စိမှိတ်ပြီးတော့ လမ်းလျှောက်လာတာတော့ မဟုတ်လောက်ပါဘူးနော်လို့ ပြောရပါတယ်။

စူးစမ်းလေ့လာတယ်ဆိုတာ စပ်စုတာမဟုတ်ဘူး။ မြင်အောင်ကြည့်တတ်တာဖြစ်တယ်ဆိုတာကို ပြောပြရပါသေးတယ်။ မနက်စောစောဆိုတော့ တက္ကသိုလ်ဝန်းကျင်မှာ မွေးထားတာမဟုတ်ဘဲနဲ့ သူ့ဘာသာသူ ပေါက်နေတဲ့ မြက်ခင်းစိမ်းစိမ်းများပေါ်မှာ နေခြည်များလျှောကျနေတဲ့အခါ မြက်ရွက်ဖျားကလေးများပေါ်က နှင်းစက်ကလေးများ လက်လက်ထနေတာကို မြင်ရတယ်ဆိုရင် စိတ်ထဲမှာ ကြည်လင်သွားတဲ့အကြောင်းကို ပြောပြမိပါတယ်။ မြက်ခင်းပေါ်မှာ နေခြည်သာမက သစ်ပင်ကြီးများရဲ့အရိပ်ကလည်း ထိုးကျနေသေးတာကိုး။ သစ်ပင်ရိပ်ကျတဲ့နေရာက အစိမ်းနဲ့ သစ်ပင်ရိပ်လွတ်တဲ့နေရာက အစိမ်းတို့ဟာ အချင်းချင်းမတူကြဘူး၊ အလှတစ်မျိုးစီ ဖြစ်နေတယ်ဆိုတာမျိုးကိုလည်း ထပ်ကွန့်ပြီး ပြောပြမိသေးတာပါ။

ကိုယ့်မှာ မျက်စိရှိပါလျက်နဲ့ မကြည့်တတ်လို့ မမြင်တဲ့သူဟာ အရင်းဆုံး တဲ့သူနဲ့ သိပ်တူတာပါပဲ။ ကျွန်မတို့ဟာ ကျွန်မတို့ပတ်ဝန်းကျင်ကို ကောင်းစွာမြင်တတ်မှသာ ကောင်းစွာသုံးသပ်တတ် ကောင်းစွာအဖြေထုတ်တတ်မှာ ဖြစ်ပါတယ်။ တကယ်တော့ ပညာသင်ယူခြင်းရဲ့ အခြေခံအရည်အချင်းထဲမှာ စူးစမ်းတတ်တာလည်း ပါပါတယ်။

တစ်ခါတုန်းက မူလတန်းကျောင်းမှာတက်နေတဲ့ ကျွန်မတူမကလေးတစ်ယောက်ဟာ စာကိုအားပါးတရ အော်ကျက်နေတာ သူတို့အိမ်ကိုသွားလည်မိတဲ့ကျွန်မ မြင်ရပါတယ်။ သူကျက်နေတာက သရက်သီးအကြောင်းဖြစ်ပါတယ်။ သရက်သီးဟာ မမှည့်ခင်မှာ ချဉ်တဲ့အရသာရှိတာ၊ မှည့်သွားတဲ့အခါမှာ ချိုတာ၊ ချိုတာတောင်မှ မျိုးကိုလိုက်ပြီး ကွဲပြားတာ၊ အနံ့ကလည်း သရက်မျိုးကိုလိုက်ပြီး ကွဲပြားတာတွေကို ကျက်တာ မကြားရပါဘူး။ သရက်သီးမှာ အစေးရှိတာ၊ အစေးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အရေပြားကို လောင်တတ်တာ၊ အစေးမစင်ဘဲ စားရင်လည်း ပါးစပ်ကို လောင်တတ်တာကိုလည်း ကျက်တာ မကြားရပါဘူး။ သရက်သီးမှာ ပုပု၊ ရှည်ရှည်၊ လုံးလုံး၊ ဝိုင်းဝိုင်းနဲ့ ခပ်ပြားပြားအစရှိသည်ဖြင့် အသွင်သဏ္ဌာန်ကွဲတာကိုလည်း ကျက်တာမကြားရပါဘူး။

သူကျက်နေတာက သရက်စေ့အကြောင်းဖြစ်ပါတယ်။ "သရက်စေ့၏အခွံသည် မာ၍ ခွဲလိုက်သော် အတွင်းတွင် အညိုရောင်အမြှေးပါး အုပ်ထားသော သရက်စေ့ကို တွေ့ရမည်။ သရက်စေ့ကိုခွဲလိုက်သော် နှစ်ခြမ်းရ၍ တစ်ခြမ်းမှာ တစ်ခြမ်းထက်ငယ်သည်။" ဆိုတဲ့ စာကြောင်းကို ကျွန်မတူမကလေးဟာ အပန်းတကြီးကျက်နေပါတယ်။ ကျက်တာမှ မျက်စိမှိတ်ရုံမက နားကိုပါ တစ်ခါတစ်ခါ ပိတ်လိုက်ပါသေးတယ်။ ကျွန်မဟာ သူ့ကိုကြည့်ပြီး သိပ်စိတ်ညစ်သွားပါတယ်။ သူကျက်ပြီး ခေါင်းထဲကို ထည့်လိုက်တဲ့စာတွေ မျက်စိထဲက ပြန်ထွက်သွားမှာကို စိုးဟန်တူပါတယ်။ နားထဲကပြန်ထွက်သွားမှာကိုလည်း စိုးဟန်တူပါတယ်။ ကျွန်မက သူ့ကိုကြည့်နေရင်း နှာခေါင်းကိုပါ ပိတ်မှာစိုးနေမိပါသေးတယ်။ သူဟာ အမောတကောကျက်ပြီး စာမရသေးပေမယ့် ခဏနားတဲ့အခါမှာ ကျွန်မက ဟဲ့ သမီးကလေး ညည်းတို့ကျောင်းမှာ သရက်စေ့အကြောင်းကို သင်တော့ သရက်စေ့ကို ပြပြီးသင်သလားလို့ မေးမိပါတယ်။ မသင်ဘူးတဲ့။ ပုံဆွဲပြီး ပြသလားလို့ မေးတော့လည်း မပြဘူးတဲ့။ ကလေးက မြင်မှမမြင်တာ ဘယ်လိုလုပ်ပြီး မှတ်မိမလဲ။ သရက်က ရာသီတိုင်း ရှိတာမှ မဟုတ်တာလို့ပြောရင် ကျွန်မကလည်း ပြောချင်ပါတယ်။ သရက်သီးကိုသာ သိမ်းထားလို့မရနိုင်တာ၊ သရက်စေ့ကိုတော့ သိမ်းထားလို့ရနိုင်ပါတယ်။ သရက်စေ့ကို တစ်ယောက်တစ်စေ့ပေးပြီး အခုန အပန်းတကြီးကျက်ရတဲ့စာကို လက်တွေ့ပြလိုက်ရင်ရော မဖြစ်ဘူးလား။ ပိုပြီးမကောင်းဘူးလားလို့ ကျွန်မတွေးမိပါတယ်။

ပြီးတော့ သရက်သီးအကြောင်းကို တစ်ယောက်ပြီးတစ်ယောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သိသလောက် ပြောခိုင်းရင်းလည်း သရက်သီးနဲ့ပတ်သက်တဲ့ သင်ခန်းစာဟာ အလွန်ပျော်ရွှင်တက်ကြွစွာနဲ့ ပြီးပြည့်စုံသွားနိုင်ပါတယ်။ ဆရာကတော့ စာဖြစ်အောင် တစ်နည်းဆိုရင် ရှေ့နောက်ညီအောင် ပြန်စီပြီး ပြောရမှာပေါ့။ ပြီးတော့ ပြောစရာတစ်ခုရှိပါတယ်။ သရက်စေ့ အခွံမာတာကိုသာ ကလေးကျက်နေတာကို ကြားခဲ့ရပါတယ်။ အခွံမာတဲ့ အပေါ်မှာ အမွေးကလေးများလည်း ရှိတယ်ဆိုတာကိုလည်း ပြောရမှာ ဖြစ်ပါတယ်။

ကျွန်မကတော့ လောကမှာ သိစရာများလာလေလေ သိစရာများကို ဆရာကချည်း ဒိုင်ခံပြီး ကလေးများ မှတ်ဉာဏ်ထဲကို ရိုက်သွင်းတဲ့ အလုပ်ကို မလုပ်သင့်လေလေလို့ အခိုင်အမာယူဆပါတယ်။ ကလေးကို ပေးလိုက်ရမှာက ကိုယ်တိုင် လေ့လာနိုင်တဲ့အစွမ်းအစ ဖြစ်ပါတယ်။ ဘယ်လိုလေ့လာရမယ်ဆိုတာကို တရားသေနည်းကြီးနဲ့ ရိုက်သွင်းသင်ကြားရမှာ မဟုတ်ပါဘူး။

ကိုင်း ကိုင်း ပြောလက်စနဲ့တော့ မထူးတော့ပါဘူး။ ပြောရပါဦးမယ်။ ကျွန်မပညာရေးတက္ကသိုလ် လုပ်ငန်းခွင်မှာ ရှိနေတုန်းက ကျွန်မအခန်းနဲ့ စာအုပ်ဗီရိုများသာ ခြားထားတဲ့ တစ်ဖက်ခန်းမှာ သားအမိနှစ်ယောက် စကားပြောနေပါတယ်။ အမေဖြစ်သူက မဟာတန်းကို အောင်ပြီးတဲ့သူ ဖြစ်ပါတယ်။ သားဖြစ်သူကို အမေဖြစ်တဲ့သူက ဟဲ့သား စာကျက်လို့ပြောတော့ သားက ကျွန်တော်တွေးနေတယ်မေမေတဲ့။ အမေဖြစ်သူက တွေးမနေနဲ့၊ စာကျက်လို့ တစ်ချက်လွှတ်အမိန့်ချလိုက်ပါတယ်။ ကျွန်မကလည်း အလုပ်လုပ်ရင်း ကြားလိုက်တဲ့စကားနဲ့ ပတ်သက်ပြီး စကားပြောချင်တာကို နောက်ထပ်နာရီဝက်လောက် အောင့်အည်းပြီး နေရပါတယ်။ ကလေးလည်း ကျောင်းကိုထွက်သွားရော။

ကျွန်မတပည့်တော်ဖူးတဲ့ အဲသည်ဆရာမကို ခေါ်လိုက်ပါတယ်။ ကိုယ်တိုင်လည်း ပညာရေးမဟာဝိဇ္ဇာတန်းကို အောင်ပြီးသား။ ကလေးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွေးနေတယ်ဆိုတာကို အတွေးမခိုင်းဘဲနဲ့ စာကျက်ခိုင်းရလောက်အောင် ညံ့ရသလားလို့ မေးတော့တာပေါ့။ ကလေးအမေဆရာမက ဖြေပါတယ်။ စာမကျက်တာနဲ့ အမှတ်ကကျတာပဲတဲ့။ မုန့်ဆယ်မျိုး အမည်များကို ရေးပါလို့ မေးထားတဲ့မေးခွန်းအတွက် ကလေးက မုန့်အမည်တွေကို ကျက်နေတော့ ကလေးအမေက သားရယ် သားတို့မုန့်စားတန်းကို ဆင်းသွားပြီး မြင်ခဲ့တာတွေ ရေးချလိုက်ရင် ရတာပဲဟာ။ ဘာဖြစ်လို့ ကျက်နေရသလဲလို့ မေးမိပါတယ်တဲ့။ ကလေးကပြောတာက မေမေရယ် သားလည်းသိတာပေါ့။ ဒါပေမဲ့ သားတို့ဆရာမက မုန့်လုံးကြီးကစပြီး ငှက်ပျော်ကြော်အဆုံး သူ့နံပါတ်နဲ့သူမရေးရင် အမှတ်လျှော့မှာတဲ့။ ကျွန်မဟာ ကလေးအမေ ဆရာမစကားကိုကြားတော့ တကတဲ ပါးစပ်ထဲက လျှာပျောက်သွားသလို ဘာမှပြန်မပြောနိုင်တော့ပါဘူး။

အခုပြောနေတဲ့ ဥပမာများက ခေတ်ဟောင်းက ဥပမာများဖြစ်ပါတယ်။ အခုတော့လည်း အဲသည်လို မဟုတ်တန်ပါဘူးလေ။ အရေးကြီးတာက သင်ယူတဲ့သူ ကျောင်းသားများဟာ သင်ခန်းစာသင်တဲ့အခါမှာ ပျော်ရွှင်တက်ကြွနေရပါမယ်။ သိထားတာကလေးများကို ပြန်ပြောချင်နေရပါမယ်။ နောက်သင်ခန်းစာများမှာ ပိုပြောနိုင်အောင် လေ့လာစူးစမ်းချင်စိတ်တွေ တိုးတက်လာရပါမယ်။ ကလေးများနဲ့ဆရာများအတူတကွ သင်ယူနေတယ်ဆိုရင် ကျောင်းသားများရဲ့ စိတ်အကြည်ဓာတ်ရော ဉာဏ်အကြည်ဓာတ်ပါ ပွင့်သွားမှာသေချာပါတယ်။ တကယ်တော့ စာအုပ်ထဲမှာ ရေးထားတာမှ ပညာမဟုတ်ပါဘူး။ လူ့လောကမှ သိသင့်သိထိုက်တာကို သိသင့်တဲ့ရှုထောင့်က မြင်အောင် ကျောင်းသားများကို ထိန်းကျောင်းလေ့ကျင့်ပေး ရမှာဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာက ဘာကိုသင်တာလဲ၊ လူကိုလား၊ စာကိုလား

ကျွန်မကိုယ်တိုင် အသက်ကြီးလာပြီဆိုတော့ ကျွန်မပေးတဲ့ ဥပမာတချို့ဟာ ရှေးဟောင်းပစ္စည်းများ (Antique) ကြီးတွေ ဖြစ်နေပါလိမ့်မယ်။ သို့သော်လည်း ရှေးဟောင်းပစ္စည်းဖြစ်လေလေ တန်ဖိုးကကြီးလေလေ ဖြစ်ပါတယ်။ ပေးချင်တဲ့ ဥပမာက ဒီလိုပါ။ တစ်ခါတုန်းက အင်္ဂလန်က ကျောင်းတစ်ကျောင်းမှာ အငြိမ်းစားယူတော့မယ့် ဆရာကြီး တစ်ယောက်ကို နှုတ်ဆက်ပွဲကလေးတစ်ပွဲ ကျင်းပပါတယ်တဲ့။ အဲသည်ဆရာကြီးက လက်တင်ဘာသာကို သင်ကြားတဲ့ ဆရာကြီးဖြစ်ပါတယ်။ လက်တင်ဘာသာဆိုတာက သက္ကတဘာသာ၊ ပါဠိဘာသာလို ရှေးဟောင်းဘာသာ တစ်ခုဖြစ်တော့ ခက်ခဲတယ်၊ ပျင်းစရာ ကောင်းတယ်လို့ လူတွေက သတ်မှတ်ကြပါတယ်။ အဲသည်တော့ ပဋိသန္ဓာရစကားအဖြစ် လူတွေက ပြောကြတာကတော့ ဆရာကြီးရယ် နှစ်ပေါင်းများစွာကြာအောင် လက်တင်ဘာသာကို သင်ကြားပို့ချနေရတာ ဆရာကြီးတော့ သိပ်ပျင်းခဲ့မှာပဲနော်လို့ ပြောပါသတဲ့။

ဆရာကြီးက အေးအေးဆေးဆေး ပြန်ပြောတာကတော့ ကျွန်တော်ဟာ လက်တင်ကို သင်တာမဟုတ်ပါဘူး။ လူကလေးတွေကို သင်ခဲ့တာပါ။ အဲသည်တော့ ပျင်းစရာမကောင်းပါဘူးလို့ ပြောပါသတဲ့။ အဲသည်စကားကို ကျွန်မတို့ ကျောင်းဆရာအချင်းချင်းဆိုရင် သိပ်နားလည်မှာ ဖြစ်ပါတယ်။

ကျွန်မတို့တစ်တွေဟာ ပညာတတ်မှ လူရာဝင်မယ်ဆိုပြီး ပညာသင်တဲ့အလုပ်မှာ အားထည့်ပြီးလုပ်ရင်း လုပ်ရင်းနဲ့ ဘာသာရပ်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဦးစားပေးတာများပြီး လူကိုမေ့သွားတတ်ပါတယ်။ ပညာဆိုတဲ့အထဲမှာ အတတ်ပညာရေး၊ အသိပညာရေး၊ ဉာဏ်ပညာရေးပါပါတယ်။ အသက်မွေးဝမ်းကျောင်းမှုအတွက် အတတ်ပညာကိုယ်စီပါအောင် ကလေးများကို သင်ပေးနေတဲ့သူများဟာ သူတို့သင်နေတဲ့ အတတ်ပညာကို ကျောင်းသားများအနေနဲ့က အခြေခံအဖြစ်ထားပြီး သူတို့ဘာသာသူတို့ လေ့လာနိုင်တဲ့ အသိပညာနဲ့ အစွမ်းအစများ တိုးတက်လာအောင် သင်ကြားပေးရမှာ ဖြစ်ပါတယ်။ အသိပညာကို ဘယ်လိုရှာဖွေရမယ်၊ ဘယ်လိုသုံးသပ်ရမယ်ဆိုတာကို သူတို့ကိုယ်တိုင် လက်တွေ့သင်ယူ တတ်မြောက်လာတဲ့အချိန်မှာ သူတို့ရဲ့အသိဉာဏ်ဟာ တိုးတက်ဖွံ့ဖြိုးလာပြီလို့ ဆိုနိုင်ပါတယ်။

ကွန်ဖြူးရှပ်က ပြောပါတယ်။ **'ပညာဆိုတာ သင်ယူလာတဲ့စာတွေ မေ့သွားတဲ့အခါမှာ ကျန်နေရစ်တာဖြစ်တယ်'** တဲ့။ အဲသည်စကားကို ပညာရေးတက္ကသိုလ် စာကြည့်တိုက်မှာ ကျွန်မကျက်စားနေတုန်းက ကျွန်မလိုပဲ စာမှန်မှန်လာပြီးဖတ်တဲ့ ပညာရေးမဟာဝိဇ္ဇာတန်းက ကျောင်းသားတစ်ယောက်က အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားတဲ့ စွယ်စုံကျမ်းစာအုပ်ကြီးကို ယူလာပြီး ဖတ်ပြရင်း ကျွန်တော်နားမလည်ဘူး ဆရာမကြီးလို့ ပြောရှာပါတယ်။

ကျွန်မက သူ့ကို စာအုပ်ကြီးပိတ်ထားပြီး ဆရာ ဒီစားပွဲမှာ ထိုင်လိုက်ပါဦးလို့ ပြောရပါတယ်။ ပြီးတော့မှ ဆရာရေ၊ ဆရာငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ သင်ပုန်းကြီးဖတ်စာတွေကို ပြန်ရွတ်ခိုင်းရင် အလွတ်ရဦးမလားလို့ဆိုတော့ မေးခွန်းကို နားလည်ပါလျက် မေးတဲ့ဦးတည်ချက်ကို သဘောမပေါက်သေးတော့ မျက်နှာက နည်းနည်းကြောင်တောင်တောင်နဲ့ မေ့ကုန်ပြီပေါ့ ဆရာမကြီးရဲ့လို့ ဖြေပါတယ်။ ကဲလေ မေ့ကုန်မှာအတူတူ မသင်ဘဲထားခဲ့ရင်ကော ဆရာ အခုအတန်းထိ ရောက်လာမလားဆိုတော့ ဟာ ဘယ်ရောက်မလဲတဲ့။

ကျွန်မက အေးဟုတ်ပြီ၊ တစ်တန်းပြီးတစ်တန်း တက်လာတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခါ အရင်အတန်းကစာတွေကို အကုန်မမှတ်မိတော့ဘူးပေါ့။ အဲသည်လိုနဲ့ ပထမသင်ခဲ့တဲ့အတန်းက အခြေခံကိုမှီပြီး ဒုတိယအတန်းကို တက်ရတယ်။ နောက်တတိယစသည်ဖြင့် အတန်းတွေတက်လာတော့ အရင့်အရင်က ကျန်ရစ်ခဲ့တဲ့အတန်းများမှာ သင်ခဲ့တဲ့စာတွေက မေ့သည်ထက်မေ့ကုန်ရော။ ဟုတ်တယ်မဟုတ်လားလို့ မေးတော့ ဟုတ်ပါတယ်တဲ့။ အဲသည်လို အရင်စာတွေမေ့ကုန်တဲ့အခါမှာ ဆရာ့အနေနဲ့ ရေးတာဖတ်တာ ဖတ်ပြီးနားလည်တာ နားလည်တာကို ပြန်ပြောတတ်တာစတဲ့ အရည်အချင်းများ တိုးတက်မလာဘူးလားလို့ မေးတော့ တိုးတက်လာပါတယ်တဲ့။

အဲသည်တော့မှ ကျွန်မက ပြောရပါတယ်။ တကယ်တော့ သင်ရိုးထဲမှာပါတဲ့ စာများကို သင်ကြားရတာ သင်ယူရတာဟာ စာသင်တာပဲ ဖြစ်ပါတယ်။ စာသင်တဲ့ဆရာက စာပဲသင်တယ်ဆိုရင်တော့ ကျောင်းသားများဟာ သိပ်တော်လာမှာ မဟုတ်ပါဘူး။ စာကိုမေ့တာနဲ့ အကုန်မေ့ကုန်မှာပါပဲ။

ဆရာဟာ သင်ရိုးကိုအခြေပြုပြီး လူကလေးများကို သူတို့ရဲ့သိနိုင်မြင်နိုင် တွေးတောကြံဆနိုင်တဲ့ အစွမ်းအစတွေ တိုးတက်လာအောင် သင်ရပါတယ်။ သင်ရိုးထဲမှာပါတဲ့ အကြောင်းအရာများဟာ တစေ့ရှတ်ဖတ်မနေရင် မေ့ကုန်မှာ ဖြစ်ပါတယ်။ အဲသည်လို သင်ရိုးထဲမှာပါတဲ့ အကြောင်းအရာများကို မေ့သွားတဲ့အခါမှာ ကျန်ရစ်နေရမှာက အစွမ်းအစ ဖြစ်ပါတယ်။ ဘယ်လိုအစွမ်းအစလဲဆိုတော့ သင်ရိုးထဲမှာပါတာထက် များစွာကျယ်ဝန်းတဲ့အကြောင်းအရာများကို ကိုယ်တိုင် ရှာဖွေနိုင်စွမ်း၊ တီထွင်ကြံဆနိုင်စွမ်း၊ ကြောင်းကျိုးဆက်စပ်တွေးခေါ်ပြီး အသစ်အသစ်သော အသိအမြင်များကို ဖော်ထုတ်နိုင်စွမ်း ရှိလာရမယ်။ အဲဒါကြောင့် ကွန်ဖြူးရှပ်က သင်ယူလာတဲ့စာတွေကို မေ့သွားတဲ့အခါ ကျန်နေတာမှ ပညာလို့ပြောတာဖြစ်တယ်လို့ ရှင်းပြတော့ အဲသည်ဆရာက ကျွန်တော်နားလည်ပါပြီ ဆရာမကြီးလို့ ပြောပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆရာများဟာ အဲသည်အချက်ကလေးကို လေးလေးနက်နက် စဉ်းစားကြစေလိုပါတယ်။ စာကိုလည်းသင်ရမှာပေါ့။ အတတ်ပညာကို လည်း သင်ရမှာပေါ့။ သို့သော်လည်း ကိုယ်သင်တဲ့စာဟာ လမ်းဆုံးဖြစ် မသွားစေရပါဘူး။ ကိုယ်သင်တဲ့စာ ကိုယ်သင်တဲ့အတတ်ပညာဟာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အဲသည်အပေါ်ကမှ တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်သွားတဲ့ ဗိမာန်ကြီးကို ဆောက်လိုတဲ့စိတ် ဆောက်တတ်တဲ့ အစွမ်းအစများကို ကျောင်းသားများ ရသွားစေရမှာဖြစ်ပါတယ်။

အဲသည်လို ကျောင်းသားကလေးများရဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်း ဆိုင်ရာ အစွမ်းအစများ တိုးတက်သွားစေဖို့ဆိုတာ သင်နည်းမှန်ကန်ရပါ မယ်။ ကျွန်မဖြင့် သင်ပြနည်းပညာနဲ့ ပါရဂူဘွဲ့ယူခဲ့ရတာဟာ စိတ် အတော်ဆင်းရဲဖို့ ဖြစ်လာတာပဲလို့တောင် မကြာခဏတွေးမိပါတယ်။ ကိုယ့်ရှေ့တွင် ကလေးတွေကို ဝါကျတစ်ကြောင်းပြီးတစ်ကြောင်း အလွတ် ချပေးနေတာဟာ စာသင်နေတာပါပဲ။ ပညာတတ်ကလေးများအဖြစ် တက်လာဖို့ထက် စာတတ်ကလေးများဖြစ်လာဖို့ကို ဦးတည်နေတာပါပဲ။ ကလေးများဟာ သင်ရိုးမှာပါတဲ့ အကြောင်းအရာများကို အလွတ်ရစရာ မလိုပါဘူး။ သူတို့ဘာသာသူတို့ ဖတ်တတ်ပြီးတဲ့နောက် သူတို့စကားနဲ့ သူတို့ အလွတ်ရေးတတ်လာစေဖို့ လေ့ကျင့်ပေးရပါမယ်။ အဲသည်လို ကျင့်မထားရင် အလွတ်ကျက်ထားတဲ့ စာမဟုတ်လို့ကတော့ ဖြေတတ် တော့မှာ မဟုတ်ပါဘူး။

ဘဝမှာ ရင်ဆိုင်ရမယ့်အခြေအနေတွေ ကျော်လွှားရမယ့် အခက် အခဲတွေက အလွတ်ကျက်ထားတဲ့စာတွေလို ပုံသေကားကျ ရှိတာမဟုတ် ဘူးလေ။ မိမိဘာသာ မိမိသိထားတဲ့အချက်အလက်များကို အခြေပြုပြီး မိမိကိုယ်ပိုင်ဉာဏ်နဲ့ သုံးသပ်ဆုံးဖြတ် လုပ်ကိုင်ရတာ ဖြေရှင်းရတာ မဟုတ်ပါလား။

အခုခေတ်မှာ အသိပညာတွေဟာ ပေါက်ကွဲနေတယ်လို့ ပြောရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လောက်အောင် အသစ်အသစ်သော အတတ်ပညာ အသိပညာများဟာ တရစပ်ပေါ်ထွန်းနေပါတယ်။ အဲသည်လိုပဲ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်များမှာ အသစ်အသစ်သောပြဿနာများ ပေါ်ပေါက်နေပြန်ပါတယ်။ အဲသည်လို သိသင့်တာတွေ များသည်ထက်များလာတဲ့အခါ ဖြေရှင်းသင့်တာတွေ များသည်ထက်များလာတဲ့အခါ စာကိုသာ အာပုတိုက်ထားတဲ့သူများအတွက် လမ်းပျောက်သွားတော့မှာပါပဲ။ အဲဒါကြောင့် ကျက်ထားတဲ့စာတွေကို အသုံးချလို့မရအောင် မေ့သွားတဲ့အခါမှာ ဖြစ်ဖြစ်၊ စာတွေထဲမှာ ပါတယ်လို့ ရုတ်တရက် မသိနိုင်အောင် ရှုပ်ထွေးနေတဲ့ ပြဿနာနဲ့ဖြစ်ဖြစ် ရင်ဆိုင်ကြရတဲ့အခါ တစ်ခါက ကျောင်းသားများဟာ ကိုယ်ပိုင်ဉာဏ်ကို သုံးနိုင်တဲ့အစွမ်းအစကို ပိုင်ဆိုင်ပြီးသား ဖြစ်စေသင့်ပါတယ်။

နိဂုံးမှာ လက်တင်ဘာသာဆရာကြီးရဲ့ စကားကို ပြန်ကောက်ချင်ပါတယ်။ ***ကျွန်တော်တို့ ကျွန်မတို့ဟာ ဘာသာရပ်သင် ဆရာများ မဖြစ်သင့်ပါဘူး။ လူကလေးတွေကို အညွန့်တလူလူထွက်အောင် သင်တဲ့ ဆရာများ ဖြစ်ရပါမယ်။ ။***

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာရဲ့စိတ်ဓာတ်နဲ့ အမြင်ဟာ ကျယ်ပြန့်ရပါမယ်

ဒီဆောင်းပါးထဲက ဆရာလို့ဆိုရာမှာ လောကီရေးဆိုင်ရာ ပညာများကို သင်ကြားပေးတဲ့သူ ဆရာများကိုသာ ရည်ညွှန်းပါတယ်။ အဲသည်လို ရှင်းရတာကတော့ မြန်မာမှာ ဆရာဆိုတဲ့ဝေါဟာရကို ကျယ်ပြန့်စွာ ရှင်းလင်းရင် **'နိဗ္ဗာန်ရောက်ရာ ဒေသနာဖြင့် ဗြဟ္မာ နတ် လူ သုံးပုံသူတို့ကို ကြည်ဖြူစွာလှ သင်ဆုံးမသောကြောင့် လောကလုံး ကိုးကွယ်ရာ ဆရာအဖြစ်သို့ ရောက်တော်မူသောကြောင့် ပယတ္တဘုန်းတော်ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား'** ကစပြီး ဆရာတော် သံဃာတော်များ အမိအဖများ မိမိ၏သင်ဆရာ မြင်ဆရာအားလုံးကို အကျုံးဝင်အောင် ထည့်သွင်းကာ ရှင်းလင်းရပါလိမ့်မယ်။ ကျွန်မအနေနဲ့ အခုအချိန်မှာတော့ အဲသည်လို ကျယ်ပြန့်တဲ့ ပညာရေးနယ်ပယ်ကို ရေးသားရှင်းလင်းဖို့ မစွမ်းပါဘူး။

အဲဒါကြောင့် ကျောင်းမှာဖြစ်စေ အိမ်မှာဖြစ်စေ သင်ရိုးမှာပါတဲ့ သင်ခန်းစာများကို သင်ကြားနေသူဆရာများ၊ အဲသည်လို သင်ခန်းစာများကို သင်ကြားရင်းက သိသင့်သိထိုက် တတ်သင့်တတ်ထိုက်တဲ့ အချက်အလက်သာမက အချက်အလက်အချင်းချင်း ဆက်စပ်တွေးခေါ်တတ်အောင် သင်ကြားပေးနိုင်တဲ့ဆရာများ။ ပွင့်လင်းလာသင့်တဲ့ အမြင်တို့ကိုပါ တပည့်ဖြစ်သူများမှာ ဖွံ့ဖြိုးလာအောင် လေ့ကျင့်သင်ကြားပေးတဲ့ ဆရာများနဲ့ ပတ်သက်တဲ့အကြောင်းအရာများကိုသာ နယ်နိမိတ် သတ်မှတ်ပြီး တင်ပြဆွေးနွေးလိုပါတယ်။

ဆရာအဖြစ်ကို ရောက်လာတဲ့သူများဟာ အခုခေတ်မှာ ဘွဲ့ရလာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တဲ့သူ များပါတယ်။ အဲသည်လိုဘွဲ့ရလာတဲ့သူများကို ကျွန်မက အခွံများသာ ရရှိလာသောသူများဖြစ်တယ်လို့ဆိုရင် သိပ်စိတ်ဆိုးကြမှာပါပဲ။ သို့ပေမယ့် ကျွန်မပြောတာ အမှန်ပါပဲ။ ဘွဲ့ရလာသူများဟာ သူတို့လက်ဝယ် ရောက်လာတဲ့ ဘွဲ့ဟူသော အခွံထဲကို သူတို့နောက်ထပ်ဆည်းပူးလေ့လာရင်း သိရှိနားလည်လာမယ့်အကြောင်းအရာများ အတွေးအခေါ်များကို စုဆောင်းထည့်သွင်းရဦးမှာ ဖြစ်ပါတယ်။ အခွံဆိုရင်ဖြင့် တက္ကသိုလ်သွားတက်နေရဦးမလား၊ ကိုယ့်ဘာသာရော ကိုယ်လေ့လာလို့မရဘူးလားလို့ မေးစရာအကြောင်းရှိပါတယ်။ ကိုယ့်ဘာသာကိုယ်လည်း လေ့လာလို့လည်း ရပါတယ်။ ပါရမီကောင်းတဲ့သူများဟာ မိမိဘာသာလေ့လာတဲ့ အားကောင်းလွန်းလို့ ထူးချွန်လာတာကို နယ်ပယ်အမျိုးမျိုးမှာ တွေ့ရပါတယ်။ သို့ပေမယ့် တက္ကသိုလ်မှာ စနစ်တကျလေ့လာ သင်ကြားခဲ့ရတယ်ဆိုရင်တော့ ကိုယ့်ဘာသာကိုယ် လေ့လာတဲ့အခါမှာ စနစ်ကျလာနိုင်ပါတယ်။ အဲသည်လို ကျွန်မရေးလိုက်တာကို ဘာမှလည်းမသိဘဲနဲ့ အရမ်းလျှောက်ရေးနေတယ်လို့ ကဲ့ရဲ့ချင်တဲ့သူတွေလည်း များနိုင်ပါတယ်။ ဘယ်လိုနည်းများနဲ့ သင်ယူလေ့လာပြီး ဘယ်လိုနည်းများနဲ့ ဖြေဆိုအောင်မြင်နေကြတယ်ဆိုတာကို ကျွန်မ ကြားဖူးနားဝ ရှိပါတယ်။

အဲသည်တော့ ကျွန်မကလည်း ကျွန်မမှတ်သားထားတဲ့ စကားကလေးတစ်ခွန်းကို ပြောချင်ပါတယ်။ အဲသည်စကားကတော့ Two men look through the bars, one sees mud and one - Stars. ပါတဲ့။ မြန်မာလိုဆိုရင် အကျဉ်းထောင်သံတိုင်တွေကြားက လူနှစ်ယောက်ဟာ အတူတူ အပြင်ကိုလှမ်း ကြည့်ပါတယ်တဲ့။ တစ်ယောက်က ရွှံ့ကိုမြင်ပြီး တစ်ယောက်ကတော့ ကြယ်စင်တွေကို မြင်ပါတယ်တဲ့။

တစ်နေရာထဲကို ရောက်နေတဲ့သူ အချင်းချင်းတောင်မှ ကံကောင်းတာ မဟုတ်ဘဲ ကံဆိုးတယ်လို့ ပြောနိုင်တဲ့သူများမှာတောင်မှ ကောင်းကင်ကိုမြင်တဲ့သူနဲ့ ရွှံ့ကိုမြင်တဲ့သူဟာ အကြည့်ချင်းမတူလို့ပဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖြစ်ပါတယ်။ ကံကောင်းတယ်လို့ ပြောနိုင်တဲ့သူများမှာတောင် အနေအထိုင် မတတ်ရင် ကောင်းနေတဲ့ကံက ဆိုးသွားနိုင်ပါသေးတယ်။

ဆရာသမားများကတော့ အကောင်းဆုံးဆိုတဲ့ နည်းများကို ပေးလိုက်မှာ ဖြစ်ပါတယ်။ အကောင်းဆုံးဆိုတဲ့ စာအုပ် စာတမ်းများကို ဖတ်ရှုဖို့ ညွှန်ကြားတိုက်တွန်းလိုက်မှာပါပဲ။ မိမိကိုယ်ကို ဆောက်တည်ဖို့လည်း ပဲ့ပြင်လိုက်မှာပါပဲ။ ကောင်းနေတဲ့ကံကို ဆိုးမသွားအောင် ဘယ်လိုဆောင်ရွက်ရတယ်ဆိုတာကို သင်ကြားနေတဲ့ သင်ရိုးနဲ့ယှဉ်ပြီး သင်ကြားကြမှာဖြစ်ပါတယ်။ အဲသည်လို သင်တတ်ဖို့ဆိုတာ ဆရာများကိုယ်တိုင်က အသိအမြင် ပွင့်လင်းရပါမယ်။ လွတ်လပ်ကျယ်ပြောတဲ့ စိတ်သဘောထား ရှိရပါမယ်။

သို့ပေမယ့် ခံယူသူတပည့်များက မိမိတို့ဘဝအတွက် မိမိတို့ကြိုက်သလို ရွေးချယ်ကြမှာပါပဲ။ မြင့်ရာကနိမ့်ရာကို ဆင်းမယ့်သူလည်း ရှိသလို နိမ့်ကျလိုက်တဲ့ဘဝ တက်လာဖို့ရာ လွယ်မှာမဟုတ်ဘူးလို့ ထင်ရတဲ့သူကလည်း မိုးထိမြင့်မားတဲ့ တောင်ထိပ်မှာ ရောက်နေတာကိုလည်း တွေ့ရတတ်ပါတယ်။

ဆရာကရော တပည့်များနဲ့ ထူးမခြားနားပါပဲလို့ အပြောခံရတဲ့ သူတွေလည်း များပါတယ်။ အဲသည်လိုဆရာများကို ကျွန်မတို့ဘဝမှာလည်း ဖြတ်သန်းခဲ့ရတာပါပဲ။ တပည့်များကို ချစ်ခင်တတ်တယ်၊ စိတ်ကောင်းရှိတယ်။ သို့ပေမယ့် ဆရာဆိုတဲ့ မိမိအဖြစ်ကို မိမိမေ့လျော့နေတတ်ပါတယ်။ ဘာကိုမှ အလေးမထားတတ်ပါဘူး။ တပည့်များကို သူငယ်ချင်းလို ပေါင်းတယ်၊ အဲသည်လိုနေတတ်တော့ ဆရာက လူလွတ်ဖြစ်နေသည့်တိုင် သူ့ကိုယ်သူတိုးတက်အောင် ကြိုးစားမြှင့်တင်နိုင်ဖို့ အခွင့်မသာတော့ပါဘူး။ အဲသည်လို ဆရာများဟာ တခြားအသက်မွေးဝမ်းကျောင်းမှုကို ရွေးချယ်လိုက်ရင် ပိုကောင်းမှာဖြစ်ပါတယ်။ ဆရာအဖြစ် ဆက်လက်နေမယ်ဆိုရင်တော့ ဆရာတော်နေရတဲ့အချိန်မှာသာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တပည့်များက လေးစားသယောင် ရှိမှာပါပဲ။ တစ်စတစ်စနဲ့ တပည့်များဟာ အသက်ရော အသိဉာဏ်ပါ ဖွံ့ဖြိုးလာရင် ဆရာဟာ နေရာမရဘဲ ဖြစ်သွားတတ်ပါတယ်။

တချို့သော ဆရာဆရာမများဟာ မိမိရဲ့တပည့်များကို တစ်သက်လုံး တပည့်အဖြစ်ပဲ မြင်ပါတယ်။ အမှန်ကတော့ တပည့်က ဆရာကို ဆရာအဖြစ် အစဉ်သဖြင့် မြင်နေအောင် ချစ်ခင်လေးစားနေအောင် ဆရာကိုယ်တိုင်က မိမိကိုယ်ကို ဆောက်တည်ရမှာဖြစ်ပါတယ်။ တပည့်ဟာ အသက်ရှိတဲ့လူကလေးများဖြစ်တဲ့အတွက် အသက်နဲ့အမျှ အစွမ်းအစကလည်း တိုးတက်လာတတ်ကြတဲ့အတွက် မိမိကသင်ကြားခဲ့ပေမယ့် နှစ်အတန်ကြာကွာသွားတာနဲ့ သူတို့ဟာ မိမိထက်တောင် တိုးတက်သွားတတ်ကြပါတယ်။ ပညာအနေနဲ့ရော၊ ဆင်ခြင်ဉာဏ်အနေနဲ့ရော မိမိမြင်ခဲ့တဲ့ကလေးအရွယ်ကနဲ့ အတော်ကြီးကွာခြားအောင် တိုးတက်သွားကြပြီဖြစ်ပါတယ်။ အဲသည်လို တိုးတက်ဖွံ့ဖြိုးသွားတဲ့အခါ မိမိကိုမြင်လို့မှ ဆရာ ဆရာမရယ်လို့ အသိအမှတ်ပြုကြာ ဝမ်းသာအယ်လဲ မဖြစ်ဘူးဆိုရင်လည်း ဝမ်းနည်းစရာမလိုပါဘူး။ လူ့လောကမှာ ဒီလိုအဖြစ်တွေဟာ ဖြစ်နေကျတွေပဲလို့သာ အောက်မေ့လိုက်စေလိုပါတယ်။ သဘောထားကြီးဖို့ လိုပါတယ်။ တချို့ကျတော့လည်း လူပုံလယ်မှာ အောက်ကိုထိုင်မချလိုက်ပါနဲ့လို့တောင်မှ ပြောလို့မရပါဘူး။ မြေကြီးပေါ်မှာ ဖြစ်ပါစေ၊ ထိုင်ချလိုက်ကြပြီး အင်မတန်မှ ရိုသေလေးစားစွာ ကန်တော့တတ်ကြပါတယ်။

အရေးကြီးတာက ဆရာဆိုတာ အမြဲတမ်း မိမိရဲ့တပည့်များကို အမြဲမေတ္တာထားနိုင်တဲ့သူ ဖြစ်ရပါမယ်။ မေတ္တာဆိုတာ သူတစ်ပါးကို ကောင်းစေလိုတဲ့စိတ်ဖြစ်ပါတယ်။ တပည့်များဟာ ဘယ်လိုနေရာကိုပဲ ရောက်ရောက် ကိုယ့်ကိုဆရာရယ်လို့ အသိအမှတ်ပြုတဲ့ တပည့်များ စိတ်ဆင်းရဲမသွားအောင် မိမိကိုယ်ကို မိမိစောင့်ရှောက်ရပါမယ်။ ပစ္စည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဥစ္စာအနေနဲ့ကတော့ ကျောင်းဆရာများဟာ ကြွယ်တောင့်ကြွယ်ပိုး ဖြစ်ကောင်းမှ ဖြစ်ပါမယ်။

သို့ပေမယ့် ဘယ်လိုအချိန်မှာမဆို ဆရာပီပီ အတိုင်ပင်ခံနိုင်တဲ့သူ ဖြစ်ရပါမယ်။ ဆရာဟာ မိမိရဲ့အပြောအဆို၊ အနေအထိုင်၊ စိတ်နေသဘာဝ၊ အသိပညာ အသိအမြင်များ တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားနေတဲ့သူ ဖြစ်ရပါမယ်။ ဘယ်လိုအချိန်မှာ ကြိုးစားရမှာလဲဆိုတော့ တစ်သက်လုံးကို ကြိုးစားနေရမှာဖြစ်ပါတယ်လို့ တိုက်တိုက်တွန်းတွန်းကြီးကို ပြောချင်ပါတယ်။

*အဲသည်လို ဆရာမျိုးဟာ အလုပ်လုပ်တဲ့နေရာမှာ ဘယ်တော့မှ တာဝန်ကျေရုံ လုပ်တယ်ဆိုရုံ လုပ်တတ်တဲ့သူ မဖြစ်နိုင်ပါဘူး။ စနစ်တကျ အစဉ်တစိုက် ကြိုးကြိုးကုတ်ကုတ် အလုပ်လုပ်နေမှာပါပဲ။ အဲသည်တော့လည်း သူ့စိတ်ရော သူ့အမြင်ကရော ဘယ်တော့မှ ခေတ်နောက်မကျဘဲ ကျယ်ပြန့်နေမှာဖြစ်ပါတယ်။ ။*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာဆိုတာ လောကရဲ့ အလှအပကို မြင်အောင်ပြတတ်သူ

ကျွန်မ မော်လမြိုင်ကို အလည်ရောက်တုန်းက ဆရာမကြီးတစ်ယောက်ရဲ့အိမ်ဝိုင်းထဲက အိမ်တစ်အိမ်မှာ တည်းခိုခဲ့ဖူးပါတယ်။ အဲသည်တုန်းက ဆရာမကြီးဒေါ်ရှသ သက်ရှိထင်ရှား ရှိပါသေးတယ်။ သူနေတဲ့အိမ်နဲ့ ကျွန်မတည်းခိုတဲ့ အိမ်နှစ်အိမ်ရဲ့နောက်ဘက်မှာ မြံဝိုင်းကျယ်တစ်ခု ရှိပါတယ်။ သရက်ပင်၊ အုန်းပင်၊ ဝါးရုံများနဲ့ စိမ်းစိုသာယာနေပါတယ်။ ရွက်လှလို အခြားသောအပင်ကလေးများလည်း ရှိပါတယ်။

တစ်နေ့တော့ ဆရာမကြီးဟာ အသက် ၉ နှစ် ၁၀ နှစ်လောက်ရှိမယ့် ကလေးကလေးတစ်ယောက်ရဲ့ လက်ကိုဆွဲပြီး မြံထဲကိုလျှောက်သွားရင်း တစ်နေရာရောက်လိုက် ငုံ့ကြည့်ပြီး လက်ညှိုးထိုးပြလိုက်၊ နောက်တစ်နေရာရောက်လိုက် ငုံ့ကြည့်ပြီး လက်ညှိုးထိုးပြလိုက် လုပ်နေပါတယ်။ ကလေးကလေးကလည်း ဆရာမကြီး ပြတိုင်း ငုံ့ကြည့်ပါတယ်။ ဆရာမကြီးက အဲသည်လို ငုံ့ကြည့်ရာက ကိုယ်ကိုမတ်လိုက်ပြီးတဲ့နောက် ကလေးကို စကားတတွတ်တွတ်ပြောနေပြန်တာကို တွေ့ရပါတယ်။ ကျွန်မကလည်း ရေတွင်းကိုသွားတာဆိုတော့ ကျွန်မရောက်သွားတာနဲ့ ကလေးနဲ့ ဆရာမကြီးတို့ကို စိတ်ဝင်စားစွာ ကြည့်မိပါတယ်။

ကလေးကို ဆရာမကြီးပြတဲ့ အပင်ကလေးက ပန်းပွင့်ကလေးချည်းရှိတဲ့ အပင်တစ်ပင်ဖြစ်ပါတယ်။ မြေကြီးထဲက ပန်းပွင့်ကလေးထိုးထွက်လာတာပါ။ ကျွန်မတို့တွေ့ဖူးတဲ့ ပုတတ်စာပွင့်လိုပါပဲ။ ပုတတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စာပွင့်ကလေးများကလည်း မြေကြီးထဲကနေပြီး အပွင့်ကလေးတွေချည်း ထိုးထွက်လာတာပါ။ စကားစပ်မိလို့ပြောရရင် ထူးဆန်းတာက ပုတတ်စာပွင့်တွေ ပွင့်တတ်တဲ့မြေဟာ တော်တော်မာတဲ့မြေ ဖြစ်နေတာပါပဲ။ ပုတတ်စာပွင့်ကို တွေ့တာနဲ့ 'ဟာ အတော်ပဲ ဟင်းချက်စားရမယ်' လို့ တွေးတတ်တဲ့သူအဖို့ကတော့ နူးညံ့တဲ့အပွင့်ကလေးများဟာ ဟင်းချက်စရာမျှသာ ဖြစ်ပါမယ်။ နူးညံ့ခြင်းမှာ အင်အားရှိတာကို သတိထားမိမှ သိနိုင်မှာဖြစ်ပါတယ်။ ဆရာမကြီးဒေါ်ရှုသ (ကျွန်မတို့အခေါ် အန်တီရှုသ်) က ပန်းကလေးတွေရဲ့ နူးညံ့ပျော့ပျောင်းခြင်း၊ လှပခြင်းတို့နောက်မှာ ပိုပြီးလှပတဲ့ အရည်အချင်းရှိတယ်ဆိုတာ လက်တွေ့ပြသ ပြောဆိုနေတာပါပဲ။ အဲသည်လှပတဲ့အရည်အချင်းက နူးညံ့ခြင်းရဲ့ အင်အားဖြစ်ပါတယ်။

ကျွန်မနားထောင်ရင်း ကြည့်နေတာဆိုတော့ ဆရာမကြီး ပြသပုံပြောဆိုပုံကို မြင်နေကြားနေရပါတယ်။ ဆရာမကြီးက ကလေးကို ပြနေတာက အဲသည်လို မြေကြီးထဲက အခွံအကာမပါဘဲ နူးညံ့ပျော့ပျောင်းတဲ့ ပွင့်ဖတ်ကလေးများသာရှိတဲ့ ပန်းကလေးရဲ့ ဝါဝင်းတဲ့အလှမျှသာ မဟုတ်ပါဘူး။ ကြည့်စမ်း ကလေးရေ၊ ဟောသည်ပန်းကလေးဟာ အင်မတန်မှ နူးညံ့တယ်၊ လှလည်းလှပတယ်။ အဲသည်ပန်းကလေးဟာ မြေမာမာကနေပြီး ထိုးထွက်လာတာ။ လူမှာ အလှသာမက အင်အားပါရှိနေတာကို သိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ အဲသည်ပန်းကလေးထက် အဆများစွာသာတယ်။ သူ့မှာ စဉ်းစားတတ်တဲ့ဉာဏ်ရှိတယ်။ ကိုယ်လက်အင်္ဂါရှိတယ်။ ခံစားတတ်တဲ့ နှလုံးသားရှိတယ်။ ပန်းနုနုကလေးတောင်မှ သူ့ကိုဖိထားတဲ့ မြေလွှာကို ထိုးဖောက်ပြီး ထွက်လာနိုင်တယ်ဆိုရင် အဲသည်လို အဘက်ဘက်က ပြည့်စုံနေတဲ့ လူသားဟာ အခက်အခဲများကို တွန်းလှန်ပြီး ထွက်လာနိုင်ရမယ်နော်။ မှတ်ထားလို့ ပြောပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ကျွန်မက ဆရာမကြီးဒေါ်ရှသရဲ့ ဆရာအလုကိုမြင်ပြီး ကြည်ညို လွန်းလို့ သူမသိအောင် လက်အုပ်ချီမိပါတယ်။ ဆရာဆိုတာ အဲသည်လို လောကရဲ့ အလှအပကိုလည်း ကလေးများမြင်တတ်စေ၊ တွေးတော ခံစားသင့်တဲ့ အရာများကိုလည်း တွေးတောခံစားတတ်စေဆိုတဲ့ စေတနာ လည်း ရှိရပါမယ်၊ သူကိုယ်တိုင်ကလည်း မြင်တတ် သိတတ် ခံစား တတ်သူ ဖြစ်ရပါမယ်။ မြင်သမျှကို သင်ကြားမှုအထောက်အကူအဖြစ် သုံးတတ်ရပါမယ်။

ကျွန်မက ပညာရေးနဲ့ပတ်သက်တဲ့ သင်တန်းတစ်ခုမှာ ကျောင်း သားများရဲ့ တွေးတောနိုင်စွမ်း၊ ခံစားနိုင်စွမ်းကို ဖွံ့ဖြိုးအောင် ဆရာက သင်ကြားနိုင်ရမယ်လို့ ပြောတော့ သင်တန်းသားတစ်ယောက်က ထပြီး မေးပါတယ်။ အဲသည်ကိစ္စ ဖြစ်နိုင်ပါ့မလားတဲ့။ သူတောင်မှ မဟာဝိဇ္ဇာ ဘွဲ့ယူစာတမ်း တင်တော့မယ်ဆိုခါမှ ကြီးကြပ်သူဆရာကြောင့် တွေး တတ်လာတာပါတဲ့။ အဲသည်လို ပြောပါတယ်။ ကျွန်မက ကလေးများကို လည်း သူ့အလျောက် သူ့အလျောက် သင်လို့ရပါတယ်။ သင်မကြည့် ဘဲနဲ့ ငယ်သေးတယ်၊ သင်လို့ရမှာမဟုတ်ဘူးလို့ ဆုံးဖြတ်လို့မရပါဘူး။ သင်လို့ရတယ်ဆိုတာကတော့ ကျွန်မတို့ငယ်ငယ်ကတည်းက သင်လိုက် တဲ့ ဆရာ ဆရာမများက တွေးစမ်း တွေးစမ်းလို့ မပြောဘဲ တွေးတော တတ်လာအောင် သင်ထောက်ကူကလေးများကို ပြပြီး နားလည်နိုင်တဲ့ စာသားနဲ့ သင်ကြားသွားခဲ့တာများ ရှိနေတာပဲလို့ ဖြေလိုက်ပါတယ်။

အဲသည်မေးခွန်းမေးသူက စာမေးပွဲဖြေတဲ့အခါမှာ အဲသည် အတွေးတွေ ခံစားချက်တွေကို အမှတ်ပေးသလားလို့ မေးပါသေးတယ်။ အင်း၊ စာမေးပွဲဆိုတာကတော့ ကမ္ဘာကြီးတစ်ခုလုံးမှာ အငြင်းပွားစရာ ကိစ္စအဖြစ် သတ်မှတ်ခြင်းခံနေရတဲ့ ကိစ္စဖြစ်ပါတယ်။ စာမေးပွဲအမှတ် ဆိုတာကလည်း အတန်းတက်ဖို့ အဆင့်မြင့်ဖို့ သတ်မှတ်ချက်တစ်ခုပါ ပဲ။ အမှတ်များပြီး တကယ်မတော်တဲ့သူတွေလည်း များပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ပွဲတိုးတွေပေါ့။ အမှတ်များသလောက် ဘက်စုံတော်တဲ့သူတွေလည်း များတာပါပဲ။

သို့ပေမယ့် တကယ်မတွေးတတ်၊ တကယ်မခံစားတတ်ရင်တော့ ထူးချွန်ထက်မြက်လာဖို့ ခက်ခဲပါတယ်။ အဲဒါကြောင့် ဆရာတွေ ဆရာမတွေဟာ အလှအပကလေးများနဲ့ ပတ်သက်ပြီး မြင်တတ် တွေး တတ်အောင် သင်ရမှာပါပဲ။ လူဖြစ်ပြီး တွေးတောခံစားတတ်မှု မဖွံ့ဖြိုး ရင် ပြည့်ဝတဲ့လူသား ဘယ်လိုဖြစ်လာပါ့မလဲ။

ကျွန်မကတော့ ကံကောင်းသူဖြစ်တဲ့အတွက် အလွန်နေပူပြီး ဖုန်ထူတဲ့ လေကလည်း အလွန်ခြောက်သွေ့တဲ့ ရေနံချောင်းမြို့ ရွာသစ်ရပ် မူလတန်းကျောင်းမှာနေကတည်းက အလှအပကို ပြတတ်တဲ့ ဆရာများ နဲ့ တွေ့ခဲ့ပါတယ်။ ဆရာမကြီး ဒေါ်မြရင်က ကျောင်းပိတ်ရက်မှာ ပြင်ဦးလွင်မြို့ကို သွားလည်ရင်း ရွှေတူဆိုတဲ့ သစ်ခွပန်းပင်ကလေးကို ယူခဲ့ပြီး ခက်ခက်ခဲခဲ ပြုစုယုယထားခဲ့ပါတယ်။ ပန်းလည်းပွင့်ရော တစ်ကျောင်းလုံးမှာရှိတဲ့ အတန်းတိုင်းက ကလေးများကို လိုက်ပြပါ တယ်။ ရှင်းလည်းပြပါတယ်။ ဘာဖြစ်လို့ သစ်ခွခေါ်သလဲ။ သစ်ပင်က ဘယ်လိုအစားစားသလဲဆိုတာကို ဆရာမကြီးက ရှင်းပါတယ်။ ကျွန်မ တို့အညာမှာ သစ်ခွဆိုတာ အဲသည်ခေတ်တုန်းက မြင်ခဲရဘိခြင်းဆိုတော့ ကျွန်မစိတ်ထဲ နှလုံးထဲအထိ အဲသည်ဝါဖျော့ဖျော့ပန်းကလေးကို စွဲသွား ပါတယ်။

အဲသည်စွဲလမ်းမှုဟာ တစ်သက်တာအထိ ဖူလုံပါတယ်။ ကျွန်မ ဟာ ပန်းပင်သစ်ပင်များကို ချစ်တတ်လာပါတယ်။ သူများအတွက် ဘာမှလည်း မဆန်းပါကလားဆိုတဲ့ အပင်ကလေးတွေမှာရှိတဲ့ အလှအပ ကလေးတွေကို ကျွန်မမြင်နိုင်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ရဲ့ဆရာ ဆရာမများက လောကမှာရှိတဲ့ အလှအပများကို မြင်အောင် ပြတတ်လို့ပဲ ဖြစ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တချို့သောသူများဟာ မိသားစုထဲမှာလည်း သင်ကြားပြသခြင်း မရှိ၊ ကျောင်းမှာလည်း စာကလွဲလို့ ဘာကိုမှသင်ယူခဲ့ရခြင်းမရှိတဲ့အတွက် မျက်စိပါပါလျက် မမြင်တတ်တော့ပါဘူး။ သင်ထားတာလောက်က လွဲလို့ ဘာကိုမှ စိတ်မဝင်စားတတ်တော့ပါဘူး။ အဲသည်တော့ လူဖြစ်ပါလျက် ခြောက်သွေ့စွာ နေသွားရတော့တာပါပဲ။ တွေးတောစဉ်းစားတော့ လည်း ပြည့်စုံခြင်း မရှိတော့ပါဘူး။

ကျွန်မကတော့ **ဆရာဆရာမများကို ကိုယ်တိုင်လည်း သဘာဝ တရားများကို မြင်အောင်ကြည့်တတ်စေချင်ပါတယ်။** ပြီးတော့ ကလေး များကို ဘက်စုံမြင်တတ် ကြားတတ် ခံစားတတ်တဲ့ သူကလေးတွေ ဖြစ်အောင် သင်ကြားပေးဖို့ ကြိုးစားကြစေလိုပါတယ်လို့ ပြောချင်ပါ တယ်။ ဆရာ ဆရာမများဟာ ဘက်စုံလေ့လာထားတဲ့သူဆိုရင် သူပေးတဲ့ ဥပမာ ဥပမေယျတွေက စုံလင်နေတတ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

## စာသင်ရင်း ပညာဆိုတဲ့ အနှစ်သာရကို ဖော်ထုတ်ပြသတတ်မှ ဆရာပီသတယ်

ကျွန်မငယ်ငယ်တုန်းက ဘာသာပြန်ဝတ္ထုတိုတစ်ပုဒ် ဖတ်ဖူးပါတယ်။ သင်္ချာပညာမှာ လွန်စွာမှထူးချွန်ပြောင်မြောက်တဲ့ ဆရာတစ်ယောက် အကြောင်းကို ရေးထားတာဖြစ်ပါတယ်။ အိန္ဒိယဝတ္ထု ဖြစ်ပါတယ်။ ဝတ္ထုထဲက ဆရာက စားစား သွားသွား နေနေ သင်္ချာထဲမှာပဲ မွေ့လျော် ကိန်းအောင်းတဲ့ စိတ်ထားရှိပါတယ်။ တစ်နေ့တော့ သူနဲ့သူ့ဇနီးတို့ လမ်းထွက်လျှောက်ကြရင်း သူက သူ့ဇနီးကို မေးပါတယ်တဲ့။ တကယ် လို့ ငါ အနုတ်လက္ခဏာ သင်္ချာ ညီမျှခြင်းဆိုရင် ဘာရမလဲလို့ မေးတာ ဖြစ်ပါတယ်။ (ငါ–သင်္ချာ=။)

ဇနီးဖြစ်သူကလည်း ဖြောင့်မတ်စွာပဲ ဖြေလိုက်ပါတယ်။ ရှင့် ဆီက သင်္ချာကို နုတ်လိုက်ရင် သုညပဲ ဖြစ်မှာပေါ့ဆိုတော့ ဆရာက သိပ်စိတ်ဆိုးသွားပြီး နောက်တော့ ရူးသွားတယ်လို့ ကျွန်မမှတ်မိပါ တယ်။ သူကတော့ တစ်ဖက်စောင်းနင်း ဖြစ်လောက်အောင် သင်္ချာ တော်တာကိုး။

ကျွန်မတို့ဆီမှာတော့ အဲသည်လိုမဟုတ်တောင်မှ ငါတတ်တဲ့ ပညာမှ တကယ့်ပညာ၊ အခြားသူတွေက ဘာတတ်တာလိုက်လို့ လို့ ထင်တဲ့သူတွေလည်း ရှိတတ်ပါတယ်။ တကယ်တော့ လူ့လောကကြီး က ကျယ်ဝန်းလို့ ဘာသာရပ်တစ်ခု ပညာရပ်တစ်ခုသိရုံနဲ့လည်း မလုံ လောက်ပါဘူး။ ပညာရပ်ချင်းလည်း ကွဲပြားတယ်ဆိုပေမယ့် တကယ် တမ်း လေ့လာတော့ ဆက်စပ်မှုတွေ အများကြီးရှိနေတတ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြီးတော့ ဘာသာရပ်ချင်း အတူတူမှာ ကိုယ်ကအများကြီး ပိုတတ်ကောင်း တတ်ပါလိမ့်မယ်။ သို့ပေမယ့် ကျန်တဲ့သူတွေဟာ ဘာမှမတတ်ဘူး၊ အလကားပဲလို့ မပြောသင့်ပါဘူး။ အမြင်များလည်း ကွဲပြားခြားနားကောင်း ကွဲပြားခြားနားပါလိမ့်မယ်။ ကိုယ်နဲ့အယူအဆမတူတိုင်းလည်း သူကမှားတယ်လို့ တရားသေ မပြောထိုက်ပါဘူး။ အဲသည်လိုပြောတယ်ဆိုရင် တပည့်များကို သွန်သင်တဲ့နေရာမှာ ဖြောင့်မတ်တဲ့အမြင်ကို ရှင်သန်အောင် သင်ဖို့ ခက်သွားပါပြီ။

တကယ်ဆိုတော့ ကျောင်းတွေမှာ တက္ကသိုလ်တွေမှာ သင်တဲ့ပညာလို့ မှတ်ယူထားတာတွေဟာ တကယ်တော့ အကြမ်းထည်တွေဖြစ်တဲ့ စာတွေက များနေပါတယ်။ ဒါကတော့ ဘယ်နေရာမှာမဆို စာနဲ့ရေးသားထားတာတွေကို ပြန်လည်ပို့ချကြတာပဲကိုး။ ဆရာ တတ်မြောက်ခဲ့တာက သိပ်အဆင့်မြင့်နေလို့ တပည့်များနဲ့ ကွာဟနေတယ်ဆိုရင်တောင်မှ အဲသည်ကွာဟချက်ကို ကျဉ်းမြောင်းသွားအောင် တပည့်များကို ဘယ်လိုနည်းနဲ့ ဆွဲတင်ရမလဲ။ ကိုယ်ကျွမ်းကျင်တဲ့ ဘာသာရပ်ကို စိတ်ဝင်စားလာအောင် ချစ်လာအောင် ဘယ်လိုရှင်းလင်းရမလဲလို့ စဉ်းစားရမှာ ဖြစ်ပါတယ်။ တစ်ခုသတိထားရမှာက ကိုယ်တိုင်က အကြမ်းထည်ကိုသာ တတ်မြောက်ပြီး အနှစ်ကိုထုတ်မပြတတ်ရင်လည်း တပည့်များနဲ့ကွာဟတယ်လို့ ထင်စရာဖြစ်နေတတ်ပါတယ်။ တကယ်တော့ ဆရာကိုယ်တိုင်က ကိုယ်ပို့ချမယ့်စာကို ပြန်လည်လေ့လာရင်း တပည့်များကိုပါ လေ့လာရမှာဖြစ်ပါတယ်။ တပည့်ကို အထင်သေး၊ အခြေအနေကို အထင်သေးဖြစ်နေရင် ဆရာတစ်ယောက်အနေနဲ့ မအောင်မြင်နိုင်ပါဘူး။

ဆရာဖြစ်သူက မတတ်နိုင်ဘူး။ ငါတတ်တဲ့ပညာက သိပ်မြင့်တယ်၊ လိုက်မမီရင် မယူနဲ့လို့ ပြောလွှတ်တယ်ဆိုတဲ့ စကားကိုတောင်မှ ကျွန်မတို့ငယ်ငယ်က ကြားဖူးပါတယ်။ တကယ်တော့ အကြောင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြောင်းကြောင့် အခြေခံအားဖြင့် ကောင်းမွန်စွာသင်ကြားခွင့် မရခဲ့ပေမယ့် ဆရာဖြစ်သူ တတ်မြောက်တဲ့ဘာသာရပ်ကို စိတ်ဝင်စားနေတဲ့သူ တတ်မြောက်ချင်သူ တတ်မြောက်အောင် ဘယ်လောက်ပဲအားထုတ်ရသည်ဖြစ်စေ အားထုတ်မယ့်သူတွေ အများကြီးရှိပါတယ်။

တကယ်တော့ ကိုယ်သင်တဲ့ ဘာသာရပ် သို့မဟုတ် ပညာရပ်ဟာ တကယ့်ကို အဆင့်မြင့်တယ်ဆိုလေလေ လူအများတတ်မြောက်ဖို့ လိုလေလေပါပဲ။ လူအများ တတ်သိထားဖို့ လိုအပ်တယ်ဆိုရင် ဆရာဖြစ်တဲ့သူက တပည့်များ နားလည်လာအောင် ဘယ်လိုသင်မလဲဆိုတာကို စဉ်းစားထားရမယ် ဖြစ်ပါတယ်။ ပညာရှင်အချင်းချင်း ပြောတဲ့စကားမျိုးနဲ့ တပည့်များကိုပြောတဲ့အခါမှာ တပည့်များဟာ မလိုက်နိုင်လို့ အတန်းတွေ ပြောင်းပြေးတယ်ဆိုရင် ငါကွလို့ အောက်မေ့တဲ့ ဆရာများရှိနေရင်တော့ သူဟာ မှားယွင်းနေတဲ့ လူသားသာဖြစ်တယ်။ ဆရာမဖြစ်နိုင်ဘူးလို့ပဲ ပြောရမယ်ဖြစ်ပါတယ်။

ဆရာဆိုတာက ဘာသာရပ်ကို တပည့်ကြောက်အောင် သင်တဲ့သူ မဖြစ်သင့်ပါဘူး။ ဘာသာရပ်ကို တပည့်ချစ်အောင် သင်တဲ့သူ ဖြစ်သင့်ပါတယ်။ အဲသည်နေရာမှာ ဆရာဆိုတာလည်း ပုထုဇဉ်ဆိုတော့ မှားယွင်းတဲ့စိတ်ကူးစိတ်သန်းများ ရှိတတ်ပါတယ်။ သူသင်တဲ့ဘာသာရပ်ကို သူကိုယ်တိုင် သိပ်အထင်ကြီးတာလည်း ဖြစ်နိုင်ပါတယ်။ နောက်တပည့်များကလည်း သိပ်ခက်တယ် သိပ်မြင့်တယ်လို့ အထင်ကြီးစေချင်တာလည်း ဖြစ်နိုင်ပါတယ်။ ဘာသာရပ်ကို အထင်ကြီးရာက အဲသည်ဘာသာရပ် သင်တဲ့ဆရာကိုပါ အထင်ကြီးလာစေချင်တာလည်း ပါပါလိမ့်မယ်။ အဲသည်အမှားမျိုးကို မှားတတ်တဲ့ဆရာမျိုးဟာ တပည့်များကို တတ်အောင်သင်ရာမှာလည်း မအောင်မြင်၊ တပည့်များက သူ့ကို အထင်ကြီးလာအောင် ဆောင်ရွက်ရာမှာလည်း မဖြစ်မြောက်။ ဆရာကိုလည်း မချစ်၊ စာကိုလည်းမချစ် ဖြစ်သွားတတ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တကယ်တော့ ဘယ်ဘာသာရပ်မဆို တပည့်များက သင်ယူလိုချင်လာအောင် ဆရာက ရှင်းလင်းသင်ပြတတ်ရပါမယ်။ တပည့်များဘက်က သင်ယူချင်တဲ့စိတ်အားများ ထက်သန်လာတဲ့အခါမှာ ဆရာကသူလေ့လာတတ်မြောက်ထားတဲ့ ဘာသာရပ်ထဲက အနှစ်သာရဆိုတဲ့ပညာကို မှောက်လှန်ရှာဖွေပြီး ဖော်ထုတ်ပြသနိုင်ရမယ် ဖြစ်ပါတယ်။ တပည့်များဟာ ဆရာညွှန်ပြလိုက်တဲ့ ပညာဆိုတဲ့အနှစ်သာရကို မြင်တွေ့သွားပြီး နှစ်လိုအားရဖြစ်လာတယ်၊ တတ်မြောက်ချင်လာတယ်၊ လိုချင်လာတယ်ဆိုရင် ဘယ့်လောက်ပဲ အားအင်ထုတ်ပြီး လေ့လာရသည်ဖြစ်စေ လေ့လာကြတော့မှာ ဖြစ်ပါတယ်။ ပညာရပ်ရဲ့ဆွဲဆောင်မှုကို ဆရာရဲ့သွန်သင်မှု သင်ကြားမှုကြောင့် တပည့်များ လက်ခံရရှိလိုက်ပြီလို့ဆိုနိုင်ပါတယ်။

တကယ်တော့ စာဆိုတာ ဘာသာရပ်ဆိုတာ ကျောင်းသားများရဲ့ ဆင်ခြင်စဉ်းစားတတ်တဲ့အား၊ မိမိကိုယ်ကို ဆောက်တည်တတ်တဲ့အစွမ်းအစ၊ သူတစ်ပါးတို့ကို အညွန့်တလူလူထွက်လာစေချင်တဲ့ လူစွမ်းလူစ၊ တိုးပွားလာစေချင်တဲ့ ကောင်းမြတ်တဲ့ မနသိကာရ ရှိရပါမယ်။

စာသင်တာက လွယ်ပါတယ်။ တပည့်များကို စာထဲက အနှစ်ကိုထုတ်ယူတတ်တဲ့ ပညာရှင်များ၊ ပညာတတ်များအဆင့်ကို ရောက်လာအောင် သင်ဖို့ဆိုတာက တကယ်ခက်ပါတယ်။ အဲသည်လို ခက်တဲ့အလုပ်ကို မလုပ်နိုင်သေးဘဲနဲ့ ငါဆိုသည်ကားဆိုတဲ့စိတ်မျိုးကို ဘယ်လိုဆရာကမှ မွေးမြူထားခြင်း မရှိတတ်ပါဘူး။ ရင့်ကျက်လေလေ ကိုယ့်ကိုယ်ကို ဘာမှမဟုတ်သေးတာကို ကိုယ့်ဘာသာကိုယ် သိလေလေ ဖြစ်တတ်လို့ပါပဲ။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာများ မှားရင်သံသရာရှည်လိမ့်မယ်

ဆရာများ မှားလို့မဖြစ်ပါဘူး။ မှားတာနဲ့ ဆရာ့တပည့်တွေက ဆရာပြောရင် တရားသေလိုက်ပြီး ယုံတတ်တော့ အမှားတွေက ပျံ့နှံ့ပြီးသွားတတ်ပါတယ်။ ရယ်စရာကောင်းတဲ့အဖြစ်ကလေးတွေကို လူတိုင်းကြုံဖူးပါလိမ့်မယ်။ အဲသည်အဖြစ်ကလေးတွေက ဒီလိုပါ။ အိမ်မှာ အကြောင်းအရာ တစ်ခုခုကို ပြောကြဆိုကြတဲ့အခါ ကလေးမှတ်သားထားတဲ့ ဆရာဆရာမ စကားနဲ့မတူရင် ကလေးက အိမ်မှာပြောတဲ့ မိဘစကားကို လက်မခံပါဘူး။ ကျောင်းကဆရာက ဘယ်လိုပြောလိုက်တာ၊ ဆရာမက ဘယ်နည်းသင်လိုက်တာ။ ဆရာ ဆရာမများက မမှားနိုင်ဘူးလို့ ပြန်ငြင်းတတ်ကြတာကို ကြုံဖူးပါလိမ့်မယ်။ သင်ကိုယ်တိုင် အဲသည်လို အိမ်မှာခံပြီး ငြင်းတဲ့ကလေး ဖြစ်နေနိုင်တာပါပဲ။

တစ်ခါတလေ မိဘများမှာ သူတို့ပြောတာ မှန်နေပါလျက်နဲ့ သားသမီးက လက်မခံတာကို အောင့်သက်သက်နဲ့ ခံကြရပါတယ်။ တကယ်တော့ ဆရာ ဆရာမများက အမှားကိုသင်လိုက်တာ ဟုတ်ချင်မှ ဟုတ်မှာပါ။ တပည့်ဖြစ်သူက အမှတ်မှားတာ၊ အတွေးမှားတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီသာဓကကလေးကို ပြောပြရတာကတော့ ဆရာ့ဩဇာဟာ အင်မတန်မှ ကြီးမားတယ်ဆိုတာကို သက်သေထူချင်လို့ ဖြစ်ပါတယ်။

စာသင်ရင်းနဲ့ လောကအမြင်တွေ အတွေးအခေါ်တွေ ခံစားမှုတွေ မမှားအောင် မတိမ်းမစောင်းအောင် သင်ရတာဆိုတော့ ဆရာတွေ အနေနဲ့ ကိုယ်တိုင်က ဖြောင့်ဖြောင့်မှန်မှန် ပြောဆိုသင်ကြားတတ်ဖို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လည်း သိပ်အရေးကြီးပါတယ်။ တချို့ဆရာများဟာ ကိုယ်တိုင်အားနည်းချက်တွေ ရှိပါတယ်။ အားနာနာနဲ့ပြောရမယ်ဆိုရင်ဖြင့် မျက်နှာလိုက်တတ်တာ၊ လက်ဆောင်ပဏ္ဏာကို မက်မောတတ်တာစတဲ့ အားနည်းချက်ကလေးများလည်း ရှိပါတယ်။ အဲသည်အချက်ကတော့ တပည့်များဟာ ဆရာ့ကိုယ်ပွားကလေးများ ဖြစ်လာကြရင်ဖြင့် ဒုက္ခပါပဲ။

အဲသည်လို ကိုယ်ပွားကလေးများမဖြစ်ဘဲ ဆရာဆိုတာကွာ အပေးအယူလုပ်တတ်ရင် ဖြစ်တာပါပဲဆိုတဲ့ လေးစားမှုကင်းမဲ့တဲ့ အယူအဆမျိုးနဲ့ အနန္တောအနန္တဂိုဏ်းဝင်များကို ပြစ်မှားတဲ့စိတ် ဝင်သွားရင်လည်း မကောင်းပါဘူး။ တပည့်များဟာ ကြီးလာတဲ့အထိ အပြစ်သင့်သွားနိုင်ပါတယ်။ တပည့်တိုင်းကလည်း ပေးနိုင်တာမဟုတ်သလို၊ ပေးနိုင်တိုင်းလည်း မပေးတတ်ပါဘူး။ ကိုယ့်ဘက်ကသာ သိက္ခာလျော့ပါးသွားပြီး ရသင့်တဲ့လေးစားမှုကိုပါ ဆုံးရှုံးသွားတတ်ပါတယ်။

ကျောင်းဆရာဆိုတာ ဟိတ်ဟန်ထုတ်ရတဲ့ အလုပ်များကို မလုပ်သင့်တဲ့သူများ ဖြစ်ပါတယ်။ ဟိတ်ဟန်ထုတ်တယ်ဆိုတာက မရှိတာကို အရှိလုပ်ရတာ ဖြစ်ပါတယ်။ ဆရာကတော့ တည်ကြည်တယ်၊ မှန်ကန်တယ်၊ ပညာရည်ပြည့်ဝတယ်ဆိုတာကို အပြောမဟုတ် အလုပ်နဲ့ သက်သေပြရတာ ဖြစ်ပါတယ်။ ကျောင်းသားများဟာ ဆရာဆိုရင် ကြည်ညိုပြီးသားပါ။ မရှိရှိတာကို ကျွေးချင်ပေးချင် ကန်တော့ချင်ပါတယ်။ အခု ကျွန်မ စာရေးနေတဲ့ စားပွဲပေါ်မှာ သီးသီးပင်ရဲ့ပင်စည်က ခွာလာတဲ့အခေါက်ကလေးတစ်ခု တင်ထားပါတယ်။ လက်တစ်ဆစ်လောက် အခေါက်ကတော့ ထူထူကလေးဖြစ်ပါတယ်။ ကျွန်မ ပညာရေးတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်စဉ်က အဝေးသင် အနီးကပ်သင်တန်းများကို သင်ကြားပို့ချရပါတယ်။ စာမေးချင်ရင် လာနိုင်တယ်။ လက်ထဲမှာ ဘာမှမပါစေနဲ့ဆိုပြီး အားအင်ထုတ်ပြီး သင်ကြားပါတယ်။ ကျွန်မဘက်က သိပ်ပြီးအားထည့်ကာ သင်ကြားတာကတော့ သင်တန်းသားများ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စာမေးပွဲအောင်စေချင်တဲ့ စေတနာမျှသာမကပါဘူး၊ ရနိုင်သမျှသော အတွေးအခေါ်များ ဖွံ့ဖြိုးစေချင်လို့ ဖြစ်ပါတယ်။

အဲသည်သင်တန်းထဲက ဆရာတစ်ယောက်ဟာ နောက်တစ်နှစ်မှာ ဒုတိယနှစ်လာတက်တော့ ကျွန်မသင်တဲ့ ဘာသာရပ်ကို မယူရတော့ပါဘူး။ ကျွန်မဆီကိုတော့ လာပါတယ်။ ကျွန်မအလုပ်လုပ်နေတဲ့ စားပွဲပေါ်မှာ ပြောခဲ့တဲ့ သီးခေါက်ကလေး ငါးခုကိုတင်ပြီး ဆရာမလိမ်းဖို့ သီးခေါက်၊ နေပူခံတယ်လို့ပြောပြီး ထိုင်ကန်တော့ပါတယ်။ ကျွန်မဟာ ဆုပေးရင်းက နွမ်းပါးရှာတဲ့သင်တန်းသားဆရာဟာ သူ့ဆရာမအတွက် အရိုးခံစေတနာကို သီးခေါက်ကလေးများနဲ့ ပြသွားတာကို ကြည်နူးနေမိပါတယ်။ သီးခေါက်ကလေး လေးခုကတော့ မကျန်းမာရှာတဲ့ ကျွန်မမောင်လေးကို မြန်မာဆေးဆရာတစ်ယောက်က အလိမ်းခိုင်းလို့ ပေးလိုက်ပါတယ်။ တစ်ခုကိုတော့ ကျွန်မက သတိတရ စားပွဲပေါ်တင်ထားပါတယ်။ သီးခေါက်လက်တစ်ဆစ်ပေမယ့် ရိုးသားတဲ့စေတနာကို ကိုယ်စားပြုတော့ တန်ဖိုးဖြတ်လို့ မရစကောင်းပါဘူး။

တချို့ဆရာများကတော့ ကိုယ်ခံအားနည်းတတ်ပါတယ်။ ဆရာ့ကိုယ်ခံအားဆိုတာ တခြားမဟုတ်ပါဘူး။ စာပေပညာနဲ့ ပတ်သက်လို့ စည်းကမ်းစနစ်နဲ့ပတ်သက်လို့ တင်းတင်းရင်းရင်း မရှိတာပါပဲ။ ကျွန်မကတော့ ကျွန်မတပည့် ဆရာလောင်းများကို မကြာခဏသတိပေးရင်း သွန်သင်တဲ့အချက်တစ်ချက် ရှိပါတယ်။ အဲသည်အချက်ကတော့ တပည့်က စာမေးလိုက်တဲ့အခါ ကိုယ့်စိတ်ထဲက ထောင်းခနဲဖြစ်သွားရင်၊ ငါ့ကိုပညာစမ်းတာလားလို့ ထင်သွားရင် ကိုယ့်ကိုယ်ကို ပြောလိုက်ပါ။ ငါစာမတတ်သေးဘူးလို့ဆိုပြီး သင်ပါတယ်။ စာတတ်တဲ့ဆရာများကတော့ ကျောင်းသားတွေ တွေးတောဆင်ခြင်လို့ပဲဖြစ်ဖြစ် ဉာဏ်မမီလို့ပဲဖြစ်ဖြစ် မေးမြန်းလိုက်ရင် သင်ကြားထားတဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ ယုံမှားသံသယများ ကင်းစင်သွားအောင် ရှင်းလင်းပြောပြဖို့ အဆင်သင့်ဖြစ်နေပါလိမ့်မယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ခါတစ်ရံ သိတော့သိပါရဲ့၊ ပိုပြီးသေချာသွားအောင် အကိုး အကား လိုတယ်ဆိုရင် ကျောင်းသားကို အမှန်အတိုင်း ပြောပြလိုက်ပါ။ ဘယ်နေ့ဘယ်ရက်မှာ တိတိကျကျဖြေမယ်ဆိုတဲ့ အကြောင်းကိုလည်း ရက်ချိန်းပေးလိုက်ပါ။ သို့ပေမယ့် အဲသည်လိုအဖြစ်မျိုးဟာ တစ်ခါတစ်ရံ ပဲ ကောင်းတယ်။ ဆရာဆိုတာ ကိုယ်သင်ကြားနေတဲ့အကြောင်းနဲ့ ပတ်သက်လို့သာမက သိသင့်တဲ့အကြောင်းအချက်များ ဗဟုသုတများကို မှတ်သားလေ့လာထားပြီးသား ဖြစ်ရပါတယ်။ ဆရာဖြစ်တဲ့သူဟာ စကား ကို တိတိကျကျ မှန်မှန်ကန်ကန် ပြောဖို့လိုအပ်ပါတယ်။ မသိတာကို သိလေဟန် ဖြီးလုံးများဝေဝေဆာဆာနဲ့ မပြောပါလေနဲ့။ ကလေးများဟာ ကြီးလာတဲ့အထိ ကိုယ့်ထက်ပိုပြီး ပညာအရည်အချင်း ပြည့်ဝသွားတဲ့ အထိ ကိုယ့်ကိုဆက်လက်လေးစားသွားစေရပါမယ်။ မှန်ကန်ဖြောင့်မတ် တဲ့ဆရာ။ တစ်နည်းဆိုရင် မှန်ကန်ဖြောင့်မတ်ခြင်းဆိုတဲ့ တန်ဖိုးမဖြတ် နိုင်တဲ့ အရည်အချင်းကို တိုးတက်ဖွံ့ဖြိုးအောင် သင်ပေးလိုက်တဲ့ဆရာ ဆိုတဲ့အမြင်ကို ဆက်လက်မြင်သွားစေနိုင်မှသာ အဲသည်လို လေးစားခြင်း ကို ရနိုင်ပါတယ်။

အရေးကြီးတာကတော့ အနန္တော အနန္တငါးပါးဂိုဏ်းဝင် ဆရာ ဖြစ်သူများက တပည့်များကို အပါယ်ကျအောင် ဆွဲဆောင်တဲ့အလုပ် မလုပ်မိဖို့ လိုပါတယ်။ အရှင်ဒေဝဒတ်က အလိုကြီးပြီး ဘာမှနားမလည် ရှာတဲ့ အဇာတသတ်မင်းသားကို သူရထားတဲ့ လောကီစျာန်တန်ခိုးတွေနဲ့ ဆွဲဆောင်သိမ်းသွင်းပြီး တပည့်မွေးတဲ့အကြောင်းကိုတော့ မြန်မာနိုင်ငံမှာ မကြားဖူးတဲ့သူ နည်းပါလိမ့်မယ်။ အဲသည်အဇာတသတ်ကလည်း လောကီစျာန်ကြောင့် ရုပ်ပြောင်းရုပ်လွှဲတွေ ဖန်ဆင်းပြနိုင်တဲ့ အရှင် ဒေဝဒတ်ကို အထင်ကြီးသွားလို့ ဆရာတင်လိုက်ပါတယ်။ တစ်နေ့ကို ဘုရင်မင်းမြတ်များမှ စားနိုင်တဲ့ သလေးဆန်နဲ့ ဆီဦးထောပတ်နဲ့ချက်တဲ့ သားပွဲမ်းထမင်းအိုး ငါးရာလှူပါသတဲ့။ အဲသည်တော့ အရှင်ဒေဝဒတ်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြတ်စွာဘုရားကို လုပ်ကြံပြီး ဘုရားလုပ်မယ်။ အဇာတသတ်က ခမည်းတော်ကို လုပ်ကြံပြီး ဘုရင်လုပ်ပေတော့လို့ အပါယ်ငရဲကို တန်းတန်းမတ်မတ် ကျမယ့်နည်းလမ်းကို ပေးလိုက်ပါတယ်။

အရှင်ဒေဝဒတ်က မြတ်စွာဘုရားကြွတော်မူလာတဲ့ လမ်းအပေါ်ဘက်က တောင်ထိပ်ကနေပြီး ကျောက်တုံးကိုလှိမ့်ချပြီး မြတ်စွာဘုရားကို လုပ်ကြံဖို့ ကြိုးစားပါတယ်။ မြတ်စွာဘုရားတို့အသက်ဆိုတာ ဘယ်သူမှ လုပ်ကြံလို့ မရပါဘူး။ အရှင်ဒေဝဒတ်မှာသာ လောကီစျာန်ပျောက်ကွယ်သွားခဲ့ပါတယ်။ နောက်တော့ အဇာတသတ်ဟာ မင်းဖြစ်ပေမယ့် ခမည်းတော်ကိုသတ်မိလို့ စိတ်စက်မချမ်းမသာဘဲ မအိပ်နိုင်တဲ့ရောဂါကို ခံစားနေရပါတယ်။ မြတ်စွာဘုရားရဲ့ သာဝကဖြစ်သူ ဆရာဇီဝကကို မြတ်စွာဘုရားထံ လိုက်ပို့ခိုင်းတဲ့အခါ အင်မတန်မှ ဉာဏ်ကောင်းတဲ့သူ အတွေးနက်နဲတဲ့သူပီပီ အဇာတသတ်မင်းက လျှောက်ထားမေးမြန်းတာကတော့ ရဟန်းပြုခြင်းရဲ့ အကျိုးကျေးဇူး ဖြစ်ပါတယ်။ တကယ်တော့ တရားအဆုံးမှာ သောတာပန်တည်လောက်နိုင်ပါလျက် အဖသတ် ကံကြီးထိုက်တဲ့အတွက် သရဏဂုံသုံးပါးပဲ တည်ပါတယ်။

အရှင်ဒေဝဒတ်လိုဆရာကြောင့် အဇာတသတ်မင်းသားပါ ဆရာတပည့်နှစ်ယောက် ယခုအချိန်အထိ ငရဲမှာခံစားနေရပါတယ်။ အဲသည်လို သာဓကကို တင်ပြပြီး လောကငရဲမှာလည်း တပည့်များကို မခံစားရပါစေနဲ့။ ငရဲကြီးရှစ်ထပ်ကိုလည်း မကျပါစေနဲ့။ မှားယွင်းတဲ့ သင်ပြမှုကြောင့် ဝဋ်ဒုက္ခဆင်းရဲများနဲ့ သံသရာမရှည်ပါစေနဲ့လို့ စေတနာစိတ်ကောင်းနဲ့ ဆရာများကို သတိပေးလိုက်ချင်ပါတယ်။ အသင်အပြမှားရင် တပည့်သာ ငရဲကျမှာမဟုတ်ပါဘူး။ ဆရာပါ အမှုတွဲအနေနဲ့ ပါသွားမှာဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ဆရာ့တန်ဖိုး

ကျွန်မက တရားနာတာကို ဝါသနာပါပါတယ်။ တရားနာလိုက်ရင် စိတ်အေးချမ်းသွားတတ်ပါတယ်။ တရားထဲမှာ စိတ်ဝင်စားသွားတဲ့အခါ ရလာတဲ့ အသိပညာ အလိမ္မာတွေက မနည်းပါဘူး။ အဲသည်လို တရား နာတဲ့အခါမှာ အတွဲလိုက်နာမှဖြစ်မယ့် အခွေများကိုတော့ သတ်သတ် မှတ်မှတ် အတွဲလိုက် အချိန်ပေးပြီး နာရပါတယ်။ ဥပမာ မဂ်သုတ်တော် အားလုံး အခွေကိုးဆယ်၊ ပရာဘဝသုတ် တစ်ဆယ့်နှစ်ခွေ စသည်ဖြင့် နာရတဲ့အခွေများလည်း ရှိပါတယ်။

သို့ပေမယ့် အကြောင်းအားလျော်စွာ တစ်ပုဒ်ချင်းဟောတဲ့ တရား များကျတော့ ကြုံတဲ့အခွေကို ကောက်ပြီးနာပါတယ်။ ဘယ်အခွေပဲ နာနာ စိတ်အေးချမ်းသာရှိတာပါပဲ။ အခုတလော အထပ်ထပ်နာဖြစ်တဲ့ တရားခွေကတော့ တိပိဋကဓရ ယောဆရာတော်ဘုရားကြီးရဲ့ **'ဘဝ တန်ဖိုး လူ့တန်ခိုးတရားတော်'** ဖြစ်ပါတယ်။ အဲသည်တရားတော်ကို ကျွန်မနာဖူးတာ ကြာပါပြီ။ အဲသည်တရားခွေရယ်လို့ သတိထားပြီး ယူလိုက်တာမဟုတ်ဘဲ ယူပြီးနာတော့လည်း အထပ်ထပ်နာဖြစ်ပါတယ်။ အဲသည်လို တရားနာရင်းနာရင်းနဲ့ သြော် အခုရေးနေတဲ့ ဆရာများ အကြောင်းနဲ့ ပတ်သက်နေတာပါကလားဆိုပြီး ပိုမိုသတိထားပြီး နာရ ပါတယ်။ ပြီးတော့ တရားမနာဖြစ်တဲ့သူများကို ဝေမျှချင်တဲ့စေတနာနဲ့ ပြန်ပြီးရေးသား တင်ပြလိုက်ရပါတယ်။

ယောဆရာတော်ကြီးက ဘဝနတ်ကျောင်း ရွှေ့ပြောင်းစံလွန် တော်မူပြီးတဲ့ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အနှစ် ၁၀၀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြည့်ပူဇော်ပွဲမှာ ဟောတော်မူတာ ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးဟာ စာသင် စာချတဲ့အလုပ်ကို အင်မတန်မှ ကြိုးစားလုပ်ဆောင်တော်မူတဲ့အကြောင်းကို ဟောတော်မူရင်းက ဆရာများမှာ ပြည့်စုံရမယ့် အရည်အချင်းကို တရားနာပရိသတ်များ လိုက်ပြီးဆိုဖို့ ချပေးတော်မူခဲ့ပါတယ်။

အဲသည်အချက်များကတော့

၁။ စာပေကျမ်းဂန် လမ်းအမှန် ဧကန်ကျွမ်းကျင်ရ။

၂။ သင်ပြလိုငြား ထူးခြားလှစွာ ဝါသနာ စိတ်ပါဝင်စားမှု။

၃။ အကျိုးလိုကာ စေတနာ မေတ္တာအားကြီးရ။

၄။ ကိုယ်ကျိုးစွန့်ခွာ သည်းခံကာ နစ်နာခံတတ်မှု။ စာချဆရာ ရတနာ ကောင်းစွာဖြစ်လာရ။

ဆိုတဲ့အချက်များ ဖြစ်ပါတယ်။

တချို့သောသူများကတော့ သာသနာရေးနဲ့ဆိုင်တဲ့ စာများကို ပို့ချတော်မူတဲ့ စာချဆရာတော်များနဲ့သာ သက်ဆိုင်တယ်လို့ ထင်ကောင်းထင်ပါလိမ့်မယ်။ ကျွန်မကတော့ သာသနာရေးလို အမြင့်စား စာများကို ပို့ချနေတဲ့ပုဂ္ဂိုလ်များမှာ ပြည့်စုံရမယ့် အရည်အချင်းဟာ ကျောင်းသားလူငယ်ကလေးများကို လိမ္မာအောင် ဆုံးမရတဲ့ ဆရာများအတွက်လည်း အင်မတန်မှပြည့်စုံသင့်တဲ့ အရည်အချင်းများဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

လိမ္မာတယ်ဆိုတာ တတ်ကျွမ်းတာကိုလည်း ရည်ညွှန်းပါတယ်။ အတတ်ပညာများလည်း တတ်ကျွမ်းလာအောင် ယဉ်ကျေးသိမ်မွေ့လာအောင် အမှားနဲ့အမှန် ခွဲခြားတတ်လာအောင် အမှားကိုရှောင်ရဲတဲ့သတ္တိ အမှန်ကိုလုပ်ရဲတဲ့ အစွမ်းအစများ ထက်မြက်လာအောင် သင်ပြတဲ့နေရာမှာ ဆရာကိုယ်တိုင်လည်း သင်ပြတဲ့ အတတ်ပညာ အရည်အချင်း အစွမ်းတို့နဲ့ ပြည့်စုံတဲ့သူဖြစ်ဖို့ လိုအပ်ပါတယ်။

ဆရာတော်ကြီးရဲ့တရားထဲက **'စာပေကျမ်းဂန်လမ်းအမှန် ဧကန်**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**ကျွမ်းကျင်ရ**'လို့ ပါသလို လောကီပညာများကို သင်ကြားပို့ချတဲ့ ဆရာကလည်း ကိုယ်ပို့ချမယ့် ဘာသာရပ်များနဲ့ပတ်သက်လို့ ယောင်ဝါးဝါး မဖြစ်ရအောင် တိတိကျကျ မှန်မှန်ကန်ကန် တတ်မြောက်နေအောင် အစဉ်သဖြင့် လေ့လာနေရပါမယ်။ သင်ရိုးမာတိကာ သင်ရိုးညွှန်းတမ်း ကျောင်းသုံးစာအုပ် စသည်တို့ကို အတန်းထဲဝင်ပြီး စာမသင်ခင်ကတည်းက သေသေချာချာ လေ့လာထားရပါမယ်။

ဆရာတိုင်း သတိထားရမှာကလည်း ကိုယ်သင်တဲ့ဘာသာရပ်က ထီးထီးကြီးနေတာ မဟုတ်ပါဘူး။ လူ့ဘဝနဲ့ဆက်စပ်နေတော့ ပြောင်းလဲတိုးတက်နေတဲ့ ပတ်ဝန်းကျင်အကြောင်းရော အခြားကျောင်းသင်ဘာသာရပ်များ အကြောင်းကိုရော အဆက်အစပ်မိမိ သိအောင် ကြိုးစားထားရပါမယ်။ ကျွန်မတို့ ကျွန်တော်တို့က ဘွဲ့ရတွေပဲ၊ ဘာဖြစ်လို့ သိအောင် ကြိုးစားရမှာလဲ၊ စာကလေးသင်တာ အဲသည်လောက်လုပ်နေရရင် သေရောပေါ့လို့ ပြောချင်တဲ့သူများ ရှိနိုင်ပါတယ်။ ကျွန်မလုပ်ငန်းခွင်မှာ ရှိတုန်းက ညီမတွေကို စာဖတ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဆူဆူပူပူကလေး တိုက်တွန်းခဲ့တာ ဖြစ်ပါတယ်။ ညီမတစ်ယောက်က ပွင့်လင်းစွာနဲ့ ပြန်ပြောတာက သူတို့က မဟာတန်းအောင်ပြီးသားပဲ။ စာတွေကို ထပ်ဖတ်နေရဦးမှာလားလို့ ပြောပြီး စိတ်တွေဆိုးနေမိတယ်တဲ့။ နောက်တော့လည်း လူကြီးပြောစကားကို မလွန်ချင်လို့ စာကြည့်တိုက် သွားပြီး စာတွေဖတ်လိုက်တာ မမရယ် စာတွေပိုတတ်လာပါတယ်တဲ့။ အဲသည်တော့ စာသင်လို့ ပိုကောင်းလာပါတယ်တဲ့။ သူက ပွင့်ပွင့်လင်းလင်း ပြောတာကို ကျေးဇူးလည်းတင်မိပါတယ်။ ဆက်ပြီးလည်း ပြောမိပါတယ်။ ဆရာ့ဆရာကြီးများလည်း စာတွေကိုဖတ်နေတာပါပဲ။ ဖတ်ရင်း အရသာတွေ့သွားတဲ့အခါမှာ မဖတ်နဲ့လို့တောင် ပြောလို့မရနိုင်ပါဘူးလို့ ပြောမိပါတယ်။

နောက်တစ်ချက်က **'သင်ပြလိုငြားထူးခြားလှစွာ ဝါသနာ စိတ်ပါ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**ဝင်စားမှု'** ဆိုတာကလည်း လူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ စားဝတ်နေရေးအတွက်သာ လုပ်နေရတာ။ ဝါသနာကမပါဘူးဆိုရင် ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ရမှာက ငါဟာ ဘာကိုမှ စွဲစွဲမြဲမြဲမလုပ်ချင်တဲ့ စိတ်လေလွင့် ပေါ့တန်သူလား။ တခြားအလုပ်တစ်ခုကို ဝါသနာပိုပါသလားလို့ တွေးလိုက်ပါ။ လုပ်လို့သာလုပ်နေတာ ဘာကိုမှ သိပ်စိတ်မဝင်စားဘူးလို့ဆိုရင်တော့ လူဖြစ်ဖြစ် ရဟန်းဖြစ်ဖြစ် မသင့်တော်ပါဘူး။ ကိုယ်လုပ်နေတဲ့အလုပ်ထဲမှာ စိတ်နှစ်ကြည့်လိုက်ပါ။ သိပ်စိတ်မဝင်စားဘူးဆိုတဲ့ အလုပ်ကို သေချာလေ့လာလေ စိတ်ပါဝင်စားလေ ပိုပြီးပျော်ရွှင်လေ ဖြစ်လာပါလိမ့်မယ်။

တတိယအချက်ကတော့ **'အကျိုးလိုကာ စေတနာ မေတ္တာအားကြီးရ'** ပါတဲ့။ ကျောင်းမှာစာသင်တာက တကယ်တော့ စာကိုသင်တာမဟုတ်ဘူး။ လူကိုသင်တာဆိုတဲ့ စကားကိုလည်း ပြောခဲ့ဖူးပါပြီ။ မိမိသင်နေတဲ့တပည့်များ တတ်မြောက်ပါစေ၊ ကျွမ်းကျင်ပါစေ၊ သူတို့တက်နိုင်တဲ့ အဆင့်အမြင့်ဆုံးအထိ တက်သွားအောင် ဉာဏ်ရည်တွေမြင့်ပြီး တင့်တယ်သည်ထက် တင့်တယ်ပါစေလို့ စေတနာက တပည့်ဆိုတဲ့ လူသားကလေးတွေအပေါ်မှာ သက်ရောက်သွားရင် စာသင်နေရတာ ခြောက်ကပ်ကပ်ကြီး မဖြစ်တော့ပါဘူး။ မေတ္တာဆိုတာကလည်း မြန်မာလိုဆိုရင် သူတစ်ပါးကောင်းစေလိုတဲ့ စိတ်ဖြစ်ပါတယ်။

စာသင်တဲ့နေရာမှာ ငါ့ထက်သာပါစေဆိုတဲ့ စေတနာက ဦးစီးနေရင် ကိုယ့်အလုပ်မှာ ကိုယ်မပေါ့တန်တော့ဘူးပေါ့။ ကိုယ့်အလုပ်ထဲမှာကိုယ့်စိတ်ကိုနှစ်ထားပြီး ကိုယ်သင်ရမယ့်စာများထဲမှာ ထုံနေအောင် အထပ်ထပ်လေ့လာနေမယ်ဆိုရင် ကိုယ့်မှာလည်း စိတ်ကျေနပ်ခြင်းဆိုတဲ့ အကျိုးပြန်ရပါတယ်။ စိတ်ကျေနပ်ခြင်းမရှိဘဲ လူ့ဘဝမှာနေနေရတာ တန်ဖိုးမဲ့ပါတယ်။ ကိုယ်လုပ်နေတဲ့ အလုပ်ပေါ်မှာ ကိုယ်ကျေနပ်နေပါမှ လူဖြစ်ရတာ တန်ဖိုးရှိပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆရာတော်ကြီးက **'ကိုယ်ကျိုးစွန့်ခွာ သည်းခံကာ နစ်နာခံတတ်မှ'** ဆိုတဲ့အပိုဒ်နဲ့ပတ်သက်ပြီး သေသေချာချာ ရှင်းတော်မူပါတယ်။ တပည့်တွေဆိုတာက စရိုက်အမျိုးမျိုးနဲ့ ပတ်ဝန်းကျင်အမျိုးမျိုးက လာကြတဲ့သူများဖြစ်လို့ ဆရာ့ဘက်က အနစ်နာမခံဘဲ သည်းမခံဘဲနဲ့ ဘယ်လိုမှ စာသင်ကြားလို့ မအောင်မြင်ပါဘူးတဲ့။ အဲသည်အကြောင်းကို ဆရာတော်ကြီးကတော့ စာသင်တိုက်က ရဟန်းတော်များနဲ့ ပတ်သက်ပြီး ဟောတော်မူတာ ဖြစ်ပါတယ်။

ကျွန်မတို့ လောကီနယ်ပယ်က ကျောင်းများမှာလည်း ကျောင်းအဆင့်အလိုက် နယ်အလိုက် စရိုက်အမျိုးမျိုးနဲ့ တပည့်တွေ လာတတ်ကြတာပေါ့။ တကယ်လို့ ဆရာ့ဘက်ကသာ စေတနာကင်းမဲ့ရင် မေတ္တာကင်းမဲ့ရင် ခန္တီဆိုတဲ့ သည်းခံစိတ်ကင်းမဲ့ရင် မပွင့်ခင် အရင်ညှိုးတယ်ဆိုတဲ့ ပန်းကလေးများနဲ့တူတဲ့ သူကလေးတွေ အများကြီးရှိပါတယ်။ ငွေကြေးဥစ္စာကို အလျှံပယ်ရသည့်တိုင်အောင် မပျော်ရွှင်နိုင်တဲ့ သူကလေးတွေ အများကြီးပါပဲ။ တချို့ကျတော့လည်း စရိုက်ကိုက ဆိုးတယ်လို့ ပြောရလောက်အောင် ဆိုးတဲ့ကလေးတွေလည်း ရှိတတ်ပါတယ်။

ဆရာတော်ကြီး ဟောတဲ့တရားထဲမှာ ပါတဲ့စကားတစ်ခွန်းက သိပ်တန်ဖိုးရှိပါတယ်။ **'အဆိုးဟာ အကောင်းရဲ့ ကုန်ကြမ်းဖြစ်တယ်'** တဲ့။ အဲသည်တော့ ကိုယ့်လက်ထဲရောက်လာတဲ့ ကလေးများဟာ ကုန်ကြမ်းကလေးတွေပဲ၊ အချောထည်ဖြစ်အောင် ငါကြိုးစားရမယ်လို့ စေတနာ မေတ္တာနဲ့ ဆက်ဆံရင် တပည့်များအတွက် စိတ်အေးချမ်းသာမှု ကို ပေးနိုင်တဲ့ ဆရာများ ဖြစ်လာမှာပါပဲ။

အရေးကြီးတာက စေတနာစိတ်ကောင်းဖြစ်ပါတယ်။ ကျောင်းသားများဟာ အရွယ်ငယ်သေးပေမဲ့ လူကလေးများဖြစ်လေတော့ နားမလည်ဘဲနဲ့ ခံစားတတ်တဲ့ သတ္တိထူးကလေးတွေ သူတို့မှာ ပါလာတတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပါတယ်။ ဆရာဖြစ်တဲ့သူက စိတ်ရင်းစေတနာကောင်းတယ်ဆိုရင် တင်းတင်းရင်းရင်း ကိုင်တွယ်သင်ကြားပေးတာတောင်မှ စိတ်မကျဉ်းကျပ်ဘဲ သြော် ဆရာက စေတနာနဲ့ပြောတာကိုး၊ ငါ့ကို စေတနာနဲ့ ဆုံးမတာကိုးလို့ သိနားလည်သွားမှာ ဖြစ်ပါတယ်။

သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခိုရတယ်ဆိုသလို ဆရာတစ်ယောက် ကောင်းရင် လူပေါင်းထောင်သောင်းများစွာ ကောင်းသွားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်သင်တဲ့တပည့်တွေမှာ ပတ်ဝန်းကျင်ရှိတယ်လေ။ လူတိုင်းကောင်းလာရင် ပတ်ဝန်းကျင်ကလူတွေပါ ကောင်းလာမှာ ဖြစ်လို့ပါပဲ။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာများ ညီညာဖို့က ပဓာနပါပဲ

ညီညာမှ ပြည်သာမယ်ဆိုတဲ့စကားကို လူအများ ကြားဖူးပါတယ်။ အဲသည်လို ပြည်သာမယ့် ညီညာတဲ့အင်အားကို မွေးဖွားပေးနိုင်တာက ဆရာများပဲ ဖြစ်ပါတယ်။ ညီညာခြင်း ညီညွတ်ခြင်းကို မြတ်စွာဘုရားလည်း များစွာအလေးထားတော်မူပါတယ်။ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို တပြေးညီလက်ခံကျင့်သုံးရခြင်းဟာ မြတ်စွာဘုရားသာသနာတော်မှာ ပဓာနကျတဲ့ အင်္ဂါရပ်တစ်ပါးဖြစ်ပါတယ်။ အဲဒါကြောင့် မန္တလေးမြို့မှာ တည်ရှိတဲ့ မလွန်ဈေးဆန်လှူအသင်းတော်ကြီးရဲ့ အဆောက်အအုံကြီးကို မင်းကွန်းဆရာတော်ကြီးက **'ညီမူရာ'** လို့ အမည်ပေးတော်မူခဲ့တာ ဖြစ်ပါတယ်။

လောကုတ္တရာရေးကို အသာထားပြီး လောကီရေးကို ပြောကြမယ်ဆိုရင်ဖြင့် တစ်ကျောင်းတည်းက ဆရာများမှာ အသက်အရွယ်၊ ပညာအခြေခံနဲ့ လာခဲ့တဲ့ နောက်ခံလူမှုပတ်ဝန်းကျင်တွေက ကွာဟနေတော့ တစ်ယောက်နဲ့တစ်ယောက် မတူညီနိုင်ပါဘူး။ သို့သော် တစ်ခုတူညီရင်တော့ အားလုံးပြီးပါတယ်။ ဘယ်တစ်ခု တူညီရမှာလဲဆိုတော့ ညီညာမှ အလုံးစုံပြီးမယ်ဆိုတဲ့ ခံယူချက်တူညီဖို့ပဲ ဖြစ်ပါတယ်။ တစ်ယောက်က အဲသည်လိုခံယူပြီး နောက်တစ်ယောက်က အဲသည်လို မခံယူဘူးဆိုရင်လည်း မဖြစ်နိုင်ပါဘူး။ မတူညီဘူးဆိုရင်တောင်မှ ညှိယူချင်တဲ့ စိတ်ထားအရင်းခံရှိကြဖို့ လိုအပ်ပါတယ်။

ပထမဆုံး တင်ပြချင်တာ မတူညီတာကို ညှိယူနေရင်း အဲသည်လို မတူညီတဲ့အချက်ကို ကျောင်းသားရှေ့မှာ ချမပြဖို့ သတိထားရပါမယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်မ ဆိုဗီယက်မှာ ပါရဂူဘွဲ့ယူဖို့ ကြိုးစားနေတဲ့အခါ သင်ပြနည်းပညာနဲ့ ပတ်သက်လို့ စာအုပ်တွေအများကြီး ရှာဖတ်ရပါတယ်။ အဲသည်လို ရှာဖွေဖတ်ရှုတဲ့စာအုပ်များထဲမှာ မတူညီတဲ့ အယူအဆများ အများကြီးပါနေတော့ ကျမ်းကိုကြီးကြပ်တဲ့ဆရာမကို တင်ပြရပါတယ်။ ဆရာမက အို အဲသည်လို ကွဲပြားတာတွေကို အကုန်လုံးညှိပြီး ဘယ်တစ်ခုက အလုပ်အဖြစ်ဆုံးဆိုတာကို ကိုယ်က ရွေးချယ်နိုင်ရမှာပေါ့။ မတူညီတာကတော့ မပြောပါနဲ့တော့ကွယ်။ တို့ငယ်ငယ်တုန်းက ဆရာတစ်ယောက်ဆိုရင် သူစာသင်တာနဲ့ တခြားဆရာ ရေးတဲ့စာအုပ်ကို အမှိုက်တောင်းထဲကို ပစ်ထည့်လိုက်လို့ ပြောတာလို့ပြောရင်း ရယ်ပါတယ်။ ကျွန်မက နောက်တော့ ဘာဖြစ်သွားသလဲလို့ မေးရတာပေါ့။ ဆရာမက အဲသည်ဆရာသင်ကြားတာတွေဟာ နောက်တော့ တို့တစ်တွေရဲ့မှတ်ဉာဏ်ထဲက ပျောက်သွားရောလို့ ပြောပါတယ်။ သူ့စာအုပ်တွေလည်း နောက်ထပ်မထွက်လာတော့ဘူးလို့ ပြောပါတယ်။ ကျွန်မက မသိတဲ့ဆရာအတွက် စိတ်မကောင်းကြီးစွာနဲ့ ဟယ် အဲသည်လောက်တောင် ဖြစ်သွားသလားလို့ မေးတော့ ကျွန်မဆရာမက ဝင်း နင်လည်း ကျောင်းဆရာဘဝက လာတာပဲ။ သိမှာပေါ့။ အတန်းထဲဝင်လာပြီး ကျန်တဲ့ဆရာများကို တိုက်ခိုက်တဲ့ဆရာဟာ ကျောင်းသားများရဲ့ ချစ်ခြင်းမေတ္တာကို လက်လွှတ်ရတတ်တယ်လို့ ပြောတော့ ကျွန်မငြိမ်သက်သွားပါတော့တယ်။ ကျွန်မ ဆရာမပြောတာက ဟုတ်နေတာကိုး။

ကျောင်းဆရာတွေအနေနဲ့ အတန်းထဲက ကျောင်းသားများရှေ့မှာ တခြားဆရာတစ်ယောက်ကို အတင်းအဖျင်းစကားများနဲ့ မတိုက်ခိုက်မိစေဖို့ သတိကြီးစွာထားရပါမယ်။ ကျောင်းသားများထဲမှာ ကိုယ်ပြောတဲ့စကားကို ယုံကြည်သွားတဲ့သူများ ရှိနိုင်သလို မယုံတဲ့သူများလည်း ရှိနိုင်ပါတယ်။ အဲသည်မှာတင် ညီညာခြင်း ညီညွတ်ခြင်းဟာ ပျက်ပြားသွားတော့မှာ ဖြစ်ပါတယ်။ တကယ်လို့ ကျောင်းသားတွေက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ့်ကို တခြားဆရာတစ်ယောက်အကြောင်း လာပြောရင်ကော။ တခြားဆရာရဲ့ မကောင်းကြောင်းဖြစ်စေ၊ တခြားဆရာက ကိုယ့်မကောင်းကြောင်းကို ပြောနေတာကိုဖြစ်စေ လာပြောတယ်ဆိုရင်ကော ဘာလုပ်ရမလဲ။

သတိထားပြီး တပည့်တို့ အဲသည်လိုအကြောင်းကို လာမပြောပါနဲ့။ ဆရာကတော့ (ဆရာမကတော့) အဲသည်လိုအကြောင်းကို လက်ခံပြီး မပြောနိုင်ပါဘူး။ ဆရာ့ကျင့်ဝတ်တွေထဲမှာ ကျောင်းသားများနဲ့ အတင်းအဖျင်းစကား မပြောရဘူးဆိုတာ ပါပါတယ်လို့သာ ပြန်ပြောလိုက်ပါ။ စာဖတ်ပရိသတ်ထဲမှာ တပည့်ဖြစ်ဖူးတဲ့သူလည်း ပါသလို ဆရာတွေလည်း ပါမှာပါ။ ဆရာဆိုတာလည်း တစ်ခါက တပည့်ပါပဲလို့ ပြောရမယ်ဖြစ်ပါတယ်။ အဲသည်လို တပည့်ဖြစ်ခဲ့တုန်းက ပူလောင်တဲ့ အတင်းစကားတွေကို ပြောခဲ့တဲ့ဆရာတွေကို ကိုယ်ချစ်ခဲ့သလား။ လေးစားစွာအတင်းစကားများကို မှတ်သားခဲ့သလား။ တကယ်တော့ ကောင်းစွာသွန်သင်ဆုံးမခဲ့တဲ့ ဆရာ့စကားများကိုသာ မှတ်မိနေခဲ့တာဖြစ်ပါတယ်။

မတူညီတဲ့အချက်များ ရှိနေတာကို ဖြေဖျောက်ဖို့ဆိုတာ မပြောဘဲ နေလိုက်တာ အကောင်းဆုံးဖြစ်ပါတယ်။ ပြီးတော့ မတူညီတာကို တူညီအောင် ညှိယူရမှာဖြစ်ပါတယ်။ ဆရာအချင်းချင်း သဘောထားတူညီတဲ့သူအချင်းချင်းကစပြီး တစ်ဦးနဲ့တစ်ဦး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမေးမြန်းမှုများ လုပ်ဖို့လိုပါတယ်။ ကျွန်မယူဆတာကတော့ တစ်ဦးနဲ့တစ်ဦး အပြေအပြစ် ဆက်ဆံနိုင်တဲ့သူ အချင်းချင်းက စပြီး လုပ်တာ ကောင်းပါတယ်။ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လုပ်ပါဆိုလို့ စိတ်ပါဝင်စားခြင်းမရှိဘဲ ပျင်းရိရိခြောက်ကပ်ကပ် လုပ်ရတာ မကောင်းပါဘူး။ တစ်ယောက်နှစ်ယောက်ကစပြီး လုပ်လိုက်ရင် ကောင်းတဲ့အကျိုးအမြတ် ရလာတာကိုကြည့်ပြီး ဆက်လုပ်သွားရင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျယ်ပြန့်လာနိုင်တာကတော့ ကိုယ်နိုင်တာကို ကိုယ်ပြောကြေးဆိုတဲ့ အလုပ်ဖြစ်ပါတယ်။

ဥပမာပြောရင် ကျွန်မတို့ကျောင်းတွေမှာ ပထဝီဝင်သင်တဲ့သူက သမိုင်းကို ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး ယောင်လို့တောင်မှ ထည့်ပြီးမဆွေးနွေးပါဘူး။ ထို့အတူ သမိုင်းသင်တဲ့သူကလည်း ပထဝီဝင်ကို မတို့ထိကြပါဘူး။ တကယ်တော့ အဲသည်လိုမဟုတ်ပါဘူး။ ပထဝီဝင်ကို လေ့လာကြရတာက လူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှု ဘယ်လိုတိုးတက်လာတယ်။ လူသားတွေ ဘယ်လိုအုပ်စုကွဲပြီး ဘယ်လိုနေရာတွေကို ပျံ့နှံ့သွားတယ်ဆိုတာကို သိနားလည်ဖို့ ဖြစ်ပါတယ်။

သမိုင်းကို လေ့လာတော့လည်း ပထဝီဝင်အနေအထားအလိုက် နိုင်ငံတွေပေါ်ပေါက်လာတာ။ ဓလေ့ထုံးစံများ ယဉ်ကျေးမှုများ လူမှုရေးပုံစံများဟာ ထူးခြားစွာ ကွဲပြားခြားနားလာတာတွေကို ထည့်မပြောရင် မပြည့်စုံပါဘူး။ တကယ်တော့ ပထမဦးဆုံး အချင်းချင်းညှိပြီး စာမေးမြန်းရင်း တွေးတောကြမယ်။ ပေါင်းစည်းညီညာစွာ လေ့လာပြီး ဆရာများကိုယ်တိုင် ပိုမိုတတ်သိလာရင် သင်ကြားရတာ ချောမွေ့သွားနိုင်ပါတယ်။

ဆရာများထဲမှာ အသက်ကြီးတဲ့သူက ငယ်တဲ့ဆရာ ဆရာမကလေးတွေကို ဘာမှလည်းမတတ်ဘူးလို့ အထင်သေးတတ်ကြသလို ငယ်တဲ့သူတွေကလည်း ကြီးတဲ့သူတွေကို ခေတ်နောက်ကျနေပြီ။ ဘာမှလည်း မသိတော့ဘူးဆိုတဲ့ အမြင်များ မထားမိကြဖို့ လိုအပ်ပါတယ်။ ပြီးတော့ ဆရာဖြစ်ပြီဆိုတာနဲ့ အလုံးစုံသိပြီလို့ မဆိုနိုင်ပါဘူး။ အဲသည်တော့ ဆရာအချင်းချင်းဟာ မသိတာကို မေးမြန်းပြီး သိတဲ့သူကလည်း သိတာကိုဝေမျှပြီး ညှိယူကြဖို့က အရေးကြီးလှပါတယ်။

အသက်ကြီးတဲ့ ဆရာတိုင်းလည်း ခေတ်နောက်မကျပါဘူး။ အသက်ငယ်တဲ့သူတိုင်းလည်း ခေတ်မီတယ်လို့ မှတ်ယူလို့မရပါဘူး။ ခေတ်မီနေဖို့ တတ်သိကျွမ်းကျင်မှုဟာ တိုးတက်နေဖို့ ကြိုးစားရဦးမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖြစ်ပါတယ်။ ဆက်လက်လေ့လာ သင်ယူခြင်းမပြုရင် တိုးတက်ခြင်းဟာ အလိုလို ရောက်မလာပါဘူး။

အဲသည်တော့ အသက်အရွယ်အရ လုပ်သက်အရ ကြီးတဲ့သူများနဲ့ ခေတ်မီတဲ့အသိအမြင်များကို ရရှိလာတဲ့သူများအချင်းချင်း ညီညာစွာ ရိုင်းပင်းပြီး ဘဝဆိုတဲ့ကျောင်းမှာ ပညာသင်ယူနေမယ်ဆိုရင် ညီညာလာမှာ ဖြစ်ပါတယ်။ တိုးတက်သောညီညာခြင်း ဖြစ်လာပါမယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# သုံးဖက်မြင် ဆရာ

အရင်တစ်ပတ်က ဆရာများဟာ ကိုယ့်အချင်းချင်း ညီညာစွာ ရိုင်းပင်းကူညီရင်း အလုပ်လုပ်ကြမယ်ဆိုရင် အဲသည်လိုဆရာအများစု အလုပ်လုပ်နေတဲ့ကျောင်းဟာ တိုးတက်တဲ့အသွင်ကိုဆောင်မှာ ဖြစ်ပါတယ်ဆိုတာကို တင်ပြခဲ့ပါတယ်။

အဲသည်လို ညီညာအောင် ညှိတာတောင်မှ အခက်အခဲဆိုတာ ရှိစမြဲဖြစ်ပါတယ်။ တစ်ခါတုန်းက ကျွန်မတို့ဌာနမှာ သမိုင်းသင်ပြနည်းနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဆရာမသုံးဦးကစပြီး မိမိတို့သင်ကြားမှု တိုးတက်ရေးအတွက် နှစ်ပတ်မှာ တစ်ခါဆိုသလို ဆွေးနွေးကြမယ်လို့ သုံးဦးစလုံး သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။ အဲသည်နောက် သုံးဦးဟာ တစ်ယောက်စီ အလှည့်ကျ မိမိတို့တာဝန်ကျတဲ့ ခေါင်းစဉ်နဲ့ပတ်သက်လို့ တင်ပြရပါတယ်။ အဲသည်ခေါင်းစဉ်တွေက အခြေခံပညာ အထက်တန်းမှာ ပြဋ္ဌာန်းတဲ့သင်ရိုးထဲက ယူထားတာဖြစ်ပါတယ်။ သို့ပေမယ့် ကျွန်မတို့ မတင်ပြမီ ဖတ်ကြ မှတ်ကြရတာကတော့ တစ်အုပ်မကသော ကျမ်းများ ဖြစ်ပါတယ်။ အဲဒါမှ ဆရာများတတ်သင့်တဲ့ အဆင့်အထိ သိနားလည်လာကြမှာ ဖြစ်ပါတယ်။

တစ်ယောက်က တင်ပြတဲ့တာဝန်ကို ယူရင် ကျန်တဲ့နှစ်ယောက်အနက် တစ်ယောက်က စားသောက်ဖို့ တာဝန်ယူရပါတယ်။ ကျန်တဲ့တစ်ယောက်ကတော့ နောက်တစ်လှည့်မှာ တာဝန်ယူရမှာပေါ့။

တာဝန်ကျရာ သမိုင်းခေါင်းစဉ်ကိုဖတ်ပြီး တင်ပြတဲ့အခါမှာလည်း ကျန်တဲ့နှစ်ယောက်က တပည့်များသဖွယ် ကောင်းစွာနာယူ ရေးမှတ်ရင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



နားထောင်ကြပါတယ်။တင်ပြတဲ့ဆရာမကတင်ပြပြီးတော့လည်း သမိုင်း ဘာသာရပ်ဆိုင်ရာ အမြင်နဲ့ သင်ပြနည်းဘာသာရပ်ဆိုင်ရာ အမြင်များကို သုံးယောက်စလုံး တစ်လှည့်စီ တင်ပြဆွေးနွေးကြပါတယ်။ အဲသည်နည်း ဟာ အတော်ကောင်းတဲ့နည်းဖြစ်ပါတယ်။ သုံးယောက်စလုံးမှာ စာဖတ် ကျင့် တိုးတက်သွားပါတယ်။ အားနည်းတဲ့အပိုင်းကိုလည်း အားဖြည့်ပြီး သား ဖြစ်သွားပါတယ်။ ပိုပြီးလည်းရင်းနှီးသွားကြပါတယ်။

သို့ပေမယ့် ကျွန်မတို့အထဲက တစ်ယောက်ကို ကျန်တဲ့ဆရာမ များထဲက အားနေတဲ့သူတစ်ယောက်က ပြောပါသတဲ့။ ကျွန်မက ဆရာ ကြီးလုပ်နေတာကို ခံနေရသလားလို့ ပြောတာဖြစ်ပါတယ်။ အဲသည်လို စကားကို နားထောင်ခဲ့ရတဲ့ ဆရာမကလည်း အရင်ကတည်းက သူ ကြားခဲ့ရတဲ့စကားများကို ပြန်ပြောတဲ့အလေ့ရှိပါတယ်။ တစ်ခါက သူ့ကို ကျွန်မက စာမတတ်ဘူးလို့ပြောတယ်ဆိုပြီး မေးဖူးပါတယ်။ ကျွန်မက အဲသည်လိုပြောတယ်လို့ သူ့ကိုပြောတဲ့သူက ကျွန်မက ဆရာကြီးလုပ်နေ တယ်လို့ ပြောတဲ့သူနဲ့ တစ်ဖွဲ့တည်းပါပဲ။

ဘဝမှာ ဘာမှထူးထူးခြားခြား ရုန်းကန်လှုပ်ရှားရတာလည်း မရှိ။ အလုံးစုံသက်သာစွာ နေထိုင်ကြီးပြင်းလာခဲ့ကြပြီး လူတန်းစေ့တာ ထက် နည်းနည်းပိုတဲ့ပညာရပ်နဲ့ အဆင့်မြင့်ဘွဲ့တွေဘာတွေ ရလာတဲ့ အခါ သူ့ဘဝမှာ ပြီးပြည့်စုံပြီလို့ သတ်မှတ်ပြီး ဘာလုပ်ရမှန်းမသိတော့ တာနဲ့ အတင်းပြောနေရရှာတဲ့ အဲသည်ဆရာမများကို ကျွန်မသိပါတယ်။ အဲသည်လိုအတင်းများကို သူတို့ရွေးပြီးပြောလိုက်တဲ့သူက သူတို့မျက်နှာ လုပ်ရမယ့်သူလို့ သူတို့သတ်မှတ်ထားတဲ့သူ ဖြစ်ပါတယ်။ သို့ပေမယ့် အဲသည်ဆရာမက ပြန်ပြောခဲ့တာကတော့ ဆရာကြီးလုပ်တာတော့ မဟုတ်တာ သေချာတယ်။ သူကိုယ်တိုင် ကျွန်မတို့ပြောတာကို လေး လေးစားစား မှတ်သားတယ်။ သူပြောရမယ့်အလှည့်မှာလည်း ကျောင်း သူတစ်ယောက်လို စာဖတ်ပြီး တင်ပြတယ်လို့ ပြောလိုက်ပါတယ်တဲ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဲသည်အချက်က ပထမအမြင်နဲ့ ပတ်သက်ပါတယ်၊ လုပ်ဖော်ကိုင်ဖက်များထဲမှာ ကိုယ့်ကိုလိုသူ မလိုသူဆိုတာ ရှိမှာပါပဲ၊ အလကားနေရင်း အတင်းပြောမှ ထမင်းမြိန်တတ်တဲ့သူများကိုတော့ ထားလိုက်ပါ။ သူတို့ပြောတာယုံပြီး ကိုယ့်ကို သဟောက်သဟလုပ်နိုင်တဲ့သူဆီကိုလည်း သူတို့က အဲသည်လိုလူယုံလောက်အောင် 'အတင်းပို့'တတ်ပါသေးတယ်။ ကျွန်မဟာ ကိုယ့်ကိုယ်ကို ဆောက်တည်ခြင်းနဲ့ အဲသည်လို အမြင်မှားနေတဲ့သူများ ပေးတဲ့ဒုက္ခကို ပယ်ရှားခဲ့ရပါတယ်။ အဲဒါကြောင့် ကိုယ်ကောင်းတာကို လုပ်သည့်တိုင် ကိုယ့်လူကြီးနဲ့ လုပ်ဖော်ကိုင်ဖက်များက အထင်မမှားအောင် လုပ်တတ်ဖို့လည်း လိုပါတယ်။ ကောင်းတာလုပ်တာပဲဆိုပြီး မာရေကျောရေသွားလုပ်ရင် အလုပ်လုပ်ရတာ ပင်ပန်းတာထက် ဖြေရှင်းရတာက ပိုပြီးပင်ပန်းနေမှာ ဖြစ်ပါတယ်။ ပြီးတော့လည်း အဲသည်လိုလူမျိုးတွေက ကိုယ်လျှောက်တဲ့လမ်းမှာ ပါမလာတတ်တော့ပါဘူး။

ဆရာဖြစ်လာတဲ့အခါမှာ ဘာသာရပ်တတ်ကျွမ်းဖို့ အရေးကြီးတာ မှန်ပါတယ်။ ပိုပြီးအရေးကြီးတာကတော့ ကျောင်းသားကလေးများကို နားလည်ဖို့က ပိုပြီးအရေးကြီးပါတယ်။ ကိုယ်ရင်ဆိုင်တွေ့ရတဲ့ ကျောင်းသားတွေဟာ အလွှာအသီးသီးက အမြင်အမျိုးမျိုး ခံစားမှုအမျိုးမျိုးနဲ့ လာခဲ့ကြတဲ့သူများဖြစ်ပါတယ်။ အားလုံးကတော့ ကလေးတွေ လူငယ်တွေဖြစ်တဲ့အတွက် ချစ်ခင်ကြင်နာဖွယ်ကောင်းတဲ့ သူတွေချည်းပါပဲ။ ဆရာဖြစ်တဲ့သူများဟာ အားလုံးကိုနားလည်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

ဆရာဆရာမကို အထင်အမြင်သေးပြီးသား လာတဲ့သူကတော့ နည်းပါတယ်။ အကဲခတ်ပြီး အကဲစမ်းချင်တဲ့ ကလေးတွေကတော့ အများကြီးပေါ့။ အရေးကြီးတာက ဆရာ ဆရာမများကိုယ်တိုင်က ကလေးအကဲစမ်းတာကို မသိလိုက်ဖို့ အရေးကြီးပါတယ်။ စာရေးသူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုလိုတာက ဆရာ ဆရာမများဟာ ဘာသာရပ်ကိုကျွမ်းကျင်ပြီး စိတ်ပါဝင်စားတယ်၊ ကလေးများအပေါ်မှာ မှန်ကန်တော်တည့်တဲ့ အမြင်ရှိတယ်ဆိုရင် ကလေးအကဲစမ်းတာကို သိလိုက်မှာတောင်မဟုတ်ပါဘူး။ ကလေးအကဲစမ်းတာကို သဘာဝတစ်ခုလို အေးဆေးစွာ စာသင်ကြားရင်း ကျော်ဖြတ်သွားမှာ ဖြစ်ပါတယ်။ စာရေးသူဟာ အထက်တန်းကျောင်းဆရာဘဝမှာရော တက္ကသိုလ်ဆရာဘဝမှာပါ ကျောင်းသားများအကဲစမ်းတာကို ခံခဲ့ရဖူးပါတယ်။ နောက်မှပြန်သိရတာ ဖြစ်ပါတယ်။ သူတို့အကဲစမ်းနေတဲ့အချိန်မှာတုန်းက စာရေးသူကဖြင့် ကျောင်းသားများရဲ့ တုံ့ပြန်မှုများကို သင်ပြနည်းပညာအရ ကောင်းမြတ်တဲ့ တုံ့ပြန်မှုများလို့ ယူဆခဲ့လို့ နည်းနည်းမှ အကျိတ်အခဲမဖြစ်ခဲ့ပါဘူး။ အခုတော့လည်း သူတို့ကိုယ်တိုင် လူကြီးများဖြစ်ခဲ့ကြပြီ။ တပည့်များက အကဲစမ်းတာကို ခံရမလား၊ ဘဝက အကဲစမ်းတာကို ခံရမလား။ အခုအချိန်ကျတော့ ဆရာသမားများကို သတိရလောက်ပြီ။ အခုတင်ပြခဲ့တာက ဆရာများရင်ဆိုင်ရမည့် ဒုတိယအမြင်နဲ့ တုံ့ပြန်မှုများ ဖြစ်ပါတယ်။ အမြင်ဆိုးကို အမြင်ကောင်းဖြစ်လာအောင် သင်ဖို့က ထင်သလောက် မကြာပါဘူး။ မူလသဘာဝက ဆရာသမားကို ကလေးများက ခင်မင်တတ်ပါတယ်။

တတိယအမြင်ကတော့ ကျောင်းသားမိဘနဲ့ လူမှုပတ်ဝန်းကျင်ရဲ့ အမြင်ဖြစ်ပါတယ်။ လူမှုပတ်ဝန်းကျင်က ပြောင်းလာတဲ့အခါမှာ သူတို့ရဲ့ အမြင်က ပြောင်းလာပါတယ်။ အကောင်းထက် အဆိုးက များလာပါတယ်။ စာရေးသူတို့ မိဘများရော စာရေးသူတို့ပါ မိမိကိုသင်တဲ့ဆရာဟာ ဘယ်လောက်ချမ်းသာသလဲ။ ဘယ်လိုရာထူးရပြီလဲဆိုတာကို မသိပါဘူး။ အသင်အပြ ကောင်းတယ် မကောင်းဘူးဆိုတာလောက်တော့ ခွဲခြားပြီး သိတာပေါ့။ သို့ပေမယ့် နောက်ပိုင်းခေတ်မှာ စာရေးသူကို တာဝန်နဲ့သွားတဲ့ခရီးမှာ ကုန်သည်အမျိုးသမီးတစ်ယောက်က လခ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘယ်လောက်ရသလဲလို့ မေးပါတယ်။ အဲသည်ခေတ်က ၆၀ဝ ဆိုတာ မနည်းလှပါဘူး။ သို့သော် တစ်နေ့တည်း ၆၀ဝဝ မက ဝင်နေတဲ့ သူတို့အဖို့တော့ စာရေးသူကို သနားစရာ အထင်သေးစရာ ဖြစ်နေပါတယ်။ အဲသည်တော့ ၆၀ဝ ပဲ ရရှာတာတဲ့။ သနားစရာဆိုတာကို ရှေ့မှာတင် ပြောတာကို ခံရပါတယ်။ စာရေးသူက စာမတတ်တဲ့၊ ခေတ်ဆိုတာ မပြောင်းလဲဘူးလို့ ထင်နေတဲ့၊ ပညာတတ်ဆိုတာ ချထားတဲ့ နေရာမှာ ကျောက်ရုပ်လို မရွေ့လျားတော့ဘဲ တည်နေမယ်လို့ ထင်နေတဲ့ အဲသည်လိုသူမျိုးက ဘာပြောပြော မမှုပါဘူး။ သူဟာ စာကောင်းစွာ မတော်ရှာတဲ့ သားသမီးနှစ်ယောက်ရဲ့ မိခင်ဖြစ်ပါတယ်။

အဲသည်လိုပါပဲ။ လူမှုပတ်ဝန်းကျင်ထဲမှာ ငွေနဲ့လုပ်ရင် ဘာမဆို ပြီးစီးတယ်လို့ ထင်နေတဲ့သူတွေလည်း ရှိပါတယ်။ ပညာရေးတာဝန် ထမ်းဆောင်နေတဲ့ ဆရာများဟာကြွယ်တောင်ကြွယ်ပိုးမရှိပေမဲ့ တာဝန် ကျေပွန်မှုနဲ့ ဖြောင့်မတ်မှန်ကန်မှုကို ဦးထိပ်ထားတယ်ဆိုတာ မသိတဲ့ သူများနဲ့ ဆက်ဆံရတဲ့အခါ အင်မတန်မှ ကိုယ့်ကိုယ်ကို ထိန်းသိမ်းရပါတယ်။ ငွေကြေးကို လက်ခံချင်စိတ်မပေါ်အောင် ထိန်းရတာမဟုတ်ပါဘူး၊ ငွေနဲ့ဝယ်လို့မရဘူးဆိုတာကို ငွေကြေးကြောင့် မောက်မာနေတဲ့သူများ လက်ခံသွားအောင် ကိုယ့်ဘက်ကမရိုင်းဘဲ ပြသနိုင်ဖို့ ကြိုးစားရတာဟာ စာသင်ရတာထက် ခက်ပါတယ်။ အထူးသဖြင့်တော့ အသုံးမခံတဲ့ ငွေကြေးကို ကိုယ့်သိက္ခာနဲ့လဲဖို့ ဝန်မလေးတဲ့သူများလည်း ရှိနေတာကိုး။

ဘာပဲဖြစ်ဖြစ်လေ ကျောင်းဆရာဆိုတာ ငွေစကြေးစ မရှင်ပေမဲ့ ကြီးကျယ်မြင့်မြတ်သူများ၊ ထွန်းကားတိုးတက်သူများဆိုတဲ့ နေရာကို ရလာတဲ့သူများရဲ့ လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်းကို ခံရတဲ့သူ ခံထိုက်တဲ့သူဖြစ်ပါတယ်။ ပြီးတော့လည်း အမှန်းကြီးမှန်းခဲ့ပေမယ့် လောကခံ ဝဲအလှည့်မှာ လည်နေရှာတဲ့သူများက အားကိုးအားထားပြုတာကို ခံရသူလည်း ဖြစ်ပါတယ်။ အဲသည်တော့ ဖြောင့်တဲ့အမြင် ရှိတဲ့သူပဲဖြစ်ဖြစ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောက်တဲ့အမြင်ရှိတဲ့သူပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ သြော် ဆရာ့သိက္ခာဆိုတာ ဘာနဲ့မှ လဲလှယ်လို့မရပါကလားလို့ နားလည်ကာ အမြင်ကို ဖြောင့်စေရုံမက ကြည်လင်လာစေအောင် စွမ်းတဲ့သူလည်း ဖြစ်ရပါမယ်။ **ရိုးသားဖြောင့်မှန်ပြီး ကိုယ့်တန်ဖိုးကို ဘာနဲ့မှအဖြတ်မခံတဲ့ ဆရာများဟာ နောက်ဆုံးတော့ အောင်ပွဲခံရတတ်ပါတယ်။** သို့ပေမယ့် သူတို့ဟာ တောင့်ထားကွာ တောင့်ထားလို့ ကိုယ့်ကိုယ်ကို နေ့တိုင်း ပြောပေးရပါလိမ့်မယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## တရားတော်ထဲက ပညာရေးအတွေးအခေါ်

ဆရာ့တန်ဖိုးဆိုတဲ့ ဆောင်းပါးထဲမှာ ကျေးဇူးရှင် ယောဆရာတော်ဘုရားကြီး ဟောတော်မူခဲ့တဲ့ **'ဘဝတန်ဖိုး လူ့တန်ခိုး'** တရားတော်ထဲက ဆရာများမှာ ပြည့်စုံသင့်တဲ့ အရည်အချင်းများကို ထုတ်နုတ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲသည် တရားတော်ဟာ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အနှစ်တစ်ရာပြည့်ပွဲမှာ ယောဆရာတော်ကြီးက အမှတ်ရဖွယ် သတိရဖွယ်အဖြစ် ဟောကြားတော်မူခဲ့တဲ့ တရားတော်ဖြစ်ပါတယ်။

ဆရာတော် သမားတော်ကြီးများဟာ သာသနာသုံးရပ်နဲ့ ပတ်သက်လို့ ဘယ်လိုတာဝန်များကို ယူတော်မူနေရတယ်ဆိုတာကို မသိတဲ့ အရပ်ထဲက လူတချို့တလေက သာသနာပက လူတွေပြောတဲ့ စကားကို ကိုးကားပြီး ဘုန်းကြီးတွေ ပျင်းတယ်လို့ပြောနေတာကို ကျွန်မကြားရဖူးပါတယ်။ တကယ်တော့ တကယ့်ကို ဝိနည်းခိုရ်တော်မူတဲ့ ထက်မြက် တည်ကြည်တော်မူတဲ့ ဆရာတော်ကြီးများဟာ အားလပ်ချိန်မရှိလောက်အောင် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနေတာကို ကျွန်မတို့တော့ တွေ့ရှိပြီး ကြည်ညိုခွင့်ရခဲ့ပါတယ်။ တပည့်သားသံဃာတော်များကို စာချ စာသင်နေရုံတင်မကဘူး။ ကျောင်းတိုက်ထဲမှာရှိတဲ့ သူတော်ကိုရင် ဦးပဥ္စင်းစတဲ့ သာသနာ့နွယ်ဝင်များကိုလည်း မြတ်စွာဘုရားအလိုတော်ကျ နေနည်း စားနည်း စာပေသင်အံလေ့ကျက်နည်းစတဲ့ တတ်သင့်သိသင့် ကျင့်သင့်သည်တို့ကို မပြတ်ဆိုသလို သင်ကြားပို့ချ ဩဝါဒပေးတော်မူနေရပါတယ်။ စာသင်ချိန်မှာသာ စာသင်လိုက်ရင်ပြီးရောလို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သဘောမထားဘဲ ပရိယတ်သာမက ပဋိပတ်ကျင့်စဉ်များကိုပါ အားထုတ်ဖြစ်အောင် အချိန်ပိုင်းအနေနဲ့ လေ့ကျင့်သင်ကြားပေးတော်မူလျက်ရှိကြပါတယ်။ အဲသည်လို ကျောင်းတိုက်တာဝန်သာမက ဒါယကာ ဒါယိကာမများကိုလည်း သွန်သင်ဆုံးမတော်မူရပါတယ်။ တရားများကို အချိန်ကာလအလိုက် ဟောကြားရတာ နားရတယ်လို့ကို မရှိပါဘူး။ သို့သော်လည်း ဆရာတော်ကြီးများဟာ ရတော်မူတဲ့အချိန်တိုင်းမှာ ကိုယ်တော်တိုင် ပွားများရမယ့်တရားများကို ပွားများတော်မူနေတာကို သတိထားကြည့်တာနဲ့ သိရတာပါပဲ။

ပါးစပ်ကပြောတတ်တိုင်း ဘုန်းကြီးတွေပျင်းတယ်လို့ ပြောတာဟာ တကယ်တော့မှားပါတယ်။ လူပဲဖြစ်ဖြစ် ဘုန်းကြီးပဲဖြစ်ဖြစ် အမျိုးအစားတော့ ကွဲမှာပါပဲ။ အဲသည်လိုကွဲတာကို ထည့်မတွက်ဘဲ သိမ်းကျုံးပြီး မကောင်းပြောခြင်းအားဖြင့် ပြောတဲ့သူမှာ အပြစ်ကြီးစွာဖြစ်သွားပါတယ်။ ပြောကာမတ္တတင် မကပါဘူး။ သူ့စကားကို မရင့်ကျက်တဲ့သူတွေက လက်ခံမှတ်သားပြီး လမ်းလွဲကိုလိုက်သွားရင် အရှင်ဒေဝဒတ်နဲ့ တပည့်တစ်သင်းလို ဆင်းပေရော့ အပါယ်ဆိုတာလို ဖြစ်နိုင်ပါတယ်။ ကြုံတုန်းမှာ ပြောသင့်တဲ့စကားအနေနဲ့ ပြောတာဖြစ်ပါတယ်။ အခုဆက်ပြောမှာကတော့

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးဟာ ရန်ကုန်မြို့ကို ကြွရောက်တော်မူစဉ်က ဗဟန်းမြို့ နန္ဒဝန်လမ်းမှာတည်ရှိတဲ့ မဟာဝိသုဒ္ဓါရုံကျောင်းတော်ကြီးကို ကြွရောက်တော်မူဖူးပါတယ်တဲ့။ ဆရာတော်ကြီးများဟာ တစ်နေရာရာကို ကြွတော်မူတဲ့အခါမှာလည်း ဟောပြောသင့်တဲ့စကားများကို ဟောပြောတော်မူလေ့ရှိပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီးက ဘွဲ့တွေရပြီး စွမ်းအားမပြည့်တဲ့သူများကိုညွှန်းဆိုပြီး တရားထဲမှာထည့်သွင်းဟောကြားတော်မူခဲ့ဖူးပါတယ်။

ပြီးခဲ့တဲ့ ဆောင်းပါးထဲမှာ တင်ပြခဲ့သလိုပါပဲ။ သစ်တစ်ပင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောင်းတော့ ၄က်တစ်သောင်းခိုရတယ်ဆိုသလို တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးရဲ့ ပဓာနနာယက ဖြစ်တော်မူလာမယ့် ယောဆရာတော် အလောင်းအလျာ ဆရာတော်က ဆရာတော်မှူကြီး ဟောတော်မူတဲ့တရားထဲက ပညာရေးဆိုင်ရာ အတွေးအခေါ်ကို ကဗျာလေးနဲ့ မှတ်တမ်းတင်ထားတော်မူခဲ့ပါတယ်။ အဲသည်ကဗျာကတော့

**'မှတ်စုဖြင့်သာ ဘွဲ့ယူကာဖြင့် ပညာညွှန့်ကို ခူးယူလိုငြား ဖြတ်လမ်းသွား စွမ်းအားမစုံ ရှုက်ဖွယ်ပ'** ပါတဲ့။ ကိုင်း၊ ဘယ်လောက်ကောင်းပြီး ဘယ်လောက်ထိမိလိုက်ပါသလဲ။ အဲသည်ကဗျာတစ်စကို တကယ်တမ်း စာပေပညာ တတ်မြောက်လိုတဲ့သူ၊ နက်နဲခက်ခဲတဲ့ အသိပညာကို စွယ်စုံပေါက် တတ်မြောက်ချင်တဲ့သူများအတွက် ရေးလိုက်တာဖြစ်ပါတယ်။ အို ဘာဖြစ်လဲ၊ လူရှိသေ ရှင်ရှိသေ ဘွဲ့ကလေးတစ်ခုရရင်ပြီးတာပဲလို့ ကိုယ့်ဘဝကို ကိုယ့်ဘာသာကိုယ် တန်ဖိုးနိမ့်စွာ သတ်မှတ်ထားတဲ့သူများကတော့ အခုလိုစာများကို ဖတ်မှာမဟုတ်ပါဘူး။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ကျောင်းတိုက်များမှာ စာချစာသင်တာဝန်ကို ထမ်းဆောင်တော်မူနေတဲ့ (ဆရာများဖြစ်တော်မူတဲ့) ပုဂ္ဂိုလ်များအတွက် ရည်စူးပြီး ဆုံးမစကားအဖြစ် မိန့်ဆိုတော်မူခဲ့တာပါပဲ။ သာသနာတော်နဲ့ပတ်သက်တဲ့ ဆရာသမားများနဲ့ သက်ဆိုင်တယ်ဆိုရင် ဝတ်ကြောင် ဆရာသမားများနဲ့လည်း ကွက်တိသက်ဆိုင်တာပါပဲ။

အကြောင်းအားလျော်စွာ မှတ်စုမှတ်ရာများကို အားကိုးပြီး စာမေးပွဲအောင်ကာ ဆရာဖြစ်လာတဲ့သူများဟာ ကိုယ့်အဖြစ်ကို ကိုယ်သိကြဖို့ လိုပါတယ်။ ငါက ဘွဲ့ရပဲ။ ဘယ်နှဘွဲ့တောင်မှရတာလို့ ဘယ်လိုပဲကြွားဝါသည်ဖြစ်စေ တကယ်တမ်းတော့ ပညာညွှန့်ကို ခူးယူနိုင်စွမ်း မရှိတတ်ပါဘူး။ ဘွဲ့ရတဲ့သူ ပညာတတ်တဲ့သူလို့ မှတ်ယူပြီး သုတေသနပြုပါ၊ ပညာရပ်ဆိုင်ရာ နည်းစနစ်သစ်များကို ရှာဖွေပါ၊ ပညာနဲ့နီးနွှယ်တဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အကြောင်းအရာများကို ဆွေးနွေးတင်ပြပါလို့ဆိုရင် ဘယ်ကစပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားတတ်ပါတယ်။

ဘယ်သူ့ကိုသွားပြီး ကိုယ်စား သုတေသန အလုပ်ခိုင်းရမလဲလို့ စဉ်းစားကြ၊ ငွေပေးပြီး ခိုင်းစားကြနဲ့ တစ်တောင်ကျော်သွားလို့ ဟင်းချကာရှိသေး။ ပညာတတ်ရယ်လို့ အသိအမှတ်ပြုခံရသူပီပီ ချဉ်းကပ်မေးမြန်းသူများနဲ့ ကြုံတဲ့အခါမှာ ငါဖြင့် ဒါကိုမသိပါဘူးဆိုတာမျိုးကို ပြောရရင်လည်း အခက်၊ မပြောဘဲနေရင်လည်း မဖြစ်လို့ တောင်တောင်အီအီတွေ လျှောက်ပြောပြန်တော့လည်း ကိုယ့်ကိုဆရာလာတင်တဲ့ သူတွေထဲမှာလည်း ထက်မြက်တဲ့သူတွေ ပါတတ်တာကိုး။ အဲသည်တော့ ကိုယ်ဟာ စာပေတကယ်မတတ်ဘဲ တစ်ခုကောင်း နှစ်ခုကောင်းလောက်သာ ပြောတတ်တဲ့သူဖြစ်တယ်ဆိုတာကို လူအများသိသွားတတ်ပါတယ်။

ပြီးတော့ ပညာရပ်များဟာ တစ်ခုချင်း သီးသန့်နေတယ်ဆိုတာ မရှိပါဘူး။ ပညာရပ်ကို ကျယ်ပြန့်နက်နဲစွာ လေ့လာတဲ့သူများဟာ နက်နဲတဲ့အပိုင်းကိုရောက်လေလေ ပညာရပ်အချင်းချင်းဟာ အတွဲလိုက် အတွဲလိုက် ဆက်နေလေဆိုတာကို သိနားလည်လာမှာ ဖြစ်ပါတယ်။ ကိုယ်သင်ယူခဲ့တုန်းကလည်း မှတ်စုလောက်သာ အားကိုးပြီး စာမေးပွဲမှာ ပါမှာလောက်သာ လေ့လာခဲ့တဲ့သူဆိုရင် ပညာရပ်နယ်ပယ် ဘယ်လောက်ကျယ်ဝန်းတယ်ဆိုတာလည်း မသိနိုင်ပါဘူး။ ပညာရပ်များမှာ တိုးတက်ခြင်း အသစ်ထပ်မံထည့်သွင်းပြီး လေ့လာဆန်းစစ်ခြင်း ပြုပြင်ပြောင်းလဲခြင်း အသုံးချခြင်းစတဲ့ အပိုင်းတွေကို မီတော့မှာမဟုတ်တော့ပါဘူး။

တကယ်တမ်းတော့ ပညာရပ်နယ်ပယ်တစ်ခုခုမှာ ဆရာတစ်ဆူအဖြစ် ခန့်ထည်စွာ ဦးဆောင်ခေါင်းရွက်ပြုချင်တဲ့သူဟာ အစဉ်သဖြင့် လေ့လာနေရမှာ ဖြစ်ပါတယ်။ ခက်တာက ဖြတ်လမ်းနည်းနဲ့ စာမေးပွဲအောင်လာတဲ့သူများဟာ ငါမတတ်သေးဘူးဆိုပြီး လေ့လာချင်တဲ့စိတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်နည်းဆိုရင် မတတ်တာကို မတတ်ပါလို့ ဝန်ခံလောက်အောင် ရိုးသားတဲ့စိတ် ရှိကြဖို့လိုအပ်ပါတယ်။ အဲသည်လိုဆိုရင် မပြတ်လေ့လာသွားခြင်းအားဖြင့် တိုးတက်လာနိုင်ပါတယ်။ များသောအားဖြင့်တော့ မှတ်စုလောက်သာ ကိုးကားပြီး စာမေးပွဲဖြေလာတဲ့သူများဟာ မေ့လွယ်ပျောက်လွယ်ရှိတတ်ကြပါတယ်။ ငါဘွဲ့ရပြီ။ ငါတတ်တယ်လို့ထင်ရင် တကယ်တော့ စင်ပေါ်ရောက်လေလေ သိမ်ငယ်လေလေဖြစ်မှာပါပဲ။

အပြင်ကလူတွေကတော့ အထင်ကြီးချင်ကြီးကြမှာပါပဲ၊ အချင်းချင်းကတော့ ဖြတ်လမ်းသွားတဲ့သူပဲ။ စွမ်းအားမစုံတဲ့သူပဲလို့ သိလာကြမှာ ဖြစ်ပါတယ်။ အဲသည်လိုသိတဲ့သူတွေထဲမှာ ကိုယ့်ဆီက ပညာသင်ယူနေတဲ့တပည့်များတောင်မှ ပါပါတယ်။ တပည့်ဆိုတာ ဆရာလောက် မတတ်ပေမယ့် ဆရာတတ်မတတ်ကိုတော့ အကဲခတ် ဆုံးဖြတ်တတ်တဲ့ ဗီဇကလေးတွေ ကိုယ်စီပါတတ်ကြပါတယ်။ တကယ်တော့ ပညာညွှန့်ကို ခူးယူမယ့်သူဟာ တံချူတိုတိုဆောင်ထားတဲ့သူ မဖြစ်သင့်ပါဘူး။ ကိုယ့်ပညာတံချူကို ကိုယ့်စွမ်းအားနဲ့ကိုယ် မြှင့်တင်နေတဲ့သူများဟာ တကယ့်ကို ဆရာသခင် ကျေးဇူးရှင်များဘဝကို ရကြမှာဖြစ်ပါတယ်။ ကိုယ်ဆရာလုပ်ခဲ့တဲ့အတွက် လူ့အဖိုးတန်ကလေးများ ပေါ်ထွက်လာဖို့ ကိုယ်တိုင်ကလည်း သူများပြောတဲ့စကားကို သံယောင်လိုက်ပြီး ဟစ်တဲ့သူမဖြစ်စေရပါဘူး။ ကိုယ်ပြောတဲ့စကားကို ကိုယ်တိုင်တာဝန်ယူနိုင်တဲ့ စွမ်းအားပြည့်တဲ့ဆရာဖြစ်ရပါမယ်။ စွမ်းအားတွေ စွမ်းအင်တွေကလည်း တစ်ခါဖြည့်ထားရင် တစ်သက်စာ ပြည့်စုံရော့လို့ မှတ်ယူလို့ မရနိုင်ပါဘူး။

အထပ်ထပ်ဖတ် အထပ်ထပ်မှတ် အထပ်ထပ်လေ့လာ အထပ်ထပ်ဆောင်ရွက် အထပ်ထပ်ပြုပြင်ရင်း မှန်မှန်ကြီး တိုးတက်လာအောင် ဆောင်ရွက်မှသာ စွမ်းအားတွေ စွမ်းအင်တွေက မလျော့စတမ်း ပြည့်နေမှာ ဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

## ဆရာ့ဝတ္တရားများ ၁

**'အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာ အပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ'** ဆိုတဲ့ ဆရာ့ဝတ္တရား ငါးပါးကို ကျွန်မတို့ အော်ဟစ်ပြီး နှုတ်တိုက်အရကျက်ခဲ့ရတာကို မှတ်မိနေပါသေး တယ်။ အဲသည်လင်္ကာကလေးကို ဆရာ့ဝတ္တရားငါးပါးကို ကျက်မှတ်သူ များအတွက် အလွယ်တကူရှိပါစေဆိုပြီး သင်္ဘောဆရာတော်ကြီးက စီကုံး ပေးခဲ့တာ ဖြစ်ပါတယ်။ မူရင်းဟောတော်မူတဲ့ပုဂ္ဂိုလ်ကတော့ မြတ်စွာ ဘုရားရှင်ကိုယ်တော်တိုင် ဖြစ်ပါတယ်။

အဲသည် လင်္ကာကလေးကို ဆရာတိုင်းလည်း အလွတ်မရကြ တော့ပါဘူး။ အဲသည်လင်္ကာကို အလွတ်မရတော့ကော ဘာဖြစ်သလဲ။ ဆရာ့ဝတ္တရားမပျက်ရင် **ပြီး**ရောပေါ့၊ မဟုတ်ဘူးလားလို့ မေးမေး ပြောပြော ပြောမယ့်သူတွေလည်း ရှိနိုင်ပါတယ်။ အဲသည်ဆရာ့ဝတ္တရား ငါးပါးဟာ မြတ်စွာဘုရားက သိင်္ဂါလောဝါဒသုတ်မှာ ဟောတော်မူတဲ့ အကြောင်းဖြစ်လို့ မမေ့လျော့သင့်ပါဘူး။ စာကိုမေ့ရင် ပါတဲ့တရားကိုယ် ကို မေ့သွားမှာစိုးလို့ ပြန်လည်တင်ပြလိုပါတယ်။

**အတတ်လည်းသင်** လို့ဆိုတဲ့နေရာမှာ ဆရာများဟာ မသင်ဘဲ တော့ မနေပါဘူး။ သင်ရိုးမှာပါတဲ့ ပြဋ္ဌာန်းချက် ကုန်အောင်တော့ သင်မှာ ဖြစ်ပါတယ်။ သင်ပုံသင်နည်းမှာတော့ ကွာပါလိမ့်မယ်။ တချို့ သောဆရာများက ပြဋ္ဌာန်းချက်မှာပါတဲ့ အကြောင်းအရာများကို ကျောင်း သုံးစာအုပ်ထဲက ကျောင်းသားရဲ့စာအုပ်ထဲကို ရောက်သွားရင်ပဲ တာဝန် ကျေပြီလို့ ယူဆကြပါတယ်။ ကျောင်းသုံးစာအုပ်မှာပါတဲ့ စာတွေကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီအတိုင်းတော့ တပည့်များကို လိုက်ပြီးကူးခိုင်းတာ မဟုတ်ပါဘူး။ ဆရာက သင်ပြပါသေးတယ်။ သင်ပြတဲ့အခါမှာ တစ်ဆင့်ပြန်လည် ပြောပြတာလောက်ပဲ လုပ်ပြီး နိမိတ်ပြမေးခွန်းကလေးများကို မေး လိုက်မယ်။ ပြီးရင် အိမ်စာအဖြစ် ကျောင်းသုံးစာအုပ်ထဲက စာတွေကို ဗလာစာအုပ်ထဲကို ကူးထည့်စေမယ်ဆိုရင် ဆရာ့တာဝန်ကျေပွန်ပြီလို့ ယူဆကြပါတယ်။ တပည့်ဟာ စာကိုကူးယူပြီး ဆရာ့ကိုပြန်ပြရတာ မဟုတ်တော့ ကူးခိုင်းလည်း လိုက်ပြီးမကူးဘဲ နေတတ်ကြပါတယ်။ တစ်ခါကတော့ တပည့်ရဲ့အမေ တက္ကသိုလ်ဆရာမတစ်ယောက်က ပြော ဖူးပါတယ်။ သူကိုယ်တိုင်ကပဲ စာတွေကို လိုက်မကူးနဲ့။ အဓိပ္ပာယ် မရှိဘူးလို့ ပြောလိုက်တယ်တဲ့။

အဲသည်လို ဖြစ်ရပ်မျိုးကတော့ မဖြစ်စကောင်းပါဘူး။ တပည့် ဖြစ်သူဟာ ငယ်ငယ်ကတည်းက အယူအဆနှစ်မျိုး သင်ကြားမှုနှစ်မျိုး ထဲမှာ ဟိုဘက်သည်ဘက် လွန်ဆွဲတာကို ခံခဲ့ရပါတယ်။ နောက်ပြီး ခိုင်းတဲ့အလုပ်ကို မလုပ်ရင် ရတယ်ဆိုတဲ့အသိမျိုး ဝင်သွားတယ်ဆိုရင် ဘဝတစ်လျှောက်မှာ သူဟာ မလွဲမသွေလုပ်ရမယ့် အလုပ်များကိုလည်း မလုပ်ဘဲ ရှောင်သွားတတ်ပါတယ်။ ဖွံ့ဖြိုးမှု မပြည့်စုံသေးတဲ့သူများ အတွက် အသေးအဖွဲကလေးကစပြီး ထိခိုက်စေနိုင်ပါတယ်။

အဲဒါကြောင့် ဆရာဟာ သင်ရိုးသာမက သင်ကြားတဲ့နည်းကို လည်း မှန်မှန်ကန်ကန် အသုံးပြုတတ်ဖို့ လိုပါသေးတယ်။ ဆရာဟာ စာသင်ကြားတဲ့နေရာမှာ နေ့တိုင်း တစ်မျိုးတည်းသောနည်းကို သုံးပြီး သင်တယ်ဆိုရင်တော့ ဘယ်လိုမှ မမှန်နိုင်ပါဘူး။ အကြောင်းကတော့ သင်နေတဲ့အတန်းပြောင်းသွားရင် ကျောင်းသားများရဲ့ စရိုက်သဘာဝ ပြောင်းလဲသွားမှာဖြစ်သလို သင်နေတဲ့ဘာသာရပ်ကလည်း ပြောင်းရင် ပြောင်းသလို ချဉ်းကပ်နည်းကလည်း ပြောင်းသွားနိုင်ပါတယ်။ နောက် တစ်ချက်ကတော့ ပတ်ဝန်းကျင်က တိုးတက်ပြောင်းလဲခြင်းများဟာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သင်ကြားတဲ့အခါမှာ ထည့်သွင်းပြောပြနိုင်စရာ အကြောင်းများဖြစ်လာတတ်ပါတယ်။ တကယ်တော့ ကျောင်းသားကို ဆရာက ဘာသာရပ်ပါ အချက်အလက်မျှသာ သင်ကြားရမှာ မဟုတ်ပါဘူး။ သူတို့ရဲ့ တွေးတော စဉ်းစားတတ်တဲ့ အလေ့အကျင့်နဲ့ ခံစားတတ်တဲ့အလေ့အကျင့်များကိုလည်း ဖွံ့ဖြိုးစေရမှာ ဖြစ်ပါတယ်၊

အဲသည်လိုဖြစ်ဖို့ကတော့ ဆရာကိုယ်တိုင် တက်ကြွထက်မြက်နေရမှာ ဖြစ်ပါတယ်။ မိမိရဲ့အလုပ် မိမိရဲ့ကျောင်းသားများကိုလည်း စိတ်ဝင်စားနေရမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဆရာကိုယ်တိုင် စွမ်းအားပြည့်နေရမှာ ဖြစ်ပါတယ်။ စွမ်းအားပြည့်အောင် ဘာလုပ်ရမလဲ။ လေ့လာနေရမှာပါပဲ။ ကျွန်မ တင်ပြဖူးတဲ့ စာအုပ်နှစ်မျိုးကို ဆရာက သေသေချာချာ ဖတ်ရမှာဖြစ်ပါတယ်။ တစ်မျိုးကတော့ တကယ့်ကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့ ဘာသာရပ်ဆိုင်ရာ စာအုပ်များဖြစ်ပါတယ်။ နောက်တစ်အုပ်ကတော့ လူမှုပတ်ဝန်းကျင်ဆိုတဲ့ စာအုပ်ဖြစ်ပါတယ်။

ဘာသာရပ်ဆိုင်ရာစာအုပ်များကို ဖတ်တဲ့အခါမှာလည်း မိမိသင်တဲ့ ဘာသာရပ်ဆိုင်ရာ စာအုပ်ကလေးတစ်အုပ်နှစ်အုပ်ကိုသာ ကွက်ကွက်ကလေး ရွေးပြီး ဖတ်လို့မရပါဘူး။ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရပါမယ်။ ဘာသာရပ်များဟာ အပေါ်ယံမှာသာ ကွဲပြားနေတာပါ။ လူအများနဲ့ပတ်သက်နေတဲ့အတွက် ဆက်စပ်နေတာပါပဲ။ ဆရာဟာ စာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်လာတဲ့အခါမှာ ပိုပြီးတွေးတောတတ်လာပါတယ်။ အယူအဆများလည်း ဟန်ချက်ညီလာတတ်ပါတယ်။ သင်ကြားတဲ့အခါမှာလည်း ပိုပြီးအားရှိလာပါတယ်။ ပြောရဆိုရတာ ပိုင်နိုင်လာပါတယ်။ အခုတော့ ဆရာရော ကျောင်းသားများပါ အကျင့်ပါနေတာက မှတ်စုစာအုပ်ထဲကို စာရောက်ရေးနဲ့ စာများကို အတောင့်လိုက် အာပူတိုက်ပြီး မှတ်ဉာဏ်ထဲကို သွင်းရေးပဲဖြစ်နေပါတယ်။ မှတ်ဉာဏ်ဆိုတာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ကလည်း တပည့်ကိုယ်တိုင် အားထုတ်ပြီး မှတ်နိုင်မှ သေသေချာချာလည်း မှတ်မိတာပါ။ အာပူတိုက်တာဟာ စာကြောင်းများထဲမှာပါတဲ့ အကြောင်းအရာများ အနှစ်သာရများကို မြဲမြံပြီး သိနားလည်ခြင်းမရှိစေနိုင်ပါဘူး။ ပထမဆုံး ကိုယ်မှတ်မိစေရမယ့် အကြောင်းအရာများကို ကောင်းစွာသဘောပေါက်ရပါမယ်။ နောက်တော့ သတိထားပြီး ဖြည်းဖြည်းချင်း ဖတ်ရင် ပိုပြီးမှတ်မိသွားပါတယ်။ အကြောင်းအရာကို သိရင် မသိဘဲ ကျက်တာထက် မှတ်မိနိုင်ပါတယ်။

ဒီနေရာမှာ အလွန်ကောင်းတဲ့ဥပမာတစ်ခု ရှိပါတယ်။ စာဖတ်သူများထဲမှာ ကျွန်မလို အတွေ့အကြုံရှိတဲ့သူလည်း များပါလိမ့်မယ်။ ကျွန်မတို့ ပရိတ်တော်များကို စတင်ကျက်တဲ့အခါ ပထမဆုံး အခက်အခဲက ပါဠိကို နားမလည်တဲ့ အခက်အခဲဖြစ်ပါတယ်။ အဲသည်လို နားမလည်လို့ ဆက်မကျက်ရင်တော့ ပရိတ်တော်များကို မရွတ်တတ် မဖတ်တတ်ရုံပါပဲ။ ပရိတ်တော်ကို မရွတ်တတ်တော့ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ပါဘူး။ ပရိတ်တော်ရွတ်တတ်တော့ ရတနာသုံးပါးကို ပိုပြီးကြည်ညိုသွားပါတယ်။ ရွတ်ဖတ်နေရင်းလည်း ကျင့်ကြံရမယ့်ကိစ္စကို သိနားလည်သွားပါတယ်။

ပထမဆုံးအခက်အခဲဖြစ်တဲ့ ပါဠိကိုနားမလည်တာကို နားလည်အောင် မြန်မာပြန်နဲ့တွဲပြီး ဖတ်ရပါတယ်။ အဲသည်တော့မှ ဘာကိုဆိုလိုသလဲဆိုတာ အဓိပ္ပာယ်ပေါက်လာပါတယ်။ အဲသည်လို အဓိပ္ပာယ်သိပြီးတဲ့ ပရိတ်တော်ကို ကျက်တဲ့အခါ အစောပိုင်းတုန်းကလို မခက်ခဲတော့ပါဘူး။ သို့ပေမယ့် ကျက်လိုက် မရွတ်ဘဲနေလိုက် ပြန်မေ့လိုက်ဖြစ်နေတတ်ပါတယ်။ နောက်တော့ နေ့စဉ်ဘုရားရှိခိုးတိုင်း မပျင်းမရိထည့်ပြီး ရှိခိုးလိုက်တော့ အလွတ်ရသွားတော့တာပါပဲ။

ကြည်ညိုကြဖို့ ထည့်ပြီးပြောချင်တာက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ဘုရားကြီးဟာ ကျွန်မတို့ အလွတ်မတင်ပြနိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



လောက်အောင် များပြားတဲ့ ခက်ခဲတဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီး ဘွဲ့ထူးဂုဏ်ထူးများ ရခဲ့ပါတယ်။ အဲသည်ဆရာတော်ကြီးဟာ အာဂုံဖြေဆိုရမယ့်အချိန်ကျမှ အသံထွက်ပြီး ရွတ်ဆိုတော်မူပါသတဲ့။ ဆရာတော်ကြီးဟာ ပိဋကတ်တော်လာ စာများကို ပထမဆုံး သဘောပေါက်အောင် ဖတ်ရှုလေ့လာပြီးမှ စိတ်နဲ့ပဲ ကျက်တော်မူခဲ့ပါတယ်တဲ့။ အရေးကြီးတာက စာကျက်ရင် စိတ်ထဲဝင်အောင် လေ့လာဖို့ပါပဲ။ ဆရာကလည်း မိမိရဲ့တပည့်များကို စာနဲ့ စာထဲမှာပါတဲ့အကြောင်းကိုသာမက သင်ယူနည်းကိုပါ ပေးရမှာ ဖြစ်ပါတယ်။

အစောပိုင်းမှာ ဆရာနဲ့တပည့်များဟာ သင်ကြားမှုနဲ့ ပတ်သက်ပြီး ဟန်ချက်မညီ ဖြစ်တတ်ပါတယ်။ သို့သော် ဆရာက ကျောင်းသားများကို သေသေချာချာ လေ့လာထားတယ်ဆိုရင် သူတို့စိတ်ပါဝင်စားသွားအောင် သင်ကြားတဲ့နည်းများကို အမျိုးမျိုးပြောင်းလဲပြီး အသုံးပြုနိုင်ပါတယ်။

ကျောင်းသားများဟာ ငယ်ရွယ်ပြီး တက်ကြွနေတတ်ပါတယ်။ သူတို့ကိုထိုင်ပြီးမှတ်လိုက်၊ ကျက်လိုက်နဲ့ နည်းနည်းကလေးမှ(Active) မဖြစ်တဲ့နည်းနဲ့ သင်ယူခိုင်းရင် ထက်မြက်သမျှလည်း မကြာခင် တုံးသွားတော့မှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာသင်တဲ့အခါ အဘိဓာန်ကို ကြည့်တဲ့နည်းလည်း သင်ပေးရမှာဖြစ်ပါတယ်။ သင်ခန်းစာအသစ် သင်မယ်ဆိုရင် အဘိဓာန်ထဲကနေပြီး ကိုယ်တိုင်ရှာဖွေဖို့ ဆရာက အိမ်စာပေးလိုက်ရင် ကျောင်းသားများက ရှာခဲ့ရမှာဖြစ်ပါတယ်။ အဲသည်လို ကိုယ်တိုင်ရှာဖွေခဲ့တဲ့ အင်္ဂလိပ်စာလုံးများကို ဆရာက သင်ပုန်းပေါ်မှာ ရေးပေးတာကို လိုက်မှတ်ထားတဲ့ စာလုံးများထက် ပိုပြီးမှတ်မိတယ်ဆိုတာကို သိလာကြပါလိမ့်မယ်။

တချို့က ကျွန်မကို သည်နေရာမှာ ရယ်သွမ်းသွေးကြလိမ့်မယ်လို့ ထင်ပါတယ်။ အိမ်တိုင်းမှာ ဘယ်လိုလုပ်ပြီး အဘိဓာန်ရှိမှာလဲဆိုတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စကားကို ပြောပြီးတော့ပေါ့။ ဟုတ်ကဲ့ ကျွန်မလည်း အထက်တန်းပြ ဆရာမလုပ်လာတဲ့သူ ဖြစ်ပါတယ်။ အိမ်တိုင်းမှာ အဘိဓာန်မရှိပါဘူး။ ပိုက်ဆံမရှိလို့မဟုတ်ဘဲ ဝယ်ရမှန်းမသိလို့ မရှိတာလည်း ဖြစ်နိုင်ပါတယ်။ ဆရာက အိမ်တိုင်းမှာမရှိရင် ကျောင်းတိုင်းမှာ အဘိဓာန်ရှိလာအောင်နဲ့ သုံးတတ်လာအောင် ကြိုးစားပေးရမှာဖြစ်ပါတယ်။ တစ်ယောက်ကောင်း ကြိုးစားလို့မရရင် စုပေါင်းပြီး ကြိုးစားကြဖို့ လိုအပ်ပါတယ်။

သံကောင်းကောင်းနဲ့ လုပ်ထားတဲ့ဓားပေမယ့် မသွေးဘဲ ပစ်ထားရင် မသွေးဘဲ သုံးရင် မထက်နိုင်ပါဘူး။ အဲသည်တော့ ဆရာဟာ ကျောင်းသားများကို စာသင်တဲ့နေရာမှာ ကိုယ်တိုင်ကိုယ်ကျ လေ့လာတတ်တဲ့ အစွမ်းအစများကို တိုးပွားအောင် သင်ကြားပေးကြဖို့ လုံ့လထုတ်ကြရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာက တပည့်တို့နဲ့ တစ်သက်လုံး အတူလိုက်ပါနေနိုင်တာ မဟုတ်ပါဘူး။ အဲဒါကြောင့် တပည့်များဟာ သူတို့ဝန်ကို သူတို့ဆောင်တတ်အောင် လေ့ကျင့်သင်ကြားပေးရမှာ ဖြစ်ပါတယ်။ ဆရာကလည်း ပြောင်းလဲနေတဲ့ခေတ်တိုင်းကို သိနားလည်နိုင်မှာ မဟုတ်ပါဘူး။ တပည့်များကိုသာ မိမိတို့ရင်ဆိုင်ရမယ့် ခေတ်တို့ကို ခွဲခြမ်းစိတ်ဖြာတတ်တဲ့ အစွမ်းအစမွေးတတ်အောင် ကျင့်ပေးလိုက်ရမှာ ဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာ့ဝတ္တုရားများ ၂

ဆရာ့ဝတ္တုရား ငါးပါးအကြောင်းကို စတင်တင်ပြတုန်းကတော့ တစ်ပတ်တည်းနဲ့ အပြီးတင်ပြနိုင်မယ်လို့ ထင်ခဲ့ပါတယ်။ သို့ပေမယ့် ဆရာဆိုတာ သမုဒ္ဒရာလောက်ကျယ်ပြန့်တယ်လို့ ကိုယ်တိုင်ဆိုထားခဲ့တဲ့အတိုင်းပါပဲ။ လူသားကလေးများရဲ့ဘဝကို အောင်မြင်စွာ တည်ဆောက်ပေးတဲ့ ဆရာ့တာဝန်များကို ချဲ့ရင်ချဲ့သလို ကျယ်ပြန့်သွားနိုင်ပါတယ်။ အကျဉ်းရုံးပြီး ရေးတာတောင်မှ ဝတ္တုရားတစ်ပါးကို အနိုင်နိုင်ရေးခဲ့နိုင်ပါတယ်။

အခုတစ်ပတ်တင်ပြရမှာကတော့ **'ပွဲပြင်ဆုံးမ'** ဆိုတဲ့ ဒုတိယမြောက် ဝတ္တုရားဖြစ်ပါတယ်။ ပွဲပြင်ဆုံးမဆိုတာကလည်း ဝတ္တုရားတစ်ခုအနေနဲ့လည်း ကျယ်ပြန့်ပါတယ်။ အဲသည်ဝတ္တုရားကို ဆရာ့အနေနဲ့ ကျေပွန်အောင်ဆောင်ရွက်ရမယ့် ကာလကလည်း ရှည်ကြာပါတယ်။

ကျွန်မက ပညာရေးတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ခဲ့တော့ ဆရာဖြစ်သွားရင် ဆိုတဲ့အပိုင်းကိုပါ ပို့ချတာကိုး။ ကျွန်မက ဆရာဖြစ်မယ့် ကျောင်းသားများကို သွန်သင်တဲ့အခါမှာ ကျောင်းသားထက် စာတစ်မျက်နှာသာ ပို၍တတ်သော ဆရာမဖြစ်စေနဲ့။ ဆရာဟာ ကိုယ်သင်ကြားရမယ့် သင်ခန်းစာကိုလည်း ကျေကျေညက်ညက် ကျယ်ကျယ်ပြန့်ပြန့် နားလည်ရမယ်။ ကျောင်းသားများရဲ့ သင်ယူနိုင်စွမ်းကိုလည်း အကဲခတ်နိုင်ရမယ်။ ကျောင်းသားများကို သင်ယူဖို့အဆင်သင့် ရှိအောင်လည်း လှုံ့ဆော်နိုင်ရမယ်။ အဲသည်လို ဖြစ်ဖို့ဆိုတာကတော့ စာအမျိုးမျိုးကို ဖတ်ကျင့်ရှိရမယ်။ စာများများဖတ်ခြင်းအားဖြင့် စဉ်းစားနိုင်းချိန်ချင့်ချိန်နိုင်ကျင့် တိုးတက်လာအောင် ဆောင်ရွက်နိုင်တယ်လို့ သင်ပြမိပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဲသည်မှာတင် စာဖတ်တဲ့အလုပ်ကို တာဝန်အရသာ လုပ်ရတဲ့ အလုပ်လို့ ထင်မှတ်ဟန်တူတဲ့ ကျောင်းသားတစ်ယောက်က ကောက်ကာ ငင်ကာ မေးပါတယ်။ ဆရာဖြစ်ပြီး ဘယ်အချိန်လောက်အထိ စာဖတ်ရမလဲလို့မေးတော့ ကျွန်မက သေတဲ့အထိလို့ ဖြေလိုက်ပါတယ်။ အဲသည်အကြောင်းကို တစ်နေရာမှာ ဖော်ပြပြီးပြီဖြစ်ပါတယ်။ အခု ဖော်ပြရတာကတော့ ဆရာဖြစ်တဲ့ကာလဟာ အငြိမ်းစားယူတာနဲ့ ရပ်သွားတာ ပြတ်သွားတာမဟုတ်ဘူးဆိုတာကို သတိရစေချင်လို့ ဖြစ်ပါတယ်။ ပြီးတော့ ဆရာဆိုတာ ဆရာအတတ်သင်ကိုတက်ပြီး အခြေခံပညာ ကျောင်းတွေမှာ ဆရာအလုပ်ကိုလုပ်တဲ့သူ၊ ပါရဂူဘွဲ့တွေ ရပြီးတော့ တက္ကသိုလ်များမှာ ဆရာအဖြစ် ပြန်လည်သင်ကြားပို့ချတဲ့သူများကိုသာ ဆရာအဖြစ် သတ်မှတ်လို့ မရပါဘူး။ ဆရာထဲမှာ မိဘများက လက်ဦးဆရာများဖြစ်ပြီး စာသင်ပေးတဲ့ဆရာ အတတ်သင်ပေးတဲ့ဆရာများသာမက လုပ်ငန်းခွင်မှာ ကြီးကြပ်ရတဲ့သူများလည်း ဆရာများအဖြစ် နေရာယူချင်သည်ဖြစ်စေ မယူချင်သည်ဖြစ်စေ ဆရာအဖြစ် ဦးစီးဦးကိုင်ပြုရပါတယ်။ အဲသည်တော့ ပဲ့ပြင်ဆုံးမဆိုတဲ့ တာဝန်ရှိနေပါတယ်။

ဆရာဟာ တပည့်များကိုလမ်းညွှန်နိုင်တဲ့ သိက္ခာ (သီလ၊ သမာဓိ၊ ပညာ) ရှိတယ်ဆိုရင် အငြိမ်းစားဆရာက ဘယ်နေရာမှာပဲ တိမ်တိမ်မြုပ်မြုပ် နေသည်ဖြစ်စေ လိုက်လံရှာဖွေပြီး ဆရာ့ဆီကအဆုံးအမကို ယူတတ်ပါတယ်။

အဲဒါကြောင့် ဆရာက တပည့်ကို ပဲ့ပြင်ဆုံးမရမယ့်ကာလဟာ ရှည်လျားတယ်လို့ ဆိုတာဖြစ်ပါတယ်။ တပည့်ဖြစ်သူဟာ အင်မတန်မြင့်မားတဲ့ အခြေအနေကို ရောက်သွားသည့်တိုင်အောင် ဆရာ့သိက္ခာကို ယုံကြည်ပြီး အားကိုးထိုက်တယ်လို့ စွဲမြဲထားရင် လိုက်လံရှာဖွေပြီး မသိတာကို မေးမြန်းတတ်ပါတယ်။ အဲသည်မသိတာဟာ စာထဲက မသိတာမဟုတ်ဘဲ ဘယ်လိုဆင်ခြင်ပြီး ဘယ်လိုဆုံးဖြတ်ရင် ကောင်းမလဲဆိုတဲ့ ပြဿနာများလည်း ဖြစ်နိုင်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဲဒါကြောင့် ပွဲပြင်ဆုံးမခြင်းဆိုတာဟာ တပည့်ကို အတန်းထဲမှာ သင်ကြားနေစဉ်သာ ဆောင်ရွက်ရမယ့်ကိစ္စ မဟုတ်ပါဘူး။ လိုအပ်ရင် လိုအပ်သလို သွန်သင်နိုင်ဖို့ လိုအပ်ပါတယ်။ အဲသည်လို သွန်သင်ဖို့ဆိုတာဟာ ဆရာကိုယ်၌က မိမိကိုယ်ကို အမြဲတစေ ဆောက်တည်ထားတဲ့သူဖြစ်ဖို့ လိုပါတယ်။ ကျောင်းသားများဟာ အသက်ငယ်တယ်။ အသိပညာ နန့်နဲ့တယ်ဆိုတော့ ဆရာ ဆရာမပြောတိုင်း ယုံတတ်တဲ့သဘော ရှိတတ်ပါတယ်။ သို့ပေမယ့် သူတို့မှာလည်း ကောင်းစွာပွဲပြင်နိုင်တဲ့ လူမှုပတ်ဝန်းကျင်ရှိတယ်။ ပြီးတော့ သူကလေးတွေဟာ တစ်နေ့တခြား တစ်ချိန်ထက်တစ်ချိန် အသိဉာဏ်တိုးတက်နေတဲ့ သူကလေးများ ဖြစ်တယ်ဆိုတဲ့အကြောင်းကို ဆရာ ဆရာမများက မမေ့သင့်ပါဘူး။

အဲသည်တော့ မိမိဟာ ဆရာဖြစ်ပါလျက် မတော်မတည့် ဝတ်စား ဆင်ယင်တတ်သလား၊ သောက်စားတတ်သလား၊ ပေါ့တန်လေလွင့်တတ်သလား။ ကိုယ်တိုင်ဘာမှမသိဘဲ သိလေဟန်ဆောင်တတ်သလား။ သူတစ်ပါးတို့ရဲ့အကြောင်းကို မကောင်းပြောတတ်သလားဆိုတာ ကိုယ့်ဘာသာကိုယ် အသိဆုံးဖြစ်ပါတယ်။ ပြီးတော့ သူတစ်ပါးတို့ရဲ့ အောင်မြင်မှုကို မုဒိတာမပွားနိုင်ဘဲ မနာလိုတိုရှည်ဖြစ်တတ်သလား ဆိုတဲ့အကြောင်းကိုလည်း ကိုယ့်ဘာသာ ကိုယ်အသိဆုံးပဲဖြစ်ပါတယ်။ အင်မတန် အဖိုးတန်တဲ့ ပွဲပြင်ဆုံးမမှုများကို ပေးနေပေမယ့် ကိုယ့်ဘက်က တပည့်ကို မရည်ရွယ်ဘဲနဲ့ မကောင်းတဲ့အကျင့်အကြံများကို ၊ ငူနညအ နထဓာရူနျ များအဖြစ် ပေးနေမိတတ်ပါတယ်။

တပည့်များဟာ အသက်အတန်ရပြီး ရင့်ကျက်လာတာနဲ့အမျှ ဘယ်ဆရာကဖြင့် လေးစားထိုက်တယ်၊ သူ့အတုကို ယူသင့်တယ်ဆိုတာကို သိနားလည်လာကြမှာ ဖြစ်ပါတယ်။ အဲသည်တော့ ဆရာ့တာဝန်အရ ပွဲပြင်ဆုံးမမှုကို မှန်ကန်စွာ အောင်မြင်စွာ လုပ်ဆောင်မယ်ဆိုရင် ပထမဦးစွာ မိမိကိုယ်ကို မိမိဆုံးမဖို့ လိုအပ်ပါတယ်။ ပြီးတော့ စေတနာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မေတ္တာ အပြည့်အဝထားပြီး စိတ်အားဖြင့်လည်းကောင်း နှုတ်အားဖြင့်လည်းကောင်း အပြုအမူအားဖြင့်လည်းကောင်း မှန်ကန်တော်တည့်စွာ တည်ကြည်လေးနက်စွာ ပဲ့ပြင်ပေးကြဖို့ လိုအပ်ပါတယ်။

ပဲ့ပြင်ဆုံးမတယ်ဆိုတာက အပြစ်များကိုကြည့်ပြီး ဆူနေပူနေဖို့ မဟုတ်ပါဘူး။ မမှန်တာကို လုပ်ခွင့်မပေးဖို့နဲ့ မှန်ကန်တာကို လုပ်ချင်လာအောင် သိမ်းသွင်းဖို့ရာက အရေးကြီးပါတယ်။ ဆရာက ဗဟုသုတများတဲ့သူဆိုရင် အတုယူဖွယ်ကောင်းတဲ့ စံပြုပုဂ္ဂိုလ်များရဲ့အကြောင်းများကို ပြောပြပေးနိုင်ပါတယ်။ မိမိသင်နေတဲ့အကြောင်းနဲ့ ဆက်စပ်ပတ်သက်တဲ့ အကြောင်းအရာများပေါ်မှာ အခြေတည်ပြီး စိတ်ဝင်စားဖွယ် တွေးတောဖွယ်ကောင်းတဲ့ အချက်အလက်များကို ကျောင်းသားများကို ပြောပြနိုင်ပါတယ်။ တပည့်ကျောင်းသားများက စိတ်ဝင်စားမှုနိုးကြားလာပြီး မေးခွန်းများ မေးမြန်းလာတဲ့အခါမှာလည်း စိတ်ဝင်စားဖွယ်ကောင်းအောင် ဖြေဆိုခြင်းဖြင့် တပည့်ကျောင်းသားများရဲ့ စိတ်ဝင်စားမှုများ ပိုမိုနိုးကြားလာနိုင်ပါတယ်။

ရင့်ကျက်တဲ့သူကလေးများ ဖြစ်လာတဲ့အခါမှာ ကျဉ်းမြောင်းတဲ့ အသိပညာများထက် ပိုပြီးမျှော်မှန်းလာတတ်ကြပါတယ်။ ဆရာဟာ အသိပညာနယ်ပယ်ကို ကျယ်ပြန့်စွာဖွင့်လှစ်ပေးပြီး တွေးတောစဉ်းစားတဲ့ ဆင်ခြင်သုံးသပ်တဲ့အကျင့်များကို တိုးတက်လာအောင် အားပေးဖို့လိုအပ်ပါတယ်။

ပဲ့ပြင်ဆုံးမတဲ့နေရာမှာ တစ်ယောက်နဲ့တစ်ယောက် ခံယူပုံချင်း မတူနိုင်ပါဘူး။ တချို့ပြောလိုက်ရင် မကြိုက်တတ်ပါဘူး။ တချို့ ပြောသမျှ ခံမယ်။ လုပ်ချင်တာလုပ်မယ်ဆိုတဲ့ ခံယူချက်ထားပါတယ်။ တချို့ကတော့ ဆရာကဆိုဆုံးမရင် သတိထားပြီး နားထောင်ပါတယ်။ ခွန်းတုံ့ပြန်တာလည်း ရှိပါတယ်။ ဆရာကတော့ ခွန်းတုံ့ပြန်တာကို စိတ်ဆိုးလို့မရပါဘူး။ ခွန်းတုံ့ပြန်ပုံမဟုတ်ရင်လည်း ဆရာလို အသက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြီးဝါကြီးနဲ့ စကားပြောတဲ့အခါမှာဘယ်လိုပြောရတယ်ဆိုတဲ့အကြောင်း ကစပြီးတော့ သွန်သင်ရမှာပါပဲ။

အရေးကြီးတာက ဆရာ့စေတနာကို နားလည်သွားဖို့ပဲ ဖြစ်ပါတယ်။ ဆရာ့စေတနာကို နားလည်သွားရင် တပည့်ရော ဆရာပါ စိတ်ချမ်းသာကြဖို့ဖြစ်သလို တပည့်ဘဝတစ်လျှောက်လုံးမှာ မှန်ကန်တော် တည့်စွာ တွေးတောစဉ်းစားတတ်သွားမှာ ဖြစ်ပါတယ်။ ဆရာ့စေတနာကို နားမလည်ဘဲ တစ်သက်လုံး ဆိုးသွားတဲ့သူတွေလည်း ရှိပါတယ်။ ကျွန်မကိုယ်တိုင် အဲသည်လို တပည့်များနဲ့ဆုံဖူးပါတယ်။ အထက်တန်းကျောင်းသားဘဝမှာကတည်းက ပေတေတေနဲ့ ခဏခဏဆိုဆုံးမနေရတဲ့ ကျောင်းသားတစ်ယောက်ရှိခဲ့ပါတယ်။ သူက ကွဲကွာသွားလို့ အတန်ကြာမှ လိပ်စာကိုစုံစမ်းပြီး စာရေးလိုက်ပါတယ်။ စာကိုစပြီးဖတ်တဲ့အခါမှာ သူဟာ ဆရာမ ဆုံးမခဲ့တုန်းက နားမလည်ခဲ့ပေမယ့် အခုတော့ နားလည်ပါပြီဆိုလို့ အဟုတ်ပဲလို့ ထင်နေခဲ့ပါတယ်။ စာဆုံးတော့မှ အကူအညီတောင်းထားတာကို တွေ့ရတော့ သြော် လိမ္မာပါပြီဆိုတာ ဒါ့ကြောင့်ကိုးလို့ သိလိုက်ရပါတယ်။

နောက်တစ်ယောက်ကတော့ ကလေးလိုဆိုးတဲ့ ဆော့တဲ့ တစ်ယောက် ဖြစ်ပါတယ်။ သူကတော့ စစ်ထဲဝင်သွားခဲ့ပါတယ်။ သူငယ်ချင်း ကျောင်းသားများနဲ့ တွေ့တဲ့အခါ ဆရာမဆုံးမတာ နည်းနေသေးတယ်လို့ ပြောပါသတဲ့။

ဘယ်လိုနည်းနဲ့ပဲ တုံ့ပြန်သည်ဖြစ်စေ ဆရာသမားများဘက်ကတော့ ရုပ်သွင်ပီသအောင် ထုဆစ်တဲ့သူများဖြစ်လာကြဖို့ လိုအပ်ပါတယ်။ ပွဲပြင်ဆုံးမတဲ့အခါမှာ မိမိကိုယ်ကို ပထမပွဲပြင်ပြီး ပီပြင်စွာဆုံးမတတ်ဖို့ လိုပါတယ်။ စေတနာ မေတ္တာနဲ့ လုပ်အပ်တဲ့အလုပ်ဖြစ်ပါတယ်။ ကျောသား ရင်သား မခွဲခြားရပါဘူး။ ဆိုမြည်ငေါက်ငမ်းတာကို ပွဲပြင်တယ်လို့ မထင်မှတ်ကြစေပါဘူး။ ပွဲပြင်တယ်ဆိုတာ တိမ်းစောင်းသောအယူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အမူအကျင့် အတွေးအခေါ်များကို ဖယ်ရှားပြီး တပည့်များကိုယ်တိုင် လမ်းကြောင်းမှန်ကိုရွေးပြီး လျှောက်တတ်အောင် အကူအညီပေးနေရတယ်လို့ သဘောထားကြဖို့ လိုအပ်ပါတယ်။ တစ်ခါမှ မဆူဘူးတဲ့ဆရာပေမယ့် ကျောင်းသားအသိဉာဏ်ကို ဖွံ့ဖြိုးတိုးတက်စေတဲ့အား အများကြီးပါတဲ့ စကားများကို ပြောနိုင်တဲ့ဆရာဟာ အကောင်းဆုံးသောနည်းနဲ့ ပွဲပြင်ဆုံးမတဲ့ဆရာပဲ ဖြစ်ပါတယ်။ ဆရာ့အမူအကျင့်များကို တပည့်များ ဆက်ခံတတ်ကြပါတယ်။ ရိုးသားခြင်း တည်ကြည်ခြင်း ဉာဏ်ပညာကြီးခြင်း ဝီရိယထုတ်ပြီး ကြိုးကုတ်စွာ လေ့လာတတ်ခြင်းဆိုတဲ့ အရည်အချင်းများကို ပေါ့တန်ခြင်း ထောင်လွှားခြင်း လေလွင့်ခြင်း ပျင်းရိခြင်း စတဲ့အဆိုးတရား များနေရာမှာ အစားထိုးသွားအောင် ပွဲပြင်တတ်ဖို့ လိုအပ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာ့ဝတ္တရားများ ၃

**'သိပ္ပမချန်'**

ဆရာ့ဝတ္တရားများထဲမှာ သိပ္ပမချန်ဆိုတာကို ချဲ့ပြီးပြောမယ် ဆိုရင် အမှားလုပ်နေတဲ့ဆရာများကို ထိခိုက်တော့မှာပါပဲ။ တရားကိုယ် အရ မြင့်မြတ်တဲ့ 'စံ' များနဲ့ပတ်သက်လို့ပြောတိုင်း စံချိန်မမီတဲ့သူများကို သတိပေးရာရောက်ရင်တော့ ကောင်းသွားမှာပါပဲ။ အဲသည်လိုမဟုတ်ဘဲ ဘာတွေလာပြောနေတာလဲ ဆိုတဲ့သဘောနဲ့ လုပ်ချင်သလို လုပ်နေတယ် ဆိုရင်တော့ ဆရာဆိုတဲ့ဂုဏ်က ကိုယ့်အပေါ်မှာ ပိလာမှာ ဖြစ်ပါတယ်။

သိပ္ပမချန်ဆိုတာက အတတ်ပညာ အသိပညာများကို ဆရာစား မချန်ဘဲ စနစ်တကျ သင်ကြားပေးရမှာကို ပြောတာဖြစ်ပါတယ်။ အခု ကြားရတာကတော့ တစ်မျိုးဖြစ်နေပါတယ်။ လွန်ခဲ့တဲ့ တစ်လကျော် ကျော်က ကျွန်မရဲ့ငယ်တပည့်တစ်ယောက်နဲ့ စကားစမြည်ပြောရင်း သူ့သမီးအငယ်ကလေးက မူကြိုကျောင်းကို တက်နေတဲ့အကြောင်း ပြောပါတယ်။ အဲသည်လိုပြောတဲ့အခါမှာ ကျွန်မက သူ့ခေတ်နဲ့သူ ဆိုတော့ ကလေးများကိုလည်း ကျောင်းမထားအခက်၊ ကျောင်းထား အခက်ဆိုတဲ့စကားကို ပြောမိပါတယ်။ သိပ်ငယ်သေးတဲ့ကလေးကို စာတွေအများကြီး သင်စရာမလိုပါဘူး။ ကျောင်းပျော်ပြီး ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေတတ်ရင် တော်ရောပေါ့ကွယ်လို့ဆိုတော့မှ ဇာတ်ကြောင်းအရှည်ကြီးကို ကြားရတော့တာပါပဲ။

သူ့သမီးကို မူကြိုမှာထားတော့ မူကြိုကျောင်းမှာ ကျူရှင်ပြန်ထား ရပါတယ်တဲ့။ ကလေးက မိုးချုပ်ခါနီးအထိ စာတွေရေးနေရတာနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မိဘများက ကလေးကို ကျောင်းကစောစောဆင်းပေးစေချင်တဲ့အကြောင်း ပြောမိပါသတဲ့။ အဲသည်တော့ မူကြိုဆရာမကလေးက ကလေးကို ကျောင်းက စောစောဆင်းပေးပါတယ်။ ဒါပေမဲ့ တစ်တန်းတည်းနေတဲ့ ကလေးတွေကို ပုံမှန်အချိန်မှာ စာသင်တဲ့အခါ သူတို့ကလေးကို မသင်ဘဲ ထားခဲ့ပါတယ်တဲ့။ ကျွန်မတော့ ကလေးတစ်ယောက်ကိုကွက်ပြီး ဘယ်လိုချန်သင်သလဲဆိုတာကို နားမလည်ပါဘူး။ သို့ပေမယ့် ကလေးက စာသိပ်တတ်ချင်တဲ့ကလေးဆိုတော့ အိမ်ရောက်တဲ့အခါမှာ မေမေ ထဆင်ထူးက ဘယ်လိုရေးသလဲစသည်ဖြင့် မေးပြီး ရေးရှာပါသတဲ့။ ကလေးအဖေက ဆရာမရယ် ကလေးကိုပုံမှန်အချိန်မှာ တခြားကလေးများနဲ့အတူ စာသင်ပေးစေချင်ပါတယ်။ ကျောင်းလခလည်း ယူပါခင်ဗျာလို့ ပြောပေမယ့်လည်း ကျောင်းလခလည်းမယူ စာလည်းမသင်ပေးဘဲ နေပါသတဲ့။

ကြားဖူးရတယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ သိပ္ပမချန်ဆိုတဲ့ အချက်က ဆရာဟာ ကျောင်းသားများ သိသင့်တတ်သင့်တဲ့အကြောင်းအရာများကို ကိုယ်တိုင်လည်း လေ့လာဆည်းပူးပြီး လိုအပ်တဲ့နေရာမှာ လိုအပ်သလို ထည့်သွင်းပြီး သွန်သင်ဖို့လိုတယ် ဆိုတဲ့အကြောင်းကို ညွှန်းဆိုတဲ့စကား ဖြစ်ပါတယ်။ အဲသည်မူကြိုဆရာမကလေးကို အမည်နာမလည်း မသိပါဘူး။ သို့သော် အဲသည်လို ကျောသားရင်သား ခွဲခြားတဲ့ ဆရာ ဆရာမများကလည်း ရေတွက်ရင် အမောဆို့ရမလောက်များနေမယ်ဆိုတာကို သားသမီးရှင်တိုင်းက လက်တွေ့သိနေကြမှာပါပဲ။

ကျွန်မကတော့ စားဝတ်နေရေးအတွက် ဆရာတစ်ယောက်ဟာ အပိုချိန်ခေါ်ပြီး သင်ရတယ်ဆိုတာကို လက်ခံပါတယ်။ ကျွန်မတို့ခေတ်ကဆိုရင် ငွေစကြေးစတစ်ပြားမှမရဘဲတောင်မှ အပိုချိန်များကို သင်ခဲ့ကြရပါသေးတယ်။ သို့ပေမယ့် ဘယ်ခေတ်က ဆရာပဲဖြစ်ဖြစ် ငွေစကြေးစနောက်ကို လိုက်နေရင် ဆရာမဟုတ်တော့ပါဘူး။ ငွေစကြေးစ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



များများရချင်ရင်တော့ တခြားအလုပ်ကိုပြောင်းပြီး လုပ်ရင် ပိုကောင်းလာနိုင်ပါတယ်။ ရွဲ့စောင်းပြီးပြောတာ မဟုတ်ပါဘူး။ တည့်တည့်ပြောတာဖြစ်ပါတယ်။ ကျွန်မသူငယ်ချင်းတစ်ယောက်ဆိုရင် မိဘကိုလုပ်ကျွေးဖို့ ငွေများများလိုတာနဲ့ ကျောင်းဆရာဘဝက အငြိမ်းစားယူပြီး စီးပွားရေးလုပ်ပါတယ်။ သမ္မာအာဇီဝအလုပ်ပဲ လုပ်တာပါ။ ကောင်းရောင်းကောင်းဝယ်နဲ့ စီးပွားရေးပြေလည်နေတဲ့အချိန်မှာ သူဟာ စာကို စိတ်ရှိလက်ရှိ အပြင်မှာ သင်ပေးနေခဲ့ပါတယ်။ သိပ်ဂုဏ်ရှိတဲ့ဆရာအဖြစ်ဆက်လက်ရပ်တည်ခဲ့ပါတယ်။

အခုခေတ်က ပညာခေတ်ပဲ၊ ပညာနဲ့လုပ်စားရင် စားရတယ်ဆိုတာကတော့ စဉ်းစဉ်းစားစားပြောကြ လုပ်ကြမှ ကောင်းပါမယ်။ နောက်တစ်ချက်က ဆရာများကိုယ်တိုင်က ဆရာစားချန်ချင်တတ်တာဟာ ဘုရားဟောနဲ့မညီပါဘူး။ ဆရာစားချန်တယ်ဆိုတာဟာ တပည့်ထက် ကိုယ်ကတစ်ကွက်ပိုပြီး တတ်နေအောင်၊ တစ်ဆင့်လောက်တော့ ပိုမြင့်နေအောင် လုပ်တာပါပဲ။ တပည့်က ဆရာ့ထက်ကျော်ပြီး တတ်သွားမှာစိုးလို့ လုပ်တာပါပဲ။ ဆရာဟာ အဲသည်လိုလုပ်ပြီဆိုရင်တော့ တစ်နပ်စားအကြံနဲ့ လုပ်တာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တကယ်တော့ တပည့်ကိုသင်ပေးရမှာက အချက်အလက်မျှသာ မကပါဘူး။ လေ့လာသင်ယူတဲ့စနစ်ကိုပါ သင်ပေးလိုက်ရမှာဖြစ်ပါတယ်။ ဆရာကိုယ်တိုင် လေ့လာဆည်းပူးလို့ရတဲ့ ပညာရပ်များကိုလည်း အကုန်အစင်သင်ပေးမယ်။ နည်းစနစ်ကိုလည်း သင်ပေးမယ်ဆိုရင် တပည့်က ဆရာတို့ခေတ်မှာ တိုးတက်တာထက် များစွာတိုးတက်လာပြီဖြစ်တဲ့ ပညာရပ်များ အတတ်ပညာ နည်းပညာများကို ကိုယ့်ဘာသာကိုယ် လေ့လာဆည်းပူးနိုင်မယ့် အစွမ်းအစရသွားကြမှာ ဖြစ်ပါတယ်။

ဆရာဖြစ်တဲ့သူက တပည့်များကို သူသိသမျှ အကုန်သင်ပေးလိုက်ရင် နောက်ဆို သူ့ကိုအထင်မကြီးမှာ စိုးရိမ်တယ်ဆိုတာကတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မရင့်ကျက်တဲ့သူများ တွေးသလို တွေးနေတာပဲလို့ ပြောရမှာဖြစ်ပါတယ်။ ဆရာကိုယ်တိုင်က ဘဝဆိုတဲ့ကျောင်းမှာ ကျောင်းသားကြီးဖြစ်တဲ့အတွက် တပည့်များနဲ့အတူလိုက်ပြီး ရှေ့ပြေးနေရမှာဖြစ်ပါတယ်။ ကျောင်းသားက ဆရာ့ထက် မြင့်မားသွားသည့်တိုင် လေးစားချစ်ခင်မြဲ လေးစားချစ်ခင်နေတယ်ဆိုတာက ဆရာ့စေတနာ ဆရာ့မေတ္တာများကို နားလည်သွားလို့သာ ဖြစ်ပါတယ်။ ဆရာဘယ်လောက်စာတတ်တယ်ဆိုတာက အရေးမကြီးပါဘူး။ ကျွန်မမိတ်ဆွေထဲမှာ စာသိပ်တတ်တဲ့ ဆရာမတစ်ယောက် ရှိပါတယ်။ နိုင်ငံခြားပြန် ဆရာမတစ်ယောက်ပါပဲ။ သူကလည်း သူ့ကို ကျောင်းသားများ အထင်အမြင်သေးမှာစိုးရိမ်ပါတယ်။ အဲသည်တော့ သူ့စာဟာ ဘယ်လောက်ခက်တယ်ဆိုတာကို ပညာစွမ်းပြနေတော့တာပါပဲ။ သူ့ကို လက်ဆောင်ပဏ္ဏာနဲ့ စာလာမေးတဲ့သူများကိုတော့ နားလည်အောင် စာသင်ပေးတာပေါ့။ အဲသည်လို သင်ပေးတဲ့တိုင် ဆရာစားတော့ ချန်ချန်ထားတတ်ပါတယ်။ ကျောင်းသားများဟာ သူ့အတန်းက မလွတ်ခင်တော့ သိပ်လေးစားတဲ့အကြောင်း ပြသကြတာပါပဲ။ တီချာ စားစေချင်လို့ ဝတ်စေချင်လို့ဆိုတဲ့ စေတနာတွေကိုလည်း ပြသကြတာပါပဲ။ သူ့အတန်းကလည်း လွတ်ရော၊ သူ့ဆရာစားကလည်း တန်ခိုးပြယ်ရော ဆိုသလို ဖြစ်သွားတတ်ပါတယ်။

နောက်တစ်ခုလည်း ကြားဖူးထားတာ ရှိပါတယ်။ ဆရာကြီးတစ်ယောက်က ကျောင်းသားကြီးများကို ကျမ်းကိုးများ ပေးပါသတဲ့။ သို့ပေမယ့် ဆရာသင်တဲ့အတိုင်း ရေးထားတဲ့စာအုပ်တော့ ဆရာကြီးပေးတဲ့ကျမ်းကိုးများထဲမှာ မပါပါဘူးတဲ့။ အဲသည်တော့ ကျောင်းသားတွေက ဆရာကြီးဟာ စာအုပ်အများကြီးကိုဖတ်ရှုပြီး သူ့အမြင်နဲ့စရနယ်ကာ သင်ကြားတယ်လို့ ထင်နေပါတယ်တဲ့။ နောက်မှ ကျောင်းသားတစ်ယောက်က စာကြည့်တိုက်ထဲက စာတစ်အုပ်ကို ယူလာပြီး ကျန်တဲ့ ကျောင်းသားတွေကို ပြပါတယ်တဲ့။ ၏ သည် မရွေ့ ဆရာကြီးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စာအုပ်ထဲမှာပါတဲ့အတိုင်း သင်တာပါတဲ့။ အဲသည်လို သူကိုးတဲ့စာအုပ်ကို ကျောင်းသားများအတွက် ပေးတဲ့ကျမ်းကိုးထဲမှာ မထည့်ဘဲထားတာက လည်း ဆရာစားချန်တာတစ်မျိုး ဖြစ်နေပါတယ်။ မသိခင်တော့ ကောင်းကြတာပေါ့လေ။

တကယ့်ကို အစစ်ကောင်း အမှန်ကောင်း ကောင်းတာကတော့ ဆရာ့ဘက်က စေတနာမှန်ကန်စွာနဲ့ ကောင်းသောနည်းလမ်းများကို နည်းပေးလမ်းပြလုပ်ဖို့ပါပဲ။ အချက်အလက်များရော၊ နည်းစနစ်ရော ပြည့်စုံစွာသင်ကြားပေးရင်း ကျောင်းသားများ တပည့်များရဲ့ အသိပညာ နယ်ပယ်ကို ချဲ့ပေးဖို့လိုပါတယ်။ များများပေးနိုင်အောင် ဆရာကိုယ်တိုင် လည်း များများစုရမှာ မရပ်မနားစုရမှာ ဖြစ်ပါတယ်။ တပည့်များက စာတတ်လေလေ ဆရာ့ကို ပိုမိုလေးစားလေလေ ဖြစ်သွားအောင် ထိန်းနိုင် တာက ဆရာစားကြောင့်မဟုတ်ပါ။ ဆရာရဲ့စေတနာ မေတ္တာကြောင့် သာဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာ့ဝတ္တရားများ ၄

**'ဘေးရန်ဆီးကာ'**

ဆရာက တပည့်များကို ပညာသင်ကြားပေးတဲ့အခါ ဘဝတစ်လျှောက်လုံးမှာ လူချင်းတူတူ သူချင်းမျှမျှ နေတတ်ရုံမက တိုးတက်ဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်းကို ဦးဆောင်လမ်းပြ ပြုပေးနိုင်တဲ့သူများဖြစ်သည်အထိ ဦးတည်ချက်ထားကာ သင်ကြားပေးရမယ် ဖြစ်ပါတယ်။ အသိပညာ အတတ်ပညာများကို သင်ကြားပေးတဲ့အခါမှာ အခုဘဝမှာ တွေ့နိုင်ခြေရှိတဲ့ ဘေးအန္တရာယ်တွေ၊ နောက်လာမည့်ဘဝမှာ ရင်ဆိုင်ရဖွယ်ရှိတဲ့ ဘေးအန္တရာယ်တွေနဲ့ ပတ်သက်လို့ ဘယ်လိုတိမ်းရှောင်မယ်၊ ဘယ်လိုရင်ဆိုင်သင့်တယ်ဆိုတဲ့ နည်းနာများနဲ့ပတ်သက်ပြီး သွန်သင်ပေးသင့်ပါတယ်။

တကယ်တော့ ဘေးအန္တရာယ်ဆိုတာ ဘယ်လိုပုံနဲ့ ရောက်ရှိလာမယ်ဆိုတာကို ဆရာနဲ့တပည့်များ စာပေသင်ကြားလေ့ကျက်နေတဲ့အချိန်မှာ တိတိပပသိနိုင်ကြဖို့ မလွယ်ပါဘူး။ ခေတ်အခြေအနေအပြောင်းအလဲတွေ လူမှုသဘာဝ အပြောင်းအလဲတွေစတဲ့ အပြောင်းအလဲအလိုက်လည်း ဘေးအန္တရာယ်ဆိုတာ ပေါ်ပေါက်လာနိုင်တာပါပဲ။ အဲသည်လို သေသေချာချာ ရေရေရာရာ မသိနိုင်တဲ့ဘေးဆိုးများကို ဆီးကာပေးနိုင်တဲ့အလုပ်ကို ဆရာက ဘယ်လိုလုပ်ပေးနိုင်မှာပါလဲ။ စဉ်းစားကြဖို့ လိုအပ်ပါတယ်။

စာသင်ကြားတဲ့နေရာမှာတောင် ဘယ်သင်ခန်းစာကို ဘယ်လိုသင်ဆိုတဲ့ ပုံသေနည်းမရှိပါဘူး။ အဲသည်လိုပုံသေနည်း ပေးထားရင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တောင်မှ တကယ်လက်တွေ့လုပ်ဆောင်တဲ့နေရာမှာ ပြင်ပြီးသုံးရမှာတွေက အများကြီးရှိပါတယ်။ ကာလဒေသအလိုက် ပြောင်းလဲသွားတဲ့ အကြောင်းအရာတွေက အများကြီးဖြစ်ပါတယ်။ သင်ရိုးထဲမှာပါတဲ့ အကြောင်းအရာတွေကပေမယ့် အသစ်အသစ်သော ရှာဖွေတွေ့ရှိချက်များကြောင့် ပြောင်းလဲနိုင်ခြေရှိတာကိုး။ ကျောင်းသားများရဲ့ အသိအမြင်ကလည်း ခေတ်အလိုက် အရွယ်အလိုက် ပြောင်းလဲနေတဲ့အရာ ဖြစ်ပါတယ်။ အဲသည်လို အကြောင်းအရာမျိုးစုံနဲ့ပတ်သက်ပြီး တစ်ခုချင်းအလိုက် ပုံသေနည်းပေးထားလို့ မရပါဘူး။ ကာလတစ်ခုတည်းမှာ ဒေသပြောင်းရင် ပြောင်းသွားနိုင်တဲ့ ကျောင်းသားများရဲ့ ဖွံ့ဖြိုးမှုကလည်း သင်ကြားရေးမှာ ပဓာနကျတဲ့အကြောင်း ဖြစ်ပါတယ်။

ဆရာက စာသင်ကြားတဲ့နေရာမှာ အချက်အလက်များကို အာဂုံဆောင်နိုင်ဖို့ထက် ကျောင်းသားရဲ့ တွေးတောနိုင်စွမ်းနဲ့ ခံစားနိုင်စွမ်းများ ဖွံ့ဖြိုးအောင် သင်ကြားပေးဖို့ လိုအပ်ပါတယ်။ ကျောင်းသားဟာ အကြောင်းအရာတစ်ခုခုကို ဖြေရှင်းရတော့မယ်ဆိုရင် သူ့ဘာသာသူ တွေးတောပြီး အဖြေထုတ်ယူနိုင်စွမ်းရှိရပါမယ်။ ဘယ်လိုအရာကိုပဲ ဆုံးဖြတ်တော့မယ်ပဲဆိုဆို သင့်တော်တယ် မသင့်တော်ဘူးဆိုတာကိုလည်း သုံးသပ်ဆုံးဖြတ်နိုင်စွမ်း ရှိရပါမယ်။ တရားတယ်၊ မတရားဘူး။ ညာတာသင့်တယ်၊ မညာတာသင့်ဘူးဆိုတာတွေဟာ တွေးတောမှုတစ်ခုတည်းနဲ့ ဆုံးဖြတ်လို့ရတဲ့အရာများ မဟုတ်ကြပါဘူး။ ဟန်ချက်ညီတဲ့ ခံစားမှုလည်း ဖွံ့ဖြိုးနေရမှာဖြစ်ပါတယ်။

**'ဘေးရန်ဆီးကာ'** ဆိုတဲ့ အပိုဒ်ကလေးကို ရှင်းရမယ့်အရေး သင်ပြနည်းအကြောင်းတွေကို ပြောနေရတာကတော့ မိမိရဲ့တပည့်ကို ဆရာကလည်း အမြဲလိုရင်ခွင်ပိုက်ထားပြီး ဘာကိုလုပ်၊ ဘာကိုမလုပ်နဲ့လို့ အမြဲညွှန်ပြနေနိုင်မှာ မဟုတ်ပါဘူး။ အဲသည်တော့ ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အစွမ်းအစများကို ဖွံ့ဖြိုးတိုးတက်သွားအောင် သင်ပေးထားမှသာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်နေ့ လူလားမြောက်လာတဲ့အခါမှာ သူ့ဘာသာသူ အခြေအနေများကို သုံးသပ်ဆုံးဖြတ်တတ်လာပါလိမ့်မယ်။ ဘေးရန်များကိုလည်း တင်ကြို တွက်ဆပြီး ရှောင်တိမ်းသွားမှာဖြစ်ပါတယ်။ အဲသည်လို ကိုယ်ပိုင်အစွမ်း အစ ဖွံ့ဖြိုးအောင် သင်ပေးခြင်းကို ခံယူရတဲ့သူများတောင်မှ ဉာဏ်ရည် ဟာ သင်လိုက်တာနဲ့ ချက်ချင်းလက်ငင်း ပြည့်ဝသွားမှာ မဟုတ်ပါဘူး။ အခက်အခဲများကို ကျော်လွှားရင်း တစ်စထက်တစ်စ တိုးတက်သွားမှာ ဖြစ်ပါတယ်။

အဲသည်လို စာပေသင်ကြားရင်း ဆရာဖြစ်တဲ့သူက တပည့်များ ကို ဘေးရန်အန္တရာယ် ရှိနိုင်တဲ့အရာများနဲ့ အယုက်အတင်မရှိအောင် မကောင်းသောသူများနဲ့ မပေါင်းဖော်မိအောင် မှားယွင်းတဲ့အလေ့အကျင့် များကို မလိုက်စားမိအောင် စောင့်ရှောက်တယ်ဆိုတာကလည်း ဘေးရန် ဆီးကာတဲ့အလုပ်ကို လုပ်တာပါပဲ။ ဥပမာဆိုပါတော့ အခုခေတ်မှာ သိပ်သတိထားရမယ့်ကိစ္စက မူးယစ်ဆေးဝါးများနဲ့ မပတ်သက်အောင် ဟောပြောသွန်သင်တဲ့ကိစ္စ ဖြစ်ပါတယ်။ တပည့်များအပေါ် ကျရောက် နိုင်တဲ့ ဘေးအန္တရာယ်များကို တားဆီးထားခြင်းဟာ ခေတ်သစ်မှာ ပိုပြီးရှုပ်ထွေးလာပြီ ဖြစ်ပါတယ်။ ကျွန်မတို့ အထက်တန်းပြဆရာအဖြစ် ထမ်းဆောင်ချိန်တုန်းက တပည့်များကို အရက်သေစာ မသောက်စားဖို့ လောက်ပဲ ဟောပြောဆုံးမရပါတယ်။ နောက်ဆယ်စုနှစ်အတွင်းမှာ တပည့်များ အတန်းထဲမှာ ငိုင်နေမှိုင်နေမယ်ဆိုရင် မူးယစ်ဆေးနဲ့များ ပတ်သက်မိပြီလားဆိုတာကို ဆရာက စဉ်းစားရပါပြီ။ စုံစမ်းစစ်ဆေးရပါ ပြီ။ ပြီးတော့ စာသင်တဲ့အခါ သင်ရိုးထဲမှာပါတဲ့ စာလောက်ကိုသာ မသင်ဘဲ စမိရင်စွဲတတ်တဲ့ စွဲမိရင်လည်း စန့်တတ်တဲ့ မူးယစ်ဆေးကို ဝေးဝေးကရှောင်သင့်တဲ့အကြောင်းကို အကြောင်းသင့်တိုင်း သွန်သင်ဖို့ လိုအပ်ပါတယ်။

အခုနောက်ပိုင်းမှာ ခေတ်သစ်ကပ်ရောဂါဆိုးများဖြစ်တဲ့ အေ့ဒ်စ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လို ရောဂါမျိုးပါမကျန် ကျောင်းသားများမှာ မကပ်ငြိအောင် ဆရာက သတိရှိရှိနဲ့ ဟောပြောသွန်သင်ရပြီ ဖြစ်ပါတယ်။

ဘေးရန်ဆီးကာဆိုတဲ့ စကားဟာ ခေတ်အလိုက် အလွန်ကျယ်ပြန့်လာပြီ ဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ မူးယစ်ဆေးနဲ့ အေ့ဒ်စ်လိုရောဂါမျိုးကိုသာ ဝေးဝေးကရှောင်ရမှာ မဟုတ်ပါဘူး။ ပညာဉာဏ်မပြည့်စုံသေးတဲ့ အကောင်းအဆိုး မဝေဖန်တတ်သေးတဲ့သူများကို လူပေါင်းမမှားအောင်လည်း သွန်သင်ရပါမယ်။ အရင်တုန်းကတော့ လူပေါင်းမမှားအောင်လို့ဆိုရင် သောက်သောက်စားစား လုပ်တတ်တဲ့သူ လောင်းကစားလုပ်တတ်တဲ့သူများနဲ့ မပေါင်းသင်းမိအောင်လောက်ကိုပဲ သတိပေးရမှာ ဖြစ်ပါတယ်။ အခုအချိန်အခါမှာတော့ အဖျက်အမှောင့်လုပ်တဲ့သူများ အယူအဆအမှားများကို သွတ်သွင်းမယ့်သူများနဲ့ပါ မပေါင်းသင်းမိအောင် သွန်သင်ရ တားမြစ်ရ စောင့်ရှောက်ရမှာဖြစ်ပါတယ်။

အကြောင်းကြောင်းကြောင့် တပည့်ဖြစ်သူမှာ ဘေးအန္တရာယ်ကျရောက်လာတဲ့အခါ ဆရာက ဘေးအန္တရာယ်ကို မိမိသီလ သမာဓိအားနဲ့ ကာကွယ်ပေးရပါမယ်။ ဆိုလိုတာက ဆရာ့ကိုလေးစားတဲ့သူများက ဆရာ့အနေနဲ့ တပည့်မှာ အပြစ်မရှိဘူးလို့ဆိုရင် လက်ခံနိုင်လောက်တဲ့ အနေအထားရှိခဲ့ရင် (ကျစ်လျစ်တဲ့သေးငယ်တဲ့ အသိုက်အဝန်းမှာ ဖြစ်နိုင်ခြေ ရှိပါတယ်) ဆရာက ကယ်ဆယ်ကာကွယ်ပေးနိုင်ရပါမယ်။ အဲသည်လိုမဖြစ်နိုင်ရင်လည်း တရားဥပဒေကြောင်းအရ ဖြောင့်မှန်အောင် ဆောင်ရွက်ပေးရမယ် ဖြစ်ပါတယ်။

ကျွန်မတင်ပြခဲ့တဲ့ ဘေးရန်ဆီးကာတဲ့နည်းတွေဟာ ကြိုတင်ကာကွယ်မှုနဲ့ ပိုပြီးသက်ဆိုင်ပါတယ်။ ကျောင်းသားများအနေနဲ့ မကောင်းတဲ့အလုပ်ကို မကောင်းမှန်း အကျိုးမဲ့မှန်းသိပြီး ရှောင်ကြဉ်အောင်သွန်သင်ပေးတာဟာ အထိရောက်ဆုံးနည်းနဲ့ ဘေးရန်ဆီးကာတာဖြစ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခုပစ္စုပ္ပန်ကာလမှာ ဘေးဖြစ်ဖွယ်ရှိတဲ့အကြောင်းများနဲ့ မပတ်သက်အောင် သင်ကြားရင်း နောင်ဘဝအထိ မကောင်းကျိုးများမပါအောင် ဘယ်လိုနေရမယ်ဆိုတာကိုပါ သင်ကြားတာဟာ နောက်ဘဝအတွက်ပါ ကောင်းအောင်ပြုပြင်ပေးနိုင်တဲ့ ဆရာ့သြဇာကို ဖော်ပြရာရောက်ပါတယ်။

ကျွန်မတို့ငယ်ငယ်ကဆိုရင် သေရည်သေရက် သောက်စားမူးယစ်တဲ့သူများဟာ နောက်ဘဝမှာ ရူးသွပ်တဲ့သူများ ဖြစ်နိုင်တယ်။ မမှန်တာပြောတတ်တဲ့သူများဟာ အာခံတွင်းက ပုပ်တယ်၊ စကားပြောရင် သြဇာမတည်ဘူးစသည်ဖြင့် အခုဘဝမှာတင်မက နောက်ဘဝများအထိ မကောင်းကျိုးဆက်ပြီးပေးတတ်တဲ့ သီလပျက်ယွင်းမှုများနဲ့ပတ်သက်တဲ့ ဘဝနောက်ကြောင်းအထိ ထိခိုက်မှုများကိုပါ သိရမှတ်ရပါတယ်။ ကျွန်မတို့ခေတ်ကတော့ ဘေးရန်ကလည်း အခုလောက်မများသေးတဲ့အတွက် ဘေးရန်ဆီးကာဆိုတဲ့ ဆရာ့ဝတ္တရားဟာ ရိုးစင်းပါတယ်။ အခုအချိန်မှာ ကောင်းတာနဲ့ရော မကောင်းတာနဲ့ပါ ပတ်သက်တဲ့ တိုးတက်မှုတွေက အရှိန်အဟုန် ပြင်းထန်နေပြီဆိုတော့ ဆရာများဘက်က သတိရှိကြရမှာဖြစ်ပါတယ်။

ဆရာအလုပ်ကို အသက်မွေးဝမ်းကျောင်းမှုတစ်ခုအဖြစ်သာ လုပ်နေတဲ့ဆရာများကတော့ အဲသည်လောက်တော့ အဲသည်ကိစ္စများကို လုပ်ပေးဖို့လောက် တာဝန်မယူနိုင်ဘူး။ မတတ်နိုင်ဘူးလို့ ပြောကောင်းပြောကြပေလိမ့်မယ်။ ကျွန်မတို့ခေတ်ကလည်း ကျောင်းဆရာအလုပ်ဟာ ပစ္စည်းဥစ္စာ ရတနာရွှေငွေနဲ့ပတ်သက်လို့ကတော့ ကြွယ်တောင့်ကြွယ်ပိုး မရှိလှပါဘူး။ သို့သော် လူသားကလေးများကို သူတို့ဆက်လက်သွားရမယ့် ဘဝခရီးမှာ သွားလမ်းလာလမ်းဖြောင့်အောင် သွန်သင်နိုင်တဲ့ဆရာများဟာ အင်မတန်မှသိက္ခာကြီးမားတဲ့ ဆရာများအဖြစ်ကို ရောက်ခဲ့ကြပါတယ်။ ဆရာဆိုတာ သိက္ခာနဲ့ကြွယ်ဝရတဲ့သူများသာ ဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာ့ဝတ္တရားများ ၅

**'သင့်ရာ အပ်ပို့'**

ဆရာ့ဝတ္တရားများထဲမှာ တပည့်ကို ပညာသင်ဆဲမှာဖြစ်ဖြစ် ပညာသင်ကြားပြီးတဲ့နောက် အလုပ်လုပ်ရတော့မယ့် အခါမှာဖြစ်ဖြစ် သင့်တော်တဲ့နေရာကို အပ်နှံပေးရမယ့် ဝတ္တရားတစ်ခုပါပါတယ်။ ပညာသင်ဆဲမှာ သင့်ရာအပ်ပို့ရတာကတော့ ပိုပြီးအဆင့်မြင့်တဲ့ပညာများကို သင်ကြားခွင့်ရအောင် ဖြစ်ပါတယ်။ အလုပ်ခွင်ဝင်တော့မယ်ဆိုတော့လည်း မိမိရဲ့တပည့်များရဲ့ စရိုက်နဲ့သင့်လျော်ရာနေရာကို ရောက်ဖို့၊ မိမိရဲ့တပည့်များ ပိုမိုရင့်ကျက်ကာ အစွမ်းအစပြနိုင်တဲ့နေရာကို ရောက်ဖို့အတွက် လုပ်ရတဲ့အလုပ်တစ်ခု ဖြစ်ပါတယ်။

အဲသည်လို သင့်ရာအပ်ပို့ကိစ္စနဲ့ အပြုသဘောဆောင်တဲ့အကြောင်းအရာများကို မတင်ပြခင်မှာ အဖျက်သဘော (အပျက်သဘောလို့လည်း ပြောလို့ရပါတယ်) ဆောင်တဲ့ သာဓကများကို ပြောပြချင်ပါတယ်။ ကျွန်မဟာ အလုပ်ခွင်မှာရှိတုန်းကတည်းက စာရေးတဲ့သူ ဖြစ်ပါတယ်။ အလုပ်ကိုလည်း တာဝန်ကျေပွန်အောင် လုပ်ရဦးမယ်။ စာကိုလည်း ရေးရဦးမယ်ဆိုတော့ အပေါင်းအသင်း မဆံ့လှပါဘူး။ ကိုယ်က အချိန်ပေးပြီး ဆည်းကပ်ရမယ့်သူများကိုတော့ ဆည်းကပ်လေ့ရှိပါတယ်။ ပြန်လာရင် အသိပညာတွေ တွေးတောစဉ်းစားစရာတွေ အများကြီးရခဲ့ပါတယ်။ ဥပမာဆိုပါတော့ ကျွန်မ ပညာရေးတက္ကသိုလ်မှာ ရှိစဉ်က အင်္ဂလိပ်စာဌာနမှာ ဆရာကြီးဦးသီဟလည်း ရှိပါတယ်။ ဆရာကြီးဦးသီဟက ဆရာများအတွက် အင်္ဂလိပ်လို သင်ရိုးညွှန်းတမ်းဖွဲ့စည်းမှု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘာသာရပ်ကို ပို့ချတဲ့နေ့များမှာ ကျွန်မက မပျက်မကွက် တက်ရောက်ခဲ့ပါတယ်။ လေးစားစွာလည်း နားထောင်မှတ်သားခဲ့ပါတယ်။ လူအနေနဲ့တော့ ပင်ပန်းကောင်းပင်ပန်းမှာပေါ့။ စိတ်ကတော့ ရွှင်ပျနေပါတယ်။ ဆရာကြီးက စာသင်တာ သိပ်ကောင်းပါတယ်။ အဲသည်လို ဆရာကြီးမျိုးနဲ့ ကျွန်မဟာ တရင်းတနှီး မဆက်ဆံဖူးပါဘူး။ အင်မတန်တော့ လေးစားပါတယ်။ အခုပြန်တွေ့တဲ့အခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်မိကြပါတယ်။

အဲသည်လိုမျိုး ဆက်ဆံရတဲ့သူများသာ ကျွန်မမှာရှိခဲ့လေတော့ တစ်ချိန်လုံး ကျွန်မလေးစားခဲ့တဲ့ သူငယ်ချင်းများက သူတို့တပည့်များကို သင့်ရာအပ်ပို့ လုပ်နေတဲ့နည်းလမ်းများကိုလည်း ကျွန်မသိလိုက်ရော ရိုက်ချတာကို ခံစားရသလို ဖြစ်သွားပါတယ်။ ဘယ်လိုနည်းနဲ့ သင့်ရာအပ်ပို့ကြသလဲဆိုတော့ စားဝိုင်းသောက်ဝိုင်းကြီးများနဲ့ ဆရာအချင်းချင်း မိတ်ဖွဲ့ထားကြပြီး သူကြီးကြပ်ရတဲ့ကျမ်းနဲ့ သူများကြီးကြပ်ရတဲ့ ကျမ်းကို စစ်ဆေးအကဲဖြတ်ပြီး အမှတ်ပေးတဲ့အခါများမှာ အပြန်အလှန် သက်ညှာကြတဲ့နည်းဟာ သူတို့ရဲ့သင့်ရာအပ်ပို့နည်း ဖြစ်ပါတယ်။ နောက်တစ်နည်းကလည်း ရှိပါသေးတယ်။ ကျမ်းပြုစုတယ်ဆိုတာက ကျောင်းသားကိုယ်တိုင် ပြုစုရတာဖြစ်ပါတယ်။ ကိုယ်တိုင်ပြုစုမှသာ လေ့လာရင်း သုတေသနပြုရင်း တစ်စထက်တစ်စ ပိုမိုရင့်ကျက်ပြီး တတ်မြောက်လာမှာဖြစ်ပါတယ်။ အခုတော့ ဆရာအချင်းချင်းကပဲ ပွဲစားလုပ်ပြီး အသင့်ရေးထားတဲ့ကျမ်းကို ရောင်းစေဝယ်စေတာများလည်း ရှိနေတာကို သိလိုက်ရပါတယ်။ အခုလို ကျမ်းရေးစရာမလိုတော့တဲ့ ခေတ်မှာတော့ အဲသည်ကိစ္စတွေရှိမှာ မဟုတ်တော့ပါဘူး။

ကျွန်မကတော့ **'သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ'** ဆိုတဲ့ ဆရာ့ဝတ္တရားများကို ခေတ်သစ်နည်းနဲ့ ဖျက်ဆီးနေကြတာ အင်မတန်မှ ဆိုးရွားတဲ့ အဂတိလိုက်စားနည်းလို့ ဆိုချင်ပါတယ်။ ဘယ်လိုမှ မကောင်းတဲ့နည်း ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အလုပ်ခွင်မှာ သင့်ရာအပ်ပို့တယ်ဆိုတဲ့ အခါမှာလည်း အမှန်တကယ် သင့်တော်တဲ့နေရာကို အပ်ပို့မှသာ ဘဝတစ်သက်တာလုံး အဆင်ပြေမှာ ဖြစ်ပါတယ်။ အခုလောလောဆယ်မှာသာ အဆင်ပြေပြီး နောက်ပိုင်းမှာ ဒုက္ခများစေမယ့် နေရာဌာနကိုလည်း မပို့သင့်ပါဘူး။ ဆရာက လေးစားယုံကြည်တဲ့ ဆရာသစ်ကလည်း တပည့်ဖြစ်သူကို ကောင်းစွာဆက်ဆံပြီး တစ်ဘဝလုံးနဲ့ပတ်သက်လို့ ကောင်းရာကောင်းကြောင်း နည်းလမ်းကောင်းများကိုသာ သင်ကြားပေးသင့်ပါတယ်။ '*သင့်ရာ အပ်ပို့တယ်*' ဆိုတာက စားရေးသောက်ရေးသာမက နေနည်းထိုင်နည်း မှန်ကန်အောင် ပညာကိုအဆင့်ဆင့်တိုးပြီး လေ့လာနိုင်အောင် လမ်းပွင့်နေတဲ့နေရာကို ပို့တာဖြစ်သင့်ပါတယ်။

ကျွန်မဟာ မြောင်းမြဆရာတော်ကြီးရဲ့ အတ္ထုပ္ပတ္တိကိုလည်း အင်မတန်မှကြည်ညိုစွာ ဖတ်ဖူးပါတယ်။ နောက်ပြီးတော့ မြောင်းမြဆရာတော်ကြီးရဲ့ တပည့်တော်တဲ့ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ တစ်ဘဝသံသရာစာအုပ်၊ ဆရာတော် ဦးဃောသိတ ပြုစုတော်မူတဲ့ တစ်ဘဝသာသနာစာအုပ်များကိုလည်း ဖတ်ဖူးပါတယ်။ မြောင်းမြဆရာတော်ကြီးက တပည့်ဖြစ်သူထက် ၈ နှစ်သာ သက်တော်ကြီးပါတယ်။ သို့သော် ဆရာနဲ့တပည့်ပီသစွာ စောင့်ရှောက်တော်မူတာကို ဖတ်ရှုပြီးတော့ မိဘက သားသမီးကို စောင့်ရှောက်သလို၊ သက်တော်ကြီး ဝါတော်ကြီးဖြစ်တဲ့ ဆရာတော်ကြီးတစ်ပါးပါးက တပည့်ငယ်ကလေးအပေါ် ကြောင့်ကြစိုက်သလိုမျိုး မှတ်ယူရပါတယ်။

အရှင်ဇနကာဘိဝံသဟာ စာတော်တဲ့တပည့် ဖြစ်ပါတယ်။ မြောင်းမြဆရာတော်ကြီးက စာတော်ပြီးသားတပည့်ကို တော်သည်ထက်တော်အောင် ပခုက္ကူမြို့ကိုသွားပြီး စာဝါလိုက်စေပါတယ်တဲ့။ အဲသည်နေရာမှာ မရှင်းဘဲထားရင် အယူအဆမှားသွားနိုင်ပါတယ်။ ပခုက္ကူ စာသင်တိုက်ကြီးများကိုသွားပြီး စာတက်မှ ပိုတော်မှာလားဆိုပြီး စောဒက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တက်လိုတဲ့သူများ ရှိနိုင်ပါတယ်။ သင်ကြားနည်းဟာ တက္ကသိုလ်တစ်ခုနဲ့ တစ်ခု မတူကြပါဘူး။ တစ်နေရာမှာ အားသာရင် တစ်နေရာမှာ အားနည်းကောင်း နည်းနိုင်ပါတယ်။ စာဝါသွားတက်တဲ့သူက သိပ်မထူးချွန်ရင်တော့ စာကျက်ဆိုရင် ကျက်လိုက်မှာပါပဲ။ စာကိုပို့ချသင်ကြားတဲ့နည်းစာထဲမှ အနှစ်ကိုထုတ်ယူတဲ့နည်းများကို ဆန်းစစ်လေ့လာနိုင်မှာ မဟုတ်ပါဘူး။ အရှင်ဇနကာဘိဝံသလို စာသင်သားကတော့ အားလုံးကို ချိုင့်လေ့လာနိုင်မှာ သေချာပါတယ်။အဲဒါကြောင့်လည်း စာသင်တိုက်အတွက် သာသနာတော်အတွက် မျှော်ကိုးပြီး မြောင်းမြဆရာတော်ကြီးက အရှင်ဇနကာဘိဝံသ ဖြစ်လာမယ့်ဦးပဥ္စင်းကို ပခုက္ကူမြို့မှာ စာဝါသွားလိုက်စေချလို့ မိန့်တော်မူခဲ့တာပါပဲ။ ဆရာတော်ကြီးက အဲသည်လောက်သာ မိန့်ပြီးကြောင့်ကြမဲ့နေတော်မူတာ မဟုတ်ပါဘူး။ ပဥ္စင်းငယ်မျှသာ ဖြစ်တော်မူတဲ့တပည့်ကို မမှားတန်ရာမမှားအောင် ထိန်းသိမ်းစောင့် ရှောက်ပေးဖို့ ဦးပဥ္စင်းတစ်ပါးကို ထည့်တော်မူလိုက်ပါသတဲ့။

အရှင်ဇနကာဘိဝံသဖြစ်တော်မူလာမယ့် ဦးဥ္စင်းကလည်း ပခုက္ကူကို စာဝါသွားတက်ရတာ နေရေးထိုင်ရေးနဲ့ ဆွမ်းကွမ်းကိစ္စများမှာ များစွာအဆင်မပြေလှတာကြောင့် ပျော်လှတယ်လို့ မဆိုနိုင်ပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ပခုက္ကူမြို့မှာ စာသင်သားများတဲ့ ကျောင်းတိုက်ကြီးတွေ များပါတယ်။ တစ်မြို့လုံးဆိုတော့ ဆွမ်းကွမ်းကိစ္စကို တာဝန်ယူနေရတဲ့ မြို့သူမြို့သားများရဲ့ သဒ္ဓါအားကလည်း အံ့သြဖွယ်ရာဖြစ်ပါတယ်။ သို့ပေမယ့် သံဃာအားကများလှတော့ သံဃာများမှာလည်း ဆွမ်းကွမ်းကိစ္စက ပြည့်စုံလှတယ်လို့လည်း မဆိုနိုင်ပါဘူး။ အဲဒါကြောင့် အရှင်ဇနကာဘိဝံသအလောင်းအလျာ ဦးပဥ္စင်းက ပခုက္ကူမှာ ပျော်တယ်လို့ မပြောနိုင်တာဖြစ်ပါတယ်။ သို့ပေမယ့် မိမိကိုစေလွှတ်လိုက်တဲ့ဆရာရဲ့စေတနာနဲ့ ပခုက္ကူမှာ စာပေလေ့လာရခြင်းရဲ့ အကျိုးကျေးဇူးများကိုထောက်ထားပြီး ဆရာသတ်မှတ်တဲ့အချိန်မတိုင်မီမှာ ပြန်မလာဘဲ စာကို ကြိုးကြိုးကုတ်ကုတ် သင်ယူနေခဲ့ပါတယ်တဲ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဲသည်အကြောင်းကို ကျွန်မဖတ်ရတဲ့အခါ ဆရာဖြစ်တဲ့ မြောင်းမြ ဆရာတော်ကြီးကိုလည်း တပည့်အတွက် တိုးတက်ရာ တိုးတက်ကြောင်း ကိုညွှန်ပြတော်မူနိုင်တယ်။ သင့်တော်ရာမှာ စာပေလေ့လာနိုင်အောင် ပို့ပေးနိုင် အပ်ပေးတော်မူနိုင်တယ်။ တပည့်ဖြစ်သူကလည်း ဆရာ့စကား ကို မြေဝယ်မကျအောင် လိုက်နာတော်မူနိုင်တယ်ဆိုတာကို သိရပြီး အလွန်တရာမှ ကြည်ညိုသဒ္ဓါပွားခဲ့ရပါတယ်။ သာသနာတော် စည်ပင် ထွန်းကားအောင် ကြိုးကုတ်အားထုတ်တော်မူတယ်ဆိုတာဟာ အဲသည် လို ဆရာတပည့်စဉ်ဆက် မပျက်မကွက်ကြိုးစားခဲ့ကြလို့ အောင်မြင်တာ ကိုးလို့လည်း တွေးတောမိပါတယ်။

အဲသည်လို ကျွန်မရဲ့ကြည်ညိုသဒ္ဓါအား ပွားများရတဲ့အကြောင်း ကို မကြာခဏဆိုသလို ပြောမိတဲ့အခါမှာ ဆရာတော်တစ်ပါးက အမိန့် ရှိတာကိုလည်း ထည့်သွင်းဆွေးနွေးလိုပါတယ်။ အဲသည်ဆရာတော်က မိန့်ဆိုတာကတော့ 'သင့်ရာ အပ်ပို့'ရမှာက ဆရာ့ဝတ္တရားဖြစ်တဲ့အတွက် မိမိကျောင်းက စာတော်တယ်၊ အနေအထိုင်လည်း တော်တယ်လို့ ယူဆ ရတဲ့တပည့်ကို ကျောင်းတိုက်ကြီးများမှာ စာဝါသွားလိုက်ဖို့ အပ်ခဲ့ ပို့ခဲ့ဖူးပါတယ်တဲ့။ သို့ပေမယ့် မိမိတပည့်က မိမိထင်သလို မကြိုးစားဘဲ စည်းကမ်းပျက်တာတွေ စာမလိုက်နိုင်တာတွေနဲ့ ကြုံလာရတော့ နောက် ပိုင်းမှာ သင့်ရာအပ်ပို့ဖို့ အင်မတန် တွန့်ဆုတ်သွားပါတယ်တဲ့။

သံဃာများကို စာပေသင်ကြားပေးတဲ့ စာသင်တိုက်မှာပဲဖြစ်ဖြစ် လောကီစာများကို သင်ပေးတဲ့ ကျောင်းများမှာဖြစ်ဖြစ် ဆရာချည်း တော်လို့လည်း မဖြစ်သေးပါဘူး။ တပည့်ကလည်း တော်ဦးမှဖြစ်မှာပါပဲ။ အဲသည်လို တပည့်တော်ဖို့ကိစ္စကလည်း ဆရာကပဲ ဦးဆောင်ရမှာဖြစ်ပါ တယ်။ အဲသည်လို ဆရာ့ဘက်က ဝတ္တရားမပျက်ယွင်းအောင် ကြိုးစား နေတဲ့ကြားကနေပြီး ဆရာများ ရင်ဆိုင်ရမယ့် ပြဿနာများကလည်း ဘက်မျိုးစုံက အသွင်မျိုးစုံနဲ့ ရောက်ရှိလာနိုင်ပါတယ်။ တပည့်မတော်တာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြောင့် ဖြစ်လာတဲ့ပြဿနာသာမက ပတ်ဝန်းကျင်က မိမိကိုနားမလည်တဲ့ပြဿနာများအထိ ရှိလာနိုင်ပါတယ်။ ရေရှည်မှာတော့ သိက္ခာကြီးမားတဲ့ဆရာများဟာ ခံနိုင်ရည်အရှိဆုံး ဖြစ်မှာပါပဲ။ မိမိတို့က တပည့်များကို မှန်ကန်တော်တည့်ခြင်းနဲ့ မိမိကိုယ်ကိုဆောက်တည်ရင်း တိုးတက်အောင် ကြိုးစားသင့်တယ်ဆိုတာ သင်ရမှာဖြစ်ပါတယ်။ လေးလေးနက်နက် ပြောရရင် နိုင်ငံတစ်နိုင်ငံမှာ အမျိုး ဘာသာ သာသနာ တိုးတက်စည်ပင်ဖို့ဆိုတာ ဆရာအားနဲ့တပည့်အား ပေါင်းမိမှသာ အောင်မြင်နိုင်တဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ။

# တပည့်နဲ့ဆရာ ရေနွေးကြာလို့ ဆိုပါတယ် ၁

ဆရာများနဲ့ပတ်သက်တဲ့ အတွေးများကို ဥပမာများနဲ့တကွ တင်ပြလာခဲ့တာ အတော်ကလေးကြာခဲ့ပါပြီ။ အခု တင်ပြချင်တဲ့အကြောင်းကတော့ လေးလံနေတဲ့ စာသွားစာလာကြားမှာ စိတ်ဝင်စားစရာ ကောင်းသလောက် တွေးတောစရာတွေအများကြီးပါတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်လမ်းကလေးတစ်ပုဒ် ဖြစ်ပါတယ်။

ကြာတော့လည်း ကြာခဲ့ပါပြီ။ အဲသည်ရုပ်ရှင်ကို ကျွန်မဟာမော်စကိုမှာ ၁၉၆၇ ခုလောက်က ကြည့်ခဲ့ရတာပါ။ မြန်မာနိုင်ငံကို ပြန်လာတော့လည်း အဲသည်ကားကို မြန်မာနိုင်ငံမှာ ပြနေဆဲဖြစ်လို့ ကြည့်လိုက်ရပါသေးတယ်။ ဇာတ်ကားအမည်က ဒဲကိသ၂ဓါဒေ ဖြစ်ပါတယ်။ မော်စကိုမှာ ရုရှအသံသွင်းထားပြီး မြန်မာနိုင်ငံမှာတော့ အင်္ဂလိပ်စာတန်းထိုးထားပါတယ်။ ဇာတ်ကားက ဂျပန်ကားဖြစ်ပါတယ်။

ဇာတ်လမ်းအစမှာ တောသားကလေးတစ်ယောက်ဟာ ဂျူဒိုသင်ချင်လို့ မြို့ကိုတက်ခဲ့ပါတယ်။ မြို့ကို မလည်မဝယ်နဲ့ အဝတ်ထုပ်ကလေးကို ဝါးလုံးကလေးနဲ့လျှိုပြီး ရောက်လာတဲ့ တောသားကလေးဟာ မြို့ပြင်ဘက်မှာ နောက်လိုက်ငယ်သားတစ်စုနဲ့ သောက်စားမူးရူးနေတဲ့ ဆရာတစ်ယောက်လက်ထဲကို ရောက်သွားပါတယ်။ တောသားကလေးဟာ ဘာကိုမှမသင်ရသေးခင် သေရည်ဝယ်ပေးရတာနဲ့ ဆရာကြီးနဲ့ တပည့်များရဲ့ အနိုင်ကျင့်ခြင်းခံရတာနဲ့ဆိုတော့ စိတ်ညစ်နေရပါတယ်။ သူတို့အချင်းချင်းတိုင်ပင်တာကို ကြားရတဲ့အခါမှာလည်း ကောင်းတာကဘာမှမရှိဆိုသလို ဖြစ်နေပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



တစ်နေ့တော့ ဆရာကြီးနဲ့သူ့တပည့်များဟာ သူတို့နဲ့ပြိုင်ဘက်ဖြစ်တဲ့ တခြားဂျူဒိုဆရာကြီးတစ်ယောက် သူတို့ရပ်ကွက်ထဲက ဖြတ်သွားမယ်ဆိုတဲ့ သတင်းရတာနဲ့ ချောင်းပြီးတိုက်ဖို့ စီစဉ်ကြပါတယ်။ တောသားကလေးကတော့ ဘာလုပ်ရမှန်းမသိဖြစ်နေပါတယ်။ ကြောက်ကလည်းကြောက်တော့ ချောင်းပြီးကြည့်နေတာပေါ့။ လန်ခြားတစ်စီးလာတာနဲ့ဆရာကြီးနဲ့တပည့်များက ဖြတ်ပြီးတိုက်ခိုက်ပါတယ်။ လန်ခြားဆွဲတဲ့သူက ထွက်ပြေးတော့ လန်ခြားပေါ်က ဥပမိသိပ်ကောင်းပြီး စင်ကြယ်တည်ကြည်တဲ့လူကြီးတစ်ယောက် ဆင်းလာပါတယ်။ နှုတ်ခမ်းမွေးစစနဲ့ ဆံပင်နက်နက်ကို သေသပ်စွာဖြီးထားတဲ့ အဲသည်လူကြီးကို အမူးသမားများ ဝိုင်းပြီးတိုက်ခိုက်တာကို တောသားကလေးက ထရံကွယ်နောက်က ကြောက်လန့်တုန်လှုပ်စွာကြည့်နေပါတယ်။ သွားပြီ။ သည်လူအုပ်နဲ့ဆိုရင် ဟိုလူကြီးတော့ အရိုးအသား ရှာမရဖြစ်တော့မယ်လို့ တွေးပြီးလန့်နေပါတယ်။

တိုက်ခိုက်ကြပြီး အတန်ကြာတော့ ချောင်းတိုက်တဲ့အုပ်စုကတစ်ယောက်မှမကျန်အောင် မှောက်တဲ့သူမှောက် ပြေးတဲ့သူပြေးနဲ့ ဣန္ဒြေတောင် မဆည်နိုင်ကြတော့ပါဘူး။ အတိုက်ခံရတဲ့ဆရာကြီးက တိုက်ခိုက်တုန်းကလည်း ငြိမ်ငြိမ်သက်သက်ပါပဲ။ ပွဲသိမ်းပြီးတဲ့အခါမှာလန်ခြားသမားကလည်း ထွက်ပြေးပြီဆိုတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ ဆရာကြီးအသစ်ထံကို ထရံကွယ်က တောသားကလေးက ထွက်ပြီးခါးညွတ်ကာ သူ့ကို လန်ခြားဆွဲခွင့်ပေးပါမယ့်အကြောင်းတောင်းပန်ပါတယ်။ ဆရာကြီးကခွင့်ပြုတော့ သူဟာ သူ့ခုံဖိနပ်ကလေးကို ချွတ်တဲ့ပြီး လန်ခြားကို ဆွဲသွားပါတော့တယ်။

ရပ်ရှင်ကလည်း ရိုက်ကွင်းရိုက်ကွက်က တော်တော်ကောင်းပါတယ်။ အချိန်ကြာသွားတာကို အစီအရီချွတ်ထားခဲ့တဲ့ ခုံဖိနပ်ကလေးနှစ်ဖက် တစ်ဖက်နဲ့တစ်ဖက်ကွဲပြီး ဆွေးသွားတဲ့အထိ တစ်ကွက်ပြီးတစ်ကွက် ဖျတ်ခနဲ ဖျတ်ခနဲ ပြလိုက်တာပါပဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆရာကြီးအသစ်ဆီမှာ လူလားမြောက်လာတဲ့ ဇာတ်လိုက်ဟာ ကိုယ်ခံပညာတတ်လာတော့ ဆိုးသွမ်းချင်လာပါတယ်။ ဈေးထဲမှာ ရန်ဖြစ်ပါတယ်။ ဖျက်ဆီးပါတယ်။ ဆရာကြီးက အခြားတပည့်တွေကို လွှတ်ပြီး ဇာတ်လိုက်ကို သွားခေါ်စေပါတယ်။ ပြီးတော့ ဆူပါတယ်။ ဆူတယ်သာဆိုတယ်။ စာဖတ်တဲ့ခုံကလေးရှေ့မှာ တည်တည်ငြိမ်ငြိမ်ကြီး ထိုင်နေတဲ့ ဆရာရှေ့မှာ တပည့်ဖြစ်သူဇာတ်လိုက်ဟာ သူ့အပြစ်ကို ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်ရင်း ငိုနေတာကိုပဲ မြင်ရပါတယ်။ ဆရာက တစ်ခွန်းမှမပြောပါဘူး။ အဲသည်တော့ တပည့်ဖြစ်သူ ဇာတ်လိုက်ဟာ ဝမ်းနည်းစွာနဲ့ ဆရာနေထိုင်တဲ့ဇရပ်ရဲ့ နောက်ဘေးဘက်မှာ ရှိတဲ့ရေကန်ထဲကို ခုန်ချလိုက်ပါတယ်။ ဂျပန်မှာက ကိုယ့်ကိုယ်ကို သတ်သေတဲ့အကျင့်က အဲသည်တုန်းက သိပ်ခေတ်စားခဲ့ပါတယ်။

တပည့်ဖြစ်သူက တကယ်တော့ သေချင်တာမဟုတ်ပါဘူး။ သူ့ကိုအလန့်တကြား လိုက်ဆွဲကြ၊ ဖျောင်းဖျကြနဲ့ လုပ်ကြလိမ့်မယ်လို့ ထင်တာကိုး၊ ဆရာရော ဆရာ့တပည့်ကြီးတွေရော ဇရပ်မှာအတူတူနေတဲ့ ဘုန်းတော်ကြီးတစ်ပါးကရော ဘယ်သူမှ လာပြီးမတားပါဘူး။ ဆရာက လည်း တည်ငြိမ်စွာ စာဖတ်နေတာပါပဲ။ သိပ်ညဉ့်နက်လာတော့ အိပ်ကြတော့မှာကိုး။ ဘုန်းကြီးအိုကြီးက နောက်ဘေးတံခါးကို လာပြီးပိတ်ရင်း ရေကန်ထဲမှာ ခေါင်းဖော်ပြီးရပ်နေတဲ့သူငယ်ကို လှမ်းကြည့်ရင်း သြော် မင်းမသေသေးဘဲကိုးဆိုတဲ့ စကားမျိုးကို ပြုံးပြုံး ပြုံးပြုံးနဲ့ ပြောသွားတာ သူငယ်အဖို့ အတော်အခံရခက်သွားစေပါတယ်။

ပိုပြီးအခံရဆိုးတာက ရေထဲမှာငိုက်သွားရင် ခေါင်းက ရေထဲကျပြီး ရေမွန်းတာဖြစ်ပါတယ်။ သေမှာစိုးတော့ ခေါင်းကိုပြန်ပြီးမတ်ရင်း ဇရပ်တိုင်ကိုဖက်ကာ ငိုက်မကျအောင် ကြိုးစားနေရတဲ့အဖြစ်ပါပဲ။ မနက်မိုးလင်းခါစမှာ သူငယ်ဟာ ငိုက်မျဉ်းနေရာက ကောင်းကင်ကို မော့ကြည့်လိုက်ပါတယ်။ သူ့ခေါင်းက ကြာဖက်တွေအောက် ကြာဖူးတွေအောက်မှာဆိုတော့ နေအရုဏ်အလာမှာ ကြာပွင့်ကလေးတွေ ဖတ်ကနဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖတ်ကနဲ ပွင့်တာကို မြင်ရပါတယ်။ သိပ်နူးညံ့တဲ့ ကြာပွင့်ဖတ်ကလေး များဟာ အားနဲ့တွန်းတွန်းပြီး ပွင့်သွားတာ သိပ်စိတ်ဝင်စားစရာကောင်း တာပါပဲ။ သိပ်အားတက်စရာ ကောင်းတာပါပဲ။ သူငယ်လည်း တစ်ခါ တည်း ဇရပ်ပေါ်ပြေးတက်ပြီး စာကြည့်စားပွဲငယ်အနီးမှာ ထိုင်နေတဲ့ ဆရာ့ရှေ့မှာ ဝပ်စင်းချပြီး တစ်ခါတည်းတောင်းပန်တော့တာပါပဲ။ သူဟာ တစ်ညအတွင်း တကယ့်ကို လိမ္မာသွားခဲ့ပြီ ဖြစ်ပါတယ်။

ဆရာကြီးဟာ သူ့ကို တပည့်ကြီးအရာရောက်အောင် သင်ပေးပါ တယ်။ ပြီးတော့ သီးခြားကျောင်းခွဲတစ်ခုမှာ ဦးစီးစေပါတယ်။ တပည့် ကြီး (ဇာတ်လိုက်) ဟာ သူ့ကျောင်းမှာ ကလေးတွေကို သင်တန်းပေးနေ ပေမယ့် သူကိုယ်တိုင်ကတော့ အချိန်မှန် ပြင်းပြင်းထန်ထန် လေ့ကျင့်ခြင်း မရှိပါဘူး။ တစ်နေ့တော့ သူတို့ကျောင်းကို မျက်နှာဖုံးစွပ်လူတစ်ယောက် ဝင်လာပါတယ်။ ပြီးတော့ ဇာတ်လိုက်ကို တိုက်ခိုက်တော့တာပါပဲ။ ဇာတ်လိုက်ဟာ ဝင်ရောက်တိုက်ခိုက်တဲ့သူကို ပြန်လည်တိုက်ခိုက်ဖို့ နေနေသာသာ သူ့ကိုမထိခိုက်အောင် မနည်းဘဲကြိုးစားပြီး ကာကွယ်နေ ရပါတယ်။ အဲသည်လို ကာကွယ်နေတာ အတော်ကြာမှ မျက်နှာဖုံးရှင် က သူ့မျက်နှာဖုံးကို ချွတ်ပြလိုက်ပါတယ်။ လက်စသတ်တော့ ဆရာ ကြီးကိုယ်တိုင် ဖြစ်နေတာကိုး။ ဆရာကြီးက ပြောပါတယ်။ တပည့်ဖြစ် သူဟာ သင်ကြားတတ်မြောက်ပြီးသား အတတ်ပညာအသိ ပညာတွေကို ပြန်လည်လေ့လာသုံးသပ်ခြင်း လေ့ကျင့်ခြင်းမရှိတဲ့အတွက် ဘယ်တော့မှ အဆင်သင့်ဖြစ်မနေဘူးတဲ့။ အခုလို ဆရာကိုယ်တိုင် ဝင်တိုက်တာက တော့ ညှာပြီးတိုက်တာလည်းဖြစ်တယ်။ သေအောင်လည်း မတိုက်ဘူး ဆိုတော့ ဒုက္ခမရောက်နိုင်ဘူးပေါ့။ တကယ်လို့သာ ရန်သူအစစ်က ဝင်တိုက်မယ်ဆိုရင် အဆင်သင့်ပြင်ဆင်ခြင်းဆိုတဲ့ အလုပ်ကို လုပ်မထား တဲ့အတွက် ရှုံးမှာပဲတဲ့။ *ဘယ်လိုတိုက်ခိုက်ခြင်းမျိုးကိုမဆို နိုင်ချင်တဲ့သူ ဟာ အမြဲလေ့ကျင့်နေရမယ်တဲ့*။ တပည့်ဖြစ်သူက ပေါ့ပေါ့တန်တန် မနေတော့ပါဘူးလို့ အာမခံလိုက်ရပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## တပည့်နဲ့ဆရာ ရေနဲ့ကြာလို့ ဆိုပါတယ် ၂

အရင်တစ်ပတ်က ဆရာကောင်းတပည့်ဖြစ်လာတဲ့ သိုင်းသမားကလေး အကြောင်း ရိုက်ထားတဲ့ ဂျပန်ဇာတ်ကားကလေးတစ်ခု အကြောင်းကို ကျွန်မပြောခဲ့ပါတယ်။ အခုဆက်ပြီး ပြောပါရစေ။ တောကနေပြီး မြို့ တက်လာတဲ့ တောသားကလေးတစ်ယောက် ပထမဆုံး ဆရာတော်ရ တဲ့သူက သောက်သောက်စားစား လူရမ်းကားဖြစ်ပြီး ကိုယ့်ပညာကို ခိုးဆိုးတိုက်ခိုက်တဲ့နေရာမှာ သုံးတတ်တယ်။ သူတို့အသိုက်အဝန်းမှာ လူလူချင်း မစာနာပါဘူး။ ဒုတိယဆရာကတော့ စည်းကမ်းကြီးတယ်။ တည်ကြည်တယ်။ ငြိမ်သက်တယ်။ အဲဒါကြောင့် တပည့်ဖြစ်တဲ့သူက ဆရာ့ကိုလေးစားပါတယ်။ ဆရာကလည်း အစဉ်သတိထားပြီး မိမိပညာ ရပ်တိုးတက်အောင် မိမိရဲ့ကိုယ်ခံအား တိုးတက်အောင် ကြိုးစားဖို့ကို သတိပေးတတ်ပါတယ်။

အဲသည်လို ဆရာ့စကားကို နားထောင်ပါတယ်။ အဲသည်အချိန် မှာ သူတို့အဖွဲ့ကို နောက်သိုင်းအဖွဲ့တစ်ဖွဲ့က စိန်ခေါ်ပါတယ်။ စိန်ခေါ် တာကလည်း ဆရာကြီးကို စိန်ခေါ်တာမဟုတ်ပါဘူး။ ဇာတ်လိုက်ဖြစ်တဲ့ ဆရာကလေးကို စိန်ခေါ်တာဖြစ်ပါတယ်။ စိန်ခေါ်တယ်ဆိုတော့ လက်ခံ ရတာပေါ့။ အဲသည်လို လက်ခံပြီးတဲ့နောက်မှာ ဆရာကြီးက သူ့တပည့် ဆရာကလေးကို သေသေချာချာ လေ့ကျင့်သင်ကြားပေးတော့တာပါပဲ။ ပြီးတော့ စိန်ခေါ်တဲ့ဆရာကြီးအကြောင်းကိုလည်း ကြားသိရတာ တယ် တော့ မလွယ်လှပါဘူး။ သူနဲ့တိုက်ခိုက်ရတဲ့သူများကို နောက်ဆုံးမှာ ကိုင်ပေါက်တတ်ပါတယ်တဲ့။ အဲသည်လိုလည်း ကိုင်ပေါက်ရော ကိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပေါက်ခံရတဲ့သူလည်း သေရောပါပဲတဲ့။ သူနဲ့တိုက်တဲ့သူတွေ သေတာ မနည်းဘူးပေါ့။ သူကတော့ အသက်ကြီးပေမယ့် မာမာချာချာပါပဲ။

အဲသည်လို လူသတ်ဖို့ တိုက်ခိုက်တဲ့သူကို ပြန်လည်တိုက်ခိုက်ဖို့ ကိစ္စမှာ ဆရာကြီးက သူ့တပည့်ကို ကောင်းကောင်းလေ့ကျင့်သင်ကြား ပေးပါတယ်။ အဲသည်အချိန်မှာ ကိုယ်ကာယနဲ့ဆိုင်တာချည်း သင်ပေး တာ မဟုတ်ပါဘူး။ စိတ်နဲ့ဆိုင်တာကိုလည်း သင်ပေးလေ့ရှိပါတယ်။ ဆရာကြီးက တပည့်ဖြစ်သူကို ကိုင်ပေါက်လိုက်၊ တပည့်ဖြစ်သူက လဲကျလိုက်နဲ့ ဖြစ်နေပါသေးတယ်။ ဆရာကြီးက ဥဏ်ကိုလွှာမသုံးဘူး။ ကြောင်တွေလောက်မှ မတော်ဘူးလို့ပြောတော့ တပည့်က ကြောင် တစ်ကောင်ကို ကိုင်ပေါက်လိုက်၊ ကြောင်ကျကျတာကို ကြည့်လိုက်နဲ့ ကြောင်လိုကျနိုင်အောင် သူ့ဘာသာသူ လေ့ကျင့်ပါတော့တယ်။ နောက် ပိုင်း ဆရာက ကိုင်ပေါက်တော့ သူက ကြောင်ကျကျအောင် သူ့ကိုယ် သူ ထိန်းနိုင်ခဲ့ပါတယ်။

တစ်နေ့တော့ ဆရာကြီးနဲ့ ဆရာကလေးတို့ဟာ အတူတူ ဘုရားကုန်းတော်ပေါ်ကို တက်ကြပါတယ်။ မဟာယနစေတီတော်များ ရှိနေတဲ့ သစ်ပင်များအုံ့ဆိုင်းနေတဲ့ ကုန်းတော်ပေါ်မှာ ဆရာနဲ့တပည့်တို့ ဘုရားရှိခိုးကြပါတယ်။ တပည့်ဖြစ်သူ ဘုရားရှိခိုးအပြီးမှာ စောင့်နေတဲ့ ဆရာကြီးက တပည့်ရေ ဟိုဘက်က အလှတရားကလေးတစ်ခုက စိတ်ဝင်စားစရာပဲ။ ကြည့်လိုက်ပါဦးလို့ပြောတော့ တပည့်က ကြည့်လိုက် ပါတယ်။ မိန်းကလေးတစ်ယောက် ရိုးရာကီမိုနိုကလေးကို ဝတ်ပြီးတော့ ဘုရားကို ကျုံ့ကျုံ့ကလေးထိုင်ပြီး ရှိသေလေးစားစွာ ရှိခိုးနေတာကို မြင်ရပါတယ်။

ဒီနေရာမှာ စာဖတ်သူတစ်ယောက်ယောက်ကများ ဟင် ဆရာ ကလည်း မိန်းကလေးကို ပြရသလားလို့ ပြောချင်ရင်တော့ ကျွန်မက စောဒကတက်ချင်ပါတယ်။ အခုခေတ်မှာ ထဘီတွေကို ဟိုကခွဲ သည်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခွဲနဲ့ ဆံပင်တွေကလည်း ဖားလျားဝေနေတဲ့ သူကလေးတစ်ယောက်ဟာ ဘုရားပေါ်မှာထိုင်ပြီး ဘုရားရှိခိုးနေရင် အလှတရားတစ်ခုဖြစ်လာဖို့ ခက်ခဲပါတယ်။ ကုန်းပြီးဝတ်ပြုလိုက်ရင် ဆံပင်တွေက ရှေ့ဘက်ကို ပုံကျလာပြီး ပြန်ပြီးမတ်လိုက်တဲ့အခါ ရှုပ်ကုန်တတ်ပါတယ်။ ထဘီက လည်း ခွဲထားလို့ ဟိုကသည်ကပေါ်တဲ့အပြင် မခွဲတဲ့နေရာမှာလည်း အကျပ်ချုပ်ထားတော့ မြန်မာပီပီ မိန်းမထိုင်ထိုင်ပြီး ကျုံ့ကျုံ့ကလေး ဘုရားရှိခိုးဖို့ဆိုတာ ခက်ပါတယ်။ အင်္ကျီက လည်ဟိုက်နေပြီး ပခုံးတင် ပဝါ မပါရင် ပိုပြီးခက်ပြန်ပါတယ်။

သူ့နေရာနဲ့သူ့အလှဟာ ကာရံညီနေသင့်ပါတယ်။ အခုန ဂျပန်မ ကလေးကတော့ ထိုင်နေတာ သိပ်လှတာပါပဲ။ ကီမိုနိုကလည်း မြန်မာ ထဘီကလေးလိုပါပဲ။ ဆံပင်ကလည်း သိမ်းပြီးထုံးထားပါတယ်။ မျက် လွှာချပြီး နှုတ်က တွတ်တွတ် တွတ်တွတ်နဲ့ရွတ်ပြီး ဘုရားဝတ်ပြုနေ တာများ ကြည့်လို့တကယ်ကောင်းပါတယ်။ အဲသည်အလှတရားကို ပြသတဲ့ဆရာကြီးကလည်း တည်တည်ကြည်ကြည်ကြီးပါ။ သူဟာ အလှ တရားသက်သက်အနေနဲ့ ပြတာဖြစ်ပါတယ်။

တပည့်ဖြစ်သူကတော့ ငယ်တယ်လေ။ အလှတရားသက်သက် ထက် ပိုပြီး မိန်းကလေးအလှကို မြင်လိုက်ပါတယ်။ နောက်နေ့တွေမှာ ဆရာကြီးမပါလည်း တပည့်ဖြစ်သူကတော့ ဘုရားကိုတက်မြဲ တက်ပါ တယ်။ မိန်းကလေး ဘုရားရှိခိုးနေတာကိုလည်း မြင်တွေ့နေတာပါပဲ။ တစ်နေ့မှာတော့ မိန်းကလေးက ကုန်းတော်ပေါ်ကအဆင်းမှာ မိုးက လည်း ရွာနေလေတော့ ဖိနပ်ပြတ်ပါတယ်။ သိုင်းဆရာကလေးက နောက်ကဆင်းလာပါတယ်။ မိန်းကလေး ဖိနပ်ပြတ်တော့ သူကကူညီ ပါတယ်။ မိန်းကလေးက သူ့ထီးကိုယူပြီး သူ့ကိုဆောင်းပေးထားပါ တယ်။ သူက ဖိနပ်ကို အမျိုးမျိုးပြင်ကြည့်လို့ မရတော့ သူ့လက်ကိုင် ပဝါနဲ့ စည်းပေးလိုက်ပါတယ်။ မိန်းကလေးက ဖိနပ်ကိုစီးပြီး ကျေးဇူး တင်တဲ့အကြောင်းကို ဦးခေါင်းကလေးညွှတ်ပြီး လေးလေးစားစား ပြော

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တာကို ခံယူရတဲ့သိုင်းဆရာကလေးက မိန်းကလေးနဲ့ နီးနီးကပ်ကပ် မနေဖူးတဲ့အတွက် ရက်လွန်းလို့ သူ့ထီးကိုတောင်မယူဘဲ ကုန်းတော်ပေါ်ကနေပြီး တောက်လျှောက်ဆင်းပြေးပါလေရော။ ရုပ်ရှင်ကြည့်ပရိသတ်ထဲက တစ်ဦးတည်းသောမြန်မာဖြစ်တဲ့ ကျွန်မက ဟဲ့ ဖိနပ်ကျန်ရစ်ခဲ့ပြီလို့ မြန်မာလို ထပြီးအော်ပါသေးတယ်။ အဲသည်လောက် နစ်မျောစွာကြည့်မိခဲ့တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

နောက်နေ့တွေ နောက်နေ့တွေမှာ သိုင်းဆရာကလေးက ဘုရားပေါ်ကို မလာပါဘူး။ မိန်းကလေးကတော့ ဖိနပ်ကိုစည်းပေးလိုက်တဲ့လက်ကိုင်ပဝါကလေးကို ဖွပ်လျှော်ပြီး ဘုရားပေါ်ကိုလာစောင့်နေတတ်ပါတယ်။ သုံးလေးရက်ကြာတော့မှ မိန်းကလေးနဲ့ သိုင်းဆရာကလေးတို့တွေ့ကြပါတယ်။ မိန်းကလေးက လက်ကိုင်ပဝါကို ပြန်ပေးပါတယ်။ သိုင်းဆရာကလေးကို ကျွန်မ နေ့တိုင်းဘုရားကိုတက်ပါတယ်လို့ ပြောတော့ သိုင်းဆရာကလေးက ဟုတ်လားပေါ့လေ။ မိန်းကလေးက ဟုတ်ပါတယ်။ ကျွန်မအဖေက တခြားသိုင်းသမားတစ်ယောက်ကို စိန်ခေါ်ထားပါတယ်။ ကျွန်မအဖေက အိုပါပြီ။ အဖေသေမှာလည်း ကျွန်မစိုးရိမ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဖေစိန်ခေါ်ထားတဲ့ သိုင်းဆရာကလူတော်တဲ့ရှင့်။ တစ်ချိန်တည်းမှာပဲ မမြင်ဖူးတဲ့ အဲသည်သိုင်းဆရာကလေးအတွက်လည်း ကျွန်မ ဆုတောင်းနေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအဖေရဲ့လက်ချက်နဲ့ သူသေသွားရင်လည်း လူငယ်ကလေးဆိုတော့ နှမြောစရာလို့ ပြောပါတော့တယ်။

သိုင်းဆရာကလေးက မိန်းကလေးနဲ့ယှဉ်ပြီး လျှောက်နေရင်း ဘာမှပြန်မပြောပေမယ့် စိတ်မကောင်းဖြစ်သွားပါတယ်။ မိန်းကလေးက သူ့အဖေနဲ့သိုင်းပြိုင်မယ့်သူမှန်း မသိလို့ စကားတွေပြောနေတာကိုလည်း သူသိပါတယ်။ အဲသည်လိုသိတဲ့အတွက်လည်း သိုင်းသမားကလေးက စိတ်ဆင်းရဲပါတယ်။

အဲသည်လိုနဲ့ သိုင်းပြိုင်ပွဲ ကျင်းပရတော့မယ့်ရက်ကို ရောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လာပါတယ်။ ကွင်းကြီးထဲမှာ မဏ္ဍပ်ကြီးဆောက်ပြီး တီးဝိုင်းတွေနဲ့ ဧည့်သည်တွေတော်တော်စုံနေတဲ့အချိန်ထိ ကွင်းထဲကို စိန်ခေါ်ခံရတဲ့ သိုင်းသမားကလေးက ရောက်မလာသေးပါဘူး။ သူ့ဆရာကြီးတောင်မှ တည်တည်ခန့်ခန့် ငြိမ်ငြိမ်သက်သက်အနေအထားနဲ့ ထိုင်နေပြီဖြစ်ပါတယ်။

သိုင်းဆရာကြီး နေထိုင်တဲ့ဇရပ်က ဘုန်းတော်ကြီးက ဘုရားရှေ့မှာ ထိုင်နေတဲ့သိုင်းသမားကလေးကို သွားတွေ့ပါတယ်။ သိုင်းပြိုင်ပွဲကို မသွားရင် စိန်ခေါ်တဲ့ဘက်က မပြိုင်ဘဲ အနိုင်ရမှာဖြစ်ပါတယ်။ အဲသည်တော့ ဆရာတော်က တိန်ကနဲနေအောင် သူ့တောင်ဝှေးနဲ့ သိုင်းဆရာကလေးရဲ့ခေါင်းကို ရိုက်ပစ်လိုက်ပါတယ်။ ငေါက်လည်းငေါက်လိုက်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# တပည့်နဲ့ ဆရာ ရေနဲ့ ကြာလို့ ဆိုပါတယ် ၃

ဒီတစ်ပတ်မှာတော့ ကျွန်မပြောလက်စ ရုပ်ရှင်ဇာတ်လမ်းကို အပြီးပြောပါတော့မယ်။ အရင်တစ်ပတ်က သိုင်းသမားကလေးဟာ ဘုရားရှေ့မှာ ထိုင်ပြီးနေတာကို ဘုန်းတော်ကြီးက ခေါင်းကို တောင်ဝှေးနဲ့ခေါက်လိုက်တဲ့အချိန်မှာ လက်ဝှေ့ပွဲပြိုင်ဖို့ စိန်ခေါ်တဲ့သိုင်းဆရာကြီးတို့ဘက်ကလည်း သောင်းကျန်းစပြုလာပြီ ဖြစ်ပါတယ်။ စိန်ခေါ်ပွဲကိုလက်ခံပြီး အခုအထိ ပြိုင်မယ့်သူ မလာသေးဘူးလား။ မပြိုင်ဘဲ အရှုံးပေးတော့မှာလား။ ပွဲစဖို့အချိန်ကလည်း မလိုတော့ဘူးနော်စသည်ဖြင့် အော်ဟစ်သောင်းကျန်းလာပါတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ သိုင်းပွဲက မိနစ်ပိုင်းအလိုမှာ ကျင်းပတော့မယ်၊ သိုင်းသမားကလေးက ရောက်မလာသေးဘူး။ နောက်တော့ သူ့သူငယ်ချင်းတွေက အဝတ်အစားတွေကိုပါ အသင့်ယူပြီး သိုင်းသမားကလေးရှိနေတဲ့ ဘုန်းတော်ကြီးကျောင်းက ဇရပ်ကို လာခေါ်ပါတယ်။ သူကလည်း ဘုန်းဘုန်းခေါင်းကိုခေါက်လိုက်လို့ သတိရပြီး အထနဲ့ သူငယ်ချင်းတွေအရောက်နဲ့ ကိုက်သွားပါတယ်။ သူငယ်ချင်းတွေက သူ့ကိုဝိုင်းပြီး အဝတ်လဲပေးပြီး ပွဲကျင်းပမယ့်ရုံကြီးထဲကို ခေါ်သွားပါတယ်။ ခေါ်သွားတယ်ဆိုတာထက် အားလုံးပြေးကြရတာပါ။ အချိန်မီတယ်ဆိုရုံကလေး ရုံထဲကိုရောက်သွားကြပါတယ်။ တစ်ဖက်ကလည်း ပေါ်မလာဘူးထင်နေရာက ပေါ်လာတော့ သိပ်မကျေနပ်ဘူးပေါ့လေ။

စိန်ခေါ်သူ သိုင်းဆရာကြီးနဲ့ သိုင်းဆရာကလေးတို့ ပြိုင်ကြတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မယ့်အချိန်မှာ သူ့သူငယ်ချင်းတစ်ယောက်က စိတ်ဂနာမငြိမ်ဘဲ ယောက်ယက်ခတ်နေပါတယ်။ အဲသည်တော့ ကျန်တဲ့တစ်ယောက်က ဟေ့ တို့ရဲ့ဆရာကြီး ဘယ်လိုနေသလဲ ကြည့်စမ်းလို့ ပြောလိုက်ပါတယ်။ သတိပေးလိုက်တယ်ပေါ့။ ဆရာကြီးဟာ တည်ငြိမ်စွာထိုင်နေလိုက်တာ တရားထိုင်နေတဲ့အတိုင်းပါပဲ။ ဆရာကြီးကို ကြည့်ပြီးမှ အဲသည်လူလည်း တည်ငြိမ်အောင် သူ့ကိုယ်သူ ထိန်းနိုင်သွားပါတယ်။

အဲသည်လိုနဲ့ ပွဲစကြပြီဆိုတော့ တစ်ဖက်က စိန်ခေါ်သူဟာ ကိုင်ပြီးပေါက်ဖို့ကိုပဲ ကြိုးစားပါတယ်။ သူ့နည်းသူ့ဟန်က အဲသည်လိုနဲ့ ကျော်ကြားလာတာကိုး။ သိုင်းဆရာကလေးဟာ စိန်ခေါ်သူက ကိုင်ပေါက်လိုက်တိုင်း ခြေထောက်ပေါ်မှာ ရပ်လျက်သားကျအောင် သူ့ကိုယ်သူ ထိန်းနိုင်ပါတယ်။ ကြောင်ကိုပစ်ချလိုက် လေ့လာလိုက်၊ ပြန်ပြီး လေ့ကျင့်လိုက်နဲ့ လုပ်ခဲ့တဲ့အကျိုးကျေးဇူးတွေက တကယ့်ပွဲကျတော့ အသုံးကျပြီလေ။

စိန်ခေါ်တဲ့သူဟာ သူ့နည်းနဲ့ လူတစ်ယောက်ကို တစ်ခါက နှစ်ခါဆိုသလို ပစ်ချစရာမလိုဘဲ တစ်ဖက်သားကို နာကျင်အောင်သာ မက သေအောင်တောင်မှလုပ်နိုင်တော့ အခါခါပစ်ချလည်း ကြောင်ကျ ကျနေတဲ့သူနဲ့ ကြုံရတော့ မောလာပါတယ်။ မောတဲ့အပြင် စိတ်လည်း ဆိုးလာပါတယ်။ အဲသည်တော့ ခြေလှမ်းတွေမှားပြီး သိုင်းသမားကလေး အကွက်ထဲ ဝင်လာပြီး သိုင်းဆရာကြီးလဲပါလေရော။ အချိန်တန်တဲ့အထိ ပြန်မထနိုင်တော့ ရှုံးသွားပါတယ်။ သိုင်းဆရာကြီးရဲ့ တပည့်များဟာ သူတို့ဆရာကြီးကို ထမ်းပြီးပြန်ထွက်သွားရင်း သိုင်းသမားကလေးကို လည်း ကြိမ်းမောင်းသွားပါတယ်။ ဘာပဲဖြစ်ဖြစ် သိုင်းသမားကလေး သိုင်းဆရာကလေးဟာ အခုတော့ သိုင်းဆရာကြီးအဆင့်ကို ရောက်ခဲ့ပြီ ဖြစ်ပါတယ်။

သူတို့တစ်တွေ ကျောင်းကိုပြန်ရောက်တဲ့အခါမှာ သူတို့ရဲ့ဆရာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြီးက ပညာပြိုင်ဘက်များဟာ ရန်သူများမဟုတ်ကြဘူး။ အဲသည်တော့ တစ်ဖက်က လဲသွားတဲ့သိုင်းဆရာကြီးအိမ်ကို သွားပြီး မေးရမယ်ဆိုပြီး ဆရာတပည့်များသွားပြီး မေးကြပါသေးတယ်။ သိုင်းဆရာကြီးသမီးက ယဉ်ကျေးဖွယ်ရာလက်ခံပေမယ့် သိုင်းဆရာကြီးရဲ့တပည့်များကတော့ ရန်ဖြစ်ပြီး လွှတ်လိုက်ပါတယ်။ သိုင်းဆရာကြီးဟာ ဒဏ်ရာကြောင့် သွေးအန်ပြီး မကြာမီမှာဆုံးသွားပါတယ်။ ဇာတ်လိုက်တို့ဘက်က သိုင်းဆရာကြီးနဲ့တပည့်များ သွားမေးတော့ တစ်ဖက်က သိုင်းဆရာကြီးသမီးကို ကြိုက်နေတဲ့တပည့်ကြီးက ဆိုးဆိုးရွားရွားရန်လုပ်ပါတယ်။ ဆရာကြီးသမီးက ရန်သူလည်းမဟုတ်၊ အသုဘကိုလာပြီး ဂါရဝပြုတဲ့လူတွေကို ရန်မလုပ်ပါနဲ့လို့ ပြောတော့ သူ့ကိုကြိုက်နေတဲ့သူက ဟင် မင်းက တစ်ဖက်က မင်းအဖေကိုသတ်တဲ့သူကိုမှ ကြိုက်နေရသလားဆိုတာမျိုးကို ထုတ်ပြီးမေးတော့တာပါပဲ။ ဆင်အိပ်ရာ ဆိတ်နိုးတွေဖြစ်ကုန်တဲ့ အချိန်မှာ ဒီဘက်က ဆရာကြီးနဲ့တပည့်များ ပြန်လာခဲ့ပါတယ်။ သိုင်းလောကမှာ နေရာတစ်နေရာရလာပြီဖြစ်တဲ့ သိုင်းဆရာကလေးလည်း သူ့ဆရာကြီးက ခွဲပေးထားတဲ့ကျောင်းမှာ ဆရာတစ်ဆူ ဆက်ပြီးလုပ်ခဲ့ပါတယ်။

တစ်နေ့တော့ ထူးခြားတဲ့လူနှစ်ယောက်က သူ့ကျောင်းကိုလာပြီး တိုက်ခိုက်ပါတယ်။ အသံသေးအသံကြောင်နဲ့ အော်ဟစ်ပြီး မြေပြင်ကနေ အမိုးထိခုန်ပြီး အမိုးကိုခြေထောက်နဲ့ကန်ကာ ပွင့်စေတဲ့သူက မျက်နှာကို ဖွေးနေအောင် လိမ်းထားပါတယ်။ တစ်ယောက်က မျက်နှာဖုံး ဖုံးထားပါတယ်။ သူတို့ကို သိုင်းဆရာကလေးကိုယ်တိုင် ခုခံနေချိန်မှာ တပည့်တစ်ယောက်က ဆရာကြီးကို ပြေးခေါ်ပါတယ်။ ဆရာကြီးရောက်လာတော့ ရန်သူနှစ်ယောက် ထွက်ပြေးကြပြီ ဖြစ်ပါတယ်။ အဲသည်အချိန်မှာ ဆရာကြီးက တပည့်ကိုဆုံးမတာက အမျိုးအမည်လည်း မခွဲခြားတတ်တဲ့ ထူးခြားဆန်းပြားတဲ့နည်းများကိုလည်း သုံးတဲ့ရန်သူကို မလေ့လာဘဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရတ်တရက် ထမတိုက်ရဘူးတဲ့။ လေ့လာဖို့အချိန်ယူတာဟာ ကြောက်တာမဟုတ်ဘူးဆိုတဲ့ သဘောကိုလည်း ပြောပါသေးတယ်။

နောက် ဆရာကြီးက တပည့်ဖြစ်သူကိုဆက်ပြီး သတိပေးတာက မင်းမှာ အမျိုးသမီးနဲ့ပတ်သက်လို့ရော သိုင်းနဲ့ပတ်သက်လို့ရော ရန်သူရှိနေပြီ သတိထားပါ။ လေ့ကျင့်တာကိုလည်း ပေါ့ဆလို့မဖြစ်ဘူးလို့ သတိပေးပါတယ်။ သိုင်းဆရာကြီး သမီးကလေးကလည်း သူ့အဖေရဲ့ တပည့်ကြီးကို နိုင်လိုမင်းထက်လုပ်တတ်တာ၊ ရိုင်းပျတာ၊ အရက်သေစာ သောက်စားတာစတဲ့အချက်များကြောင့် မကြိုက်ပါဘူး။ လမ်းမှာတွေ့ရင်လည်း ရှောင်သွားတာပဲ။ အဲသည်လိုဖြစ်လေ တစ်ဖက်က စိတ်ဆိုးလေပေါ့။ အဲသည်လိုနဲ့ သိုင်းဆရာကလေးကို ရည်းစားလုဖက်သိုင်းသမားက ပြိုင်ဖို့စိန်ခေါ်ပါတယ်။ သူတို့က တစ်ယောက်ချင်းလို့သာပြောတာ သူတို့ဘက်က သူနဲ့တစ်ချိန်က ခေါင်မိုးပေါက်အောင် ခုန်ပျံနိုင်တဲ့ စိတ်မနံ့တဲ့ ညီတစ်ယောက်ပါ ပါလာပါတယ်။

ညီအစ်ကိုနှစ်ယောက် ဝိုင်းတိုက်ပေမယ့် သိုင်းဆရာကလေးက နိုင်ပါတယ်။ အကြိတ်အနယ် တိုက်ရတာဖြစ်ပါတယ်။ တစ်ဖက်လူက ပြင်းပြင်းထန်ထန် ဒဏ်ရာရပါတယ်။ သိုင်းဆရာကလေးက ဒဏ်ရာရတဲ့သူကို ထမ်းပြီး ကျောက်ဂူတစ်ခုထဲကို ခေါ်သွားပါတယ်။ မီးမွှေးပြီး ရေနွေးတည်ကာ အနာကိုကြပ်ထုပ်ထိုးပေးပါတယ်။ ပြီးတော့ ဆန်ပြုတ်ပြီး တိုက်ပေးပါတယ်။ စိတ်မနံ့တဲ့သူငယ်ကိုလည်း သူက ဆန်ပြုတ်ကျွေးပါတယ်။ ပထမတော့ မစားပါဘူး။ နောက်တော့လည်း စားပါတယ်။ အဲသည်နောက်တော့ အားလုံးလည်းပင်ပန်းနေပြီဆိုတော့ အိပ်ကြပါတယ်။

အိပ်ပျော်သွားတဲ့အချိန်မှာ ဇာတ်လိုက်ဖြစ်တဲ့ သိုင်းဆရာကလေးဟာ အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ သူချစ်နေတဲ့ မိန်းကလေးကို တွေ့တော့ ပြုံးပြလိုက်ပါတယ်။ အိပ်မက်ထဲကအပြုံးဟာ အိပ်ရာထဲမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လှဲအိပ်နေတဲ့သူရဲ့မျက်နှာမှာ ပေါ်လာပါတယ်။ သူကပြုံးလိုက်တဲ့အချိန်မှာ စိတ်မနှံ့တဲ့သူက ဓားနဲ့ လည်ပင်းလှီးဖို့ ချိန်နေပြီ ဖြစ်ပါတယ်။ သို့ပေမယ့် အပြုံးကိုလည်း မြင်ရော သူတွန့်သွားပါတယ်။ နောက်တော့ ဓားကိုပစ်ချပြီး သူ့အိပ်ရာကို သူပြန်သွားပါတော့တယ်။

နောက်နေ့မနက်လင်းတော့ သိုင်းဆရာကလေး မနိုးခင် သိုင်းပြိုင်ပွဲမှာ ရှုံးတဲ့ဒဏ်ရာနဲ့လူကို စိတ်မနှံ့သလောက် သန်မာတဲ့သူ့ညီက ထမ်းပြီး ပြန်သွားပါတယ်။ သိုင်းပြိုင်ပွဲမှာ အရှုံးကြီးရှုံးတဲ့သူဟာ ဒဏ်ရာတွေကြောင့် နာလန်မထူနိုင်အောင် ဖြစ်သွားပါတယ်။ တကယ်တော့ သူတို့ညီအစ်ကိုက သိုင်းဆရာကလေးကို ဝိုင်းတိုက်ကြဖို့အပြင် အခြားနည်းနဲ့လည်း အနိုင်ယူဖို့ စီစဉ်ထားပြီးသားဖြစ်ပါတယ်။ အခြားနည်းကို အသုံးမပြုနိုင်တာက သိုင်းဆရာကြီးသမီးက သိသွားတဲ့အတွက် သူ့ချစ်သူကို သွားပြောထားလို့ သူ့ချစ်သူက ရှောင်လိုက်နိုင်တာပါ။

တစ်မြို့တည်းနေကြတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် တွေ့နေတာပါပဲ။ မိန်းကလေးကတော့ သူ့အဖေ့တပည့်ကို ကြည့်မရအောင် ဖြစ်သွားပါတယ်။ သိုင်းဆရာကလေးကတော့ လမ်းမှာတွေ့ရင် ကူညီပေးပါသေးတယ်။ လမ်းလျှောက်ဖို့တောင် ခက်နေလို့ သူက လန်ခြားနဲ့တင်ပြီး ဆွဲကာ အိမ်ကိုလိုက်ပို့ပေးလိုက်ပါသေးတယ်။

ကျွန်မ မမှတ်မိတဲ့အကြောင်းအရာများလည်း အများကြီး ကျန်ဦးမှာဖြစ်ပါတယ်။ အမှတ်မှားနေတာကလေးတွေလည်း ရှိမှာပါပဲ။ သို့ပေမယ့် ကျွန်မစိတ်ထဲစွဲသွားတာက ရန်သူပင်ဖြစ်ပေမယ့် မေတ္တာထားပြီး ဂရုတစိုက်လုပ်တတ်တဲ့ ရိုးသားတဲ့သိုင်းဆရာကလေးကို သူ့ကို အပြတ်ရှင်းဖို့ ကြိုးစားခဲ့တဲ့သိုင်းသမားက တစ်နေ့တော့ အိမ်ကိုခေါ်ပါတယ်။ သူဟာ ကြာကြာနေရတော့မယ် မဟုတ်ပါဘူးတဲ့။ တကယ်တော့ သူတို့သိုင်းပညာဟာ သိုင်းဆရာကလေးတို့ပညာထက် ပိုပြီးအဆင့်မြင့်ပါတယ်တဲ့။ အဲသည်အဆင့်မြင့်နည်းများကို ရေးထားတဲ့စာအုပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပေးခဲ့ပါရစေတဲ့။ သူ့ညီက စိတ်မနှံ့တော့ အရာရောက်မှာ မဟုတ်ပါဘူးတဲ့။ တခြားသူများလက်ထဲရောက်ရင်လည်း ဆိုးကျိုးတွေပဲ ပိုများလာနိုင်ပါတယ်တဲ့။ အဲသည်လိုပြောအပြီးမှာ ဆက်ပြောတာကတော့ '*ပညာချင်းအားဖြင့်ဆိုရင် ကျွန်တော်က ခင်ဗျားထက်မညံ့ပါဘူး။ ဒါပေမဲ့ လုပ်နည်းလုပ်ဟန်က မှားနေတယ်။ ကျုပ်တို့က မြိုင်ဘက်ကို ရန်သူလို့ သဘောထားပြီး အသေသတ်ပစ်ချင်တယ်။ တကယ်ဆိုတော့ဗျာ ခင်ဗျားက ကျွန်တော့ထက်သာတာက ဆရာကောင်းတပည့် ဖြစ်တာပါပဲ။ လူတိုင်းဟာ ဆရာ့နည်းကိုယူတတ်တော့ ကောင်းတဲ့ဆရာရဲ့နည်းကို ရတဲ့သူဟာ ရေရှည်မှာ သာသွားတာပါပဲ*' တဲ့။

အဲသည်ဇာတ်ကားထဲက ဇာတ်လိုက်ရဲ့ဆရာကြီးက သိုင်းသာသင်တာမဟုတ်ပါဘူး။ တည်ကြည်ငြိမ်သက်ခြင်းရဲ့ အား၊ လေ့ကျင့်ခြင်းရဲ့အစွမ်း၊ မှန်ကန်တော်တည့်ခြင်းရဲ့ ခိုင်မာမှု၊ ယဉ်ကျေးဖွယ်ရာရှိခြင်းရဲ့ ညှို့သက်တဲ့ လွှမ်းမိုးနိုင်မှုများကိုပါ သင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မစွဲလမ်းခဲ့တဲ့ ဆရာ့အရည်အသွေးများကို တင်ပြလိုက်ရပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာ့အကြောင်းပြောမှတော့ တပည့်အကြောင်းလည်း ပါရမှာပေါ့

ယခင်တစ်ပတ်ကအထိ ကျွန်မပြောတဲ့ အကြောင်းအရာများဟာ ဆရာနဲ့ ပတ်သက်တာ များပါတယ်။ ဆရာ့အကြောင်းပြောရင်း တပည့်အကြောင်းကို ချန်ထားလို့မရတဲ့အခါမှာ ပါလာတတ်တာမျိုးကလွဲလို့ပေါ့လေ။

ဆရာ့အကြောင်းပြောရင် တပည့်အကြောင်းကတော့ ယခုပြောခဲ့တာတွေထက် ပိုပြီးပါသင့်တယ်လို့ ကျွန်မယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာ့အရည်အချင်း ဆရာ့စိတ်နေသဘောထား ဆရာ့ပြောပုံဆိုပုံများဟာ တပည့်အပေါ်မှာ များစွာလွှမ်းမိုးတတ်တာကိုး။ ဆရာလို့ပြောရင် **'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနဲ့ဘ'** ကစပြီး ပြောရမှာ ဖြစ်ပါတယ်။ လူကလေးတွေဟာ မွေးလာခါစကတည်းက တစ်ဦးနဲ့တစ်ဦး ဉာဉ်မတူကြတာတော့ အမှန်ပါပဲ။ သို့ပေမယ့် အဲသည်ဉာဉ်ဆိုး ဉာဉ်ကောင်းများကို ပြုပြင်နိုင်တဲ့သူများက မိဘများဖြစ်ပါတယ်။ ဉာဉ်ဆိုးတဲ့ ကြမ်းတမ်းတဲ့သူများကို မိဘက တတွတ်တွတ်ဆုံးမသွန်သင်ခဲ့ရင် သူတို့ကိုယ်တိုင် မသွန်သင်နိုင်ခဲ့လို့ သွန်သင်ပေးမယ့်သူရဲ့လက်ထဲကို အပ်ပြီး သင်စေမယ်ဆိုရင် ဉာဉ်ကကောင်းလာနိုင်ခြေရှိပါတယ်။ ဥပမာအဖြစ် ဒုဋ္ဌကုမာရအကြောင်းကို ပြောကြည့်ရအောင်ပါ။

ရှေးလွန်လေပြီးသောကာလကလို့ စရမှာပေါ့လေ။ အင်မတန်ကိုကြာတဲ့အချိန်တစ်ချိန်တုန်းက မြတ်စွာဘုရားအလောင်းဟာ ဥဒိစ္စပုဏ္ဏားမျိုးမှာ ဖြစ်ခဲ့ပါသတဲ့။ မိဘများရှိနေတဲ့အချိန်မှာတော့ သူဟာ လူအဖြစ်နဲ့ အသက်မွေးခဲ့ပေမယ့် မိဘများမရှိတော့တဲ့အချိန်မှာ ဟိမဝန္တာတောအရပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို ချဉ်းကပ်ပြီး ရသေ့ရဟန်းပြုပါသတဲ့။ သာသနာပအခါဆိုတော့ သံဃာတော်တော့ မရှိသေးဘူးပေါ့လေ။ ရသေ့သူတော်ကောင်းများတော့ ရှိတာပေါ့။ ဟိမဝန္တာမှာနေတဲ့ အဲသည်ဘုရားလောင်းရသေ့ဟာ မိုးအခါ ကာလမှာ တောအရပ်ကခွာပြီး မြို့ဘက်ကိုချဉ်းကပ်ပါသတဲ့။ တောမှာ က မိုးတွင်းဆိုရင် ခိုစရာမရှိဘူး။ ရာသီဥတုကလည်း ကြမ်းတမ်းတယ်။ ပြီးတော့ ဆားတို့ ချဉ်ဓာတ်တို့ဆိုတာ ကျန်းမာရေးအတွက် လိုအပ်တဲ့ ပစ္စည်းများ ဖြစ်တဲ့အတွက် မြို့ကိုချဉ်းကပ်ပြီး လိုအပ်တဲ့ဆားအစရှိတဲ့ ပစ္စည်းများကို စားသုံးတော်မူကြမှ မှီဝဲတော်မူကြမှ ကျန်းမာရေးနဲ့ ပြည့်စုံမှာဖြစ်ပါတယ်။

ရသေ့မြတ်ဟာ သပိတ်ကိုပိုက်ပြီး လျှောက်လှမ်းလာကတည်းက တည်ကြည်ငြိမ်သက်သော ဣန္ဒြေကိုဆောင်ထားတဲ့အတွက် မြင်သူတိုင်း က ကြည်ညိုပါတယ်တဲ့။ မင်းဖြစ်သူကလည်း နန်းတော်လေသာပြတင်း ကနေပြီး ကြည့်နေတော်မူတဲ့အခါမှာ ရသေ့မြတ်ကိုမြင်ပါတယ်။ မြင် တာနဲ့ ကြည်ညိုတာပါပဲတဲ့။ အဲသည်တော့ အမတ်တစ်ဦးကိုခေါ်ပြီး ဟောဟိုက မြင်ရတဲ့ရသေ့မြတ်ကို နန်းတော်ကိုပင့်ချေလို့ မိန့်ကြား လိုက်ပါသတဲ့။ အမတ်ကလည်း ရသေ့ထံကိုချဉ်းကပ်ပြီး နန်းတော်သို့ ကြွတော်မူပါဘုရားလို့ ပင့်ဖိတ်ပါသတဲ့။ အဲသည်အချိန်မှာ ရသေ့မြတ်က အမတ် ငါဟာ မင်းကိုးကွယ်တဲ့ရသေ့ မဟုတ်ဘူး။ ဟိမဝန္တာမှာနေတဲ့ တောမှီရသေ့ဖြစ်တယ်လို့ မိန့်တော်မူပါတယ်။ အမတ်ကလည်း ရသေ့ မြတ် မိန့်တော်မူတဲ့အကြောင်းကို နန်းတော်ကိုပြန်သွားပြီး လျှောက်ရ တာပေါ့။ မင်းကြီးက ငါပင့်ခိုင်းတာ အဲသည်ရသေ့ပါပဲလို့ ထပ်ပြီး အတည်ပြုတဲ့အချိန်မှာမှ အမတ်ကတစ်ဖန် ပြန်သွားပြီး ရသေ့မြတ်ရဲ့ သပိတ်ကိုလှမ်းယူကာ နန်းတော်သို့ ပင့်ဆောင်ခဲ့ပါသတဲ့။

နန်းတော်မှာ မင်းကြီးနဲ့မင်းပရိသတ်က ရသေ့မြတ်ကို ဆွမ်းလုပ် ကျွေးပါတယ်။ ပြီးတော့ အကျိုးအကြောင်းကို မေးလျှောက်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရသေ့မြတ်က ဟိမဝန္တာအရပ်မှာ သီတင်သုံးရာက မိုးအခါ ချဉ်ဆား မှီဝဲရန် ကြွလာတာဖြစ်တယ်။ မိုးအခါ သင့်တင့်လျောက်ပတ်တဲ့နေရာကို ရှာပြီး သီတင်းသုံးမှာဖြစ်တယ်ဆိုတဲ့အကြောင်းကို မိန့်တော်မူပါတယ်။ မင်းဖြစ်သူက အင်မတန်ကြည်ညိုနေပြီဆိုတော့ အရှင်ဘုရား၊ တပည့် တော်ရဲ့ ဥယျာဉ်မှာ သီတင်းသုံးတော်မူပါလို့ လျှောက်ထားတောင်းပန် ပြီး ရသေ့မြတ်သီတင်းသုံးဖို့ သစ်ရွက်မိုးကျောင်းတစ်ဆောင်ကို အမြန် ဆောက်လုပ်ပေးပါတယ်။ ပြီးတော့မှ ရသေ့မြတ်ကို ကျောင်းကပ်လှူပါ တယ်။

အဲသည်မင်းနဲ့မိဖုရားတို့က ရသေ့မြတ်ကို အင်မတန်ကြည်ညိုပါ တယ်။ တစ်နေ့ကို သုံးကြိမ် သွားရောက်ဖူးမြော်ပါတယ်တဲ့။ မင်းနဲ့ မိဖုရားတို့မှာ ဒုဋ္ဌကုမာရလို့ခေါ်တဲ့ သားတစ်ယောက်ရှိပါသတဲ့။ ဒုဋ္ဌ ဆိုတာ ကြမ်းတမ်းတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဥပမာ မြစ်ငယ်မြစ် ဆိုရင် ရေစီးကြမ်းတမ်းလွန်းလို့ ဒုဋ္ဌဝတီလို့ခေါ်ပါတယ်။ အဲသည်လို ပါပဲ။ မင်းသားကတော့ အမြဲလိုလို ဒေါသဖြစ်နေတာပါပဲတဲ့။ အပြော အဆို အမူအရာကလည်း ကြမ်းတမ်းတာပေါ့။ မိဘများနဲ့ မှူးမတ်များ က မင်းသား သည်လိုပြောလို့ မသင့်ဘူး။ သည်လိုလုပ်လို့မသင့်ဘူးလို့ ဆုံးမပေမယ့်လည်း မနာခံပါဘူးတဲ့။

မင်းကြီးနဲ့မိဖုရားက ရသေ့မြတ်ကို နေ့စဉ် တစ်နေ့သုံးခါ သွား ရောက်ဖူးမြော်နေရင်း ဆုံးမစကားများလည်း ကြားရပါလိမ့်မယ်။ အလွန် လည်းကြည်ညိုပြီး ကြားရတဲ့ဆုံးမစကားများကလည်း မှတ်သားလိုက်နာ စရာကောင်းလွန်းတော့ သားဖြစ်သူကို ဆုံးမခိုင်းရရင် ကောင်းမှာပဲလို့ တွေးမိဟန်တူပါတယ်။ တစ်နေ့တော့ သားဖြစ်သူကိုပါခေါ်ပြီး ရသေ့ မြတ်ရဲ့ကျောင်းကို သွားပါတယ်တဲ့။

ကျောင်းကိုရောက်တော့ အရှင်ဘုရား သည်သူငယ်ဟာ တပည့် တော်ရဲ့ သားဖြစ်ပါတယ်။ အင်မတန်မှ ကြမ်းတမ်းပါတယ်။ တပည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော်တို့ရော အမှုုးအမတ်များရော အဆွေအမျိုးများပါ ဆုံးမတာပါပဲ ဘုရား။ မရပါဘူး။ သိပ်ကို ဒေါသကြီးပါတယ်။ အရှင်ဘုရားထံမှာ တပည့်တော်ရဲ့သားကို အပ်ပါတယ်ဘုရား။ အရှင်ဘုရားကတော့ ဆုံးမ နိုင်မယ် ထင်ပါတယ်ဘုရားလို့ လျှောက်ထားပါသတဲ့။ မင်းနဲ့မိဖုရားတို့ ပြန်တဲ့အခါမှာ သားဖြစ်သူကို ရသေ့မြတ်ရဲ့ကျောင်းမှာ ထားခဲ့ပါသတဲ့။ ဒီနေရာမှာ ကြမ်းတမ်းတယ်ဆိုတဲ့ မင်းသားရဲ့ ထူးခြားတဲ့ပြောင်းလဲမှုကို ရေးရေးကလေးမြင်ရပါပြီ။ သူ့ကို ဘယ်သူကမှ ဆုံးမလို့ရနိုင်တာမှ မဟုတ်တာ။ တကယ်ဆိုရင် ဆုံးမကြဦးမလို့လား။ တော်ပါတော့ ကျွန်တော် နန်းတော်ကိုပဲ ခမည်းတော်တို့နဲ့ ပြန်လိုက်မယ်လို့ဆိုရင် ဘယ်သူမှ ဘာမှပြောလို့ရမှာ မဟုတ်ပါဘူး၊ သူ့စရိုက်က ကြမ်းတာကိုး။ အခုတော့ သူက ရသေ့မြတ်ထံမှာ လိုလိုလားလား နေခဲ့ဖော်ရတယ်။ အဲသည်အချက်ကလေးက စဉ်းစားစရာပဲ။ မင်းသားဟာ ကြမ်းတမ်း ပေမယ့် ပင်ကိုအားဖြင့် ထက်မြက်တဲ့အသိဉာဏ်တော့ ရှိပုံပေါ်ပါတယ်။

သူကိုယ်တိုင် ရသေ့မြတ်ကို ကြည်ညိုလေးစားတဲ့စိတ်လည်း ဝင်သွားတာဖြစ်နိုင်သလို အင်း ငါ့ကို ဆုံးမဦးမယ့်သူတစ်ယောက်တော့ ပေါ်လာပြန်ပြီ။ ဘယ်လိုများ ဆုံးမမယ်မသိဘူးလို့လည်း တွေးတောပုံ ပေါ်ပါတယ်။ ရသေ့မြတ်ကလည်း ပညာရေးစိတ်ပညာတို့ သဘော တရားတို့ သင်ပြနည်းပညာတို့စတဲ့ ယခုခေတ်မှာ အဆင့်မြင့်လှချည့် ဆိုတဲ့ ပညာရပ်များကိုတော့ အပျော့ပဲပေါ့။ အင်း အဲသည်လိုပြောတာက အဂါရဝများဖြစ်နေမလားတောင် မသိပါဘူး။ ပြောချင်တာက မြတ်စွာ ဘုရားအလောင်းတော်ဘဝမှာကတည်းက ဘဝပေါင်းများစွာ အမျိုး အနွယ်ပေါင်းများစွာ အသက်မွေးဝမ်းကျောင်းမှုများစွာနဲ့ ရင်းနှီးကျွမ်းဝင် စွာ ဘဝအမျိုးမျိုးမှာ ကျင်လည်ရင်း ပါရမီတော်အစုံကို ဖြည့်ဆည်းတော် မူခဲ့တော့ မသိတာ မတတ်တာ ရှိတော်မမူပါဘူး။

အဲဒါကြောင့်ပဲ ဆုံးမရမယ့် မင်းသားကို မင်းသား ထိုင်ဦး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ငါဆရာရသေ့ ပြောမယ်ဆိုတဲ့နည်းကို သုံးတော်မမူခဲ့ပါဘူး။ မင်းသား ဥယျာဉ်ထဲမှာ လမ်းလျှောက်ကြရအောင်ဆိုပြီး ခေါ်ဆောင်သွားပါတယ်။ ကျွန်မတို့ ဉာဏ်တစ်ထွာ တစ်မိုက်မရှိတရှိနဲ့ စဉ်းစားရမယ်ဆိုရင် မင်းသားစိတ်ကို ပြောင်းပစ်ချင်လို့ အဲသည်လို ဥယျာဉ်ထဲကို လေ့လာရေး ခရီးထွက်ဖို့ ခေါ်သွားတာဖြစ်ပါတယ်။ မင်းသားက သူ့ကိုဆုံးမမယ်ဆိုရင် ဘယ်လိုတော်လှန်ရမလဲလို့ စဉ်းစားထားမှာကိုး။

အဲသည်လို ဥယျာဉ်ထဲမှာ လမ်းလျှောက်ရင်းနဲ့ လမ်းဘေးမှာ တမာပင်ပေါက်ကလေး တစ်ပင်ကို တွေ့ပါသတဲ့။ အပင်ကလေးက သေးသော မသေးသော မပြောပါနဲ့တော့။ အရွက်ကလေးနှစ်ရွက်သာ ထွက်ပါသေးသတဲ့။ ရသေ့မြတ်က မင်းသား အဲသည်အပင်ပေါက် ကလေးကို ဆွဲနုတ်ပြီး အရွက်ကလေးတစ်ရွက်ကို စားကြည့်စမ်းပါလို့ တိုက်တွန်းတော့ မင်းသားက တမာရွက်ကို သေသေချာချာ ဝါးစားလိုက် တာပေါ့။ တကတဲ ခါးလိုက်တာ အန်နေတဲ့အရသာကြောင့် ထွီကနဲ ထွေးလိုက်ပါသတဲ့။ ရသေ့မြတ်က ဘယ်လိုလဲမင်းသားလို့ မေးတော့ အပင်ကလေးငယ်ငယ်နဲ့ ခါးလိုက်တာ၊ အဆိပ်ကျနေတာပဲ။ အပင်သာ ကြီးသွားရင် လူတော်တော်များများကို သေစေနိုင်လောက်အောင် ခါး မယ်ထင်တယ်လို့ ပြောပါသတဲ့။

အဲသည်တော့ ဆရာရသေ့က မင်းသား တမာပင်ကလေးတွေကို ခါးလိုက်တာ ကြီးလာရင်လည်း သိပ်ခါးမှာပဲလို့ စဉ်းစားပြီး လူတွေက နုတ်ပစ်လိုက်ကြသလို သင့်ကိုလည်း မင်းသားငယ်ဟာ အသက်ငယ် ငယ်ကလေးနဲ့ အဲသည်လောက် ကြမ်းကြုတ်နေရင် ကြီးလာတဲ့အခါ တရားသဖြင့်အုပ်စိုးတဲ့မင်း ဖြစ်လာမှာမဟုတ်ဘူးလို့ တွေးပြီး ဖယ်ရှား ကြလိမ့်မယ်။ အခုအချိန်ကတည်းက သင်ဟာ မင်းအဖြစ်နဲ့ထိုက်တန် အောင် ဗြဟ္မစိုရ်တရားများကို ပွားများအားထုတ်ဖို့သင့်တယ်လို့ ဆုံးမပါ သတဲ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အံ့သြဖွယ်ကောင်းပါတယ်။ ကြမ်းတမ်းတဲ့ ဒုဋ္ဌကုမာရဟာ တစ်ခါတည်း ဆရာရသေ့ရဲ့အဆုံးအမမှာ တည်ပြီးတော့ မာန်မာနနဲ့ ဒေါသများကင်းစင်ပြီး ဆရာမြတ်ဆုံးမသလို ဗြဟ္မစိုရ်တရားများကိုလည်း ပွားများအားထုတ်ခဲ့ပါတယ်။ ခမည်းတော် နတ်ရွာစံတဲ့အခါမှာ မင်းကျင့်တရား ဆယ်ပါးနဲ့ ပြည့်စုံအောင် ကျင့်ကြံနေထိုင်အုပ်ချုပ်တတ်တဲ့ မင်းတစ်ပါးဖြစ်လာပါသတဲ့။ တိုင်းသူပြည်သားများကလည်း အေးချမ်းသာယာတဲ့စိတ်ထားနဲ့ တရားသဖြင့်အုပ်စိုးတဲ့ မင်းလက်ထက်မှာ စိတ်အေးချမ်းသာရှိကြပါသတဲ့။

တကယ်တော့ ဆရာရဲ့အောင်မြင်ခြင်းမှာ ဆရာ့ကိုယ်ရည်ကိုယ်သွေးကလည်း များစွာအရေးကြီးတဲ့အချက်အဖြစ် ပါဝင်နေပါတယ်။ နောက်ပြီးတော့ တပည့်ကိုနားလည်ခြင်းနဲ့ ဘယ်လိုသင်ရမလဲဆိုတဲ့ နည်းကိုသိတတ်ခြင်းကလည်း တပည့်ကို များစွာလွှမ်းမိုးနိုင်ပါတယ်။ ဆရာကောင်းဆိုတာ တပည့်ကိုကောင်းအောင်သာ လွှမ်းမိုးတတ်ပါတယ်။ သူ့ကိုယ်ကျိုးကို လုံးဝထည့်မတွက်တတ်ပါ။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

## ဘဝဆိုတဲ့ကျောင်းမှာ ဆရာကောင်းကလည်း ကျောင်းသားပါပဲ

ရုပ်ရှင်ဇာတ်ကားအမည်များမှာလို ဆရာဆိုတာ တစ်ခါက ကျောင်းသားပါပဲ။ တပည့်ပါပဲစသည်ဖြင့် ရေးလို့မရနိုင်ပါဘူး။ ဆရာဆိုတာ မွေးကတည်းက ဘဝဆိုတဲ့ကျောင်းမှာ ကျောင်းသားဖြစ်ပါတယ်။ ဆရာတစ်ယောက်အဖြစ် ခံယူနိုင်ပြီဆိုတဲ့အချိန်မှာ တပည့်မဟုတ်တော့ဘူး။ ကျောင်းသားမဟုတ်တော့ဘူး။ ဆရာဖြစ်သွားပြီလို့ ပြောရင် စာသင်ကျောင်းမှာတော့ ဟုတ်ပါတယ်။ သို့သော် ဘဝဆိုတဲ့ကျောင်းကတော့ ဘယ်တော့မှ အတန်းတက်ပြီး ဆရာဖြစ်လာမယ့်ကျောင်း မဟုတ်ပါဘူး။ သင်ရိုးမရှိ၊ အတန်းမရှိသော်လည်း စာမေးပွဲတွေကများပြီး လူ့သက်တမ်းမကုန်မချင်း ထွက်လို့မရတဲ့ကျောင်းဖြစ်တဲ့အတွက် တစ်ဖက်မှာ ဆရာဖြစ်လာတဲ့တိုင်အောင် ဘဝဆိုတဲ့ကျောင်းမှာတော့ ကျောင်းသားပဲ ဆက်ဖြစ်နေမှာပါပဲ။ စာမေးပွဲတွေက များတယ်ဆိုတာလည်း အတန်းကျောင်းက စာမေးပွဲတွေ ပုံစံမျိုးမဟုတ်ပါဘူး။ စာမေးပွဲ ဖြေရမှန်းတောင်မှ မသိဘဲ ဖြေလိုက်ပြန်၊ အောင်မြင်ရင် တိုးတက်သွားလိုက်ပြန်။ ဖြေလိုက်ပြန် ကျရှုံးရင် ဆုတ်ယုတ်သွားလိုက်ပြန်နဲ့ ပတ်ဝန်းကျင်ကသိတာလည်း ရှိရဲ့။ ကိုယ်တိုင်သိတာလည်း ရှိနိုင်သလို မသိတာလည်း ရှိနိုင်ပါတယ်။

ကျွန်မရွေးထားတဲ့ ဝေါဟာရများက အဓိပ္ပာယ်နဲ့ရွေးထားတာဖြစ်ပါတယ်။ ဆရာကောင်းဆိုတဲ့ဝေါဟာရက အသိပညာ လေ့လာဆည်းပူးခြင်းကို တစ်နေရာရာမှာ ပြီးဆုံးပြီ။ သို့မဟုတ် ငါဟာဖြင့် ဆရာအတတ်သင်ကြားခြင်းနဲ့ ပတ်သက်တဲ့ဘွဲ့တွေ ရခဲ့ပြီ။ ကျောင်းသားကို သင်ကြားဖို့ ငါ့ဘာမှလေ့လာစရာမလိုဘူးဆိုတဲ့ သဘောမျိုးကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လက်ကိုင်ပြုထားတဲ့ ဆရာဆိုရင်တော့ ဆရာကောင်းလို့ ကျွန်မ မခေါ်ဆိုပါဘူး။ ဆရာကောင်းဆိုတာကတော့ မိမိတပည့် ကျောင်းသားများမှာ ပိုပြီးတိုးတက်တဲ့အမြင် တိုးတက်တဲ့အတွေးများ ဖွံ့ဖြိုးလာစေဖို့အတွက် ငါကိုယ်တိုင် အမြဲတစေလေ့လာသင်ယူနေရမယ်ဆိုတဲ့ အမြင်ကို လက်ကိုင်ထားပြီး ကြိုးစားတဲ့သူဖြစ်ရပါမယ်။

ဘဝဆိုတဲ့ကျောင်းမှာ ဘယ်သူ့ကိုဆရာတင်ရမလဲဆိုတော့ ပတ်ဝန်းကျင် ဖြစ်ပါတယ်။ သီတဂူဆရာတော်ကြီး ဟောတော်မူတဲ့ တရားတော်တစ်ပုဒ်ရဲ့ အမည်က **'လောကသည် ငါတို့၏ဆရာသမား'** ပါတဲ့။ အဲသည်စကားဟာ အမှန်ပါပဲ။ လောကကို ဆရာတင်ထားလိုက်ရင် ဘဝဆိုတဲ့ကျောင်းက ကျောင်းသားများဟာ စာတတ်တဲ့သူများ လက်တွေ့ဆန်တဲ့သူများ ဖြစ်သွားတော့တာပါပဲ။

ဆရာဖြစ်တဲ့သူသာလျှင် ဘဝဆိုတဲ့ကျောင်းက ကျောင်းသားဖြစ်နိုင်တာ မဟုတ်ပါဘူး။ တပည့်များလည်း ဘဝဆိုတဲ့ကျောင်းက ကျောင်းသားများ ဖြစ်ပါတယ်။ သို့သော် ဆရာ့တပည့်များက လောကကို ဘယ်လိုဆရာတင်ပြီး ဘယ်လိုအကြောင်းအရာများကို လေ့လာရမယ်ဆိုတာကို မသိကြသေး မကျွမ်းကျင်ကြသေးတော့ ဆရာကိုယ်တိုင်က သူလေ့လာရသမျှထဲက လိုအပ်တဲ့အတိုင်းအတာအထိ ပြန်လည်မျှဝေရမယ် ဖြစ်ပါတယ်။

ဥပမာပေးချင်စရာတွေကတော့ အများကြီးပါပဲ။ အမြင်ကျဉ်းတဲ့ ဆရာ့လက်ထဲက ကျောင်းသားများဆိုရင် မှတ်စုစာအုပ်ထဲမှာ စာရောက်ဖို့နဲ့ သင်သမျှကို ကျောင်းသားများ အလွတ်ရဖို့က အရေးကြီးပါတယ်။ တကယ်တော့ ကျောင်းသားကို သင်ကြားတယ်ဆိုတာ ကျောင်းသားများမှာ မိမိအစွမ်းအစနဲ့ မိမိကိုယ်တိုင် လေ့လာနိုင်တဲ့စွမ်းအား တိုးတက်လာအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါဖြင့် သင်ရိုးကရောလို့ မေးချင်ကြပေလိမ့်မယ်။ သင်ရိုးကို အခြေပြုရမှာပေါ့။ အဲသည်လို အခြေပြု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထားတဲ့ သင်ရိုးပါအကြောင်းအရာများကို သင်ကြားရင်း ကျောင်းသားရဲ့ အသိပညာနယ်ပယ်ကို ချဲ့ထွင်ပေးရမှာ ဖြစ်ပါတယ်။

အောင်မြင်တဲ့ကျောင်းဆရာဆိုတာ ကျောင်းသားကို စိတ်ဝင်စားဖို့ လိုအပ်ပါတယ်။ မိမိကျောင်းသားတစ်ယောက်ချင်းရဲ့ အကြောင်းကို နားလည်အောင် လေ့လာဖို့လိုအပ်ပါတယ်။ မိမိကျောင်းသားများဟာ ဘယ်လိုမိဘဆွေမျိုးအသိုက်အဝန်းက လာသလဲ။ သူတို့ရဲ့ကိုင်းညွတ်မှုက ဘာလဲ။ သူတို့ရဲ့အားသာချက်က ဘာလဲ။ သူတို့ရဲ့အားနည်းချက်က ဘာလဲဆိုတာကို သိထားဖို့လိုအပ်ပါတယ်။ စာသင်တာပဲ အဲသည်လို အကြောင်းတွေကို သိဖို့လိုသေးလားလို့မေးရင် စာသင်ဖို့လောက်နဲ့ဆိုရင် တော့ အခုလိုခေတ်ကြီးမှာ စာအုပ်ကောင်းတွေ ပြည့်နေတာပါပဲ။ သင်ထောက်ကူတွေကလည်း ကောင်းသလားမပြောနဲ့။ ကွန်ပျူတာက လည်း စာတတ်ရုံလောက်သာရည်ရွယ်ရင် ဆရာ့နေရာကို ကောင်းစွာ ယူနိုင်တဲ့အခြေအနေကို ရောက်နေပြီ ဖြစ်ပါတယ်။

သို့သော် ကွန်ပျူတာဆိုတာ သူ့ထဲမှာထည့်ထားတဲ့ စွမ်းသါမျှ အတိုင်းအတာလောက်နဲ့သာ ကျောင်းသားကို ကူညီနိုင်တာဖြစ်ပါတယ်။ ကျောင်းသားကိုရော သင်ကြားရမယ့်အကြောင်းအရာများကိုပါ ကောင်း စွာလေ့လာပြီး သဘောထားကြီးကြီးနဲ့ သင်ကြားတတ်တဲ့ ဆရာ့စွမ်းအား ကိုတော့ ဘယ်လိုနည်းပညာကမှ မမီနိုင်ပါဘူး။

ဆရာ့စေတနာ၊ ဆရာ့မေတ္တာ၊ ဆရာ့ကရုဏာများကသာလျှင် လောကဓံအမျိုးမျိုးကို ခံစားနေရတဲ့ တပည့်ကလေးများ ကျောင်းသား ကလေးများရဲ့ စိတ်ဓာတ်အခြေအနေကို ထိန်းသိမ်းတည့်မတ်ပေးနိုင်မယ် ဖြစ်ပါတယ်။

ဆရာက တပည့်ရဲ့ပတ်ဝန်းကျင်အခြေအနေကို သိရမယ်ဆိုတာ နဲ့ ကျောင်းသားတိုင်းရဲ့အိမ်ကို လိုက်ကြည့်ရမယ်လို့ မဆိုလိုပါဘူး။ အခုခေတ်မှာ လူတွေဟာ သိပ်အလုပ်များတာပါပဲ။ အိမ်အလုပ်တွေ၊

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အလုပ်ခွင်က အလုပ်တွေ၊ မသွားရင်မဖြစ်တဲ့ ကိစ္စတွေနဲ့ ရှုပ်နေတတ်ပါတယ်။ ကျောင်းကဆရာ သို့မဟုတ် ဆရာမက အိမ်ကိုလာချင်တယ်ဆိုရင်တော့ ဝမ်းသာအားရဖိတ်ခေါ်မှာပါ။ သို့ပေမယ့် ဆရာကသာ အိမ်ကိုလာမလို့လို့ပြောလိုက်ရင် ငါ့သား ငါ့သမီး ဘာများဖြစ်လို့လဲဆိုတဲ့ စိုးရိမ်သောကလည်း ပေါ်ပေါက်သွားနိုင်ပါသေးတယ်။ အခုအချိန်မှာ ကျောင်းအကျိုးတော်ဆောင်အသင်းတို့ မိဘဆရာအသင်းတို့လည်း ရှိကြသားပဲ။ တစ်ဖက်နဲ့တစ်ဖက် ရင်းနှီးပြီး တစ်ဖက်က ဘယ်လိုအကျိုးဆောင်နေတယ်ဆိုတာကို တစ်ဖက်ကသိပြီး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်အောင် ကြိုးစားလို့ရပါတယ်။

ဆရာဟာ ကျောင်းသားပတ်ဝန်းကျင်ကို သိပြီး တော်တဲ့သူကို ပိုတော်အောင်၊ မတော်တဲ့သူကို တော်လာအောင်၊ အလယ်အလတ်ကို တိုးတက်လာအောင် သင်ပေးဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ကျွန်မတို့ ဘီအီးဒီတက်တုန်းက လူမှုရေးစိတ်ပညာနဲ့ ကူညီလမ်းညွှန်မှုကို သင်ကြားပေးတဲ့ ဆရာမကြီးဒေါက်တာဒေါ်ခင်မြကြ ပြောဖူးပါတယ်။ ဆရာများဟာ ကျောင်းသားများ တိုးတက်နိုင်ခြေရှိသလောက် တိုးတက်အောင် ကြိုးစားပေးဖို့လိုတယ်။ ၅၈ ကွ ၁၂၀ ရှိတဲ့ ကျောင်းသားကို ၁၀၀ လောက်မှာ ရပ်နေစေမယ်ဆိုရင် ဆရာက ညံ့လို့ပဲလို့ ဆုံးမဖူးပါတယ်။ ကလေးတစ်ယောက်မှာ အမြင့်ဆုံးတက်နိုင်ခြေဆိုတာက ကာလ ဒေသကိုလိုက်လို့ ဖြစ်ပေါ်လာတာပါ။ ကျောင်းသားကို ကောင်းစွာနားလည်တဲ့ ဆရာဟာ ကျောင်းသားကို လိမ့်လိမ့်လဲလဲမဖြစ်အောင် ခဏ ခဏ မဆုံးမနိုင်ပါဘူး။ တစ်ချိန်ကျတော့ ဆရာနဲ့ကျောင်းသားက ကွဲသွားရမှာပဲလေ။ အဲဒီတော့ ကျောင်းသားကိုယ်တိုင် ကိုယ့်စိတ်ကို တည်ငြိမ်အောင် ထားတတ်ဖို့ ဘယ်လိုလေ့ကျင့်ရမယ်ဆိုတဲ့နည်းကို ပေးနိုင်တဲ့ဆရာ ဖြစ်ရပါမယ်။

ကျောင်းသားများကို ဘေးအန္တရာယ် မကျရောက်စေဖို့ဆိုတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နေရာမှာလည်း ကာလ ဒေသအခြေအနေများကို သေသေချာချာ လေ့လာထားတဲ့ ဆရာက သွန်သင်နိုင်ပါတယ်။ စာသင်ရင်းလည်း ဥပမာ ဥပမေယျ စုံစုံလင်လင်ပြပြီး သင်နိုင်တာပါပဲ။ ကျောင်းသားများဟာ စာလည်းတတ်သွားပါမယ်။ မိမိတို့အပေါ်မှာ ကျရောက်နိုင်တဲ့ ဘေးအန္တရာယ်ဆိုတာတွေကိုပါ သိနားလည်သွားမယ် ဖြစ်ပါတယ်။

ဆရာဖြစ်ပြီဆိုတာနဲ့ ရပ်သွားပြီလို့ မထင်မှတ်ကြစေလိုပါဘူး။ ပိုပြီးသိရပါမယ်။ ပိုသိချင်ရင် ပိုပြီးလေ့လာရပါမယ်။ သိလာတာတွေကိုလည်း ကျေကျေညက်ညက် စဉ်းစားပြီး သုံးသပ်ရဦးမှာကိုး။ လေ့လာတာက အနောက်နိုင်ငံက စိတ်ပညာဆိုပါစို့။ ဟာ သိပ်ကောင်းတာပဲဆိုပြီး တိုက်ရိုက်ချသုံးကြည့်ပါလား။ တကတဲ အားလုံးကိစ္စများသွားမှာ ဖြစ်ပါတယ်။ စိတ်ကူးနဲ့ ပြောတာမဟုတ်ပါဘူး။ တစ်ချိန်က အမေရိကန်ပြန်ဆရာ ဆရာမများက ကျောင်းသားနဲ့ဆရာ ရင်းနှီးရမယ်ဆိုတဲ့ အချက်ကို သင်ပါတယ်။ သင်တဲ့အချိန်တုန်းက တိုင်းတစ်ပါးက အဆိုအမိန့်များကိုသာ အင်္ဂလိပ်လိုတိုက်ရိုက်ပြောပြီး သင်ခဲ့တာကိုး။ ပြောပါရစေတော့ ကျွန်မတို့အောင်တဲ့ကာလဝန်းကျင်မှာ ကျောင်းသားနဲ့ ဆရာမ၊ ဆရာနဲ့ကျောင်းသူမများ အကြောင်းပါတဲ့နှုန်း များခဲ့ပါတယ်။ တိုက်ဆိုင်မှုဆိုရင်လည်း တိုက်ဆိုင်မှုက လွန်တယ်လို့ပဲ ပြောရမယ်ဖြစ်ပါတယ်။

တပည့်နဲ့ဆရာဟာ တပည့်နဲ့ဆရာအဖြစ်ပဲ ရင်းနှီးသင့်ပါတယ်။ တပည့်နဲ့ဆရာ တလေးတစားနဲ့ အပြန်အလှန်တိုင်ပင်ပြီးအကြံဉာဏ်ယူလို့ရပါတယ်။ တပည့်ဆီကများ အကြံဉာဏ်ယူရဦးမလားလို့ မေးရင် သိပ်ကိုယူရတာပေါ့။ တကယ်တော့ ဆရာ ဆရာမက အသက်ကြီးသွားတော့ အသက်များစွာငယ်တဲ့ ကလေးများအကြောင်းကို နားလည်ချင်ရင် ထက်မြက်တဲ့ သတ္တိရှိတဲ့ ပွင့်လင်းစွာပြောဆိုတတ်တဲ့ ဘဝင်မကိုင်တတ်တဲ့ သူကလေးများနဲ့ မေးမြန်းဆွေးနွေးဖို့ လိုပါတယ်။ လောကသည် ငါတို့၏ဆရာသမားဆိုတော့ တပည့်ကလေးများကလည်း လောကသားတွေပဲကိုး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူတို့ဆီကပြန်ပြီး လေ့လာစရာတွေလည်း ရှိတာပေါ့။ ပြီးတော့မှ သူတို့တိုးတက်ဖွံ့ဖြိုးရေးအတွက် ကိုယ်လေ့လာထားတဲ့ အချက်များ ထပ်ဆောင်းပြီး သင်ကြားပြသဖို့ သင့်ပါတယ်။ အရေးကြီးတာကတော့ ဆရာဖြစ်သွားပြီဆိုတိုင်း အဘက်ဘက်မှာ တပည့်ထက်သိတယ်၊ သာတယ်လို့လည်း တစ်ထစ်ချမမှတ်လေနဲ့။ လေ့လာစရာ မလိုတော့ဘူးလို့လည်း လုံးဝမမှတ်လေနဲ့လို့ ပြောလိုပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာဆိုတာ ကျောင်းသားများကို
## လူစင်စစ်ဖြစ်အောင် သင်ပေးနိုင်ရပါမယ်

အခုတစ်ပတ်ခေါင်းစဉ်ကြီးက စိတ်ဆိုးချင်စရာကြီးလို့ ထင်ရင် သေသေချာချာ ဆက်ဖတ်ကြည့်စေလိုပါတယ်။ လူအဖြစ်မွေးလာလို့ ကျောင်းထားတဲ့အရွယ်ကိုတောင် ရောက်ပြီ၊ လူမဖြစ်သေးလို့ ဘာတုံးလို့ မေးချင်စရာပါပဲ။ တကယ်တော့ လူဖြစ်ပြီး လူပီသဖို့ လူစင်စစ်လို့ အခေါ်ခံရဖို့ လူစင်စစ်အဖြစ် ဘဝမှာအောင်မြင်ဖို့ တာဝန်ကျေဖို့အတွက် ကျွန်မတို့ရဲ့ လက်ဦးဆရာများရော သင်ဆရာ မြင်ဆရာ ကြားဆရာများကရော အင်မတန်မှ အားအင်ထုတ်ပြီး အမြဲတစေ မျက်ခြည်မပြတ် သွန်သင်ခဲ့ကြလို့သာ လူပီသတဲ့လူကလေးများ ဖြစ်လာကြရတာပါ။

တချို့သောသူများကတော့ ကောင်းမြတ်တဲ့ဆရာသမားများနဲ့လည်းတွေ့ပြီး ကောင်းစွာသွန်သင်ခြင်းလည်း ခံရတယ်။ ပင်ကိုကလည်း စရိုက်ကောင်းတဲ့သူ ဉာဏ်ကောင်းတဲ့သူလည်းဖြစ်တယ်ဆိုတော့ အတက်လည်းမြန်ပါတယ်။ မြန်သလောက်လည်း မြဲတတ်ပါတယ်။

တချို့ကတော့ ဆရာကောင်း သမားကောင်းများနဲ့ မတွေ့ရတဲ့အတွက် မိမိကျရောက် ကျင်လည်ရာပတ်ဝန်းကျင်ဟာ ကောင်းသလား ဆိုးသလားလည်း မခွဲခြားတတ်ပါဘူး။ သူ့ကျိုး ကိုယ့်ကျိုး မပျက်စီးအောင် ဘယ်လိုနေထိုင် ပြောဆိုရမယ်ဆိုတာကိုလည်း မခွဲခြမ်းတတ်ပါဘူး။ အဲသည်လိုနဲ့ လူစင်စစ်များမှ ရရှိနိုင်တဲ့လောကီအကျိုး လောကုတ္တရာ အကျိုးစီးပွားများကို မရရှိတတ်ပါဘူး။

တကယ်တော့ လူစင်စစ်ဖြစ်အောင် ဆေးကြိမ်လုံးနဲ့ ထိုးလိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သလို ဖြစ်စေသတည်း ဖြစ်စေသတည်းနဲ့ လုပ်လို့မရနိုင်ပါဘူး။ ဆရာသမားများဟာ သင်ရိုးမှာပါတဲ့အကြောင်းအရာများကို ပြီးပြည့်စုံအောင် သင်မယ်။ ငါ့အတန်းက ကျောင်းသားတွေ စာမေးပွဲတွေကို ကောင်းကောင်း ဖြေနိုင်မယ်။ အမှတ်များများရမယ်ဆိုရင် ပြီးရောပေါ့။ ဒါ့ထက်များ ဘာလုပ်ပေးနိုင်မှာတဲ့လဲလို့ တွေးမယ်ဆိုရင် အဲသည်လိုတွေးတောခြင်းကို အပေါ်ယံကြောတွေးတောခြင်းလို့ ခေါ်ရပါလိမ့်မယ်။ အပေါ်ယံကြောအနေနဲ့ ကြည့်ရင်တော့ ဟုတ်တာပေါ့၊ ဒါ့ထက်ဘာလုပ်လို့ရမှာလဲ။

သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင် တချို့များ ကြားတဲ့စကားကို အဓိပ္ပာယ်ပေါ်အောင် မတွေးတောတတ်ဘူး။ ဟဲ့ ဒါကိုဆိုတာလို့ လှည့်ပြောမှ သြော် ဒါလားလို့ပြောပြီး အသေမှတ်တာပဲ တတ်ပါတယ်။ အခြေအနေ အချိန်အခါ နေရာဒေသပြောင်းလဲရင် ပြောင်းလဲသလို အဓိပ္ပာယ်ပြောင်းတာတွေကို သိဖို့ဆိုတာ အလွယ်ကလေးတွေက စပြီး သင်ကြားမှ တတ်တာဖြစ်ပါတယ်။

ဘယ်အရာကိုမှ အသေမှတ်လို့ မရပါဘူး။ မိမိကိုယ်တိုင် တွေးတောစဉ်းစားပြီးမှ မှန်တယ် မမှန်ဘူးဆိုတာကို ကိုယ်တိုင်ဆုံးဖြတ်တတ်ဖို့ လိုအပ်ပါတယ်။ အဲသည်လို အရည်အချင်းကိုလည်း ငယ်ငယ်ကတည်းက သင်ပေးရပါတယ်။

ကျွန်မက ကျွန်မငယ်ငယ်တုန်းက အကြောင်းတွေကို ဥပမာအဖြစ် တင်ပြရင် သင်တန်းတစ်ခုမှာ ကျောင်းသားများကို စဉ်းစားတတ်အောင် သင်ပေးသင့်ပါတယ်။ စဉ်းစားနည်းကိုသာ သင်ပေးရမှာဖြစ်ပါတယ်။ စဉ်းစားပြီးသားအဖြေကို မပေးသင့်ပါဘူးလို့ ထည့်သွင်းပြောမိပါတယ်။ **အဲသည်အချိန်မှာ မဟာတန်းအောင်ပြီးသား တက္ကသိုလ်ဆရာ** တစ်ယောက်က ကလေးတွေကို စဉ်းစားတတ်အောင်သင်ပေးလို့ ရနိုင်ပါ့ မလား။ သူတောင် စဉ်းစားတတ်တယ်ဆိုတာ ကျမ်းပြုတဲ့အဆင့်ကိုရောက်မှ ကြီးကြပ်သူဆရာက ဆွေးနွေးမေးမြန်းတာကြောင့် စဉ်းစား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တတ်လာတာလို့ ပြောပါတယ်။ ပြီးတော့ စဉ်းစားတဲ့ အဖြေတွေကို အမှတ်ပေးသလားလို့လည်း မေးပါတယ်။

မဟာတန်းကျမ်းပြုတဲ့အခါကျမှ စဉ်းစားတတ်တာတော့ မဟုတ်နိုင်ပါဘူး။ စဉ်းစားတွေးတောခြင်းကို ခက်ခဲနက်နဲခြင်းနဲ့ ညီမျှကိန်းဆွဲထားလို့ ပြောတာဖြစ်ပါလိမ့်မယ်။ အမှတ်ကိစ္စတော့ ကျွန်မ မဖြေလိုပါဘူး။ ဖြစ်ရပ်မှန်တွေက ဖြေကြားပါလိမ့်မယ်။ ကျွန်မကတော့ စဉ်းစားတာ၊ တွေးတောတာ၊ ပြန်လည်တင်ပြတာဟာ ပညာသင်ကြားခြင်းစကတည်းက ပါလာရမယ့် အဆင့်ဆင့်သောနည်းလမ်းများ ဖြစ်ပါတယ်လို့ပဲ ဖြေလိုက်ပါတယ်။

ဥပမာ ပြောရမယ်ဆိုရင် အတန်းထဲမှာ ကျောင်းသုံးစာအုပ်ကိုဖတ်ခြင်းကိစ္စကို ပြောကြည့်ကြရအောင်ပါ။ အပေါ်ယံကြော တွေးတောလုပ်ဆောင်တဲ့ဆရာကတော့ ကျောင်းသားများကို စာဖတ်ခိုင်းထားတော့ဆရာက သက်သာတယ်။ ကျောင်းသားကို ငြိမ်အောင်ထိန်းထားနိုင်တယ်လို့ ထင်တတ်ကြပါတယ်။ အဲသည်လိုဆိုရင် အချိန်ဖြုန်းတီးပြီး၊ ကျောင်းသားများဟာ အဲသည်ဘာသာကို ငြီးငွေ့သွားစေနိုင်ပါတယ်။ တကယ်လို့ဆရာက ဖတ်ထားပြီးသားတွေကို ဗလာစာအုပ်ထဲမှာ ကူးခဲ့ပါလို့ အိမ်စာပေးပြီး ပြန်လည်စစ်ဆေးခြင်းမပြုရင်တော့ ပိုလို့သာဆိုးသွားပြီလို့ ပြောရမှာ ဖြစ်ပါတယ်။

တကယ်တော့ ကျောင်းသားများကို စာဖတ်ခိုင်းတာဟာ စာကြောင်းများကို အဖြတ်အတောက်မှန်မှန်နဲ့ ဖတ်တတ်ဖို့ လေ့ကျင့်ပေးတာ ဖြစ်ပါတယ်၊ အဖြတ်အတောက်မှန်မှ အဓိပ္ပာယ်ကလည်း ပေါ်လွင်လာပါတယ်။ အဲသည်လို စာတွေကို တစ်ယောက်ပြီးတစ်ယောက်ဖတ်နေတုန်း ဆရာက အိပ်ငိုက်နေမယ်ဆိုရင် ဖတ်တဲ့သူကလည်း ဖတ်ချင်သလိုဖတ်ပြီး နားထောင်တဲ့သူတွေကလည်း အိပ်ငိုက်နေမှာဖြစ်ပါတယ်။ ဆရာက စာဖတ်နေတဲ့သူကို အသံထွက်မှားတဲ့အခါ အဖြတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အတောက်မှားတဲ့အခါမှာ ခဏရပ်ခိုင်းပြီး ရှင်းလင်းမယ်ဆိုရင် ကျောင်းသားများလည်း အသံထွက်ရော အဖြတ်အတောက်ဟာ ဘယ်ဘာသာနဲ့ပဲ ဖတ်ရသည်ဖြစ်စေ အရေးကြီးတယ်ဆိုတာကို သတိထားမိသွားပါလိမ့်မယ်။ တစ်ယောက်တစ်လှည့် စာဖတ်ရတဲ့အလုပ်ဟာ သင်ယူခြင်းတစ်မျိုးဆိုတာကို သိသွားပါလိမ့်မယ်။

ဖတ်ထားတဲ့စာတွေကို ပြန်ကူးခိုင်းတာထက် ပြန်ပြောခိုင်းတာက ပိုပြီးလက်တွေ့ဆန်ပါတယ်။ ချက်ချင်းနားထောင်ပြီး ချက်ချင်းပြန်ပြောခိုင်းတာဟာ ကျောင်းသားများရဲ့စူးစိုက်မှုကို လေ့ကျင့်ပေးတာဖြစ်ပါတယ်။ ပြီးတော့ ကျောင်းသုံးစာအုပ်ထဲမှာ ရှိတဲ့အကြောင်းအရာများကို တိုက်ရိုက်ကူးခိုင်းမယ့်အစား သေသေချာချာဖတ်ခဲ့။ အကြောင်းအရာများကို အာပုတိုက်ပြီး ကျက်တာမျိုးမလုပ်ခဲ့နဲ့။ နားလည်အောင် ဖတ်ခဲ့၊ ပြန်ပြောရမယ်လို့ ကလေးများကို အိမ်စာပေးလိုက်ပါ။ ကလေးများ ဖတ်လာခဲ့မှာ ဖြစ်ပါတယ်။

အတန်းထဲမှာ ပြန်ပြောပြခိုင်းတဲ့နေရာမှာလည်း တော်တဲ့သူကိုချည်း ပြောခိုင်းတာမျိုး ညံ့တဲ့သူကိုချည်း ပြောခိုင်းတာမျိုး မဖြစ်သင့်ပါဘူး။ အားလုံးအလှည့်ကျ လုပ်ဆောင်ရမယ်ဆိုတာကို သိထားရင် ကျောင်းသားများဟာ အစဉ်အသင့်ဖြစ်အောင် နေနည်းထိုင်နည်း တတ်လာပါလိမ့်မယ်။ ငါတို့အလှည့်တော့ ဘယ်တော့မှ ကျလာမှာမဟုတ်ဘူးလို့ တွေးတဲ့အတွေးဟာ ကျောင်းထဲက အပြင်ရောက်တဲ့အထိ ပါသွားရင် ကောင်းကျိုးထက် ဆိုးကျိုးက ပိုလာနိုင်ပါတယ်။

စာဖတ်လာပြီး ပြန်ပြောခိုင်းတဲ့နေရာမှာလည်း ပညာသားပါပါတယ်။ ကျွန်မစာရေးရင် မပါမဖြစ်တဲ့ ဆရာမြင့် အကြောင်းလည်း ထည့်ပြောရမှာ ဖြစ်ပါတယ်။ ဆရာမြင့်က ကျွန်မတို့ခေတ်က ကျောင်းသုံး စာအုပ်ထဲမှာပါတဲ့ သမိုင်းဖြစ်ရပ်ကို ပေါ်လွင်အောင် ပြောပြပါလို့ ကျွန်မကိုခိုင်းပါတယ်။ ကျွန်မက ကျွန်မစာဖတ်နာတာကို တယကြွား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ချင်တာကို စာအုပ်ထဲကဖတ်ထားတာကို ၏ ၌ ရှေ့မကျန် မပြောရုံ တမယ် ပြည့်စုံစွာပြောတော့မယ်လို့ အစပျိုးကာရှိသေး ဆရာက တိုတို ပြော လိုရင်းပြောနဲ့ ဆိုပါလေရော။ ကျွန်မဖြင့် စိတ်တိုလိုက်တာလေ။ အခုထိ မှတ်မိနေပါသေးတယ်။ နောက်တစ်ခါ ဆက်ပြောတော့လည်း တိုတိုပြော တိုတိုပြောနဲ့ အဆိုခံရပြန်ပါသေးတယ်။

နောက်ကျမှ လိုရင်းအချက်များကို ကောက်နုတ်ပြီး ပေါ်လွင်အောင် ပြောတတ်ခြင်းဟာ ပညာပဲဆိုတဲ့အကြောင်း ဆရာက ရှင်းပြမှ သြော် ဒီလိုကိုးလို့ သဘောပေါက်ပါတယ်။ ကျောင်းသားကို စဉ်းစားတတ်အောင်လည်း ပြောခိုင်းမှ ဖြစ်မှာပါပဲ။ စဉ်းစားစမ်း၊ စဉ်းစားစမ်းလို့ ပြောစရာမလိုပါဘူး။ ကျောင်းသားအနေနဲ့ ရှေ့နောက်ဆက်စပ်မိအောင် အချက်အလက်များကို ဘယ်လိုစီစဉ်ပြီး ပြောရမလဲ၊ ဘယ်လိုသံနေသံထားနဲ့ ပြောရမလဲဆိုတာ ကိုယ်တိုင်ပြောကျင့်ရှိမှ တတ်မြောက်တာပါပဲ။

ဆရာက ရှေ့ပြောသွား၊ လိုက်ရေး။ ပြီးတော့ တစ်လုံးချင်း ပြန်ကျက်၊ ပြီးတော့ ပြန်ပြီးရွတ်ပြ ဒါမှမဟုတ် ပြန်ပြီးရေးပြဆိုတဲ့နည်းကတော့ လူကလေးတွေကို စာကူးစက်ကလေးတွေဖြစ်အောင် လုပ်တဲ့နည်းဖြစ်ပါတယ်။ ဆရာ့တာဝန်ဖြစ်တဲ့ လူဖြစ်ပြီးသားကို အဘက်ဘက်ကပြည့်စုံတဲ့ လူပီသရေးနဲ့ ပြောင်းပြန်ဖြစ်ပါတယ်။ လူဆိုတာ စဉ်းစားတတ်ရမယ်။ ဝေဖန်တတ်ရမယ်။ လုပ်သင့်တာကို ရွေးချယ်လုပ်ကိုင်တတ်ရမယ်။ အဲသည်လို အရည်အချင်းရှိတဲ့သူများတောင်မှ လောကဓံဆိုး လေးပါးနဲ့ ကြုံရင် အဆီးအတားများ အခက်အခဲများနဲ့ ကြုံရတတ်ပါသေးတယ်။ အဲသည်အချိန်အခါမှာလည်း လူပီသအောင် ကောင်းစွာသင်ယူခွင့် ရတဲ့သူများကတော့ နည်းမှန်လမ်းမှန်နဲ့ ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# သီကုံးပန်းသွင် နေ့တိုင်းဆင်လော့ ၁

၁၉၉၁ ခုနှစ်ဟာ ကျွန်မအတွက် တစ်သက်မမေ့စရာ နှစ်တစ်နှစ်ဖြစ်ပါတယ်။ အဲသည်နှစ်မှာ ကျွန်မမေမေ ဆုံးပါးပါတယ်။ အသည်းကင်ဆာနဲ့ ၁၀ လကြာအောင် ဆေးကုသမှုခံယူနေခဲ့ရပါသေးတယ်။ မေမေ့အတွက် ကုသိုလ်ကောင်းမှုတွေကို တစ်ဖက်ကပြုရင်း တစ်ဖက်ကလည်း လူနာကို ပြုစုရပါတယ်။ ကျောင်းကအလုပ်များကိုလည်း ပစ်မထားနိုင်တော့ ကျောင်းကိုလည်း စာသွားသင်ရသလို ကျောင်းကပေးတဲ့တာဝန်တစ်ရပ်ဖြစ်တဲ့ အလုပ်ရုံဆွေးနွေးပွဲ (တ္တသမ္ဗျသစ) ကိုလည်း ပြေးတက်လိုက်ရပါသေးတယ်။

အဲသည်အလုပ်ရုံဆွေးနွေးပွဲမှာ႔ခေဒူငအအေနမ အဖြစ် တာဝန်ယူသူက ချောမောလှပသလောက် ပွင့်လင်းချိုသာတဲ့ ီမ၏ ူနန ဖြစ်ပါတယ်။ အဲသည်အချိန်က ီမ၏ ူနန ဟာ မြန်မာနိုင်ငံမှာ တာဝန်ကျနေတဲ့ ကိုရီးယားသံအမတ်ကြီးကတော် ဖြစ်ပါတယ်။ ကျွန်မဟာ မေမေဆုံးတော့မယ်ဆိုတာကို သိထားပေမယ့် အလုပ်တာဝန်ထဲမှာ စိတ်ရောက်သွားတဲ့အခါ တက်တက်ကြွကြွဆွေးနွေးမေးမြန်းခဲ့ပါတယ်။ အဲသည်တော့ ီမ၏ ူနန နဲ့ သိပ်အဆင်ပြေပါတယ်။ သူနဲ့ကျွန်မနဲ့ အမြဲလိုလို သဘောတူပါတယ်လို့တော့ မပြောနိုင်ပါဘူး။ သို့ပေမယ့် သူဟာ အင်မတန်မှ ပညာကြီးတဲ့သူဆိုတော့ သဘောထားကလည်း ကြီးရှာပါတယ်။ မတူညီတဲ့အချက်ကို ကျွန်မထိုင်တဲ့စားပွဲမှာ လာထိုင်ပြီး ဆွေးနွေးပါတယ်။ ကျွန်မတို့နှစ်ယောက် ညှိယူလို့ ရခဲ့ပါတယ်။

ဥပမာဆိုပါတော့ သူတို့ဆီမှာ အမျိုးသမီး ပညာရေးဝန်ကြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ယောက် တက်လာတုန်းက တူညီဝတ်စုံများကို ကျောင်းသားများ မဝတ်ရတော့ဘဲ စိတ်ကြိုက်အဝတ်အစားများကို ဝတ်ဆင်ခွင့်ပေးပါတယ်တဲ့။ ဒါဟာ ရသအမြင်နဲ့တော့ အတော်ကောင်းပါတယ်လို့ သူက ဆိုပါတယ်။ ကျွန်မကတော့ တူညီဝတ်စုံဟာ တကယ်တော့ သိက္ခာတစ်ရပ်ကို ဆောင်စေတဲ့ဝတ်စုံဖြစ်ပါတယ်။ ကျောင်းသားများအနေနဲ့ မိမိတို့ဝတ်ရမယ့် တူညီဝတ်စုံများကို သပ်ရပ်အောင် ဝတ်ဆင်စေပြီးတဲ့နောက် ကျောင်းသားများရဲ့ ဂုဏ်သိက္ခာများကို ထိန်းသိမ်းစေဖို့ သွန်သင်သင့်ပါတယ်။ ပြီးတော့ အဲသည်အဝတ်အစားဟာ ငယ်ရွယ်စဉ်ဘဝမှာသာ ဝတ်လို့ပိုပြီးတင့်တယ်တယ်ဆိုတာကိုလည်း သိစေသင့်ပါတယ်ဆိုတဲ့ ဆွေးနွေးချက်များကို တင်ပြပါတယ်။

နေ့လည်ပိုင်းအစမှာတော့ ိမ၏ ။နန ကိုယ်တိုင် ကျွန်မစားပွဲမှာ လာထိုင်ပြီးတော့ သူတို့ဆီမှာလည်း တူညီဝတ်စုံကို မဖျက်သိမ်းရသေးတဲ့ ကာလ အတောအတွင်းမှာ ကျောင်းသားနဲ့အပြင်လူ ခွဲခြားမရလို့ အရပ်ဘက် ရဲဘက်များမှာ ပြဿနာများ တော်တော်ဖြေရှင်းရတဲ့အကြောင်း လာရောက်ဆွေးနွေးပါတယ်။ တခြားအကြောင်းအရာများကို ဆွေးနွေးတဲ့အခါမှာ အသိအမြင်ပွင့်လင်းတဲ့ ိမ၏ ။နန ရဲ့ အပြောအဆိုများကြောင့် ကျွန်မတို့ စိတ်ဝင်စားရုံမက ပျော်ရွှင်ခဲ့ကြရပါတယ်။

ကျွန်မအမေဟာ အသည်းကင်ဆာကိုသာမက အဆုပ်ကိုပါ ကူးစက်လာပြီလို့ ထင်လို့ ဆရာဝန်ကြီးများက အဆုတ်ကို ဓာတ်မှန်ရိုက်ကြမယ်လို့ ချိန်းဆိုပါတယ်။ ညနေဘက်မှာ အဖြေလည်းသိရမယ်လို့ တစ်နေ့ကြိုတင်ပြီး မှာထားလိုက်ပါတယ်။ ဆွေးနွေးပွဲမှာ လူကများတော့ တချို့ဆိုရင် အသာကလေး လျှိုပြီးထွက်သွားလေ့ရှိပါတယ်။

ကျွန်မကတော့ မလျှိုနိုင်ပါဘူး။ ိမ၏ ။နန ကို ကိုယ်တိုင် သွားရောက်ခွင့်တိုင်ပါတယ်။ ညနေပိုင်းမှာ ကျွန်မကို အပြင်ထွက်ခွင့်ပေးပါလို့ပေါ့။ သူကမေးလို့ ကျွန်မမေမေဟာ ကင်ဆာရောဂါကို ခံစားနေရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တဲ့အကြောင်းကို ပြောတော့ သူမျက်နှာဟာ သိသိသာသာ ညှိုးသွားပါတယ်။ ရှင် ကိုရီးယားဂျင်ဆင်းကို မလိုချင်ဘူးလားလို့ မေးပါတယ်။ ကျွန်မက လိုချင်တာပေါ့လို့ ပြောတော့ ကျွန်မပေးမယ်။ ကျွန်မကိုယ်တိုင် ကိုရီးယားတုန်းက ကိုယ်တိုင်သန့်ရှင်းပြီး ကိုယ်တိုင်ထောင်းထားတာလို့ ပြောပါတယ်။

အဲသည်နေ့ညနေမှာ ထင်တဲ့အတိုင်း အဆုတ်မှာ ကင်ဆာဆဲလ်တွေ ရောက်နေပြီဆိုတာသိတော့ ကျွန်မက Dr. Lee ထံကိုသွားပြီး ကျွန်မဟာ နောက်ပိုင်းရက်တွေမှာ ဆွေးနွေးပွဲမတက်ရောက်နိုင်တော့ဘူးဆိုတာကို ပြောပြီးခွင့်တိုင် ပါတယ်။ သူကလည်း စိတ်စက်မကောင်းစွာနဲ့ ခဏစောင့်ပါ။ ထမင်းစားဆင်းချိန်မှာ ဂျင်ဆင်းမှုန့်တွေ သွားယူပေးပါမယ်ဆိုပြီး စောင့်ခိုင်းထားလို့ ကျွန်မစောင့်ပြီး နေရပါတယ်။ သူယူလာတဲ့အမှုန့်တွေက တော်တော်ကြီးများပါတယ်။ ကိုယ်တိုင်ထောင်းတာပါနော်၊ စိတ်ချလက်ချသုံးပါနော်လို့ မှာလိုက်ပါသေးတယ်။ သူမပြန်ခင် ကျွန်မက ဆင်ရုပ်တစ်ရုပ်နဲ့ ကျေးဇူးတင်စကားကို စာရေးပြီး ပို့ခဲ့ပါတယ်။ သူ့ဆီကလည်း ကျွန်မနဲ့ ကျွန်မအမေဟာ သူ့ဆုတောင်းများမှာ အမြဲပါမှာပါဆိုတဲ့ ပြန်စာကလေးရပါတယ်။

အဲသည်လို လွမ်းစရာ ဆွေးစရာအကြောင်းကလေးနဲ့ စပြီး ချစ်စရာ ခင်စရာ လေးစားပြီး ရေရှည်ဆက်ဆံချင်စရာကောင်းတဲ့ ပညာရှင်တစ်ယောက်နဲ့ ဆွေးနွေးကြတဲ့အထဲမှာ ကျွန်မတို့ဘုန်းတော်ကြီးကျောင်းပညာရေး ခေတ်စားတဲ့ ပဒေသရာဇ်ခေတ်ကတည်းက ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့တဲ့ 'သုစိပုဘာ ဝိလိသိဓာ အက္ခရာစွဲသုံးဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့' ဆိုတဲ့ စာသင်သားများအတွက် ဆုံးမစာကို ကျွန်မတို့က ပြောပြခဲ့ကြပါတယ်။ ပထမဆုံး အဲသည်စာလုံးတစ်လုံးချင်းရဲ့ အဖွင့်စကားကို ပြောပြပါတယ်။ Dr. Lee က ခေတ်မီလိုက်တာ၊ ခေတ်မီလိုက်တာ တကယ်တော့ အဲသည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အကြောင်းကိုသာ လက်တွေ့လုပ်ဆောင်နေရင် ရှင်တို့ ခေတ်နောက်မကျနိုင်ဘူးလို့ ဆိုရှာပါတယ်။

နိုင်ငံခြားသူကို တစ်လုံးချင်းရှင်းခဲ့တဲ့အတိုင်း အခုပြန်ပြီး တင်ပြပါမယ်။

၁။ သုဏေယျ၊ နာကြားရာ၏။

၂။ စိန္တေယျ ကြံစည်ရာ၏။

၃။ ပုစ္ဆေယျ မေးမြန်းရာ၏။

၄။ ဘာသေယျ ပြောဆိုရာ၏။

၅။ ဝိစာရေယျ စူးစမ်းဆင်ခြင်ရာ၏။

၆။ လိခေယျ ရေးသားရာ၏။

၇။ သိက္ခေယျ လေ့ကျင့်ရာ၏။

၈။ ဓာရေယျ နှုတ်တက်ဆောင်ရာ၏။ ဆိုတဲ့ စကားရှစ်ခွန်းပဲ ဖြစ်ပါတယ်။

နိုင်ငံခြားသူ ပညာရှင်က သိပ်ခေတ်မီတာပဲဆိုတာကို ဟုတ်မဟုတ် ဆန်းစစ်ကြည့်ကြရအောင်ပါ။ အထက်ပါ အချက်ရှစ်ချက်ဟာ သင်ကြားနည်းဖြစ်သလို သင်ယူနည်းလည်းဖြစ်ပါတယ်။ ကျောင်းသားဟာ နာကြားမှသာ အသစ်အသစ်သော အကြောင်းအရာ အချက်အလက်များကို သိပါမယ်။ သိသိချင်း သူလုပ်သင့်တာကတော့ သူဘယ်လောက်နားလည်သလဲ။ သူဘယ်လောက် လက်ခံနိုင်မလဲဆိုတာကို ကြံစည်ရမှာဖြစ်ပါတယ်။ ကလေးတွေကို ကြံစည်နိုင်ခြင်းမရှိလို့ မထင်ပါလေနဲ့။ ကျွန်မတို့ကျောင်းမှာ သူငယ်တန်းကြီးတက်တုန်းက မင်္ဂလသုတ်ကို နှုတ်တိုက်အော်ပြီး ရွတ်ဆိုစေခဲ့ပါတယ်။ လွန်လှ အသက်က ၆ နှစ်ပေါ့။ မင်္ဂသုတ်ထဲမှာ မိမိကိုယ်ကို နိမ့်ချရခြင်းသည်လည်းကောင်းလို့ ပါပါတယ်။ အဲသည်အချက်ကို ကျွန်မကအော်ပြီးကျက်ခဲ့ပေမယ့် အိမ်ကျတော့ မေမေ ဘုရားစာထဲမှာ အမှားပါနေတယ်လို့ ပြောပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မေမေက ဘယ်လိုအမှားလဲ သမီးရယ်ဆိုတော့ မိမိကိုယ်ကိုနှိမ့်ချရခြင်း သည်လည်း မင်္ဂလာမည်တယ်ဆိုတော့ မေမေရာ ကိုယ့်အမေကို ကိုယ် နှိမ့်ချခိုင်းတာ ကောင်းပါ့မလားလို့ မေးပါတယ်။ မေမေက မိမိဆိုတာ အမိဆိုတဲ့စကားနဲ့ မတူဘူး။ မိမိဆိုတာ ကိုယ့်ကိုယ်ကိုလို့ ပြောတာဖြစ် တယ်။ ကိုယ့်ကိုယ်ကို နှိမ့်ချရမှာကိုပြောတာ၊ မာန်မာနမတက်ရဘူးလို့ ပြောတာလို့ဆိုမှ ကျွန်မနားလည်သွားပါတယ်။

တကယ်လို့ ကြံစည်ရာ၏ရဲ့နောက်မှာပါတဲ့ မေးမြန်းရာ၏ဆိုတဲ့ အပိုဒ်ကို ကျွန်မတို့ကျောင်းများမှာ ကျင့်သုံးခွင့်များများပေးခဲ့ရင် ကျင့်သုံး အောင် များများလေ့ကျင့်ပေးခဲ့ရင် အဲသည်လိုကျောင်းသားက အမှားကို နားလည်သွားတဲ့ပြဿနာဟာ အိမ်ကိုပါသွားမှာ မဟုတ်ပါဘူး။ တော် သေးတာက ကျွန်မအမေကလည်း အမှန်ကိုသိနားလည်ပြီး ဖြေတတ်နေ ပေသေးလို့ပါပဲ။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## သီကုံးပန်းသွင် နေ့တိုင်းဆင်လော့ ၂

ကျွန်မတင်ပြခဲ့တဲ့ အရင်တစ်ပတ်က အကြောင်းအရာထဲက ကိုရီးယား သံအမတ်ကြီး ကတော်ဖြစ်သူ ပညာရေးဆိုင်ရာပါရဂူနဲ့ ကျွန်မတို့အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပကြတဲ့အခါမှာ အရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့တဲ့ သုစိပုဘာကို ကျွန်မတို့က မြန်မာဘာသာကနေပြီး အင်္ဂလိပ်လို ပြန်ဆိုတင်ပြပါတယ်။ သူက သိပ်ခေတ်မီတာပဲဆိုတော့ ကျွန်မတို့က ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်လို့လည်း ဖော်ပြခဲ့ပါတယ်။ တကယ်တော့ ဝမ်းမြောက်နေရုံသာမက ကိုယ့်ဆီမှာရှိပြီးသား အဲသည်လိုခေတ်မီတဲ့ ရှေးနည်းတွေကို ဘယ်လောက်တွင်တွင်ကျယ်ကျယ် အသုံးပြုသလဲ။ အသုံးပြုနိုင်အောင်ဘယ်လောက် ကြိုးစားမိကြပါသလဲဆိုတာကို ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။ အဲသည်အချိန်တုန်းကတော့ နိုင်ငံခြားက ပညာရှင်ကတောင် တို့ဆရာတော်များ စပ်ဆိုခဲ့တဲ့ ပညာသင်ကြားနည်းစနစ်ကို လေးစားတယ်ဆိုတဲ့ ဘဝင်ကို လေပင့်တဲ့အတွေးနဲ့ ကျေနပ်နေလိုက်တာ၊ အခုလို အိုကြီးအိုမ ပင်စင်စားဘဝကျမှပဲ သြော် ငါတို့ရောဘယ်လောက်ပိုကောင်းအောင် ဆောင်ရွက်နိုင်ခဲ့သလဲဆိုတာကို မစဉ်းစားမိဘူးဆိုတာကို နက်နက်နဲနဲ တွေးမိပါတယ်။

အရင်တစ်ပတ်က ကျွန်မဟာ **'စိန္တေယျ၊ ကြံစည်ရာ၏'** ဆိုတဲ့ အပိုဒ်အထိ တင်ပြခဲ့ပါတယ်။ ကျောင်းသားများကို ကြားနာပြီးတာနဲ့ တန်းပြီးကျက်ခိုင်းရင်တော့ ဖွန်းနဲ့ခွံကျွေးတဲ့အဆင့်တောင်မှ မကတော့ဘဲ ပီကင်းဘဲတွေကို အစာကျွေးတာနဲ့ တူနေပါလိမ့်မယ်။ ဘဲကလေးတွေကို တန်းကလေးတွေထဲကနေ လျှောက်လာခိုင်းပြီး လူက ပုံးတစ်ပုံးနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စောင့်နေတဲ့နေရာကို ရောက်တာနဲ့ နှုတ်သီးထဲကို ပိုက်ထိုးသွင်းလိုက်ပါတယ်။ လူ့ခြေထောက်က လီဘာကိုနင်းလိုက်တာနဲ့ အတိုင်းအတာတစ်ခုအထိ ဘဲရဲ့ဝမ်းတွင်းကို အစာတွေ ဗျစ်ခနဲမြည်တဲ့ပြီး ဝင်သွားမှာပါပဲ။ ဘဲတွေခမျာ အရသာကို မသိနိုင်ကြရှာပါ။ အဲသည်လိုသည် စာကို သည်လိုကျက်၊ သည်လိုရွတ်၊ သည်လိုပြန်ရေးလို့ ပုံစံချပြီး သင်တာကတော့ စာသင်တာ ဖြစ်ပါလိမ့်မယ်။ ပညာသင်တာ မဖြစ်နိုင်ပါ။

ပညာသင်တယ်ဆိုတာက ဦးနှောက်ကလည်း စဉ်းစားတတ်မှ နှလုံးသားနဲ့လည်း ခံစားတတ်မှ၊ မှန်မမှန်လည်း ဆန်းစစ်တတ်ဦးမှကိုး။ အဲသည်လို ဖြစ်အောင်ဆိုတာက ကြားနာထားဖို့လည်း လိုပါတယ်။ အချက်အလက်များ အကြောင်းအရာများကို မကြားနာဘဲ မဖတ်ကြားဘဲ မသိနိုင်ပါဘူး။ သိပြီးတော့လည်း စဉ်းစားတွေးတောခြင်း မရှိ၊ ရရှိတဲ့အတိုင်း လက်ခံမယ်ဆိုရင်ဖြင့် အမှားတွေရော အမှန်တွေရော ခေါင်းထဲမှာရောက်ပြီး ရှုပ်ထွေးနေမှာဖြစ်ပါတယ်။ အဲသည်တော့ မှန်သလား၊ မမှန်ဘူးလား။ နားလည်သလား၊ နားမလည်ဘူးလားဆိုတာကို ကြံစည်တွေးတောပြီးတဲ့အခါမှာ နားမလည်တဲ့အကြောင်းအရာများကို မေးမြန်းရမှာဖြစ်ပါတယ်။

အဲသည်နေရာမှာ ကျွန်မ အလေးအနက်တင်ပြချင်တာက ဆရာကမေးရင် ဖြေချင်တဲ့စိတ်၊ ဖြေချင်တဲ့အလေ့။ ကိုယ်ကလည်း နားမလည်ရင် မေးချင်တဲ့စိတ်၊ မေးချင်တဲ့အလေ့ကို မိဘများကရော ဆရာများကပါ လေ့ကျင့်ပေးရမယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက ဆရာမေးရင် ကိုယ်မဖြေရမှာစိုးလို့ လက်ညှိုးထောင်တာတောင်မှ ငြိမ်ငြိမ်သက်သက် မထောင်ဖြစ်ပါဘူး။ လက်ညှိုးကလေးကို လှုပ်ပြနေမိတာကို ပြန်ပြီးသတိရတိုင်း ရယ်ချင်နေမိပါတယ်။ ကျွန်မကိုယ်တိုင် အထက်တန်းကျောင်းမှာ ဆရာဖြစ်လာတော့ ကျောင်းသားများကို မေးခွန်းလည်း မေးပါတယ်။ ကိုယ့်ကိုပြန်မေးရင်လည်း ဖြေပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဲသည်လိုမေးခွန်းကို ဖြေတတ်တဲ့အကျင့် လုပ်ပေးထားတော့ ကျောင်းသားများဟာ စကားပြောရမှာ မကြောက်တတ်တော့ပါဘူး။

ကျွန်မတို့အထက်တန်းကျောင်းများမှာ အဲသည်ခေတ်က ကျောင်းစစ်ဆေးရေး လာတတ်ပါတယ်။ အဲသည်ခေတ်က ပညာဝန်လို့ခေါ်တဲ့ ပုဂ္ဂိုလ်လာမယ်ဆိုရင် ကျောင်းသားများကို ပြောရတာက ကြောက်စရာမလိုဘူး။ မင်းတို့ကို စစ်ဆေးတာမဟုတ်ဘူး။ ဆရာ ဆရာမများ ဘယ်လောက်အသင်အပြတော်တယ် မတော်ဘူးကိုသာ စစ်ဆေးတာဖြစ်တယ်။ အဲသည်တော့ မေးရင် ရဲရဲတင်းတင်းသာဖြေပါလို့ သင်ထားရပါတယ်။ ကျွန်မကိုင်ရတဲ့အတန်းက တကယ်တော့ မြို့တကာက ကျောင်းသားများ လာနေတာဖြစ်တယ်။ စာတော်တဲ့သူများပေမယ့် အတော်ဆုံးသူများတော့ မဟုတ်ဘူးလို့ ပြောမယ်ဆိုရင် ရပါတယ်။ သို့ပေမယ့် ပညာဝန်လာပြီး စာမေးတော့ ဆရာက လက်ညှိုးညွှန်ပြီး မေးစရာမလိုအောင် တစ်ယောက်ပြီးတစ်ယောက် ထပြီးဖြေလိုက်ကြတာ ပညာဝန်က တော်လိုက်တာ တော်လိုက်တာနဲ့ ချီးကျူးတဲ့စကားကို အားပါးတရ ပြောနေပါတယ်။ ကျွန်မက အတန်းပိုင်ဆိုတော့ ကျွန်မအတန်းက ကလေးတိုင်းရဲ့အကြောင်းကို အနည်းနဲ့အများ သိထားလေတော့ တချို့ကလေးတွေဟာ သူတို့ထပြီးဖြေတာထက် ပိုပြီးမသိဘူးဆိုတာကို သိနေပါတယ်။ သူတို့ဆရာမကို ပညာဝန်က အထင်သေးမှာစိုးလို့ တကကြွစွာထပြီး ဖြေကြတာလေ။ နောက်ပညာဝန်တစ်ဦးကတော့ သိပ္ပံပညာဝန် ဖြစ်ပါတယ်။ ကျွန်မအတန်းမှာ အချက်တစ်ခုက လွဲလို့ မေးသမျှကို တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျဖြေကြပါတယ်။ အခက်ဆုံးအချက်ကျတော့ ဖြေမယ့်သူမရှိပါဘူး။ ကျွန်မက ကျောင်းသားတစ်ယောက်နာမည်ကို ခေါ်လိုက်မှ အဲသည်ကျောင်းသားက ထပြီးဖြေပါတယ်။ ကျောင်းသားတိုင်းမှာ သူ့ကိုယ်ပိုင်စရိုက်ကလေးကလည်း ရှိတတ်တာကိုး။ အဲသည်တော့ သိပ္ပံပညာဝန်ကလည်း ကျေနပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နေပါတယ်။ အဲသည်လို မသိရင် မေးတဲ့အကျင့် မေးရင် ဖြေတဲ့အကျင့်က လေ့ကျင့်ပေးရပါတယ်။

မေးတဲ့အခါမှာလည်း ယဉ်ကျေးဖွယ်ရာစွာ မေးတဲ့အကျင့်များကို ကျင့်ပေးရပါတယ်။ လူတန်းစားအမျိုးမျိုးက မွေးဖွားလာတဲ့သူများဟာ ကိုယ့်အတန်းရောက်ရင် ကိုယ့်သားသမီးပဲဖြစ်ပါတယ်။ စိတ်ဆိုးနေလို့ မရပါဘူး။ တချို့မပြောတတ်တော့ ဆဲသလိုဆိုတဲ့စကားလို မမေးတတ်တော့ ရန်တွေ့သလို၊ စိန်ခေါ်သလို ဖြစ်နေတတ်ပါတယ်။

မေးတတ်တဲ့အကျင့် ဖြေတတ်တဲ့အကျင့်များကို သင်ပြီးတဲ့အခါမှာ ပြောတတ်တဲ့အကျင့် **'ဘာသေယျ'** ဆိုတဲ့ ပြောတတ်တဲ့အကျင့်ကိုလည်း သင်ပေးဖို့လိုပါတယ်။ ကျွန်မကလည်း ကျွန်မရဲ့ မရှိတော့တဲ့ ဆရာဦးမြင့်ကိုပဲ သတိရမိပါတယ်။ ဆရာက လိုရင်းကို တိုတိုပြောတဲ့အကျင့်ကို သင်ပေးသလို ဘာသာရပ်ထဲမှာ မပါတဲ့အကြောင်းအရာများကိုလည်း လေ့လာစေပြီး ကိုယ့်စကားနဲ့ကိုယ် ပြောနည်းကို သင်ကြားပေးတတ်ပါသေးတယ်။ ဥပမာ ပုံပြင်များကိုဖတ်စေပြီး ပြန်လည်ပြောပြစေခြင်း၊ သင်ခန်းစာနဲ့ပတ်သက်တဲ့ ဗဟုသုတဖြစ်ဖွယ်စာများကို ဖတ်စေပြီး ပြန်လည်ပြောပြစေခြင်းစတဲ့ နည်းများကိုသုံးကာ ကိုယ့်စကားနဲ့ကိုယ် ပြောတတ်အောင် သင်ပေးတတ်ပါတယ်။ စာအုပ်ထဲကအကြောင်းကို ပြန်ပြောခိုင်းရင် နှုတ်တိုက်ရွတ်မှာစိုးလို့ ဖြစ်ပါတယ်။

စကားပြောတတ်ခြင်းဟာ သိပ်အရေးကြီးပါတယ်။ သိတော့ သိတယ်၊ မပြောတတ်လို့ဆိုတဲ့ဆင်ခြေဟာ ပြီးမြောက်သင့်တဲ့အကြောင်းအရာများကို မပြီးစေနိုင်ပါဘူး။ လူလူချင်းဆက်ဆံတဲ့နေရာမှာ စာနဲ့ချည်းဆက်သွယ်လို့ ဖြစ်တာမှမဟုတ်တာ။ လူလူချင်းဆက်သွယ်ပြီး အပြန်အလှန် အချေအတင်ပြောရင်း သဘောတူညီမှုရအောင် ယူတတ်တာက တကယ့်ကို အရေးကြီးတဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ နာကြားပြီးမှ ကြားပြီးသားအချက်အလက်များ မှန်ကန်မှုရှိမရှိ နားလည်သဘောပေါက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တာ မှန်မမှန်ကို စဉ်းစားတွေးတော (ကြံစည်) ရပါမယ်။ နားမလည်ရင် မေးမြန်းရပါမယ်။ ပရိယာယ်တစ်မျိုးနဲ့ ပြောဆိုလို့ရသလားလို့ သိချင်ရင်လည်း မေးမြန်းရပါမယ်။ တပည့်က မေးမြန်းတဲ့အခါ ငါ့ကိုပညာစမ်းတာလားလို့များ ရုတ်တရက်တွေးမိရင် ငါစာမနိုင်သေးဘူးလို့ အောက်မေ့ပါလို့ ကျွန်မက တပည့်ဖြစ်သူ ဆရာလောင်းများကို မှာပါတယ်။ တပည့်က မေးမြန်းတဲ့အခါ ဆရာက နည်းအမျိုးမျိုးနဲ့ ဖြေနိုင်ခွင့်ရတဲ့အတွက် ဆရာ့မှာလည်း စိတ်ကူးဉာဏ် ပိုမိုကွန့်မြူးပါတယ်။ ပိုမိုပြီးထက်မြက်တဲ့ဆရာ ဖြစ်လာနိုင်ပါတယ်။

အဲသည်လို အပြန်အလှန်မေးမြန်းဖြေဆိုရင်း ဆရာရော တပည့်ပါ ပိုမိုထက်မြက်တိုးတက်တဲ့သူများ ဖြစ်လာနိုင်ပါတယ်။ ပြီးတော့ စကားပြောဆိုတဲ့နေရာမှာလည်း ကျောင်းစာလောက်သာ ပြန်လည်ရွတ်ဆိုတတ်တဲ့ ကြက်တူရွေး စာအံသင်သလိုမျိုး မဖြစ်စေရဘဲ မိမိသိထားသမျှကို စီကာစဉ်ကာ နေရာတကျ ယဉ်ယဉ်ကျေးကျေး ပြောဆိုခြင်းအားဖြင့် တစ်ပါးသူများဟာ မိမိပြောလိုတဲ့အချက်ကို သဘောကျလက်ခံသွားအောင် ပြောတတ်မယ်ဆိုရင် အင်မတန်မှ ဖွံ့ဖြိုးတိုးတက်တဲ့ လူသားကလေးတွေအဖြစ်ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ပညာသင်ကြားတယ်ဆိုတာကလည်း တကယ်တော့ တတ်နိုင်သမျှ ပြည့်စုံဖွံ့ဖြိုးတဲ့ လူသားကလေးများကို မွေးထုတ်တဲ့လုပ်ငန်း မဟုတ်ပါလားရှင်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## သီကုံးပန်းသွင် နေ့တိုင်းဆင်လော့ ၃

အရှင်မဟာရဋ္ဌသာရရဲ့ သု စိ ပု ဘာ ဝိ လိ သိ ဓာ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့ ဆိုတဲ့ လင်္ကာထဲက ပညာသင်ကြားရေး သင်ယူရေးလုပ်ငန်းများထဲက သုဏေယျ၊ ကြားနာရာ၏။ စိန္တေယျ၊ ကြံစည်စဉ်းစားရာ၏။ ပုစ္ဆေယျ၊ မေးမြန်းရာ၏။ ဘာသေယျ၊ ပြောဆိုရာ၏အထိ တင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ လူတွေဟာ အာရုံအမျိုးမျိုးနဲ့ ဘဝသင်ခန်းစာအမျိုးမျိုးကို ခံယူရပါတယ်။

နားနဲ့ကြားသမျှထဲက အကြောင်းအရာများကို အကုန်မှတ်သားနာယူလိုက်ရင်တော့ တစ်ခုနဲ့တစ်ခု အဆက်အစပ်မမိဘဲ အလုပ်လုပ်တဲ့နေရာမှာ အလွဲလွဲအချော်ချော် ဖြစ်မှာပါပဲ။ အဲသည်လို မဖြစ်အောင် စဉ်းစားရပါမယ်။ ကိုယ့်စိတ်ထဲမှာ မှန်တယ်လို့ ထင်တာကိုလည်း တကယ်ပဲ မှန်သလားဆိုတာကို မေးမြန်းနိုင်ရပါမယ်။ မှားနေတယ်လို့ ထင်တာရော တကယ်ပဲမှားနေသလားလို့ မေးမြန်းရပါမယ်။ အဲသည်လို စဉ်းစားတွေးတော မေးမြန်းပြီးပြီဆိုရင်တော့ အဆင့်သုံးဆင့် တက်သွားပါပြီ။ တချို့က ကျက်မှတ်တာကတော့ သေသေချာချာပဲ။ သို့သော် မေးမြန်းရင် ပြန်ပြီးဖြေဆိုဝံ့တဲ့သတ္တိ နည်းပါးပါတယ်။

အဲသည်လိုဖြစ်နေတာက တကယ်တော့ ကလေးတွေ ညံ့လို့ မဟုတ်ပါဘူး။ မေးမြန်းတာလည်း ပြောဆိုတာကို သင်တဲ့နည်းပါပဲ။ သူတို့ဘက်က မေးမြန်းတာကိုလည်း ဆရာက အားပေးရမယ်။ ဆရာကလည်း အတွေးကို လှုံ့ဆော်တဲ့မေးခွန်းတွေ မေးပြီး ကလေးများကို ဖြေဖို့တိုက်တွန်းရပါမယ်။ ရေးပြီးဖြေနိုင်တာလည်းတော်မှ အကုန်မှန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာပါပဲ။ အဲသည်လို ရေးရုံသာမက ကိုယ့်စကားနဲ့ကိုယ် စီကာပတ်ကုံး ပြောတတ်အောင် လေ့ကျင့်မပေးလို့ကတော့ ကိုယ်လုပ်ချင်တဲ့အလုပ်ကို အများလက်ခံလာအောင် ပြောနိုင်တဲ့အစွမ်းအစ ဖွံ့ဖြိုးမှာမဟုတ်ပါဘူး။ ကိုယ်က လူကြီးဖြစ်လာရင်လည်း အားလုံးက ကိုယ့်စကားကို လက်ခံလာအောင် ပြောနိုင်စွမ်းရှိရပါမယ်။ ကိုယ်က ကလေးဆိုရင်လည်း ကိုယ့်အကြံအစည်ကို အကောင်အထည်ဖော်ပေးနိုင်တဲ့သူ လက်ခံလာတဲ့အထိ အကြောင်းနဲ့အကျိုးနဲ့ တင်ပြဖို့လိုအပ်ပါတယ်။

နေ့တိုင်း စကားပြောနေပေမဲ့ တချို့သူတွေဟာ ဆိုလိုချက်ကို သူများနားလည်အောင်ကို မပြောတတ်ပါဘူး။ အဲဒါကြောင့်လည်း သူ စကားပြောတာ ဗလုံးဗထွေးနဲ့ ဘူးလုံးနားမထွင်းဘူးဆိုတဲ့ စကားတွေ ပေါ်လာတာပါပဲ။ အခုခေတ်မှာ လူလူချင်း ဆက်ဆံတဲ့အလုပ်မှာ စကားပြောဆိုတတ်မှုက အရေးကြီးပါတယ်။ ကျောင်းမှာကတည်းက လေ့ကျင့်ပေးလိုက်ဖို့ လိုအပ်ပါတယ်။ ကျောင်းကသင်တာတွေက ဘဝမှာ လုပ်ငန်းမှာ သုံးလို့မရဘူးဆိုတဲ့ အပြောမျိုးတွေ ပေါ်လာတာက သင်ကြားပုံ သင်ကြားနည်းမှားတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ စစ်ဆေးတဲ့နည်းမှားတာလည်း ဖြစ်နိုင်ပါတယ်။ လူတွေက စာကိုနှုတ်တိုက်ရမှ စာတတ်တယ်လို့ တရားသေမှတ်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

အခုလို တင်ပြဆွေးနွေးတာကတော့ စာဆိုတာနဲ့ နှုတ်တိုက်ကျက်လိုက်ရမယ်လို့ မစွဲစေချင်လို့ပါပဲ။ စာမကျက်ခင် ဆင်ခြင်တွေးတောပြီးမှ ကျက်ရင် ပိုပြီးတတ်မြောက်လွယ်ပါတယ်။

ဒီတစ်ပတ်တော့ **'ဝိစာရေယျ၊ စူးစမ်းဆင်ခြင်ရာ၏'** ဆိုတဲ့ ဆရာတော်ကြီးရဲ့ အဆိုအမိန့်ကို တင်ပြဆွေးနွေးလိုပါတယ်။ ဝိစာရေယျ ဆိုတာ စိန္တေယျလို ကြံစည်စဉ်းစားတာ မဟုတ်ပါဘူး။ *ထိုးထွင်းပြီး ဆင်ခြင်တဲ့သဘောဖြစ်ပါတယ်။* ကလေးတွေကို အဲသည်လောက်ထိ ဆင်ခြင်ခိုင်းလို့ ဖြစ်ပါ့မလားလို့ မေးရင်း ဆရာတော် ဆရာကောင်းများကတော့ အဲသည်လောက်အထိ ခိုင်းလို့ရအောင် သင်တာပါပဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ကျွန်မတို့ ဖ တန်းမှာ ပထဝီဝင်သင်တဲ့ ဆရာကြီးက ဦးဘသိန်း ဖြစ်ပါတယ်။ ဦးဘသိန်းက အတန်းထဲရောက်တာနဲ့ စာမေးတာပါပဲ။ ဆရာက ဖတ်ခဲ့လို့မှ မပြောတာဆိုတဲ့ ဆင်ခြေကို ပထမဆုံး အတန်းဝင်တဲ့နေ့မှာ ဆရာကြီးက ဘယ်လိုပြန်ပြီး ချေဖျက်သလဲဆိုတော့ အချိန်ဇယားထဲမှာ ပထဝီဝင်အချိန်ပါတယ်။ မင်းတို့လက်ထဲမှာလည်း ကျောင်းသုံးစာအုပ်ရှိတယ်။ အဲသည်တော့ ဖတ်ခဲ့လို့ ခိုင်းစရာမလိုပါဘူး။ ဖတ်ခဲ့ရမယ်ဆိုတာ မင်းတို့သိရမှာပဲဆိုပြီး ဆက်ပြီးစာမေးပါတယ်။ စာမရတဲ့သူ ခုံပေါ်တက်ပြီး ရပ်ခိုင်းပါတယ်။ ကျွန်မလည်း စာဖတ်မသွားတဲ့ သူထဲမှာ ပါပါတယ်။ ဒါပေမဲ့ ဆရာက စပြီးစာမေးပြီဆိုကတည်းက ဆင်ခြေတက်မနေဘဲ ပထမစာမျက်နှာကို အမြန်ဖတ်လိုက်တာ ဆရာမေးတဲ့ မေးခွန်းကို ဖြေနိုင်သွားပါတယ်။ ဆရာဦးဘသိန်းကတော့ တွန်းလည်းတွန်း ဆွဲလည်းဆွဲတဲ့ ဆရာဖြစ်ပါတယ်။ ကျေးဇူးရှင် ဆရာကြီး မရှိတော့ပါ။

အဲသည်လို ကိုယ့်ဘာသာကိုယ် သတိထားပြီး စာမှန်မှန်ဖတ်ဖို့ လေ့ကျင့်ပေးသလို မေးခွန်းတွေလည်း မေးတတ်ပါတယ်။ ပထဝီဝင်သင်နေပေမဲ့ သမိုင်းနဲ့ဆိုင်တဲ့မေးခွန်းကိုလည်း မေးတာပါပဲ။ ကျွန်မတို့ကလည်း စူးစမ်းဆင်ခြင်ပြီး ဖြေတာပါပဲ။ စူးစမ်းဆင်ခြင်တယ်ဆိုတာ လေးလေးနက်နက် တွေးတောတာလည်းပါပါတယ်။ အထောက်အထား ရှာတာလည်း ပါပါတယ်။ သက်သေ အထောက်အထားပြပြီး အဖြေထုတ်ယူတာလည်း ပါပါတယ်။ အလယ်တန်းကျောင်းသားများမှာလည်း သူ့အလိုက်အထိုက် ဖွံ့ဖြိုးတဲ့အတိုင်းအတာနဲ့ ဖြေခဲ့တာတွေလည်း ပါတာပေါ့။

ဘာပဲဖြစ်ဖြစ် ကျောင်းသားများရဲ့ စိတ်ထဲမှာ တကကြွမှုမရှိဘဲနဲ့ တွေးတောခြင်း စူးစမ်းဆင်ခြင်ခြင်းဆိုတာ ဖြစ်ပေါ်မလာနိုင်ပါဘူး။ ကျွန်မတို့ကိုယ်ခန္ဓာကို လေ့ကျင့်ပေးရင်း ဖွံ့ဖြိုးလာစေသလိုပါပဲ။ ကျောင်းသား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



များရဲ့စိတ်ကိုလည်း နည်းမှန်လမ်းမှန်နဲ့ လေ့ကျင့်ပေးမှသာ ဖွံ့ဖြိုးလာနိုင်ပါတယ်။ ဝိစာရေယျဆိုတာ သုဏေယျ ကြားနာရာ၏က စပြီးရေတွက်ရင် ပဥ္စမမြောက်အဆင့်ဖြစ်ပါတယ်။ အဲသည်တော့ အဆင့်က ပိုပြီးမြင့်လာပြီ ဖြစ်ပါတယ်။

အစောပိုင်းက ကျောင်းသားကို ပြောတတ်အောင် သင်ပေးသလို ဆဋ္ဌမမြောက်မှာတော့ **'လိခေယျ၊ ရေးသားရာ၏'** ဆိုတဲ့ အဆင့်ကို ရောက်လာပါပြီ။ ရေးသားတယ်ဆိုပေမဲ့ ဆရာက ရှေ့ကဖတ်ပြသွားတာကို လိုက်ရေးတာဟာ စာအုပ်ထဲ စာရောက်တာလောက်ပဲ ရှိပါတယ်။ တချို့များ စာကိုရေးတုန်းကလည်း စာကြောင်းအပြည့် မကြားဘူးဘဲ တစ်ကြောင်းချင်း ဖတ်ပြသွားတာကို တစ်ကြောင်းချင်းလိုက်ရေးကြတာဖြစ်ပါတယ်။ ဝါကျကရှည်ရင် တစ်ပိုင်းစီဖြတ်ပြီး ရေးရပါတယ်။ စာအုပ်ထဲမှာ စာတွေရောက်သွားတဲ့အခါ နေ့စဉ်ပြန်ဖတ်ရတဲ့ခေတ် နေ့စဉ်လေ့ကျင့်ခန်းလုပ်ရတဲ့ ခေတ်တုန်းကဆိုရင်တော့ စာပြန်ဖတ်မိ မှာပေါ့။ အခုတော့ စာတချို့ကိုသာ ဖတ်ဖြစ်ပြီး အများကို မဖတ်ဖြစ်ဘူး ဖြစ်နေကြပါတယ်။

လိခေယျဆိုတဲ့ ရေးသားရာ၏ကိုတော့ လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။ ကိုယ်နှစ်သက်ရာ ခေါင်းစဉ်ကိုယူပြီး ပေးထားတဲ့ Outlines များကို အမှီပြုကာ ရေးသားနည်း၊ ကိုယ့်စိတ်ကူးအတိုင်း အကြောင်းအကျိုး ဆက်စပ်ကာ ရေးသားခြင်းစတဲ့ ရေးသားနည်းများကို ကျောင်းသားများ လေ့ကျင့်မှုရလေလေ ပိုပြီးစာတတ်လာလေလေ ဖြစ်မှာပါပဲ။

ကိုယ်တိုင်စဉ်းစားတွေးတောပြီး ရေးသားတာဟာ မိမိကိုယ်ကို စာသင်တဲ့နည်းတစ်နည်း ဖြစ်ပါတယ်။ အကြောင်းအရာကိုလည်း စုံစုံလင်လင်သိမှ ကိုယ်ရေးမယ့်စာက ပြည့်စုံမှာဖြစ်လို့ စာများများလည်း ဖတ်ရပါတယ်။ ပြီးတော့ အကြောင်းအကျိုးဆက်စပ်ပြီး တင်ပြနိုင်ဖို့အတွက် ဘယ်လိုအကြောင်းကစပြီး ရေးမလဲဆိုတာ သေသေချာချာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စဉ်းစားရပြီ ဖြစ်ပါတယ်။ သူများရေးပေးထားတဲ့ စာစီစာကုံးကို ရအောင်ကျက်ရတာက ပင်ပန်းပါသေးတယ်။ ကိုယ်တိုင်ရော အဲသည်လို စာစီစာကုံးတွေ မရေးနိုင်ဘူးလား။ စာကိုးစကားကိုး ကောင်းကောင်း ရှိရင် အားတိုင်းသာ ရေးချကြည့်ပါ။ အရည်အချင်းကလည်း သိသိသာသာ တိုးတက်လာပါလိမ့်မယ်။

ကျွန်မတို့လည်း ငယ်ငယ်ကတည်းက အဲသည်လိုရေးရင်း ရေးရင်းနဲ့ ကျမ်းတွေ စာတမ်းတွေ ရေးလာရတာပါပဲ။ တစ်ခါရေးရင် တစ်ခါဆိုသလို စာလည်းပိုတတ်လာပါတယ်။ တချို့ဆိုရင် ဘွဲ့တွေ ဘာတွေ မရဘဲနဲ့ စာသိပ်တတ်တဲ့သူတွေ ရှိပါတယ်။ တကယ်လုပ်ရင် အဟုတ်ဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# သီကုံးပန်းသွင် နေ့တိုင်းဆင်လော့ ၄

အရှင်မဟာရဋ္ဌသာရစီကုံးရေးသားတော်မူတဲ့ ရတုဆုံးမစာ သု စိ ပု ဘာ... ကို တစ်ပတ်မှာ နှစ်ပုဒ်တင်ပြခဲ့တာ အခုဆိုရင် သိကြွေယျ၊ လေ့ကျင့်ရာ၏နဲ့ ခါရေယျ၊ နှုတ်တက်ဆောင်ရာ၏ဆိုတဲ့ နှစ်ပုဒ်ကိုပဲ ဆွေးနွေးတင်ပြဖို့ ကျန်ပါတော့တယ်။

ကျွန်မတို့နောက်ပိုင်းခေတ်များမှာ နာကြားလိုက်တဲ့အကြောင်းအရာများကို ခေါင်းထဲကိုရောက်အောင် အရင်မကြိုးစားဘဲ စာအုပ်ထဲကိုရောက်အောင် အရင်ကြိုးစားတတ်ကြပါတယ်။ ပြီးရင်တော့ ကျက်တော့တာပါပဲ။ ကျွန်မတို့လည်း စာမှန်မှန်ကျက် စာမခက်ဆိုပြီး ကျက်ခဲ့ကြတာပါပဲ။ မိဘများကလည်း မိမိတို့သားသမီးတွေ စာအော်ကျက်နေရင် သြော် ကြိုးစားရှာတယ်ဆိုပြီး ကျေနပ်နေတာပါပဲ။ ကျွန်မကိုယ်တွေ့ရယ်စရာကောင်းတဲ့ အကြောင်းကလေးတစ်ခုကို ဖွင့်ဟဝန်ခံပါရစေ။ ကျွန်မငယ်ငယ်က အစောကြီးထပြီး စာတစ်ပုဒ်ကိုအော်ပြီး ကျက်နေပါတယ်။ မေမေက ထမင်းကြော်နေပါတယ်။ ဖေဖေက သစ်ပင်ရေလောင်းနေပါတယ်။ ထမင်းကြော်အသင့်ဖြစ်တော့ သမီးရေ၊ စားရအောင်ဟေ့လို့ခေါ်တာနဲ့ ကျွန်မက ထမင်းစားပွဲမှာ သွားထိုင်ပါတယ်။ ထမင်းကြော် စားကြရင်းနဲ့ ဖေဖေက သမီးရယ်၊ သမီးကျက်နေတဲ့ စာထဲကအကြောင်းတွေက ကြောက်စရာကောင်းလိုက်တာနော်၊ ဖေဖေဖြင့် ကြားရတာတောင် ကြောက်တယ်လို့ ပြောရှာပါတယ်။ ဗုဒ္ဓေါလို့ ကျွန်မစိတ်ထဲက ရွတ်မိပါတယ်။ ကျွန်မအာပူတိုက်နေတဲ့စာတွေဟာ အာတွေသိပ်ပူရင် အလွတ်ရမှာသေချာပါတယ်။ သို့သော် အခုမှစပြီး အာပူတိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရတဲ့ ကျွန်မက ဖေဖေဘာကိုကြောက်မှန်းတောင်မှ မသိလောက်အောင် စာကိုကျက်သာကျက်ပြီး ဘာတွေမှန်းမသိပါဘူး။ တကယ့်ကို မှတ်လောက်သားလောက်ပါပေတယ်။

ကျွန်မက အဲသည်နေ့က ထမင်းကြော်ကိုအမြန်စားပြီး တကယ့်ကို သေဝပ်စွာနဲ့ စာကြည့်စားပွဲကို ပြန်လာခဲ့ပါတယ်။ အဲသည်တော့မှ ဖေဖေကြောက်တာ ဘာတွေလဲဆိုတာကို ကျွန်မသိတော့တာပါပဲ။ ကျွန်မ ကျက်နေတာက အေသင်နိုင်ငံနဲ့ ခေတ်ပြိုင်ထွန်းကားခဲ့တဲ့ ဂရိကျွန်းဆွယ်တောင်ပိုင်း စပါတန်နိုင်ငံက ဓလေ့ကို ကျက်နေတာဖြစ်ပါတယ်။ သူတို့နိုင်ငံမှာ အမျိုးသမီးများ မီးဖွားပြီးလို့ ရက်သတ္တတစ်ပတ် ကြာတဲ့အခါ စပါတန်အုပ်ချုပ်ရေးအဖွဲ့ ကိုယ်စားလှယ်များက ကလေးကို လာရောက်စစ်ဆေးပါတယ်။ မိခင်ဖခင်တို့က ကလေးကို ဝိုင်အရက်နဲ့ ရေချိုးပေးပြီး အနှီးကလေးနဲ့ထုပ်ကာ လာရောက်စစ်ဆေးသူများထံမှောက်မှာ တင်ပြရပါတယ်။ အဲသည်အချိန်မှာ စစ်ဆေးသူများက ကလေးဟာ ကိုယ်လက်အင်္ဂါ စုံလင်ရဲ့လား။ ထွားကျိုင်းသန်မာရဲ့လားဆိုတာကို သေသေချာချာ စစ်ပါတယ်။ စိတ်တိုင်းကျလောက်အောင် ထွားကျိုင်းသန်မာတဲ့သူဆိုရင် မိဘများနဲ့ အသက် ၇ နှစ်အရွယ်အထိ နေခွင့်ပေးပါတယ်။ ကိုယ်လက်အင်္ဂါ မစုံလင်ဘူး။ သေးငယ်ပိန်လှီတယ်ဆိုရင် စပါတန်နိုင်ငံသားအဖြစ် ဆက်လက်မွေးမြူခြင်းမပြုဖို့ ဆုံးဖြတ်ချက်ရှိထားတဲ့အတိုင်း ကလေးကို သူတို့က ယူသွားပါတယ်။ ပြီးတော့မှ စပါတန်မြို့ပြင်ဘက်က တောင်ကုန်းများပေါ်ကို သွားပြီး တောင်ကုန်းပေါ်က အောက်ကိုပစ်ချလိုက်တာပါပဲ။ တကယ်တော့ ကိုယ့်သားသမီးကိုလည်း ကိုယ်မပိုင်။ အကြောင်းမလှလို့ သေးငယ်ပိန်လှီရင်လည်း တောင်ပေါ်ကပစ်ချပြီး သတ်မှာသိပါလျက်နဲ့ ပေးလိုက်ရတယ်ဆိုတော့ ဖေဖေက သိပ်ကြောက်မှာပေါ့။ ကျွန်မငယ်ငယ်တုန်းက သိပ်ပြီးလှီတယ်ဆိုပဲ။ ကိုယ့်မှာလည်း သမီးနဲ့ဆိုတော့ ကိုယ်ချင်းစာပြီး ဖေဖေ ကြောက်မှာပေါ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်မဟာ အဲသည်နေ့ အဲသည်အချိန်ကစပြီး အာပူမတိုက်တော့ပါဘူး။ တကယ်တော့ သဘောသဘာဝမသိဘဲ ကျက်တာနဲ့ သဘောသဘာဝသိပြီးမှ ကျက်တာဟာ မတူပါဘူး။

သဘောသဘာဝသိအောင် ဘာတွေလုပ်ရမှာပါလဲ။ ဆရာတော်ကြီး အရှင်မဟာရဋ္ဌသာရ စီကုံးထားတော်မူခဲ့တဲ့အတိုင်း ၁။ နာကြား၊ ၂။ ကြံစည်၊ ၃။ မေးမြန်း၊ ၄။ ပြောဆို၊ ၅။ စူးစမ်း၊ ၆။ ရေးသား ဆိုတဲ့ သင်ယူနည်း ၆ မျိုးကို လေ့လာကြည့်လိုက်ရင် ယုတ္တိဗေဒနည်းနဲ့ အတော်ညီညွတ်ပါတယ်။ မနာကြားဘဲ မကြံစည်နိုင်ရာပါဘူး။ စာအုပ်တွေ ရှိတယ်၊ အခုဆိုရင် အင်တာနက်အထိ အားကိုးလို့ရတယ်။ နာကြားစရာမလိုပါဘူးလို့ ပြောချင်သူများလည်း ရှိပါတယ်။ တကယ်တော့ အဲသည်နည်းတွေနဲ့လည်း အချက်အလက်များကို ရယူနိုင်ပါတယ်။ သို့သော် ရှင်သန်နေတဲ့ ရင့်ကျက်နေတဲ့ ဆရာ့ဟောပြောပို့ချမှုဟာ နေ့စဉ်နဲ့အမျှ ပြောင်းလဲတိုးတက်နိုင်ခြေရှိပါတယ်။ အသစ်အသစ်သော ခေတ်နဲ့ညီတဲ့ ဝေါဟာရများကိုလည်း နာကြားရပါမယ်။ စာအုပ်ရှိလို့သာ ဆရာမပါဘဲ ပညာသင်လို့ဖြစ်တယ်ဆိုရင် ဆရာဆိုတဲ့ ကျေးဇူးရှင်များ ဆိတ်သုဉ်းပျောက်ကွယ်တာ ကြာရောပေါ့။

ကြံစည်ကြည့်မှ ကိုယ်နားမလည်တာ၊ ပိုပြီးနားလည်ချင်တာ၊ ကိုယ်ယူဆသလို ဟုတ်မဟုတ် မေးမြန်းချင်တဲ့ဆန္ဒများ ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ မေးမြန်းပြီးတော့ နှုတ်နဲ့ပြောဆိုတာကလည်း လေ့ကျင့်နည်း တစ်မျိုးပါပဲ။ စီကာစဉ်ကာ ပြောတတ်ခြင်းဟာ တကယ်တော့ ပညာတစ်ရပ် အရည်အချင်းတစ်ခုဖြစ်ပါတယ်။ အဲသည်အထိ တတ်မြောက်သွားပြီးတဲ့နောက်မှာ အဆင့်တက်လာတာက နက်နက်နဲနဲ ဆင်ခြင် စူးစမ်းတတ် သုံးသပ်တတ်တဲ့ အလေ့အထပဲဖြစ်ပါတယ်။ အဲသည်အလေ့အထကို မရောက်သေးဘဲနဲ့တော့ ပညာတတ်လို့ အခေါ်မခံသင့်သေးပါဘူး။ မင်းဘာသာမင်း ဆုံးဖြတ်ပြီး လုပ်ကိုင်စမ်းလို့ဆိုရင် တကယ့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို ရေရေရာရာ ချက်ချက်ချာချာ တွေးတောဆင်ခြင်ပြီး စဉ်းစားလုပ်ကိုင်နိုင်ဖို့က စာကိုနှုတ်တက်ဆောင်နိုင်ရုံနဲ့ မပြီးပါဘူး။ ကြက်တူရွေး စာအံသင်သလို ဖြစ်သွားမှာဖြစ်ပါတယ်။

စဉ်းစားဆင်ခြင်နိုင်စွမ်းဆိုတာ ပြဿနာအမျိုးမျိုးကို ဖြေရှင်းပြီး အဖြေရှာတဲ့နေရာမှာလည်း ပဓာနကျတဲ့အားဖြစ်ပါတယ်။ ထို့အတူ တီထွင်မှုအမျိုးမျိုးကိုလည်း စဉ်းစားဆင်ခြင်နိုင်စွမ်းပေါ်မှာ အခြေပြုရတာပါပဲ။ စဉ်းစားဆင်ခြင်နိုင်စွမ်း၊ စူးစမ်းဆင်ခြင်နိုင်စွမ်းကလည်း နာကြားရာ၏ကစခဲ့ရတာပါပဲ။

သိက္ခေယျ၊ လေ့ကျင့်ရာ၏ဆိုတဲ့ အဆင့်ကျတော့ ကိုယ်တိုင်မှတ်သားလေ့လာပြီး စူးစမ်းဆင်ခြင်နိုင်တဲ့အခါမှာလည်း ပိုမိုသေသပ်စွာ တတ်မြောက်လာနိုင်ဖို့ ပိုမိုထိုးထွင်းသိမြင်နိုင်ဖို့ဆိုတာ ကိုယ့်ဘာသာကိုယ် လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။

အဲသည်လို ကျေနပ်လောက်အောင် စိတ်အားဖြင့် နှုတ်အားဖြင့် ကိုယ်အားဖြင့် လေ့ကျင့်ပြီးတဲ့ အသိပညာကိုတော့ နှုတ်တက်ဆောင်ဖို့ လိုပါတယ်။ ခေတ်မမီဘူး။ အခုခေတ်က နှုတ်တက်ဆောင်စရာမလိုဘူး။ ကွန်ပျူတာတွေ ရှိနေပြီ၊ စီဒီရွှန်တွေရှိနေပြီလို့ ပြောချင်တဲ့သူများလည်း ရှိနိုင်ပါတယ်။ ကိုယ်သိချင်တာကို ကိုယ့်မှတ်ဉာဏ်ထဲက ချက်ချင်းထုတ်နိုင်တဲ့သူဟာ ဘယ်လိုနေရာ ဘယ်လိုအချိန်မှာဖြစ်ဖြစ် အသုံးလိုရင် ချက်ချင်းထုတ်သုံးနိုင်ပါတယ်။ တကယ်တော့ လူတွေတီထွင်ထားတဲ့ စက်ကိရိယာတွေက လူတွေကိုလွှမ်းမိုးသွားပြီဆိုရင် လူတွေသိပ်ညံ့သွားမှာပေါ့။ လူသားအင်အားဟာ အားလုံးသောတိုးတက်မှုရဲ့ အရင်းအမြစ်ဖြစ်ပါတယ်။ ကျွန်မကလည်း ဆုံးမစာပေါင်းချုပ်စာအုပ်များကို ဆောင်ထားတတ်ပါတယ်။ စာမရေးခင်ကတည်းက လိုချင်ရင် ချက်ချင်းရှာဖတ်နိုင်အောင်လို့ပါ။

စာသင်သားများအတွက် လက်ဆောင်ပေးချင်တဲ့ စာပိုဒ်ကလေး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို ထုတ်နုတ်တင်ပြလိုက်ပါတယ်။ ဆုံးမစာအကုန်လုံးတော့ မဟုတ်ပါဘူး။ စာမြည်းသဘောပါပဲ။

> 'စာသင်ပျို့နု၊ အခြေပြုတို့၊ ဉဇုဘူတ၊ လုံ့လပြင်းစွာ၊ သူ့ထက်ငါဟု၊ နှုတ်မှာရွရွ၊ ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး အထူးသိမြင်၊ ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်စောဘဲ၊ တီမှာလွဲအံ့ (ဘယ်လိုလုပ် လွဲမလဲ)။ အရဲကြီးကုတ်၊ ကြက်ရဲစုတ်သို့၊ အားထုတ်ခံမင်၊ မသင်မအံ၊ မကြံမမေး၊ ဆွေးနွေးရောနှော ဟောပြောမဲ့ထွေ၊ ပေချပ်ရေဖြင့်၊ ကုန်စေဆန်းသာ၊ သင်ချေပါလည်း၊ ဘယ်မှာဂုဏ်ရှင်း ကျော်စောထင်ချိမ့်'

ဆိုတဲ့ အပိုဒ်ကိုဖတ်ကြည့်လိုက်ပါ။ ပညာရှင် တကယ်ဖြစ်ချင်သလား။ ပေချပ်ရေစရာ မလိုပေမယ့် စာရွက်တွေကို ရေ၊ စာမျက်နှာတွေကို မှတ်ပြီးတော့ အတန်းတစ်ခုပြီးတစ်ခု တက်သွားရုံနဲ့တော့ တကယ်တမ်းလိုအပ်တဲ့အခါ ကိုယ့်ခေါင်းထဲမှာ ဘာမှရှိမှာမဟုတ်ပါဘူး။

လူတိုင်း ကြိုက်တာကိုရွေးနိုင်ပါတယ်။ လိုချင်တာကို ရတတ်တာပါပဲ။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ကျောင်းနေပျော်မှ စာတော်မည်

လူတန်းစားအလွှာပေါင်းစုံက ကျောင်းသားများဟာ ကျောင်းနေပျော်မှ စာလည်းတော်ပါမယ်။ သူ့အရွယ်နဲ့သူ နေသင့်နေထိုက်တဲ့နေရာ ပျော်သင့် ပျော်ထိုက်တဲ့နေရာမှာ နေအောင်ပျော်အောင် မိဘမှာရော ဆရာမှာပါ တာဝန်ရှိပါတယ်။ ကျွန်မကြားဖူးတဲ့ ကြုံဖူးတဲ့ မိသားစုတစ်စု ရှိပါတယ်။ ပြည့်စုံတာကတော့ တကယ့်ကိုပြည့်စုံပါတယ်။ ဖခင်ဖြစ်သူက နယ်မှာ တာဝန်ထမ်းဆောင်ရပါတယ်။ ရာထူးကြီးမားသလောက် ခဏတာတွေ့ဖူးတဲ့ ကျွန်မစိတ်ထဲမှာ ရိုးလိုက်တာနော်လို့ ချက်ချင်းတွေးမိနိုင်ပါတယ်။ ရိုးသားခြင်းဟာ တံဆိပ်နှိပ်ထားသလို သူ့ဥပဓိ သူ့စကားများမှာ ပေါ်နေပါတယ်။

ကြာတော့လည်း ကြာပါပြီ။ အချိန်ဆိုတာ အလွန်ကုန်လွယ်တော့ နှစ်အစိတ် သုံးဆယ်ကအဖြစ်လို့ပဲ ပြောပါရစေ။ အဖြစ်က ဒီလိုပါ။ သူ့သားဟာ ပညာရေးတက္ကသိုလ်ကို တက်ရောက်နိုင်တဲ့ အမှတ်ကို ရထားပါတယ်။ အဲသည်ခေတ်က ပညာရေးတက္ကသိုလ်ကို တက်ဖို့ဆိုတာ ဝိဇ္ဇာကျောင်းသားများအဖို့ အမှတ်အများဆုံးရတဲ့သူများ ဖြစ်ကြရပါတယ်။ အဲသည်တော့လည်း မိဘများက သားကို ပညာရေးတက္ကသိုလ်ကိုပဲ တက်စေချင်ပါတယ်။

သားဖြစ်သူက ဥပဒေပညာကို သင်ယူချင်ပါတယ်။ မိဘများက ခွင့်မပြုပါဘူး။ ကြည့်ရတာကတော့ ဆွေးဆွေးနွေးနွေး တိုင်တိုင်ပင်ပင်နဲ့ သားကို ဖျောင်းဖျနားချပြီးမှ ပညာရေးတက္ကသိုလ်ကို တက်ခိုင်းတာ မဟုတ်ဘဲ မရဘူး၊ ပညာရေးကိုပဲ သွားလို့ လွှတ်လိုက်ဟန်တူပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တတိယနှစ်ကျတော့ သားဖြစ်သူက စာမေးပွဲကျပါတယ်၊ မိဘများက မေးတော့ သူဟာ ဘာသာရပ်တိုင်းကို အကုန်ဖြေနိုင်တယ်၊ ဘာဖြစ်လို့ ကျတာလဲမသိဘူးလို့ မိဘများကိုပြန်ပြီးပြောပါတယ်။ ကျွန်မဆီကို မိဘများက လာပြီး ဆက်သွယ်စုံစမ်းရတာက သူတို့မိတ်ဆွေက ကျွန်မနဲ့သိတဲ့သူများ ဖြစ်လို့ပါပဲ။ ပြီးတော့ ကလေးက သမိုင်းဘာသာကို ယူထားတော့ သမိုင်းသင်ပြနည်းကို သင်ယူတဲ့အခါ ကျွန်မအတန်းမှာ တက်တယ်လို့ ထင်ကြတဲ့မိတ်ဆွေများက အကြံပေးလို့ဖြစ်ပါသတဲ့။ ကျွန်မက ကလေးရဲ့ခုံအမှတ် အမည်စတဲ့ သိထားရမယ့်အချက်များကို မိဘများဆီက တောင်းယူလိုက်ပါတယ်။ အမည်ကိုသိလိုက်တာနဲ့ ကျွန်မတပည့်တော့ မဟုတ်ဘူး၊ သို့သော် စုံစမ်းပေးပါမယ်လို့ ပြောလိုက်ပါတယ်။

နောက်တစ်နေ့ ကျောင်းကိုရောက်တော့ အမည်နဲ့ခုံအမှတ်ကို ပြောလိုက်တယ်ဆိုရင်ပဲ ဆရာတိုင်းက ညည်းတော့တာပါပဲ။ အတန်းကို မှန်မှန်မတက်လို့ ခဏခဏ အခေါ်ခိုင်းရတာတို့ကအစပေါ့လေ။ ကျောင်းသားဖြစ်ပြီး ကျောင်းနေမပျော်တဲ့ သူတစ်ယောက်ဆိုတာကို ကျွန်မသိလိုက်ရပြီဖြစ်ပါတယ်။ အဲသည်တော့ စာလည်းမတော်ဘူးပေါ့လေ။ ရမှတ်ကနည်းပြီး စာမေးပွဲကျမှာပေါ့။ ဖြေမှမဖြေနိုင်ပဲကိုး။ အကြောင်းအကျိုးက တစ်ခုနဲ့တစ်ခု ဆက်နေပါတယ်။

သူ့မိဘများနဲ့ နောက်တစ်ခေါက်တွေ့တော့ ကျွန်မက အရင်တစ်ပတ်က မှာလိုက်တဲ့အတိုင်း ကျောင်းသားကို ခေါ်လာကြပါတယ်။ ကျွန်မက ဘာကြောင့် စာမေးပွဲကျရတယ်ဆိုတာကို ရှင်းပြပါတယ်။ ပြီးတော့ ကျောင်းသားကို မင်းဟာ မိဘများနဲ့ ပွင့်ပွင့်လင်းလင်း ပြောဆိုသင့်တယ်။ အရွယ်ရောက်လာတဲ့သူတစ်ယောက်ဟာ စာမေးပွဲဖြေနိုင်တယ်။ ဘာကြောင့်စာမေးပွဲကျမှန်းမသိဘူးလို့ မပြောသင့်ဘူး။ မင်းစာမေးပွဲ ဘာကြောင့်ကျရတယ်ဆိုတာ မင်းအသိဆုံးပဲ။ ဆရာမကိုယ်တိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဖြေလွှာများကို ကြည့်ခဲ့ပြီးပြီ။ မင်းဟာ တစ်ပုဒ်တောင်မှ ကောင်းကောင်း မဖြေနိုင်ခဲ့ဘူးလို့ပြောတော့ မိဘများလည်း စိတ်မကောင်းကြပါဘူး။ သူတို့ ပထမလာတုန်းက ဖခင်ဖြစ်သူက ကျွန်တော်သိချင်တာက ဘာကြောင့်စာမေးပွဲကို ဖြေနိုင်ပါလျက်နဲ့ ကျရတာလဲဆိုတဲ့ အချက်ပါပဲ။ ဘယ်သူ့ကိုမှ အပြစ်ယူဖို့မဟုတ်ပါဘူးလို့ ရိုးသားစွာ သို့သော် နေရာမကျစွာ ပြောခဲ့ဖူးတော့ ပိုပြီးရက်ရာမှာပေါ့။ အဲသည်ကတည်းက ကျွန်မက အပြစ်ယူလို့လည်း မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဆရာများအနေနဲ့ အဂတိမလိုက်စားတတ်ဘူးဆိုတာ သေချာနေလို့ပါပဲလို့ နှုတ်တုံ့ကလည်း ပြန်ခဲ့တာကိုး။

အဲသည်ကျောင်းသားဟာ စိတ်ဝင်စားစရာကောင်းပါတယ်။ ဘယ်နေရာရောက်ရောက် ယဉ်ကျေးဖွယ်ရာစွာ လာပြီးနှုတ်ဆက်တတ်ပါတယ်။ ကျွန်မကလည်း စာမေးပွဲအောင်မှ ကိုယ်လုပ်ချင်တာလုပ်ပါ။ အခုတော့ စခဲ့တဲ့အလုပ်ကို ပြီးအောင်ကြိုးစားလိုက်ပါဦးလို့ တိုက်တွန်းခဲ့ပါတယ်။ အဲသည်ကျောင်းသားဟာ ဘီအီးဒီဘွဲ့ကို ရသွားခဲ့ပါတယ်။

တကယ်တော့ အဲသည်မိသားစုကို ကျွန်မတို့ ပညာရေး စိတ်ပညာရှုထောင့်က သုတေသနပြုဖို့ကောင်းပါတယ်။ အဲသည်ကျောင်းသားရဲ့ညီမကလေးကိုလည်း အမေဖြစ်သူက ဖူးဖူးမှုတ်ထားသလို တင်းကျပ်စွာ စောင့်ရှောက်ပြီး ထားတာပါပဲ။ မနက်လင်းတာနဲ့ သမီးသွားရတဲ့ ကျူရှင်ကအစ အမေကလိုက်ပါတယ်။ သားအမိနှစ်ယောက် ထမင်းကို ကားပေါ်မှာပဲ စားရတဲ့အထိ ဖြစ်သွားပါသတဲ့။ ကျောင်းကိုဆက်သွားရသေးတာကိုး။ အမေဖြစ်သူကလည်း ကျောင်းကိုပို့ပြီးမှ အိမ်ကိုခဏပြန်ပြီး ကျောင်းကြိုတော့လည်း ကိုယ်တိုင်ကြိုတာပါပဲတဲ့။ အဲသည်ကလေးလည်း ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ မအောင်တဲ့အပြင် စာမေးပွဲပြီးတာနဲ့ အမေစောင့်နေတာကို ရအောင်ရှောင်ပြီး ချစ်သူနောက်ကို လိုက်သွားတော့တာပါပဲတဲ့။ သမီးက အမေကို တစ်ခါပဲရအောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှောင်တာမဟုတ်ပါဘူး။ နေ့စဉ်လည်း ကားပေါ်ကဆင်းလို့ ကျောင်းထဲကို အဝင်ပြပြီးတာနဲ့ အမေ့ကားလည်းထွက် သမီးလည်း အပြင်ထွက်တော့တာပါပဲတဲ့။

အဲသည်အချက်များက ဘယ်လောက်ထိမှန်မယ်ဆိုတာကို မပြောနိုင်ပေမယ့် ကလေးမကလေး အမှတ်ကောင်းကောင်း မရတာရယ်၊ ချစ်သူနောက်ကို လိုက်သွားတာရယ်ကတော့ မိဘများ ကြိုးစားထားတာနဲ့တွက်ဆရင် တော်တော့်ကိုသိသာတဲ့ ချွတ်ယွင်းချက်ဖြစ်ပါတယ်။

ကျွန်မစဉ်းစားတာက ကျောင်းသူကျောင်းသားရှိတဲ့ အိမ်များမှာ အမေအဖေများက သိပ်ဖြစ်ချင်ပြီး အတွန်းမှားနေရင်လည်း ကလေးက ဖြစ်မလာနိုင်ပါဘူး။ သားသမီးနဲ့မိဘများဟာ အေးအေးဆေးဆေး တိုင်တိုင်ပင်ပင် နေကျင့်ရှိရပါမယ်။ အမြဲတမ်းအလိုလိုက်နေရင်လည်း မှားပါတယ်။ ကျောင်းသားအရွယ်ဆိုတော့ မချင့်ချိန်နိုင်သေးတဲ့အတွက် သူတို့လုပ်ချင်တာကို လုပ်သွားတတ်ပါတယ်။ စည်းကမ်းနဲ့ ကိုင်တွယ်တယ်ဆိုတဲ့အခါမှာလည်း အလျှော့အတင်းလုပ်လို့ မရလောက်အောင် တင်းကျပ်နေလို့ မရပြန်ပါဘူး။ ကျွန်မသိရသလောက်တော့ ဘာသာရပ်ရွေးချယ်တဲ့အခါမှာ သားသမီးရဲ့ဝါသနာနဲ့ ကိုင်းညွတ်မှုကို မတွက်ဆဘဲ ရွေးချယ်ခိုင်းတာဟာ အညွန့်ကိုချိုးလိုက်သလို ဖြစ်သွားတတ်တာပါပဲ။ အဲသည်လိုပြောလို့ သားသမီးဘက်က တစ်ဖက်သတ်လိုက်ပြောတယ်လို့လည်း မထင်စေချင်ပါဘူး။

ကျွန်မအနေနဲ့ ကိုယ်တွေ့ကိုပြောရရင် ကိုယ်လေ့လာချင်တဲ့ ဘာသာရပ်ကို တိတိကျကျလေ့လာဖို့ဆိုတာ အခွင့်အလမ်းမသာခဲ့ပါဘူး။ ဟိုဘာသာမှာ ထူးချွန်ပေမယ့် ဆက်မသင်ဖြစ် နောက်ဘာသာကိုယူရနဲ့ တက်လာတာပါပဲ။ အဲသည်တော့ ကျောင်းသားတွေကိုလည်း ပြောချင်ပါတယ်။ ကိုယ့်စိတ်ကြိုက်ဘာသာကို လေ့လာခွင့်ရမှ စာကျက်မယ်။ ကျောင်းတက်မယ်ဆိုတာ မှားယွင်းတဲ့အယူတစ်ခုပါပဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တကယ်တော့ ဘာသာရပ်တိုင်းကို စိတ်ပါဝင်စားစွာ လေ့လာကြည့်လိုက်ပါ။ လူအများအတွက် အကျိုးဖြစ်ထွန်းစေမယ့် အသိပညာများကို ပေးတဲ့ဘာသာရပ်တွေချည်းပါပဲ။ စိတ်ဝင်စားစရာကောင်းပါတယ်။ မိဘကိုအရွဲ့တိုက်တာတို့၊ စိတ်မဝင်စားရင် ဘာမှလုပ်လို့မရဘူးတို့ ဆိုတဲ့ အယူအဆများစကားများနဲ့ ပစ္စုပ္ပန်ဆိုတဲ့ အဖိုးတန်ကာလကို ဖြုန်းမပစ်ကြပါနဲ့။ ဘယ်လိုဘာသာရပ်ကိုမဆို လေ့လာလိုက်ရင် သူများနဲ့မတူတဲ့ အသိပညာများကို ရစေမယ်လို့သာ သန္နိဋ္ဌာန်ချလိုက်စမ်းပါ။ ကျောင်းမှာရော အိမ်မှာရော ပတ်ဝန်းကျင်မှာရော ပျော်လာနိုင်ပါလိမ့်မယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ''မရှိတာထက် မသိတာ ခက်ပါတယ်''

လူ့လောက လူ့သဘာဝဟာ ထွေပြားတဲ့သဘောရှိပါတယ်။ ထူးဆန်းထွေလာ အံ့သြဖွယ်ရာလည်း ဖြစ်ပါတယ်။ ကျွန်မက အဲသည်လိုအကြောင်းတွေနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တိုးတာလား၊ ဒါမှမဟုတ် ဂရုစိုက်မိတာလား မသိပါဘူး။ အဖြစ်ကို တင်ပြပါမယ်။ ကျွန်မသူငယ်ချင်းတစ်ယောက် အိမ်ကို လူကြုံပေးစရာရှိလို့ သွားတဲ့အခါ အပြင်သွားပါတယ်ဆိုလို့ ထိုင်စောင့်နေရတာ တမောကြီးပါပဲ။ စာအုပ်တွေစုံလို့ အဖော်ပြုစရာရှိတာ တော်သေးတော့တယ်။

သူငယ်ချင်းပြန်လာတော့ ဟယ် ဘယ်တွေလျှောက်သွားနေတာလဲဆိုတော့ ရယ်မောပြီး ဗေဒင်ဆရာဆီကိုသွားတာလို့ ဖြေပါတယ်။ ကျွန်မက ပါးစပ်ဟလိုက်ပြီးမှ ဘာမှမမေးဘဲ နေလိုက်ပါတယ်။ သူက အင်း နင့်အနေနဲ့တော့ ထူးဆန်းနေမှာပဲ။ ဒါပေမဲ့ သိပ်စိတ်ဝင်စားစရာကောင်းတယ်လို့ ပြောပါတယ်။ သူကလည်း စာလေးဘာလေး ရေးပါတယ်။ အဲသည်တော့ ကုန်ကြမ်းရှာတာပေါ့လို့ ကျွန်မကပြောတော့ ထူးပြီးရှာစရာမလိုပါဘူးဟာ။ ငါက ငါ့အမေဆုံးခါနီးက ခဏခဏမေးမိတဲ့ ဗေဒင်ဆရာနဲ့က ခင်တော့ သွားပြီးနှုတ်ဆက်ရင်း မထနိုင်အောင် လေ့လာနေရတာ။ လူမှုရေးကျမ်းတစ်စောင်တောင် ပြုစုလို့ရနိုင်တယ်ဟလို့ ပြောပြီး သူနားထောင်ခဲ့ရတဲ့ အမေးတွေ အဖြေတွေကို ပြန်ပြောပြပါတယ်။

အကြောင်းအရာအမျိုးမျိုးထဲက ကျွန်မ သိပ်စိတ်ဝင်စားသွားတဲ့ အကြောင်းက တော်တော်လည်းဆန်းပါတယ်၊ အသက် ၉ နှစ်အရွယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကလေးတစ်ယောက် ကျောင်းပြေးတာကို ကျောင်းမပြေးအောင် ယတြာလုပ်ပေးစေချင်လို့ အမျိုးသမီးတစ်ယောက်က လာပြီးဗေဒင်မေးတာပါတဲ့။ ကျွန်မက ဟင်ဆိုတာလောက်ပဲ အသံထွက်ဝံ့ပါတယ်။ ပြောနေတဲ့သူ အရှိန်ပြတ်သွားမှာစိုးလို့ပါ။ သူငယ်ချင်းက နင်လည်း ကြားရတာသိပ်ထူးဆန်းနေမှာပဲ။ ငါလည်း ဩော် ဒီလိုလူတွေလည်း ရှိသကိုးလို့စိတ်ဝင်စားသွားတာနဲ့ ထိုင်ပြီးနားထောင်နေတာ။ မေးတဲ့အမျိုးသမီးကအသက်မငယ်လှတော့ပါဘူး။ တစ်ခုတော့ရှိတာပေါ့ဟာ နင်တို့လို ပြင်ပြင်ဆင်ဆင်နေနိုင်တဲ့ အဘွားကြီးမဟုတ်တော့ အသက်က နင့်ထက်ငယ်ပေမယ့် အရမ်းအိုစာတာနေမှာပေါ့လို့ ကျွန်မကိုထိပြီးမှ ဆက်ပြောပါတယ်။ အဝတ်အစားကလည်း အသစ်တွေဖြစ်ပေမယ့် သိပ်အဖိုးတန်တွေ မဟုတ်။ သူ့ကြည့်ရတာ ပညာလည်းတတ်ပုံမပေါ်ဘဲ သူ့ကလေးကျောင်းပြေးတာကို မပြေးအောင် ယတြာလုပ်ပေးပါဆိုတော့ ငါကငါ့မိတ်ဆွေ ဘယ်လိုများလုပ်ပေးမှာပါလဲဆိုပြီး စိတ်ဝင်စားသွားပါတယ်။

ငါ့မိတ်ဆွေ ဆရာကြီးက သေသေချာချာမေးတော့ ကလေးက ၉ နှစ်တောင်ရှိပြီဆိုတော့ မူလတန်းရောက်ပြီပေါ့။ သူက ဆရာမအိမ်စာပေးလိုက်တာကို အိမ်မှာကျက်ပါတယ်တဲ့။ အိမ်ကအစ်မတွေကလည်း သူတို့မောင်ကလေးကို ဝိုင်းကူညီပြီး သင်ပေးလိုက်တော့ အစ်မတွေရှေ့မှာ စာအလွတ်ပြန်ပြနိုင်ပါတယ်တဲ့။ ကျောင်းရောက်တော့ဆရာမရှေ့မှာ စာပြန်ပြီဆိုရင် မရတော့ဘူးတဲ့။ ဆရာမက ဆူပြန်ရိုက်ပြန်တော့ ကြောက်ပြီး ကျောင်းကနေ အိမ်ပြန်ပြေးခဲ့ရောတဲ့၊ အိမ်ကလည်း အိမ်ပြန်လာရမလားဆိုပြီး ဆူပြန်တော့ ကျောင်းပြေးတဲ့အခါအိမ်ကိုလည်းမပြန်တော့ဘဲ ကျောင်းဆင်းမှ အိမ်ကိုပြန်လာပါတယ်တဲ့။

အဲသည်အကြောင်းကို ကြားတော့ ဆရာကြီးက ဟာ အဲသည်ကိစ္စ အရေးကြီးတယ်။ ကလေးဟာ မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ ပေါင်းမိမှဖြင့် ပိုဆိုးသွားမယ်။ ကျောင်းကိုလိုက်ပို့ပါလားလို့ ပြောတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အမေရောအဖေရောက အလုပ်ကိုယ်စီရှိကြတယ်လို့ ပြောပါသတဲ့။ ဆရာကြီးက ကလေးအဖေကို အလုပ်ကခွင့်ယူပြီး ကျောင်းကိုလိုက်ပို့ခိုင်းပါလားလို့ ပြောတော့ ကျောင်းကိုလိုက်ပို့တယ်။ ဒါပေမဲ့ အဖေလည်း ပြန်လာရော ကလေးကလည်း ကျောင်းလစ်ရောတဲ့။

အဲသည်တော့ ဆရာကြီးက မဟုတ်ဘူး။ ကလေး ကျောင်းမှာ စွဲစွဲမြဲမြဲတက်သည်အထိ အဖေက တစ်နေ့လုံး ကျောင်းမှာထိုင်စောင့်နေရမှာလို့ အကြံပေးပါသတဲ့။

ကျွန်မသူငယ်ချင်းကလည်း အဲသည်ကလေးအမေကို ဘယ်လိုယတြာပေးသလဲ။ မပေးဘူးလား ဆိုတာကို ပြန်မပြောနိုင်ပါဘူး။ အကြောင်းကတော့ လူကြုံပစ္စည်းအပေးသွားတာ ကြာလွန်းလို့ ကျွန်မအိမ်ကလိုက်ခေါ်တာနဲ့ ပြန်ခဲ့ရတာကြောင့် ဖြစ်ပါတယ်။

ကျွန်မစိတ်ထဲမှာတော့ ကလေးကျောင်းမပြေးအောင် မိဘက တစ်နေ့လုံး စောင့်ရတာကိုလည်း မတတ်သာရင် လုပ်ရမှာဖြစ်ပေမယ့် တကယ့်နည်းလမ်းမှန်မဟုတ်ဘူးလို့ ယူဆပါတယ်။ အဲသည်အကြောင်းကိုပြောတဲ့အခါတုန်းက ကျွန်မက ဘယ်နေရာကကျောင်းလဲလို့ မမေးလိုက်ပေမယ့် ပြန်စဉ်းစားတော့ အစွန်းအဖျားရပ်ကွက်ကျောင်းပဲ ဖြစ်ရမယ်လို့ တွေးမိပါတယ်။ တကယ်တော့ ကလေးကျောင်းမပြေးဖို့ဆိုတာ ကျောင်းမှာပျော်မှ မပြေးမှာပဲပေါ့။ ကိုယ်ရောစိတ်ပါ ကျောင်းမှာရှိနေသင့်တာပေါ့။ အဲသည်လိုဖြစ်အောင် တာဝန်ရှိတာက မိဘမျှသာမကတော့ဘူးလေ။ ကျောင်းကဆရာများမှာပါ တာဝန်ရှိပြီပေါ့။ နောက်တစ်ခု ကျွန်မနားမလည်တာက ကျောင်းတွေမှာ သူ့အထွာနဲ့သူဆိုသလို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဆိုတာ ရှိရမှာပါပဲ။ မိဘများဟာ အဲသည်ကျောင်းအကျိုးတော်ဆောင် အဖွဲ့ထဲမှာ အကျုံးဝင်ရမှာပါပဲ။ ခေါင်းဆောင်တဲ့နေရာမှာပဲ နေရနေရ နောက်လိုက်တဲ့နေရာမှာပဲ နေရနေရပေါ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တကယ်လို့ အဲသည်လိုအဖွဲ့တွေဘာတွေကလည်း စနစ်တကျ မရှိသေးဘူးပဲထားပါတော့။ ကျောင်းသားမိဘကို ကျောင်းက ကလေး ကျောင်းတက်မမှန်တာနဲ့ ချက်ချင်းဖိတ်ခေါ်ပြီး ဆွေးနွေးရမှာ ဖြစ်ပါတယ်။ အဲသည်လိုမှ မဟုတ်ရင်လည်း ကျောင်းသားမိဘက ကျောင်းကို ဖြစ်ဖြစ် အိမ်ကိုဖြစ်ဖြစ် သွားပြီး ဆရာသို့မဟုတ် ဆရာမနဲ့တွေ့ကာ အကူအညီတောင်းနိုင်ပါတယ်။ အကျိုးအကြောင်းကို ရှင်းပြပြီး ကျောင်းသားကို အပ်နှံနိုင်ပါတယ်။

ကျွန်မဟာ ထူးဆန်းထွေလာ ကျောင်းမပြေးတဲ့ ယတြာကိစ္စကို ခေါင်းထဲက တော်တော်နဲ့မထုတ်နိုင်ဘဲ ဖြစ်နေပါတယ်။ ကိုယ်တိုင် ကျောင်းဆရာလုပ်သက် အနှစ်သုံးဆယ်ကျော်လုပ်ခဲ့တဲ့အတွက် ဆရာစိတ်က မကုန်တော့ ကျောင်းသားနဲ့ပတ်သက်တဲ့ ကိစ္စဆိုရင် ပိုပြီးစိတ်ဝင်စားမိတယ်ထင်ပါတယ်။ ကျောင်းဆရာများကိုလည်း အာစရိယဆရာများဖြစ်တယ်ဆိုတဲ့ ဂုဏ်နဲ့အညီ ကလေးကလေးများကို မလိမ္မာတဲ့အဖြစ်က လိမ္မာတဲ့အဖြစ်ကိုရောက်အောင် သွန်သင်ပို့ဆောင်တဲ့နေရာမှာ ညင်သာ သိမ်မွေ့စွာ ပို့ဆောင်နိုင်ဖို့က အရေးကြီးပါတယ်ဆိုတဲ့အကြောင်းကို ပြောပြချင်ပါတယ်။

ကျောင်းဆရာ ဆရာမများဟာ စက်ရုပ်မဟုတ်ဘူး။ သူတို့ကိုယ်တိုင်မှာလည်း ကိုယ်ရေးကိုယ်တာ ပြဿနာကိုယ်စီ ရှိကြတယ်ဆိုတာကိုလည်း သိနားလည်ထားပါတယ်။ သို့ပေမယ့် စက်ရုပ်မဟုတ်တာကြောင့်ဘဲ စက်ရုပ်လို မလှုပ်ရှားသင့်ပါဘူး။ ပရိဂရမ်သွင်းထားသလို မလုပ်သင့်ပါဘူး။ သက်ရှိလူသားများကို အညွန့်တလူလူထွက်လာအောင် သင်ကြားဖို့ဆိုတာ အနုပညာတစ်ရပ်ပါပဲ။ ပင်ပန်းတယ်လို့ ယူဆရင်လည်း လူဖြစ်ကတည်းက နည်းအမျိုးမျိုးနဲ့ ပင်ပန်းနေတာပဲကွယ်လို့ ပြောချင်ပါတယ်။ ကလေးကလေးက စာကိုမရလို့ဘဲဖြစ်ဖြစ်၊ ဆရာကို ကြောက်လို့ပဲဖြစ်ဖြစ် ဆရာ ဆရာမရှေ့မှာ ပြန်ပြီးအလွတ်ရွတ်မပြနိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တာနဲ့ ညှံ့ကိုညှံ့တယ်ဆိုပြီး အော်လိုက်ဟောက်လိုက် ဖြန်းခနဲရိုက်လိုက် တာဟာ မိမိအလုပ်ကို အောင်မြင်ပြီးမြောက်စေတဲ့ နည်းစနစ်မဟုတ် ကြောင်းကို ဆရာ ဆရာမတို့ သိသင့်ပါတယ်။

တကယ်တော့ သား သို့မဟုတ် သမီး အခုပြန်လို့မရသေးရင် ပြန်စဉ်းစားဦး၊ ဆရာမ စာဆက်မေးလိုက်ဦးမယ်။ သားက သို့မဟုတ် သမီးက နောက်ဆုံးကျမှ ပြန်ပြီးအလွတ်ရွတ်ပြနော်။ စာမရလို့လည်း ဆရာမက မရိုက်ဘူးလို့ ပြောပြီး ချော့ချော့မော့မော့ သင်ရင်လည်း ကလေးက စိတ်အေးချမ်းသွားလို့ စာရလာနိုင်ပါတယ်။

ဆရာ ဆရာမတို့ရေ၊ ကျွန်မတို့ စာဖတ်တဲ့အခါ မလွဲမသွေ လိုအပ်တဲ့ လျှပ်စစ်မီးကို စတင်တီထွင်တဲ့ အယ်ဒီဆင်ကိုလည်း သူ့ဆရာ က ခေါင်းထဲမှာ ဦးနှောက်မရှိဘူး၊ ကြက်ဥပုပ်ပဲ ရှိတယ်လို့ ဆူပူဖူးပါ သတဲ့။ ကျွန်မတို့ရှေ့မှာ ထစ်အဲထစ်အဲနဲ့ စာမရဘဲ ဖြစ်နေတဲ့ကလေးကို လမ်းဆုံးက ကလေးလို့ မထင်လိုက်ပါနဲ့။ ကိုယ့်စေတနာ ကိုယ့်မေတ္တာနဲ့ ကျောင်းပျော်တဲ့၊ ကျောင်းကိစ္စကို စိတ်ဝင်စားတဲ့၊ စာတတ်လိုတဲ့၊ စာတတ်တဲ့ တော်တဲ့ကလေးများဖြစ်အောင် ထိန်းပေးသင့်ပါတယ်။

တကယ်လို့ ကလေးက ပြဿနာရှိနေတဲ့ကလေးဆိုရင်လည်း မိဘကို ကျောင်းကိုလာခဲ့ပါလို့ ဖိတ်ခေါ်ပြီး ကလေးအကြောင်းကို မေး မြန်း ဆွေးနွေးသင့်ပါတယ်။ ပြီးတော့လည်း ကိုယ့်ကျောင်းက ဆရာများ နဲ့ညှိနှိုင်းတိုင်ပင်ပြီး ကျောင်းသားကို ပြုပြင်ပေးရမှာပဲပေါ့။ တကယ်တော့ နေ့ကွေးစွာတက်လာရတဲ့ ကိုယ့်ပညာရေးလမ်းကြောင်းကိုလည်း ကိုယ် မမေ့နဲ့လေ။ တကယ်တော့ ကလေးများဟာ ဆရာ ဆရာမကို သိပ်ယုံ ကြည်ချစ်ခင်တတ်တဲ့ သဘာဝရှိတတ်ပါတယ်။ အဲသည်သဘာဝကို မပျက်ပြားစေဘဲ ကလေးအကျိုးအတွက် ပြန်လည်အသုံးပြုဖို့ လိုအပ်ပါ တယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## တပည့်များရဲ့ အကျင့်စရိုက်ကိုလိုက်ပြီး သင်ကြားနည်းက ပြောင်းပါတယ်

လူတိုင်းလူတိုင်း ကိုင်းညွတ်တဲ့စိတ်နေသဘာဝ ကိုယ်စီရှိကြပါတယ်။ ကျွန်မက ဆရာအဖြစ် ၃၆ နှစ် တာဝန်ထမ်းဆောင်ဖူးခဲ့တော့ တစ်ခုခု ဆိုရင် သင်ကြားနည်းရှုထောင့်ကနေပြီး ကြည့်တတ်ပါတယ်။ ဟော ပြောပွဲများမှာ စည်းမဲ့ကမ်းမဲ့ စကားပြောနေရင် ချက်ချင်းဆိုသလို ဟောပြောရာက ရပ်လိုက်မိတဲ့အထိ ဖြစ်တတ်ပါတယ်။ နားမထောင် ချင်ရင် သူများကိုမထိခိုက်စေဘဲ ရှောင်သွားလို့ရရဲ့သားနဲ့ မရှောင်ဘဲ ဆူနေတဲ့သူများရှိရင် အတော်အနှောင့်အယှက်ဖြစ်တတ်ပါတယ်။ တစ်ခါ တစ်ခါ ပြင်ပဌာနများမှာ ပို့ချရတဲ့အခါများရှိရင် စောစောကတည်းက ကြိုတင်ပြီး ပြောထားတတ်တာက အတန်းထဲမှာ စကားမပြောဖို့ကိစ္စ ဖြစ်ပါတယ်။

အဲသည်လို ကျောင်းဆရာရဲ့ စိတ်နေသဘာဝဟာ စာဖတ်တဲ့ အခါ စာရေးတဲ့အခါများမှာလည်း သိသိသာသာပေါ်ထွက်လာပါတယ်။ မြတ်စွာဘုရားနဲ့ တပည့်သား သာဝကများအကြောင်းကို ဖတ်တော့ လည်း သင်ကြားနည်းစနစ်များကို အလိုလိုသတိထားမိသွားပါတယ်။ မြတ်စွာဘုရားမှာ *ပစ္စေကဗုဒ္ဓါ ရဟန္တာဟူသမျှတို့ ရခြင်းငှာမထိုက် သုံးတိုက်ဘုံသား အများသတ္တာ ဝေနေယျတို့၏ အလိုဆန္ဒ အာသယကိန်း ဟန်ကို ဧကန်သိမြင်တော်မူနိုင်သော အာသယာနုသယဉာဏ်၊ ဣန္ဒြေ ရင့်မရင့်ကို ထောက်ချင့်သိနိုင်စွမ်းသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အစရှိတဲ့ မြတ်စွာဘုရားတို့မှာသာ ရှိထိုက်တဲ့ဉာဏ်တော်များနဲ့ ပြည့်စုံတော်မူပါတယ်။

အဲသည်လို ဘုရားရှိခိုးစာထဲက အကြောင်းကို ဖတ်မိလိုက်ရင် ဓမ္မပဒထဲက ဖတ်မိထားတဲ့ဇာတ်တော်များကို သတိရမိပါတယ်။ ရဟန္တာ တစ်ပါးနဲ့တစ်ပါး အရဟတ္တဖိုလ် ဆိုက်ရောက်ပုံချင်း မတူတတ်ပါဘူး။ တချို့ မြတ်စွာဘုရား ဟောကြားတဲ့တရားကို အများနဲ့အတူ ရောပြီး နာရင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားပါတယ်။ တချို့ကတော့ အဲသည်လို မဟုတ်ပါဘူး။ မြတ်စွာဘုရားကိုယ်တော်တိုင် အားထုတ်ပြီး ချေချွတ်တော်မူရပါတယ်။ ရဟန္တာဖြစ်အောင် အားထုတ်တာကတော့ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ရတာပေါ့။ သို့ပေမယ့် အားထုတ်ဖြစ်အောင် အားထုတ်နည်းမှန်အောင် မြတ်စွာဘုရားကိုယ်တော်တိုင် အလွန်ကို ကြောင့်ကြစိုက်တော်မူခဲ့ပါတယ်။ ဇာတ်တော်များကိုဖတ်ရင်း ကြည်ညို စရာကောင်းသလို မြတ်စွာဘုရား တပည့်သားသာဝကအဖြစ် ကိုယ်တိုင် လည်း လိုက်နာဖို့ကောင်းပါတယ်။

ဥပမာပြရရင် အရှင်စူဠပန်အကြောင်းကစတာ ကောင်းပါလိမ့် မယ်။ အရှင်စူဠပန်ဆိုတာ စူဠပန္ထကကို အတိုကောက်ခေါ်ကြတာ ဖြစ် ပါတယ်။ စူဠပန်ရှိရင် မဟာပန်လည်းရှိပါတယ်။ မဟာပန်က နောင် တော်၊ စူဠပန်က ညီတော်ဖြစ်ပါတယ်။ အဲသည်ပန္ထကဆိုတဲ့အမည်ကို မြန်မာလိုပြန်ရင် လမ်းကြောင်းသို့မဟုတ် လမ်းမလို့ အဓိပ္ပာယ်ရပါတယ်။ သူတို့မေမေဟာ ပဋ္ဌာစာရီနဲ့ နည်းနည်းတူပါတယ်။ အိမ်မှာခိုင်းစေတဲ့ သူနဲ့ လိုက်ပြေးပြီး ကိုယ်ဝန်ရှိတိုင်း မိဘအိမ်ကိုပြန်ဖို့ ကြိုးစားပါတယ်။ ကလေးနှစ်ယောက်သာရရော ကလေးတွေကို အိမ်အပြန်လမ်းမမှာမွေးပြီး လိုက်ခေါ်တဲ့ခင်ပွန်းသည်နောက်ကို ပြန်ပါသွားတာပါပဲ။ ကလေးများ အတန်ကြီးလာတော့ ကလေးတွေရဲ့ ဘိုးဘွားများရှိရာမြို့ကို ခေါ်သွားပြီး တစ်နေရာမှာနားရင်း ကလေးတို့ရဲ့ဘိုးဘွား (အမျိုးသမီးရဲ့မိဘ) များနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆက်သွယ်ပါတယ်။ သူဌေးကြီးလင်မယားက မြေးနှစ်ယောက်ကို ကြီးပြင်းအောင် မွေးမယ်။ သမီးနဲ့သမက်ကိုတော့ ငွေကလေးဘာလေး ပေးပြီး ပြန်လွှတ်လိုက်ပါတယ်။

အဲသည်သူဌေးကြီးက မြတ်စွာဘုရားရဲ့ သာဝကကြီးဖြစ်ပါတယ်။ သူက မြတ်စွာဘုရားကျောင်းတော်ကို နေ့တိုင်းသွားတော့ မြေးအကြီးကလည်း နေ့တိုင်းလိုက်ပါတယ်။ ပြီးတော့ သူ့ပါရမီအလျောက် သံဝေဂဉာဏ် ရင့်သန်လာတာကြောင့် ရဟန်းဘောင်ကိုဝင်ပါတယ်။ အရဟတ္တဖိုလ်ကိုဆိုက်ရောက်ပြီး ရဟန္တာဖြစ်တော်မူသွားပါတယ်။ နောင်တော်က မြတ်စွာဘုရားကျောင်းတော်ကို ရောက်တဲ့အခါမှာ ညီဖြစ်သူ အရှင်စူဠပန်လည်း ရောက်သွားပါတယ်။ ရဟန်းဘောင်ကိုဝင်ပြီး စာသင်တဲ့အခါ ဂါထာတစ်ပုဒ်ကို ဝါတွင်းသုံးလပတ်လုံး ကျက်လို့မရအောင် ဉာဏ်ထိုင်းတာကို တွေ့ရပါတယ်။ အဲသည်လို ဉာဏ်ထိုင်းတာကတော့ ဘဝတစ်ဘဝမှာ သူကဉာဏ်ကောင်းသူဖြစ်ပြီး ဉာဏ်ထိုင်းသူတစ်ယောက်ကို လှုပုံလယ်မှာ ပြောင်လှောင်သရော်ခဲ့လို့ ဝဋ်လိုက်တာဖြစ်ပါသတဲ့။

နောင်တော်ကလည်း ဝါကျွတ်သည်အထိ ရှေ့ကဖတ် နောက်က မေ့နဲ့ ဂါထာတစ်ပုဒ်တောင်မှ မရတဲ့ညီဖြစ်သူကို ရဟန်းဘောင်မှာ မနေနဲ့တော့၊ အိမ်ကိုပြန်ပြီး လူအဖြစ် အသက်မွေးပေတော့ဆိုပြီး အိမ်ပြန်လွှတ်လိုက်ပါသတဲ့။ မြတ်စွာဘုရားတို့မည်သည် နံနက်တိုင်း ကျွတ်ထိုက်တဲ့သတ္တဝါများကို ရွှေဉာဏ်တော်ကွန်ရက်နဲ့ ဖြန့်ကြက်ပြီး ကြည့်တော်မူလေ့ရှိလေတော့ အရှင်စူဠပန် ကျောင်းတော်က ပြန်ထွက်လာမယ့်အချိန်မှာ လာမယ့်လမ်းက ကျောင်းတော်အပြင်ဘက်မှာ စင်္ကြံသွားတော်မူနေပါသတဲ့။ အခုခေတ်ကလေးများက ဘုရားစာကြီးလို့ဆိုပြီး နားမလည်မှာစိုးလို့ ပြောရမယ်ဆိုရင် မြတ်စွာဘုရားဟာ လိုအပ်တဲ့အခါမှာသာ အသုံးပြုတော်မူတဲ့ ဉာဏ်တော်အစွမ်းနဲ့ အရှင်စူဠပန်ကို နောင်တော်က အိမ်ပြန်လွှတ်တော့မယ်၊ အရှင်စူဠပန်က ဉာဏ်ထိုင်းတာက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လွဲလို့ ရဟန်းဘဝမှာ ပျော်ပိုက်တယ်။ ရဟန်းကောင်းတစ်ပါးဖြစ်တယ်။ သူရဲ့ဝဋ်ကြွေးအရ ဉာဏ်ထိုင်းပေမယ့် သူနဲ့သင့်လျော်တဲ့နည်းကို အသုံးပြုပြီး အားထုတ်ခိုင်းရင် အရဟတ္တဖိုလ်ကို ဆိုက်ရောက်နိုင်တယ်ဆိုတာကို သိတော်မူတယ်။ အဲဒါကြောင့် ပြန်ထွက်လာမယ့်လမ်းမှာ လမ်းလျှောက်ရင်း စောင့်နေတော်မူတယ်လို့ ရေးရမယ်ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ အရှင်စူဠပန်နဲ့ ဆုံမိတဲ့အခါမှာ စူဠပန္ထက ဘာဖြစ်လို့ မျက်ရည်တွေကျပြီး ကျောင်းဝက ထွက်လာတာလဲလို့ မေးတော်မူပါတယ်တဲ့။ မသိလို့ မေးတာတော့မဟုတ်ပါဘူး။ စကားအဆက်အစပ်ရအောင်လို့ မေးတာဖြစ်ပါတယ်။ အဲသည်အချိန်မှာ အရှင်စူဠပန်က စာတစ်ပုဒ်ကို သုံးလတောင် ကျက်တာမရလို့ နောင်တော်က အိမ်ကိုပြန်ခိုင်းလို့ပါဘုရားလို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားက အရှင်စူဠပန်ရဲ့ခေါင်းကို လက်တော်နဲ့ပွတ်သပ်ပြီး အသင်ကရော မပြန်ချင်ဘူးလားလို့ မေးတော်မူတော့ မပြန်ချင်ပါဘုရားလို့ ဖြေပါသတဲ့။ အဲသည်တော့ အသင် အသင့်နောင်တော်က အိမ်ကိုအပြန်ခိုင်းပေမယ့် ဒီကျောင်းတိုက်မှာ ငါဘုရားက အကြီးဆုံးသောသူဖြစ်တယ်။ မပြန်ချင်ရင် မပြန်နဲ့လို့ ပြောတော်မူပြီး အရှင်စူဠပန်ရဲ့ပခုံးပေါ်ကို လက်တော်တင်ကာ ကျောင်းတိုက်ထဲကို ပြန်ခေါ်သွားပါသတဲ့။

အဲသည်လို အရှင်စူဠပန်ကို ကျောင်းတိုက်ထဲပြန်ဝင်စေတဲ့အခန်းမှာ မြတ်စွာဘုရားကို သိပ်ပြီးကြည်ညိုစိတ်ပေါ်ပါတယ်။ အရှင်စူဠပန် ထွက်သွားမှာကို ဉာဏ်တော်နဲ့မြင်ပြီး ဂန္ဓကုဋိတိုက်တော်ထဲမှာသာ နေတယ်။ တစ်ယောက်ယောက်က စူဠပန်ကို သွားခေါ်ချည်စမ်းလို့ မိန့်တော်မူတယ်ဆိုရင် သိပ်ပြီးပြည့်စုံမှာ မဟုတ်ပါဘူး။ အခုတော့ ကိုယ်တော်တိုင် ကြောင့်ကြစိုက်တော်မူတယ်။ ဆရာဒကာတို့၏ ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်တိုင် သတ္တဝါတစ်ဦးဦး ဉာဏ်အလင်းရဖို့အရေးဆိုရင် ကိုယ်တော်တိုင် ကြောင့်ကြစိုက်တော်မူတယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုတာကို အထပ်ထပ်နှလုံးသွင်းပြီး တပည့်များ စာတော်ဖို့ စာတတ်ဖို့ အတွက် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ထုတ်ကာ ကြိုးစားအားထုတ်ခြင်း အားဖြင့် မြတ်စွာဘုရား တပည့်သားအဖြစ် ပီပီပြင်ပြင်ခံယူကြစေလိုပါ တယ်။ အကျိုးထူး ရပါစေမယ်။

ဇာတ်လမ်းကို ပြန်ဆက်ရမယ်ဆိုရင် အရှင်စူဠပန်ဟာ စိတ်ငယ် နေတော့ မြတ်စွာဘုရားက ရင်းနှီးအောင် ကြင်ကြင်နာနာ ဆက်ဆံတာ ဟာ သင်ကြားခြင်းအတွက် အခြေခံလိုအပ်ချက်တစ်ရပ်နဲ့ ပြည့်စုံအောင် လုပ်ပေးတော်မူလိုက်တာပါပဲ။ အဲသည်အချက်ကတော့ အခုခေတ် ပညာ ရေး လုပ်ထုံးလုပ်နည်းမှာလည်း အရေးကြီးတဲ့အချက်အဖြစ် ဖော်ပြထား တဲ့ *ဆရာနဲ့ကျောင်းသား ဆက်ဆံရေးကောင်းမွန်မှုကို* တည်ဆောက် လိုက်တာပါပဲ။ အခုခေတ် ပညာရေးမှာပါတဲ့ လုပ်ထုံးလုပ်နည်းများကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ကျော်ကတည်းက မြတ်စွာဘုရား လုပ်ဆောင်တော်မူပြီးပြီ ဖြစ်ပါတယ်။

အရှင်စူဠပန်ဟာ မြတ်စွာဘုရားကို အားကိုးအားထားပြုပြီး စိတ် ဓာတ်တက်ကြွလာတဲ့အချိန်မှာ မြတ်စွာဘုရားက အရှင်စူဠပန်ကို ပဝါဖြူ တစ်ထည် ပေးတော်မူပါတယ်။ ပြီးတော့ ရဇောဟရဏံလို့ နှုတ်ကရွတ် ဆိုပြီး ပဝါဖြူကို ပွတ်နေစေပါတယ်။ မြူကိုဆောင်တတ်တဲ့အဝတ်လို့ အဓိပ္ပာယ်ရပါတယ်။ အဲသည်လိုရွတ်ဆိုနေတဲ့ အရှင်စူဠပန်ကို ကျောင်း တော်မှာ ထားခဲ့ပြီး မြတ်စွာဘုရားက ဆွမ်းပင့်ထားတာရှိလို့ ရဟန္တာများ နဲ့ကြွသွားတော်မူပါတယ်။ ပင့်သံဃာအရေအတွက်ကိုလည်း တစ်ပါး လျှော့ထားစေခဲ့ပါတယ်။

အရှင်စူဠပန်ဟာ ပဝါဖြူကိုပွတ်နေရင်း ပဝါဖြူညစ်ထေးလာ တာကို မြင်တာနဲ့ သင်္ခါရဓမ္မတို့ရဲ့သဘောကိုမြင်ပြီး အရဟတ္တဖိုလ်ကို ဆိုက်ရောက်သွားခဲ့ပါတယ်။ ဆွမ်းပင့်တဲ့အိမ်က ဒကာတစ်ယောက်ကို ကျောင်းတော်ကိုပြန်ပြီး အရှင်စူဠပန်ကိုပင့်ချေလို့ စေခိုင်းလိုက်တဲ့အခါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရဟန်းက ကျောင်းတော်မှာ တစ်ပါးမက အများကြီးတွေ့နေရလို့ ပြန်လာပြီး မြတ်စွာဘုရားကိုလျှောက်ထားရပါသေးတယ်။ မြတ်စွာဘုရားက အရှင်စူဠပန်ဘုရားလို့ ခေါ်လိုက်တဲ့အခါ ပထမဆုံးထူးတဲ့သူကို ပင့်ခဲ့လို့ မိန့်တော်မူခဲ့ပါတယ်။ အဲသည်အတိုင်းဆောင်ရွက်တော့ ကျန်တဲ့ရဟန်းများပျောက်ပြီး တစ်ပါးသာကျန်တော့မှ ပင့်ခဲ့ရပါတယ်။ ရဟန္တာဖြစ်သွားပြီးတဲ့နောက် တန်ခိုးဣဒ္ဓိပါဒ်နဲ့တကွ ပြည့်စုံသွားတာကို အထူးပြုပြီး တင်ပြထားတာဖြစ်ပါတယ်။ ဘယ်လောက်ပဲ ညံ့ခဲ့ညံ့ခဲ့ နည်းလမ်းမှန်မှန်နဲ့ ကြိုးစားခွင့်ရရင် အောင်မြင်နိုင်တာလည်း သိသာပါတယ်။

ဆရာများဟာ စိတ်အချဉ်ပေါက်ပေါက်နဲ့ အို ကိုယ်တို့က ဘုရားမှမဟုတ်တာ ဘုရားမှသာ လုပ်နိုင်တဲ့ကိစ္စတွေကို လာပြောမနေနဲ့လို့ မပြောစေချင်ပါဘူး။ တကယ်တော့ ဆရာများအားစိုက်လေလေ တပည့်များ တော်လာတတ်လာလေလေ ဆိုတာကို မငြင်းနိုင်ပါဘူး။ ကိုယ်ရောက်ရာဘဝမှာ အကောင်းဆုံး၊ ကိုယ်လုပ်ရတဲ့အလုပ်မှာ အထူးချွန်ဆုံးဖြစ်အောင် ကြိုးစားကြစေချင်ပါတယ်။ *နိုင်ငံရဲ့အနာဂတ် လူမှုအဖွဲ့အစည်းရဲ့ ပြည့်စုံချမ်းသာမှုဟာ ဆရာများလက်ထဲမှာ ရှိပါတယ်။* ကိုယ်တိုင် ဆရာဖြစ်ခဲ့လို့ သည်စကားကို ယုံကြည်စွာပြောတာ ဖြစ်ပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## သတ္တဝါတို့၏ ဉာဏ်ရင့်ကျက်မှုကိုလိုက်၍ သင်ကြားနည်းပြောင်းတော်မူသည့် မြတ်ဗုဒ္ဓ

ကျွန်မဟာ ဘဘဦးသုခ ဓမ္မဒါနပြုလုပ်တဲ့ အစိန္တေယျကြီး ဘုရားရှိခိုးကို ဘဘတိုက်တွန်းလို့ ရအောင်ကျက်ပြီးကတည်းက မြတ်ဗုဒ္ဓရဲ့ ဂုဏ်ကျေးဇူးများကို နှလုံးသွင်းရာမှာ ပိုပြီးအားကောင်းလာပါတယ်။ အဲဒါကြောင့် ပြီးခဲ့တဲ့ဆောင်းပါးထဲမှာ သတ္တဝါတို့ရဲ့ အလိုဆန္ဒ အာသယကိန်းဟန်ကို သိမြင်တော်မူနိုင်စွမ်း၊ ဣန္ဒြေရင့်မရင့်ကို ထောက်ချင့်သိနိုင်စွမ်း ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်များကို တင်ပြခဲ့တာဖြစ်ပါတယ်။ သတ္တဝါများကို ချေချွတ်တော်မူရာမှာ သူ့အချိန်နဲ့သူ ကိုက်ညီမှုလည်း အောင်မြင်နိုင်ပါတယ်။ သတ္တဝါရဲ့အကျင့်စရိုက်ကိုလည်း သိတော်မူဦးမှ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်က အင်မတန်မှ ဉာဏ်ထိုင်းတော်မူတဲ့ အရှင်စူဠပန်ကို ချေချွတ်တော်မူတဲ့နည်းကို တင်ပြခဲ့ပြီဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အင်မတန်မှဉာဏ်ကောင်းတဲ့ အဟိံသကအကြောင်းကို တင်ပြလိုပါတယ်။ အဟိံသကဟာ နောင်တစ်ချိန်မှာ အင်္ဂုလိမာလလို့ ခေါ်တွင်တဲ့ တောပုန်းကြီးဘဝကို ရောက်ရဦးမှာဖြစ်ပါတယ်။

အဟိံသကရဲ့ဖခင်က အလွန်ပညာကြီးတဲ့ ပုရောဟိတ်အမတ်ကြီးတစ်ပါး ဖြစ်ပါတယ်။ ဘုရင်မင်းမြတ်က အားထားရလောက်အောင်လည်း သစ္စာတရာကြီးမားတဲ့သူ ဖြစ်ပါတယ်။ သူ့မှာ သားကလေး မွေးတော့ လက်နက်တိုက်က လက်နက်များ အရောင်တပြောင်ပြောင် တောက်တဲ့ အတိတ်နိမိတ်ကအစ ထူးခြားတာတွေ မြင်တွေ့တဲ့အခါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီသားဟာ ကြီးပြင်းလာတဲ့အခါ လူအများကိုဒုက္ခပေးတဲ့သူ ဖြစ်လိမ့်မယ် ဆိုတာကိုသိလို့ မင်းကြီးထံကို တိုက်ရိုက်ဝင်ပြီး လျှောက်တင်ခဲ့ပါတယ်။ မင်းကြီးက လူမမယ်ကလေးကလေးကို အသက်ရှင်ခွင့်ပေးလိုက်တော့ အမတ်ကြီးက သူတစ်ပါးကို ဘေးအန္တရာယ်မပေးတဲ့သူလို့ အဓိပ္ပာယ်ရတဲ့ အဟိံသကဆိုတဲ့အမည်ကို ပေးခဲ့ပါတယ်။ ဖခင်ဆိုတော့ သားကလေးကို ဘေးမဖြစ်စေချင်ဘူးပေါ့။

သားဖြစ်သူ ပညာသင်ရမယ့်အရွယ်ကို ရောက်လာတဲ့အခါ ပုရောဟိတ်ကြီးက အဟိံသကကို ဒိသာပါမောက္ခဆရာကြီးရဲ့ အိမ်မှာ အလုပ်များကို ကူညီလုပ်ကိုင်ပေးရင် အားချိန်ရတဲ့အခါတိုင်းမှာ ပညာသင်ယူနိုင်တဲ့ တပည့်အဖြစ်နေထိုင်ဖို့ စေလွှတ်လိုက်ပါတယ်။ ငွေကြေးဥစ္စာပေးပြီး မသင်စေဘဲ အဲသည်လို ထမင်းစားကျွန်ခံ သဘောမျိုးနဲ့ သင်စေတဲ့ ပုရောဟိတ်ကြီးရဲ့ရည်ရွယ်ချက်က သူ့သားကို ကယ်မချင်လို့ပါပဲ။ ပုရောဟိတ်ရဲ့သားလည်း ဖြစ်တယ်။ ငွေကြေးဥစ္စာအပြည့်အစုံနဲ့ ဒိသာပါမောက္ခဆီမှာ ပညာသင်သွားရမယ်လို့ဆိုရင် အဟိံသကဟာ စိတ်နေမြောက်ကောင်း မြောက်နိုင်ပါတယ်။ ဆရာ့အိမ်မှာ ထမင်းစားကျွန်ခံသဘောနဲ့ နေရင်း ရိုရိုကျိုးကျိုး ပညာသင်ယူလိုက်ရင် သားဟာ ပိုပြီးသိမ်မွေ့တဲ့သူဖြစ်လာမယ်လို့ ပုရောဟိတ်ကြီးက မျှော်လင့်ပါတယ်။ သို့ပေမယ့် အနာဂတ်မှာ ဘာဖြစ်လာမယ်ဆိုတာကို မြတ်စွာဘုရားမှ တစ်ပါး ဘယ်သူမှ မသိနိုင်ပါဘူး။

ဆရာ့အိမ်မှာ တပည့်ရင်းအဖြစ် ပညာယူရတာဟာ အခွင့်ကောင်း ဖြစ်ပါတယ်။ အဟိံသကဟာ မူလကတည်းက ထက်မြက်တဲ့ ရှင်သန်တဲ့ ဗီဇနဲ့ ပြည့်ဝတဲ့ဉာဏ်ရည်ရှိသူပီပီ ဆရာ့အနီးမှာနေရင်း အများတကာ ထက် ပိုမိုပြီး စာတတ်မြောက်တဲ့သူ ဖြစ်လာပါတယ်။ ဆရာကလည်း ထက်မြက်တဲ့တပည့်ဆိုတော့ ပိုပြီးချစ်ခင်ပါတယ်။ ဆရာ့မိသားစုများနဲ့လည်း အဟိံသကဟာ ပိုပြီးရင်းနှီးလာပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဲသည်အချိန်မှာ အဟိံသကကို မနာလိုတဲ့ အခြားတပည့်များက ဆရာကြီးနဲ့အဟိံသက စိတ်ဝမ်းကွဲပြားအောင် ကုန်းတိုက်ချောပစ်ကြပါတယ်။ ယောကျာ်းတစ်ယောက်အနေနဲ့ ဘယ်လိုမှခွင့်မလွှတ်နိုင်တဲ့ ပြစ်ချက်ဖြစ်တဲ့ အိမ်ထောင်ရေးဖောက်မှားမှု ပြစ်ချက်ကို အဟိံသကနဲ့ ဆရာကတော်တို့ ကျူးလွန်နေကြတယ်ဆိုတဲ့ မဟုတ်မမှန်တဲ့ စွပ်စွဲစကားကိုပြောပြီး ကုန်းတိုက်ချောပစ်ကြတာဖြစ်ပါတယ်။ တစ်အိမ်တည်း နေနေကြတဲ့သူတွေ ရင်းနှီးချစ်ခင်ကြတာကို ရိုးသားတဲ့စိတ်နေသဘာဝနဲ့ ကြည့်ရင် ရိုးရိုးပဲလို့ ယူဆကြမှာဖြစ်ပေမယ့် မသင်္ကာတဲ့စိတ်နေသဘာဝနဲ့ကြည့်ရင်တော့ အထင်အမြင်လွဲမှားနိုင်ခြေ ရှိပါတယ်။ သူတစ်ပါးတို့က ကုန်းတိုက်ချောပစ်တာကို ယုံမှတ်နေပြီဖြစ်တဲ့ ဒိသာပါမောက္ခဆရာကြီးကလည်း အဟိံသကနဲ့ သူရဲ့ဇနီးဖြစ်သူကို မရိုးသားဘူးလို့ သတ်မှတ်လက်ခံလိုက်ပါတယ်။

အဲသည်တော့ ဒိသာပါမောက္ခဆရာကြီးက သူဇနီးကိုရော အဟိံသကကိုရော ဘာမှမလုပ်ပါဘူး။ ဘာမှမပြောပါဘူး။ တစ်ခုခုပြောတယ်၊ လုပ်တယ်ဆိုရင် သူတို့အသိုက်အဝန်းမှာ နာမည်ပျက်သွားမှာဖြစ်ပါတယ်။ အဲသည်လိုလည်း နာမည်မပျက်အောင် အဟိံသကလည်း မင်းပြစ် မင်းဒဏ်သင့်ပြီး ဒုက္ခရောက်အောင်ကြံဆောင်ပါတယ်။ ဒိသာပါမောက္ခ ဆရာကြီးက အဟိံသကကိုခေါ်ပြီး ငါ့သား မင်းဟာ သိပ်တော်တဲ့ ဉာဏ်ကောင်းတဲ့သူဖြစ်တယ်။ အဲသည်တော့ ပညာစခန်းတိုးတက်အောင် မင်းကို ငါသင်ပေးမယ်။ အဲသည်လို သင်ပေးနိုင်အောင် မင်းက လူတွေရဲ့လက်ညှိုးတစ်ထောင်ရအောင် ရှာပြီး ယူခဲ့ပေတော့လို့ ပြောလိုက်ပါသတဲ့။

အဟိံသကကတော့ အရိုးခံကိုး။ သူ့ကိုပရိယာယ်နဲ့ ဒုက္ခပေးဖို့ ဆောင်ရွက်တယ်လို့ မထင်ပါဘူး။ သူ့ဆရာရဲ့စကားကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ လက်ညှိုးဖြတ်ဖို့ ထွက်ခဲ့ပါတယ်တဲ့။ လက်ညှိုးကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘယ်သူကမှ အသာတကြည်အဖြတ်ခံမှာ မဟုတ်ပါဘူး။ အဲသည်တော့ တောထဲမှာပုန်းနေပြီး လူများကိုသတ်ကာ လက်ညှိုးများကို ဖြတ်ရပါတယ်။ ဖြတ်လို့ရတဲ့လက်ညှိုးများကို သစ်ခေါင်းထဲ ထည့်ထားလိုက်၊ မေ့သွားလိုက်၊ တစ်နေရာမှာသိမ်းထားလိုက် မေ့သွားလိုက်နဲ့ လက်ညှိုးတစ်ထောင်ကလည်း ပြည့်ဘဲမပြည့်နိုင်ပါဘူးတဲ့။ အဟိံသကဟာ အင်မတန်မှ ဉာဏ်ကောင်းတဲ့သူတစ်ယောက် ဖြစ်ပေမယ့် တမေ့ထဲမေ့နေရတာ အကုသိုလ်စိတ်ကြောင့် ဖြစ်ပါတယ်။ သတ်ဖြတ်ညှဉ်းဆဲရင်းနဲ့ မူလကကြည်လင်နေတဲ့စိတ်ဟာ နောက်ကျိလာပါတယ်။ အဲသည်တော့ မေ့လျော့မှုများလာတာပေါ့။

သူကလည်း အကြံကြီးတဲ့သူဆိုတော့ လက်ညှိုးတစ်ထောင်ရအောင် ဖွဲ့ခတပြီးလူသတ်ကာ လက်ညှိုးများကို ဖြတ်နေခဲ့ပါတယ်။ လက်ညှိုးများကိုလည်း နောက်ထပ်မပျောက်ရလေအောင် လည်ပင်းမှာ ကြိုးနဲ့သီပြီး ဆွဲထားလိုက်ပါသတဲ့။ အဲသည်အချိန်ကစပြီး အင်္ဂုလိမာလဆိုတဲ့အမည်ကို ရလာတော့တာပါပဲ။ လက်ညှိုးပန်းကုံးဆင်သသူလို့ အဓိပ္ပာယ်ရပါတယ်။

အင်္ဂုလိမာလဟာ လူအများကြီးကို သတ်ဖြတ်နေတဲ့အတွက် နိုင်ငံမှာ မငြိမ်မသက်ဖြစ်လာတော့ ဘုရင်က တပ်တော်များစေလွှတ်ကာ ဖမ်းဖို့စီစဉ်ပါတယ်။ အဲသည်အစီအစဉ်ကို သိပေမယ့် ဖခင်ဖြစ်သူက ဘာမှမဆောင်ရွက်တဲ့အတွက် မိခင်က မနက်စောစော အိမ်ကထွက်ပြီး သားလေးရေ အဟိံသက ပြေးပေတော့ဟေ့။ သားလေးကို လာပြီးဖမ်းကြတော့မယ်လို့ အော်ရင်း သားရှိမယ့်နေရာကိုမှန်းပြီး လာခဲ့ပါတယ်။ အဟိံသကကလည်း လူသံလို့ သိလိုက်တာနဲ့ မိခင်ရဲ့အသံမှန်းတောင်မှ သိပုံမပေါ်တော့ဘဲ လက်ညှိုးကိုဖြတ်ဖို့သာ စိတ်စောပြီး လူသံလာရာနောက်ကို လိုက်ပါတယ်။

အမေ့ကို သားက လိုက်လို့မီလုမီခင်မှာ မြတ်စွာဘုရားရှင်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အမေနဲ့သားကြားမှာ စကြံသွားနေတော်မူပါတယ်။ အင်္ဂုလိမာလက မြတ်စွာဘုရားကိုမြင်တာနဲ့ အမေ့ကိုလိုက်နေရာက မြတ်စွာဘုရားနောက်ကို လိုက်ပြန်ပါတယ်။ အဲသည်လိုလိုက်ရင်း မမှီတော့ ရဟန်း သင်မပြေးနဲ့လို့ အော်ပါသတဲ့။ မြတ်စွာဘုရားက ငါကားမပြေး သင်သာပြေးနေတယ်လို့ မိန့်တော်မူတော့ ရဟန်း သင်ပြေးနေတာ ငါမြင်တယ်လို့ ထပ်ပြီးပြောပြန်ပါသတဲ့။ အဲသည်အချိန်မှာ မြတ်စွာဘုရားရှင်က **'အဟိံသက အကုသိုလ်အလုပ်များကို မလုပ်တော့သောသူသည် သံသရာတံခါးဝတွင် ရပ်နေသောသူဖြစ်သည်။ ငါကား အကုသိုလ်များကို မလုပ်၊ ထို့ကြောင့် ငါမပြေး။ သင်သည် အကုသိုလ်အလုပ်များကို လုပ်နေသောကြောင့် သင်သည် ပြေးနေသောသူဖြစ်သည်'**ဟု မိန့်တော်မူပါသတဲ့။

အဲသည်အချိန်မှာ ဉာဏ်ကောင်းတဲ့ အဟိံသကရဲ့ဗီဇ ပြန်ပေါ်လာပါတယ်။ သူစဉ်းစားတာက ဒီစကားဟာ မှန်တယ်။ ဒီလိုစကားမျိုးကို ပြောကြားတဲ့သူဟာ ဉာဏ်အလင်းကိုရနေသောသူ ဖြစ်ရမယ်။ ငါကြားဖူးတဲ့ သိဒ္ဓတ္ထဂေါတမဗုဒ္ဓဖြစ်ရမယ်လို့ စဉ်းစားပြီး ချက်ချင်းလိုလို သူ့ရဲ့လက်ညှိုးပန်းကုံးကိုချွတ်ပြီး ပစ်ချလိုက်ပါတယ်။ လက်နက်များကိုလည်း ပစ်ချလိုက်ပါတယ်။ ပြီးတော့မှ ဒူးထောက်ပြီး ရှိခိုးကာ အရှင်ယခုအချိန်မှစ၍ ကျွန်ုပ်ကို တပည့်အဖြစ်လက်ခံတော်မူပါလို့ လျှောက်ထားလိုက်ပါသတဲ့။

**စာဖတ်သူများရှင်**

အဟိံသက ချက်ချင်းတရားရသွားတာကလည်း မြန်လိုက်တာလို့ အောက်မေ့ကြရင် မဟုတ်ပါဘူး။ သံသရာအဆက်ဆက်က ပါရမီတော်များကို ဖြည့်ဆည်းထားခဲ့လို့ ဗီဇမျိုးစေ့ကလည်း သန်စွမ်းနေပြီဖြစ်တဲ့အတွက် အခုလို အချိန်တိုအတွင်းမှာ ဉာဏ်အလင်း ရသွားတာပဲ ဖြစ်ပါတယ်။ ပါရမီတော်များ ဖြည့်ဆည်းထားပါလျက် ဘာဖြစ်လို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အမှားတွေကို လုပ်တာလဲလို့မေးရင် ပါရမီတော်များ မပွင့်လန်းခင်မှာ မှားတတ်ပါသေးတယ်။ ဒီသာဓကဟာ စိတ်ဝင်စားစရာကောင်းပါ တယ်။ မှားယွင်းတဲ့အမြင်ကိုပေးတဲ့ ဆရာတစ်ဦးကြောင့် အမှားတွေ လုပ်နေရာက ပါရမီရင့်သန်ချိန် အသက်အရွယ် အတွေ့အကြုံရင့်ကျက် လာချိန်မှာ ဆရာကောင်းနဲ့တွေ့ရတဲ့အခါ လျှင်မြန်တဲ့ဉာဏ်အလင်း ပေါ်ပေါက်လာတဲ့ အဖြစ်အပျက်ပါပဲ။

သတ္တဝါတို့ရဲ့ ဣန္ဒြေရင့်မရင့်ကို ထောက်ချင့်သိနိုင်တဲ့ စွမ်းအားကြီးမားတော်မူတဲ့ မြတ်စွာဘုရားဟာ အဟိံသက ကျွတ်တမ်းဝင်ရမယ့် အချိန်ကျမှ ကြွတော်မူလာပါတယ်။ ပြီးတော့လည်း အရှင်စူဠပန်ထကန်း က မိန့်တော်မမူခဲ့တဲ့ အဓိပ္ပာယ်နက်နဲတဲ့ စကားကို အဟိံသကနဲ့ကျမှ မိန့်တော်မူခဲ့ပါတယ်။ လူချင်းမတူရင် ရင့်ကျက်ပုံချင်း မတူနိုင်ပါဘူး။ အဲသည်အခါမှာ သွန်သင်ပုံ သင်ပြပုံနည်းစနစ် ကွဲပြားခြားနားမှာပါပဲ။

ကျွန်မတင်ပြချင်တာကတော့ အနုခေတ်လူအများ လေ့လာနေတဲ့ပညာရေးဆိုင်ရာ သဘောတရားတွေ လက်တွေ့လုပ်ထုံးလုပ်နည်းတွေကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက သုံးတော်မူခဲ့ပြီးဖြစ်ပါတယ်ဆိုတဲ့ အကြောင်းပါပဲ။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## လူသားတို့၏ ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား

ကျွန်မဟာ ဆရာသမားများနဲ့ပတ်သက်လို့ရော တပည့်များနဲ့ပတ်သက်လို့ရော တွေးမိရာရာကလေးများကို ရေးသားတင်ပြလာတာ အတော်ကလေး ကြာခဲ့ပြီဖြစ်ပါတယ်။ တကယ်တော့ ပညာရေးနဲ့ဆိုင်တဲ့ ဒီဆောင်းပါးစုကို နိဂုံးချုပ်သင့်နေပြီ ဖြစ်ပါတယ်။ သို့ပေမယ့် မြတ်စွာဘုရားဟာ ဆရာတကာတို့ရဲ့ ဆရာကြီးဖြစ်တော်မူတဲ့ အကြောင်းကို သာဓကနဲ့ တင်ပြချင်ပါတယ်။ အဲဒါကြောင့် ဆက်ပြီးရေးဖြစ်နေတာ ဖြစ်ပါတယ်။

ကျွန်မတို့ပညာရေးမှာ အရေးကြီးတဲ့ ကျောင်းသားနဲ့ ဆရာရင်းနှီးမှုရှိရမယ်ဆိုတဲ့အကြောင်းကို အရှင်စူဠပန်ကို ချေချွတ်တော်မူပုံနဲ့ သာဓကတင်ပြပြီး တင်ပြခဲ့ပါတယ်။ တပည့်တို့ရဲ့ ဝါသနာစရိုက်နဲ့တကွ ရင့်ကျက်မှုကိုလည်း ဆရာဖြစ်သူက သိရမယ်ဆိုတာကိုလည်း မြတ်စွာဘုရားက လက်တွေ့သာဓကပြတဲ့အနေနဲ့ အရှင်အင်္ဂုလိမာလကို သာဓကအဖြစ်ထားပြီး တင်ပြခဲ့ပြီဖြစ်ပါတယ်။

ကျွန်မရေးတဲ့စာများထဲမှာ ပါဖူးပြီးသားဖြစ်ပေမယ့် ထပ်ပြီးတင်ပြချင်တဲ့ ဇာတ်တော်တစ်ခုလည်း ရှိပါသေးတယ်။ ဒီစာအုပ်ထဲမှာတော့ ပါမှာမဟုတ်ဘူးလေ။ ဆရာဟာ တပည့်ဘက်က စိတ်ရောလူပါသင်ယူဖို့ အဆင်သင့်ဖြစ်မဖြစ်ကို သိရမယ်။ စိတ်ရောကိုယ်ပါ လေ့လာသင်ယူဖို့ အသင့်ဖြစ်အောင် ပထမဦးစွာ ပြင်ဆင်ပေးရမယ်။ အဲသည်နောက်မှသာ သင်ကြားရမယ်ဆိုတဲ့အကြောင်းကို ကျွန်မတို့သင်ကြားနည်းမှာ သိပ်ပြီးအလေးထားပါတယ်။ သို့ပေမယ့် အဲသည်အချက်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အနောက်နိုင်ငံပညာရေးဆိုင်ရာ ဆရာကြီးများရဲ့ စာထဲမှာသာပါတယ်လို့ မှတ်ယူခဲ့ကြပါတယ်။ တကယ်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော် ကတည်းက မြတ်စွာဘုရားက လက်တွေ့ဆောင်ရွက်တော်မူပြီး ဖြစ်ပါတယ်။

ဇာတ်ကြောင်းနဲ့ သာဓကပြရရင် မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေဆဲအခါက မြတ်စွာဘုရား ဟောကြားတဲ့တရားကို နာရလို့ သာသနာတွင်းသို့ ရဟန်းပြုကာ ဝင်ရောက်လာသူ သာဝတ္ထိမြို့သားတစ်ယောက် ရှိပါတယ်။ သူ့အမည်က အရှင်တိဿ ဖြစ်ပါတယ်။ သာသနာတော်တွင်း ရောက်ပီးတဲ့အချိန်မှာ တိဿရဟန်းကြီးရဲ့ကိုယ်ပေါ်မှာ အနာစက်ကလေးများ စပြီး ပေါက်လာပါသတဲ့။ အဲသည်အနာစက်ကလေးများဟာ တဖြည်းဖြည်း ကြီးလာလိုက်တာ တစ်ကိုယ်လုံးမှာ အနာပွကြီးတွေ ပေါက်လာတဲ့အထိ ဖြစ်ပါတယ်တဲ့။

တိဿရဟန်းကြီးဟာ အဲသည်အနာရောဂါကို ပျောက်အောင် ကုသနိုင်တဲ့ ဆေးမတွေ့ဘဲ အင်မတန်မှနာကျင်တဲ့ဝေဒနာကို ခံစားနေရပါတယ်တဲ့။ အဲသည်လိုဖြစ်ရတာကတော့ ဘဝတစ်ခုမှာ အရှင်တိဿအလောင်းအလျာဟာ ငှက်ခတ်မုဆိုးတစ်ယောက် ဖြစ်ခဲ့ပါတယ်တဲ့။ ငှက်တွေချည်းသက်သက် ထောင်ဖမ်းပြီး ရောင်းစားတဲ့မုဆိုးကို ငှက်ခတ်မုဆိုးလို့ ခေါ်တာပေါ့လေ။ သူက ငှက်တွေဖမ်းမိသမျှ အကုန်ရောင်းလို့ မကုန်ဘူးဆိုရင် ကျန်တဲ့ငှက်များကို သတ်မပစ်ဘဲ ရိုက်နှက်ထားတာတို့၊ အတောင်ချိုးထားတာတို့၊ ခြေကိုချိုးထားတာတို့ စတဲ့နည်းများနဲ့ ငှက်များကို ပျံလည်းပျံမသွားနိုင်အောင် သေလည်းသေမသွားအောင် လုပ်ထားပါသတဲ့။ ပြီးတော့မှ နေ့တိုင်းထွက်ရောင်းတာကိုး။

အဲသည်လို ဆိုးကျိုးအကြောင်းခံများကြောင့် ရဟန်းဖြစ်ပြီးချိန်မှာ အနာစက်များပေါက်လာပြီး ပြင်းထန်တဲ့ဝေဒနာကို အကြာကြီး ခံစားနေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရတာပါပဲ။ နောက်တစ်ချက် ပြောစရာကတော့ ငှက်ခတ်မုဆိုးဖြစ်တဲ့ သူဟာ ငှက်သားဟင်းချက်ပြီး ထမင်းစားခါနီးအချိန်မှာ အိမ်စဉ်လျှောက် ပြီး ဆွမ်းခံလာတဲ့ ရဟန္တာတစ်ပါးကိုမြင်တော့ သြော် ငါ့မှာ အကုသိုလ် များလှတယ်။ ကုသိုလ်ကောင်းမှုကလေးလည်း လုပ်ဦးမှဆိုပြီး ငှက်သား ဟင်းနဲ့ ဆွမ်းလောင်းပြီး အရှင်ဘုရား တပည့်တော်များကတော့ အကု သိုလ်များတဲ့ ငှက်ခတ်မုဆိုးဖြစ်ပါတယ်။ အခုလို ဆွမ်းလှူရသောအကျိုး အားကြောင့် အရှင်ဘုရားသိတဲ့ တရားများကို သိလိုပါတယ်လို့ လျှောက် ထားလိုက်ပါသတဲ့။ ရဟန္တာအရှင်မြတ်ကလည်း သင်ရလိုတဲ့ အကျိုး ကျေးဇူးကို ရလာမှာပါလို့ မိန့်တော်မူလိုက်ပါသတဲ့။

တိဿရဟန်းကြီး အလောင်းအလျာဟာ သံသရာကြောမှာ အကြာကြီးမျောနေပြီးမှ ဂေါတမဗုဒ္ဓလက်ထက်တော်မှာ ရဟန်းအဖြစ်ကို ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကောင်းကျိုးနဲ့ဆိုးကျိုးက တစ်ပြိုင်နက် ရတယ်လို့ ပြောရမှာဖြစ်ပါတယ်။ တိဿရဟန်းကြီးဟာ ငှက်ကလေး များကို နှိပ်စက်ခဲ့တုန်းက ငှက်ကလေးများခံစားရသလို နာကျင်တဲ့ ဝေဒနာကို ခံစားနေရပါတယ်။ သင်္ကန်းကအစ သွေးပုပ် ပြည်ပုပ်များ စွန်းထင်းပေရေပြီး အင်မတန်မှနံစော်နေပါတယ်။ အခြားသောရဟန်းများ ကလည်း အစောပိုင်းကပြုစုပေမယ့် နောက်ပိုင်းမှာ မပြုစုနိုင်ကြတော့ ပါဘူး။

တစ်နေ့မှာတော့ မြတ်စွာဘုရားရှင်ဟာ ရွှေဉာဏ်တော်ကွန်ရက် ကို ဖြန့်ကြက်ပြီးအကြည့်မှာ တိဿရဟန်းကြီးဟာ တရားထူးရခါနီးနေ ပြီဆိုတာကို မြင်တော်မူပါတယ်တဲ့။ အဲသည်တော့ မမာမကျန်းဖြစ်နေ ရှာတဲ့ တိဿရဟန်းကြီးရှိတဲ့ ကျောင်းဘက်ကို မြတ်စွာဘုရားကိုယ်တော် တိုင်ကြွလာတော်မူပါတယ်။ ပြီးတော့ မီးဖိုမှာ ရေနွေးတည်တော်မူ ပါတယ်။ ရေနွေးထဲကို သရက်ခေါက်ထည့်ပြီး ကျိုစေပါတယ်။ အဲသည် လို ရေနွေးကျိုထားအပြီးမှာ တိဿရဟန်း လဲလျောင်းနေတဲ့ ခုတင်ကို မတော်မူမယ်လို့ ဟန်ပြင်တာနဲ့ ရဟန်းများက ဝိုင်းပြီးမပေးကြပါသတဲ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျောင်းအပြင်ကိုရောက်တဲ့အခါမှာ မြတ်စွာဘုရားက တိဿရဟန်းရဲ့ အပေါ်ရုံ ဧကသီကိုခွာပြီး သွေးစေးပြည်စေးများကို သန့်စင်အောင် လျှော်ဖွပ်ပေးတော်မူပါတယ်။ ရဟန်းများကလည်း မြတ်စွာဘုရားကိုယ်တော်တိုင် လုပ်ဆောင်နေတော့ ဝိုင်းဝန်းလုပ်ကိုင်ပေးကြတာပေါ့။ အပေါ်ရုံသင်္ကန်းကို အခြောက်လှန်းထားချိန်မှာ ကိုယ်အပေါ်ပိုင်းက အနာများကို ဖန်ဆေးပေးတော်မူပါတယ်။ ပြီးတော့ အပေါ်ရုံသင်္ကန်းခြောက်တဲ့အခါ ကိုယ်အောက်ပိုင်းကိုလွှမ်းစေပြီး သင်းပိုင်ကိုခွာကာ လျှော်ဖွပ်စေပါတယ်။ ပြီးတော့မှ ကိုယ်အောက်ပိုင်းကို ဖန်ဆေးပေးတော်မူပါတယ်။ သင်းပိုင်ခြောက်သွေ့သွားတဲ့အချိန်မှာ လူကလည်း ဖန်ဆေးထားတော့ နေလို့သက်သာလန်းဆန်းသွားပြီဖြစ်တဲ့ တိဿရဟန်းကြီးကို လျှော်ဖွပ်ပြီး သန့်စင်သွားပြီဖြစ်တဲ့ သင်္ကန်းကို ပြန်ပြီးဝတ်ပေးတဲ့အခါ တိဿရဟန်းကြီးမှာ ကိုယ်အားဖြင့်လည်း နေရတာ သက်သာသွားပါတယ်တဲ့။ လူတကာက ပုတ္တိဂတ္တတိဿ ကိုယ်ပုပ်တဲ့ တိဿလို့ခေါ်ပြီး ဂရုမစိုက်လို့ ညှိုးနွမ်းနေရာက မြတ်စွာဘုရားကိုယ်တော်တိုင် ကြွတော်မူလာပြီး ကိုယ်တော်တိုင် ဝါယမစိုက်ထုတ်ကာ ပြုစုတော်မူတယ်ဆိုတော့ စိတ်အားဖြင့်လည်း ရွှင်လန်းဝမ်းသာသွားပါတယ်တဲ့။

အဲသည်လို ကိုယ်ရောစိတ်ပါ ချမ်းမြေ့သွားတဲ့အချိန်မှာ မြတ်စွာဘုရားက တိဿ သင့်ကိုယ်ခန္ဓာကြီးဟာ အသက်သေသွားတဲ့အခါ ဆွေးမြည့်သွားတဲ့ ထင်းတုံးလို ဘယ်လောက်မှအသုံးမကျတော့ဘဲ ဖြစ်သွားလိမ့်မယ်။ သတိထားပြီး မြင်အောင်ရှုပေတော့လို့ ဆုံးမတော်မူပါသတဲ့။ အဲသည်အချိန်မှာ တိဿရဟန်းဟာ ကိုယ်ခန္ဓာကြီးရဲ့ မမြဲသော ဆင်းရဲသောအဖြစ်ကို အခြေတည်ပြီး ချက်ချင်းရှုမှတ်ဆင်ခြင်တဲ့အခါမှာ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ ရဟန္တာဖြစ်တော်မူသွားပါသတဲ့။ ပြီးတော့ ချက်ချင်းလိုပဲ ပရိနိဗ္ဗာန်ပြုသွားပါသတဲ့။

မြတ်စွာဘုရားဟာ အရှင်တိဿကို ချက်ချင်းမီးသဂြိုဟ်စေတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခါ ဓာတ်တော်များကျလာပါသတဲ့။ မြတ်စွာဘုရားက ဓာတ်တော်များကိုကောက်စေပြီး စေတီတည်ထားစေပါသတဲ့။

ကျွန်မက အဲသည်ဇာတ်တော်ကို ဖတ်ရှုပြီးကတည်းက စဉ်းစားမိတာ ရှိပါတယ်။ မြတ်စွာဘုရားဟာ အရှင်တိဿကို ရဟန္တာဖြစ်မယ်။ ချက်ချင်းပဲ ပရိနိဗ္ဗာန်ဝင်မယ်ဆိုတာ သိတော်မူလို့ ကိုယ်တော်တိုင် ကြောင့်ကြစိုက်တော်မူပြီး ပြုစုတော်မူတာဖြစ်ပါတယ်။ သို့သော် တရားကို ချက်ချင်းဟောတော်မမူသေးပါဘူး။ တစ်နည်းဆိုရင် တရားရှုမှတ်ဖို့ ချက်ချင်းသတိပေးတော်မမူသေးဘဲ ကိုယ်ခန္ဓာသက်သာအောင် ပြုစုတော်မူပါသေးတယ်။ ပြီးမှ သေသွားရင် သင့်ရဲ့ကိုယ်ခန္ဓာကြီးဟာ ဆွေးမြည့်သွားတဲ့ ထင်းတုံးပမာဖြစ်သွားလိမ့်မယ်လို့ သတိပေးတော်မူပါတယ်။ နို့မဟုတ်ဘဲ နာကျင်ကိုက်ခဲ နံစော်ပေကျံနေတုန်း သတိပေးစကား မြွက်ကြားလိုက်ရင် ကိုယ်ရောစိတ်ပါ အဲသည်လိုသွန်သင်တဲ့ စကားကို လက်ခံနိုင်တဲ့ အသင့်အနေအထားမှာ မရှိတော့ အကျိုးမဲ့သွားနိုင်ပါသေးတယ်။

မြတ်စွာဘုရားကိုယ်တော်တိုင်တောင်မှ သွန်သင်ဆုံးမတော်မူမယ့်အချိန်မှာ ဝေနေယျသတ္တဝါလို့ ခေါ်ဆိုကြတဲ့ ကျွတ်ထိုက်သော သတ္တဝါများရဲ့ ကိုယ်ရောစိတ်ပါ အသင့်ဖြစ်ရေးကို ကြိုးစားပြုပြင်ပေးတော်မူပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော် ကာလကတည်းက အခုခေတ်ပညာရေးဆိုင်ရာ ပညာရှင်များ အလေးထားတဲ့ သင်ယူသူဘက်က အဆင်သင့်ဖြစ်မှုနဲ့ ဆရာများဘက်က အဆင်သင့်ဖြစ်အောင် ကြိုးစားအားထုတ်မှုတို့ကို မြတ်စွာဘုရားကိုယ်တော်တိုင် ကျင့်သုံးတော်မူခဲ့ပြီဖြစ်တဲ့အကြောင်း ထင်ရှားတဲ့သာဓကနဲ့ တင်ပြလိုက်ရပါတယ်။

ကျွန်မတို့တစ်တွေဟာ ဗုဒ္ဓရဲ့သာဝကများဖြစ်တဲ့ အားလျော်စွာ မြတ်စွာဘုရား သင်ကြားပြသတော်မူတဲ့ တရားများကို လိုက်နာတယ်ဆိုရင် ပိုပြီးနားလည်သဘောပေါက်အောင် ရတနာသုံးပါးနဲ့ပတ်သက်တဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စာပေများကို မပျင်းမရိ ဖတ်ကြစေလိုပါတယ်။ ဆရာ ဆရာမများဟာ ဗုဒ္ဓစာပေများကို ဖတ်ရှုရင်း သင်ကြားတဲ့အခါ အောင်မြင်အောင် ဘယ်လိုနည်းများကို သုံးသင့်သလဲဆိုတာကို ပိုပြီးသဘောပေါက်လာနိုင်ပါတယ်။ ပြီးတော့ မြတ်ဗုဒ္ဓကိုလည်း ပိုပြီးကြည်ညိုလာမှာ သေချာပါတယ်။ ဆရာ ဆရာမများဟာ ဗုဒ္ဓလို ကြီးကျယ်မြင့်မြတ်သော ဘုရားရှင်များ လက်တွေ့အသုံးပြုတဲ့ နည်းစနစ်များကိုပါ လက်ခံကျင့်သုံးခြင်းအားဖြင့် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးကို မိမိတို့တပည့်များရော မိမိတို့ပါ ရရှိအောင် ဖြန့်ဝေနိုင်တဲ့သူများ ဖြစ်လာကြမှာ သေချာပါတယ်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာဖြစ်လျှင် ဝမ်းစာပြည့်ရန် အားအန်ထုတ်မှ တန်ကာကျသည်

ပညာရေးအကြောင်းကို တင်ပြတော့မည်ဟုဆိုသည်နှင့် ပညာကျော်ကြီး တစ်ဦးဖြစ်သည့် ဆိုကရေးတီး မိန့်ဆိုခဲ့သော 'I know only one thing . That is I know nothing.' ဆိုသည့်စကားကို ကိုးကားချင်စိတ် ပေါ်ပေါက်လာသည်။ သူသည် တစ်သက်တာလုံး ပညာကို အခမဲ့ဖြန့် ဖြူးနေခဲ့သော ဉာဏ်ကြီးရှင် ပညာကျော်ကြီးတစ်ဦးဖြစ်ပါလျက် အားလုံး ကလည်း ထိုသို့သတ်မှတ်ထားပါလျက် သူသိသည်မှာ တစ်ခုတည်း ဖြစ်သည်။ ထိုတစ်ခုမှာ ငါဘာမျှမသိသေးဟု ပြောခဲ့သည့်အကြောင်းကို ကျောင်းသားဘဝတွင် သိလိုက်စဉ်က သြော် ကြည်ညိုဖွယ် ကောင်း လှပေသည်။ သူသိသူတတ်ထားသည့်အရာ များစွာရှိပါလျက် နိဝါတ ဟူသည့် မိမိကိုယ်ကိုနှိမ့်ချသည့်စကားကို ဆိုခဲ့ပေသည်ဟု အောက်မေ့ မိသည်။ လေးစားမိသည်။

ကြီးလာသည့် အချိန်တွင် လေးစားသည့်စိတ် ပို၍များလာသည်။ သူသိခဲ့သောအကြောင်းအရာများကို ပို၍ဖတ်ရသောကြောင့်လည်း ဖြစ် နိုင်သည်။ မိမိသည် အသက်အလျောက် အတွေ့အကြုံအလျောက် ဆိုကရေးတီးကို ပို၍နားလည်လာခဲ့သောကြောင့်လည်း ဖြစ်နိုင်သည်။ အကြောင်းနှစ်ချက်စလုံးကြောင့်ဖြစ်ရန် ပို၍များပါသည်။

ဆိုကရေးတီးသည် သူ့ခေတ်တွင် လေ့လာစရာကိစ္စများစွာကို ထိုးထွင်းလေ့လာရင်း သူလည်း ရင့်ကျက်လာမည်မှာ သေချာသည်။ သူ၏နောက်သို့ တကောက်ကောက်လိုက်ကာ တပည့်ခံသူများကို သွန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သင်ရင်း သူကိုယ်တိုင်လည်း ပိုမိုရင့်ကျက်သည့်အတွေးများကို ရလာခဲ့ပေလိမ့်မည်။ ဘဝသည် ကျောင်းဟုဆိုသည့်အတိုင်း ပညာပေးလိုသူနှင့် ပညာယူလိုသူများ ရှိနေသည့်နေရာသည် ကျောင်းကြီးထဲတွင် ပို၍ပဓာနကျသော နေရာတစ်ခုဖြစ်သည်။

ထိုကဲ့သို့ ပို၍ပဓာနကျသောနေရာတွင် သင်ကြားရင်း ပို့ချရင်း ဆွေးနွေးမေးမြန်းရင်းဖြင့် ကျောင်းသားများ ပို၍တတ်လာသကဲ့သို့ ဆရာများလည်း အပြောကျယ်သော ပညာရပ်နယ်ပယ်များကို ပို၍ပို၍ မြင်လာခဲ့မည်ဖြစ်သည်။ ဆိုကရေးတီးသည် သူသိသူတတ်သော ပညာရပ်များထက် ပို၍ကျယ်ပြောသော အသိပညာနယ်ပယ်ကို မျှော်ကြည့်နိုင်လောက်အောင်ပညာကြီးသော အမြင်ကျယ်သောဆရာကြီးတစ်ယောက်ပီပီ ငါသိသည်မှာ ငါဘာမျှမသိသေးဟူသည့် အချက်ပင်ဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်နိုင်သည်။

စာရေးသူသည် ပညာရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်စဉ်က ဆွေးနွေးမေးမြန်းသောနည်းကို အသုံးများခဲ့သည်။ မိမိကသာ မေးမြန်းသည်မဟုတ်၊ ကျောင်းသားများကိုလည်း ပြန်လည်မေးမြန်းခွင့် ပေးခဲ့ပါသည်။ တစ်နေ့တွင် ဆရာဆိုသည်မှာ ဘွဲ့တစ်ခုကို ပိုင်ရုံလောက်နှင့် တတ်စရာသိစရာများကို ပြီးပြည့်စုံအောင် သိပြီတတ်ပြီဟု မဆိုနိုင်သည့်အကြောင်းကို ဆွေးနွေးမိသည်။ အထူးသဖြင့် မိမိတတ်ထားသိထားသည်ကိုပင် မလျော့ပါးအောင် အမြဲသဖြင့် သတိထားကာ ဖြည့်ဆည်းပေးနေသင့်သည်ဟု ဆက်လက်တင်ပြပါသည်။ ထိုအချက်သည် အရေးကြီးသဖြင့် ထူးခြားလေးစားလောက်သော ဥပမာတစ်ခုကို ပေးခဲ့ပါသည်။ ရဟန်းတို့၏ အရဟတ္တဖဟုခေါ်တွင်သော သင်္ကန်းသည် လူအများ၏ ရိုသေလေးစားမှုကို ဆောင်သောအရာဖြစ်သည်။ ထိုသင်္ကန်းကိုရုံထားသော အရှင်မြတ်တို့သည် သင်္ကန်း၏ဂုဏ်နှင့် ထိုက်တန်သော သိက္ခာတော်မြတ်များကို အမြဲတစေလုံခြုံအောင် စောင့်ထိန်းရသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သီလကျိုးပေါက်ခြင်းမရှိသည့်တိုင်အောင် သာမန်လူများ၏ အပြုအမူနှင့် တူသော ကျယ်လောင်စွာရယ်မောခြင်း၊ မိမိ၏သွားဟန် လာဟန်တို့ကို ကျစ်လျစ်သပ်ရပ်အောင် မနေခြင်းစသည်တို့လောက်ဖြင့်ပင် အပြစ်တင် ဖွယ်အဖြစ်သို့ ရောက်ကြရသည်။ အကြောင်းမှာ သူတော်မြတ်တို့၏ တံခွန်ဟုဆိုအပ်သော သင်္ကန်းကိုရုံထားခြင်းကြောင့် သင်္ကန်း၏မြင့်မြတ်မှု နှင့်လျော်ညီသော တန်ဖိုးကို ထိန်းထားရခြင်းဖြစ်သည်။

စာရေးသူက ထိုအဆိုကိုပြုပြီးနောက် ဆက်လက်ဆွေးနွေးပါ သည်။ အနန္တော အနန္တဂိုဏ်းဝင်ဖြစ်သော ဆရာတို့သည်လည်း အမိပညာ ရေးတက္ကသိုလ်မှ ပေးအပ်လိုက်သောဘွဲ့ကို ယူပြီးသည့်နောက် ထိုဘွဲ့နှင့် ထိုက်တန်သောသိက္ခာကို အမြဲထိန်းထားရမည်။ သိက္ခာကို မြန်မာလို ပြန်ဆိုပါက တတ်သိလိမ္မာခြင်းဖြစ်သည်။ ရဟန်းတို့ တတ်သိလိမ္မာ ခြင်းသည် ဝိနည်းတော်များနှင့် ဆိုင်သည်။ ပရိယတ်၊ ပဋိပတ်စသည့် ကျင့်စဉ်တရားများကို သိခြင်း တတ်ခြင်း ဆောင်ခြင်းတို့နှင့် ဆိုင်သည်။ ဆရာတို့၏တတ်သိလိမ္မာခြင်းသည် ဆရာများတတ်အပ်သော အတတ် ပညာများကို တတ်မြောက်ခြင်း၊ ဆရာတို့ ထားအပ် ကျင့်အပ်သည့် တာဝန်ဝတ္တရားများကို လိုက်နာကျေပွန်ခြင်းနှင့် ဆိုင်သည်။

ဘွဲ့တစ်ခုကို ရယူပိုင်ဆိုင်ရန် ကြိုးစား၍ ဘွဲ့ရသည်နှင့် မိမိတို့၏ ဘဝတွင် နောက်ထပ်ဖြည့်ဆည်းစရာ မလိုတော့ပြီဟု ယူဆသည်ဆိုပါက ထိုဆရာ ဆရာမတို့သည် လောကီစျာန်ရထားသည့် ရသေ့ကြီး စျာန် လျှောသည်နှင့် တူပေလိမ့်မည်ဟု စာရေးသူက ပြောပါသည်။

ထိုအကြောင်းကို ပြောရာတွင် စိတ်ရွှင်မြူးစရာကောင်းလှသည်။ အကြောင်းမှာ စာရေးသူငယ်စဉ်က စာသင်အလွန် ကောင်းသလောက် တပည့်များကိုလည်း မေးတတ်မြန်းတတ်အောင် တွေးတောဆင်ခြင် တတ်အောင် သင်ကြားပေးသော ဆရာမြင့်ကို သတိရသောကြောင့်ဖြစ် သည်။ ဆရာမြင့်က လောကီစျာန်ရထားသူသည် တပ်မက်ဖွယ်အာရုံကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြင်သည့်အခါ လိုချင်လောဘတက်တတ်သည်။ လောကီစျာန်ရရုံဖြင့် အာသဝေါမကုန်သေးသဖြင့် စိတ်မချရသေးသည့်အကြောင်းကို ရှင်းပြပါသည်။ မိဖုရားကိုမြင်ကာ လိုချင်တပ်မက်မိသောကြောင့် စျာန်ပျံလာရာမှ စျာန်လျှောသော ရသေ့ကြီး၏အကြောင်းကို သင်ရင်း ရှင်းပြခြင်းဖြစ်ပါသည်။ စာရေးသူသည် ဆရာသမားများ၏ သွန်သင်လေ့ကျင့်ပေးမှုကြောင့် အမေးအမြန်းထူသော ကျောင်းသူဖြစ်ခဲ့သည်။ ထို့ကြောင့် စာရေးသူသည် ဆရာမြင့် သင်ကြားပြီးသည်နှင့် မေးခွန်းတစ်ခုကို မေးခဲ့ပါသည်။

စာရေးသူ မေးသောမေးခွန်းမှာ စျာန်လျှောသော ရသေ့သည် ကျောက်ခဲတုံးပစ်ချသလို စျာန်လျှောသလားဟု မေးမိခြင်းဖြစ်သည်။ ဆရာမြင့်က ကျောက်ခဲတုံးပစ်ချသလို စျာန်လျောကျလာလျှင် အောက်ရောက်သည်နှင့် ပြားသွားမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ တငြိမ့်ငြိမ့် ဆင်းသက်လာခြင်းဖြစ်သည်ဟု ဖြေပါသည်။ ထိုအမေး ထိုအဖြေသည် ဘီအီးဒီသင်တန်း ကျောင်းသူကျောင်းသားများကို သင်ကြားသည့်အခါတွင် ဥပမာကောင်းတစ်ခု ဖြစ်လာပါသည်။ မိမိကိုယ်ကို ဘွဲ့ရပညာတတ်ဟု စိတ်အချကြီးချကာ နောက်ထပ်လေ့လာခြင်းမရှိဘဲ မိမိဘွဲ့ယူစဉ်က တတ်ထားသောအသိပညာများကိုသာ တစ်ဆင့်ပြန်လည်ပြောပြခြင်းနည်းဖြင့် ပို့ချသင်ကြားနေသူသည် အခြေခိုင်သူမဟုတ်။ တစ်စတစ်စ စျာန်လျှောသလို တငြိမ့်ငြိမ့်ကျဆင်းနေသော ဆရာ ဆရာမများအဖြစ်သို့ ရောက်သွားပေလိမ့်မည်။ မိမိကိုယ်ကိုလည်း စျာန်လျှောနေကြောင်း ချက်ချင်းသိမည်မဟုတ်ချေ။ အကြောင်းမှာ မသိမသာလျှောကျနေသောကြောင့် ဖြစ်သည်ဟု စာရေးသူက ပြောမိပါသည်။

သို့သော် မိမိလောက်လည်း အရွယ်မရသေး၊ မတတ်သေး၊ မရင့်ကျက်သေးဟု ထင်ရသောကျောင်းသားများက ဆရာစျာန်လျှောနေပြီ၊ သူသင်နေသည့် သင်ခန်းစာများသည် ခေတ်နောက်ကျနေပြီကို မိမိထက်စော၍ သိသွားတတ်သည်။ ဆရာ ဆရာမတို့သည် မိမိ၏ သင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြားပို့ချမှုများနှင့် အသိပညာ အတတ်ပညာတို့သည် ခေတ်မမီတော့သည့်အကြောင်းကို သိလာသည့်အခါ မိမိကိုယ်ကို ပြန်လည်ဆွဲတင်ရန် နောက်ကျသွားလိမ့်မည်။ မိမိ၏ဘဲ့တွင် အနှစ်မကျန်တော့ကြောင်း၊ (အားနာနာနှင့်ပြောရလျှင် အခွံသာကျန်တော့ကြောင်း) သိလာသည့်အချိန်တွင် ပြန်လည်ဖြည့်ဆည်းရန် နောက်ကျသွားတတ်သည်ဟု စာရေးသူက ပြောမိပါသည်။

ထိုအချိန်တွင် တပည့်တစ်ယောက်က ထိုသို့ အခွံသာကျန်သည့်အဖြစ်မှ လွတ်ကာ အနှစ်အမြဲပြည့်နေစေရန် မည်သည့်နည်းကို သုံးရမည်နည်းဟု မေးပါသည်။ စာရေးသူက ဖြည့်ဆည်းခြင်းဆိုသည့်နည်းဖြင့် အနှစ်ကိုပြည့်စေရမည်။ ကျောင်းဆရာသည် စာအမြဲဖတ်နေရမည်။ ကျောင်းစာသာမက ခေတ်ပြိုင်အခြေအနေအရပ်ရပ်ကို သိအောင်ကြိုးစားရမည်။ မိမိသင်ကြားနေသော ဘာသာရပ်နှင့်မဆိုင်ဟု ထင်ရသည့် အကြောင်းအရာများကိုလည်း သိနားလည်အောင် လေ့လာထားသင့်သည်။ အကြောင်းမှာ လူမှုအဖွဲ့အစည်းတွင် ကျောင်းဆရာသည် ခေါင်းဆောင်မှုကို ပေးနိုင်သူ၊ ပေးနေရသူဖြစ်သောကြောင့် အများ၏အားကိုးလေးစားမှုကို ခံယူနိုင်ရန် မိမိ၏အသိပညာကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း ပြည့်ဝနေရန် အမြဲတစေ ဖြည့်ဆည်းနေရမည်။ ထိုသို့ဖြည့်ဆည်းနေမှ တန်ကာကျမည်ဟု စာရေးသူက ဖြေပါသည်။

နောက်ကျောင်းသားတစ်ယောက်က ဘယ်အချိန်အထိ စာဖတ်ရမည်နည်းဟု မေးပါသည်။ ထိုမေးခွန်းသည် အတန်းသားအားလုံး၏အတွက်လည်း ရယ်ရွှင်ဖွယ်ရာ ဖြစ်သွားပါသည်။ စာရေးသူကလည်း အနည်းငယ်ရယ်မောမိကာ ***'သေသည်အထိ' မိမိကိုယ်ဟူသော စာအုပ်၊ ပတ်ဝန်းကျင်ဟူသော စာအုပ်များကို အမြဲသဖြင့် ဖတ်နေသူမှသာ အနှစ်ပြည့်သော ဆရာဖြစ်မည်*** ဟု ဖြေလိုက်ပါသည်။

ဆရာများသည် ဆရာ့ဆရာကြီးဖြစ်သော ဆိုကရေးတီးကဲ့သို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ငါသိသည်မှာ ငါဘာမှမသိသေးဟူသော စိတ်ထားဖြင့် အမြဲတစေ ကြိုးစားနေပါလျှင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အာစရိယ ဆရာဖြစ်လာမည်မှာ သေချာလှသည်။ လူတန်းစားအလွှာအသီးသီးသို့ ရောက်သွားသော တပည့်အပေါင်း၏ ခညောင်းဝပ်တွားခြင်းကို လက်အုပ်ကြွေးမတင်ဘဲနှင့် ခံယူနိုင်သူတစ်ယောက် ဖြစ်သွားမည်မှာ သေချာသည်ဟု မင်္ဂလာစကားဆိုရင်း စာရေးသူ၏ ပညာရေးနှင့်ဆိုင်သော ဤ မေတ္တာ သဝဏ်လွှာကို နိဂုံးချုပ်လိုက်ရပါသည်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဆရာကိုချစ်လျှင် စာကိုချစ်သည်

မှတ်သားလိုက်နာဖွယ်ရာ အဆုံးအမများသည် ယခုလိုခေတ်မျိုးတွင် မြင်ရကြားရလွယ်ကူသည်။ ယခုတင်ပြမည့် ပညာရေးနှင့်ပတ်သက်သော အဆိုအမိန့်ကို ၂၀၀၃ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ည ၁၂ နာရီ ဝန်းကျင်တွင် ဂြိုဟ်တုသတင်း အင်န်အိပ်ချ်ကေအစီအစဉ်မှ ထုတ်လွှင့်သော အင်တာဗျူး တစ်ခုကို ကြည့်ရှုနားထောင်မိရာမှ ရရှိခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်းခြင်းကို ခံယူရသူမှာ ဂျပန်လူမျိုး နိုဘယ်လ်ဆုရှင် မာဆာတိုရှီ ကိုရှီဘာ Masatoshi Koshiba ဖြစ်သည်။ သူ့ကို ၁၉၂၆ ခုတွင် ဂျပန်ပြည်အလယ်ပိုင်းတွင် မွေးဖွားသည်။ ၁၉၅၁ ခုတွင် တိုကျိုတက္ကသိုလ်မှ ဘွဲ့ရရှိသည်။ နောက်လေးနှစ်အကြာတွင် အမေရိကန်ပြည်ထောင်စု (University of Rochester) ရိုချက်စတာတက္ကသိုလ်မှ ရူပဗေဒဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့ (Ph.D) ကို ရရှိခဲ့သည်။ ၁၉၇၀ ခုမှ ၁၉၈၇ ခုအထိ ရူပဗေဒပါမောက္ခတာဝန်ကို သူ၏အမိတက္ကသိုလ်တွင် ထမ်းဆောင်ခဲ့သည်။

၁၉၇၇ ခုတွင် ပါမောက္ခကြီးကိုရှီဘာသည် Order of Cultural Merit ဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၈၉ခုတွင် Japanese Academy မှ ဆုတစ်ခုချီးမြှင့်ခဲ့ပြန်သည်။ ၂၀၀၀ပြည့်နှစ်တွင် ရိုချက်စတာ တက္ကသိုလ်သို့ ပြန်၍ Distinguished Scholar Award ကို လက်ခံခဲ့ရသေးသည်။ ပါမောက္ခကြီးကိုရှီဘာသည် ထူးချွန်သဖြင့် မအားလပ်သည့်ကြားမှ ဆုတစ်ခုပြီး တစ်ခုလက်ခံရရှိလေသည်။ သူ့ကို ၂၀၀၀ ပြည့်နှစ်တွင် Wolf Prize ပေးသည်။ ၂၀၀၂ ခုတွင် ရူပဗေဒဘာသာရပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အတွက် နိုဘယ်လ်ဆုကို အခြားသိပ္ပံပညာရှင် နှစ်ဦးနှင့်အတူ ခွဲဝေရရှိသည်။ ဆု၏တစ်ဝက်ကို Ricardo Giacconi က ရရှိသည်၊ ကျန်တစ်ဝက်ကို ပါမောက္ခကြီးကိုရှီဘာနှင့် University of Pennsylvania မှ အမေရိကန်သိပ္ပံပညာရှင် Raymond Davis Jr. တို့ ပူးတွဲရရှိသည်။

ဂျပန်နိုင်ငံသားများသည် ပါမောက္ခကြီးအတွက် အလွန်ဂုဏ်ယူကြသည်။ ပါမောက္ခကြီးကို ကြည့်သည့် လူရင်းများ၏အကြည့်သည်ပင် ပြောင်းလဲသွားသည်ဟု ဆိုသည်။ မပြောင်းလဲသည့်သူမှာ ဆုရရှိသည့် ပါမောက္ခကြီး ကိုရှီဘာတစ်ယောက်သာဖြစ်သည်။ မီဒီယာသမားများကလည်း ပါမောက္ခကြီးကို အလွတ်မပေးပေ။ ပါမောက္ခကြီးက ကျွန်တော် ပင်ပန်းလှပြီ။ သို့သော် ဝမ်းသာမှုကတော့ ရှင်သန်နေပါသည်ဟု ဆိုသည်။ နိုဘယ်လ်ဆုနှင့်ပတ်သက်၍ ပြောသည်မှာမူ ကျွန်တော့အတွက် သိပ်ဂုဏ်ယူနေကြသည်ကို ကျွန်တော်နားမလည်ပါ။ အမှန်အားဖြင့်မူ နိုဘယ်ဆုသည် ကျွန်တော့အတွက် နောက်ရသည့်ဆုတစ်ခုပါပဲဟု ဆိုသည်။

နှစ်ဆန်းတစ်ရက်နေ့က အင်န်အိပ်ချ်ကေ အင်တာဗျူးတွင် ဆရာကြီးပြောပြသည့် အကြောင်းအရာအများကြီးထဲမှ 'If you like the teachers, you would like the subjects. The other way round can never happen.' ဟူသော စကားကို နှစ်သက်လှသောကြောင့် ကြုံသည့်စာအုပ်ထဲတွင် အလောတကြီးမှတ်သားလိုက်သည်ကို ပြန်လည်တင်ပြလိုပါသည်။

ဆရာကြီးက **'ဆရာများကို နှစ်သက်သဘောကျလျှင် ကျောင်းသားများသည် ကျောင်းသင်ဘာသာရပ်များကို သဘောကျနှစ်မြို့က်ပါလိမ့်မည်။ ပြောင်းပြန်အားဖြင့် ဘာသာရပ်များကိုကြိုက်ရာမှ ဆရာကို ကြိုက်လာသည့်ကိစ္စသည် မည်သည့်အခါမှမဖြစ်နိုင်'** ဟု ဆိုထားခြင်းဖြစ်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆရာကြီးက အသက် ၁၃၊ ၁၄ နှစ်အရွယ် ကျောင်းသားများသည် သူတို့ကိုစာသင်နေသည့်ဆရာက ဘာသာရပ်ကို ကျွမ်း မကျွမ်း တန်း၍သိနိုင်သည်ဟု ဆိုပါသည်။ ဘာသာရပ်ကို တန်း၍သိနားလည်အောင် သင်ပြနိုင်သည့်ဆရာဆိုလျှင် ကျောင်းသားများ သဘောကျနှစ်ခြိုက်တတ်စမြဲဖြစ်သည်။ ပုဂ္ဂိုလ်ခင်သော် တရားမင်တတ်သည်ဟု ဆိုကြသည့်အတိုင်း ဆရာသည် တော်သော တတ်သော နားလည်မှုရှိသောသူဖြစ်ပါက ဆရာသင်သည့်ဘာသာရပ်ကို နှစ်ခြိုက်သွားတတ်စမြဲဖြစ်သည်။ သိလွယ်အောင်ပြောပါက ဆရာကိုချစ်လျှင် စာကိုချစ်စမြဲဖြစ်ပါသည်။ စာကိုချစ်သဖြင့် ဆရာကိုချစ်လာသည့် သာဓကမရှိဟု ဆိုပါသည်။

ဆရာကြီးသည် အင်တာဗျူးတွင် သူငယ်စဉ်ကအကြောင်းတစ်ခုကို ဥပမာပြပါသည်။ သူသည် ငယ်စဉ်ကပင် ပိုလီယိုရောဂါရရှိသဖြင့် ဆေးရုံကိုတက်ရသည်။ ထိုသို့ဆေးရုံခုတင်ပေါ်တွင် ငြီးငွေ့စွာနေရစဉ် သူ့ထံသို့ ရူပဗေဒဆရာ ရောက်လာကာ လူမမာကျောင်းသားငယ်ကို ရူပဗေဒဘာသာရပ်ကို ဆက်လက်သင်ပေးခဲ့သည်။ သူသည် သူ့ကိုဂရုစိုက်သော၊ ဘာသာရပ်ကိုလည်းကျွမ်းသော၊ သင်ပြရာတွင်လည်း ရှင်းလင်းသော ဆရာ့ကို ချစ်ခင်သောကြောင့် ရူပဗေဒဘာသာရပ်တွင် နိုဘယ်လ်ဆုရသည်အထိ အောင်မြင်ခဲ့သည်ဟု ယုံကြည်လေသည်။ ဆရာများရော ယခုဤစာကိုဖတ်နေသော စာဖတ်ပရိသတ်ပါ ဆရာကိုချစ်လျှင် စာကိုချစ်သည်ဟူသောစကားကို စိတ်ရောကိုယ်ပါ လက်ခံကြလိမ့်မည်ဟု ယုံကြည်ပါသည်။ စာရေးသူတို့၏ဘဝတွင် စာကိုစိတ်ဝင်စားသယောင်ဖြစ်နေပါလျက် သင်ပြသောဆရာ၏ မကျွမ်းကျင်မှုကြောင့် သူသင်ပြသော ဘာသာရပ်ကိုပါ မုန်းသွားတတ်ကြသည့်သူများလည်း ရှိပါသည်။

စာရေးသူ၏ ကိုယ်တွေ့ကို ပြောပြချင်ပါသည်။ စာရေးသူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မူလတန်းအောက်ဆင့်တွင် သင်ကြားသောဆရာမ၏ အမည်မှာ ဒေါ်ပုလေး ဖြစ်ပါသည်။ ထိုဆရာမ၏လက်ထက်တွင် အတန်း၏တစ်ဖက်က ကြမ်းပြင်သည် ကွက်လပ်ဖြစ်နေသောကြောင့် ဆရာမသည် ပုံပြောသည့်အခါတိုင်း ကျောင်းသားများကို သူ့ရှေ့တွင် ဝိုင်း၍ထိုင်စေကာ ပုံများကို အသံသာသာဖြင့် နားထောင်ချင်စဖွယ် ပြောပြတတ်သည်။ ဆရာမပြောပြသောပုံပြင်များမှာ စာရေးသူ၏အဘွားများ ဒေါ်လေး ဒေါ်ကြီးများနှင့် မိခင်တို့ထံမှ ကြားခဲ့ရသောပုံပြင်များနှင့် မတူပေ။ သင်ရိုးတွင်ပါသော သမိုင်းနောက်ခံဝတ္ထုများဖြစ်သဖြင့် ပို၍ဆွဲဆောင်မှုရှိလေသည်။

ထို့နောက် ဒေါ်ပုလေး၏ ပထဝီဝင်သင်ခန်းစာသည် စာရေးသူကို ပဉ္စလက်ဖြင့် ဖြားယောင်းသည့်နှယ် ရစ်ပတ်နှောင်ဖွဲ့လေသည်။ ပုံပြောနေကျကွက်လပ်တွင် သံဖြူဖြင့်လုပ်ထားသော လေးထောင့်ဇလားတစ်ခုရှိသည်။ ထိုဇလားထဲတွင် သဲများအပြည့်ထည့်ထားသည်ကို မြင်နေကျဖြစ်သော်လည်း မည်ကဲ့သို့ သုံးမည်မှန်းမသိခဲ့။ မစပ်စုခဲ့။ တစ်နေ့တွင်မူ ကျောင်းစောင့်ဦးလေးကြီးကို ရေတစ်ပုံးယူခဲ့ခိုင်းလိုက်ပြီးနောက် ဆရာမက စာရေးသူတို့ကို ပုံနားထောင်သည့်အချိန်အတိုင်း ဝိုင်း၍ထိုင်စေသည်။ ယခုအချိန်တွင် ဆရာမနှင့် စာရေးသူတို့၏အကြားတွင် ဇလားကြီးရှိနေပြီဖြစ်သည်။ ဆရာမသည် ရေများကို ဇလားထဲသို့ သူ့အတိုင်းအတာနှင့်သူ လောင်းထည့်ကာ သဲများနှင့်သမစေ၍ ရေပတ်လည်ဝိုင်းလျက်ရှိသော အရာကို ကုန်းမြေဟုခေါ်သည်ဟု ရေပတ်လည်ဝိုင်းနေသော သဲပြင်ကလေးကို ပြ၍သင်လေသည်။ ထို့နောက် တောင်တန်း တောင်ကုန်း ချိုင့်ဝှမ်း မြစ် ချောင်း မြစ်လက်တက်များကို သူ၏လက်ဖြင့် ဖန်ဆင်းပြလေသည်။ ထိုအချိန်ကစ၍ စာရေးသူသည် ပထဝီဝင်ကို လွန်စွာစိတ်ဝင်စားခဲ့သည်။

မှတ်မှတ်ရရ သတ္တမတန်းတွင်လည်း ပထဝီဝင်ဘာသာကို ထူးခြားစွာ စိတ်ဝင်စားလာပြန်သည်။ ဤမျှငယ်သောအတန်းမှ ကျောင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သားများကို စာရေးသူတို့၏ဆရာသည် ပထဝီဝင်နှင့် အခြားဘာသာရပ်များ၏ ဆက်စပ်နေသည်ဟု မပြောဘဲ ကျောင်းသားများကိုယ်တိုင် ဖြေရမည့် မေးခွန်းများကို မေးရင်း သင်ကြားသွားလေသည်။ ယခုထက်တိုင်ပင် ဆရာ့ကို ကျေးဇူးတင်နေပါသည်။

ထိုသို့ ပထဝီဝင် အသင်ကောင်းသော ဆရာများနှင့်တွေ့ကာ ယခုထက်တိုင် ပထဝီဝင်ဘာသာကို နှစ်သက်ဆဲ စိတ်ဝင်စားဆဲ ဖြစ်နေသော်လည်း တက္ကသိုလ်ဝင်တန်းတွင် ဘာသာတွဲအဖြစ်ပင် စာရေးသူ မယူခဲ့မိပေ။ အကြောင်းမှာ ထိုအတန်းတွင် သင်သောဆရာမသည် စာအုပ်မှတိုက်ရိုက်ခေါ်ကာ မှတ်စုပေးသောကြောင့်ဖြစ်သည်။

ဆရာကိုချစ်မှ စာကိုချစ်သည်ဟုဆိုရာတွင် ဆရာက ဘာသာရပ်ကို ကျွမ်းကျင်ရန်လိုသည်။ ဘာသာရပ် ကျွမ်းကျင်ရန်ဆိုသည်မှာ စဉ်ဆက်မပြတ် လေ့လာခြင်းမပြုပါက မဖြစ်နိုင်ချေ။ ထို့ပြင် ဆရာသည် ဘာသာရပ်တိုင်းတွင်ရှိသော အလှတရားနှင့်သစ္စာတရားကို သိရှိနားလည်ရန်လည်း လိုပေသေးသည်။ ထိုအလှတရားနှင့် သစ္စာတရားကို ကိုယ်တိုင်ကလည်း နှစ်ခြိုက်ပါမှ ကျောင်းသားများလည်း နှစ်ခြိုက်လာအောင် သင်ပြနိုင်မည်ဖြစ်သည်။ ထို့နောက် အရေးအကြီးဆုံးမှာကား ကိုယ်ပိုင်အလေ့အထများ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများဖြင့် ကြီးပြင်းလာကြသော ကလေးများကို တပြေးညီမကြည့်ဘဲ တစ်ဦးစီ၏ ထူးခြားချက်ကလေးများကို သိရှိနားလည်ပေးသော ဆရာများဖြစ်စေရန် ပညာရေး စိတ်ပညာကိုလည်း နားလည်တတ်သိရန်လိုသည်။ ဆရာဖြစ်ပါက အတန်းထဲတွင်ရှိသော ကျောင်းသားတိုင်းသည် ဖတ်၍ကောင်းသော စာအုပ်များ ဖြစ်သည်ဆိုသည့်အချက်ကို မမေ့သင့်ပါပေ။

စာရေးသူသည် ဆရာကြီးကိုရှီဘာကို အလွန်လေးစားပါသည်။ သူသည် ရူပဗေဒဘာသာကိုသာမက ပညာရေးနှင့်ပတ်သက်၍လည်း လေးလေးနက်နက် ခံယူသူတစ်ဦးဖြစ်သည်။ သူ၏စကားကို နားထောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရင်း စာရေးသူသည် သူ၏အကြောင်းနှင့် ဆရာများနှင့်ပတ်သက်သော သူ၏စကားများကို ပြန်မပြောရလျှင် မနေနိုင်ဖြစ်ကာ ဤစာကို စီကုံးလိုက်ပါသည်။

*'ဆရာတိုင်းတော်၍ ဆရာတိုင်း ကောင်းပါမှ ပညာရေးပေါ်တွင် တည်မှီနေသော နိုင်ငံတော် ကောင်းလာနိုင်မည်။ ဆရာတို့သည် မိမိတို့၏လက်ဝယ် ဆုပ်ကိုင်ထားသော နိုင်ငံ၏အနာဂတ်ကို ပစ်ပစ်ခါခါ မလုပ်သင့်ကြပါ'* ဟု စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

## ဆရာကိုချစ်မှ စာကိုချစ်တာကတော့ လက်တွေ့ပါပဲ

ကျွန်မတို့ကို လူဖြစ်အောင် ထုဆစ်ပေးလိုက်ကြတဲ့ ဆရာများရဲ့အကြောင်းကို ရေးသားတဲ့အခါ တိုတိုနဲ့ဖြတ်လို့မရနိုင်ဘဲ ဖြစ်နေပါတယ်။ စာမူကို ကွန်ပျူတာထဲက မထုတ်မချင်း တစ်ပုဒ်ချင်း ရေးထည့်နေမိတော့မှာ ဖြစ်ပါတယ်။

ကျွန်မက စာရေးဆရာဖြစ်လာတော့ ကျွန်မဆရာများက သင်ကြားပေးလိုက်တဲ့ အတွေးအခေါ်များနဲ့ပတ်သက်ပြီး ပြန်လည်တင်ပြနိုင်ခဲ့ပါတယ်။ ကျောင်းသားတိုင်းမှာလည်း ဆရာနဲ့ပတ်သက်ပြီး ခံစားချက်အမျိုးမျိုး ရှိကြမှာပါပဲ။ ဆရာအများစုကို သတိမရဘဲ ဆရာတစ်ဦးစနှစ်ဦးစကိုသာ သတိရတတ်ကြတဲ့အထဲမှာ ချစ်ခင်လေးစားစိတ်နဲ့ သတိရဖို့က အရေးကြီးပါတယ်။ သို့ပေမယ့် ကျောင်းသားတိုင်းဟာ အဲသည်လောက် ကံမကောင်းကြပါဘူး။ စိတ်ထဲမှာ နင့်သွားအောင် ပြောတတ်ဆိုတတ် ထေ့တတ်တဲ့ဆရာများနဲ့လည်း ကြုံဖူးတတ်ကြပါတယ်။

တကယ်တော့ ဆရာများလည်း ပုထုဇဉ်များပီပီ အမှားမကင်းနိုင်ပါဘူး။ အမှားနည်းသွားအောင် အမှားကင်းစင်အောင် သတိတရားထားပြီး ကြိုးစားကြရင်တော့ ပိုပြီးဆရာပီသလာမှာ ဖြစ်ပါတယ်။

ဆရာဆိုတာက စာတတ်ရုံနဲ့မပြီးပါဘူး။ မိမိအလုပ်ကို မိမိလေးစားပြီး မိမိကိုယ်ကိုလည်း ပိုပြီးတတ်မြောက်အောင် အမြဲအစဉ်သင်ယူနေတဲ့သူလည်း ဖြစ်ရပါမယ်။ ဆရာဆိုတာက ဘာသာရပ်လောက်သာ ကျွမ်းကျင်ရမှာ မဟုတ်ပါဘူး။ ဘာသာရပ်ကိုရော ကျောင်းသားများကိုရော နားလည်ရမယ့်သူ ဖြစ်ပါတယ်။ ဘာသာရပ်ကိုလည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စိတ်ဝင်စားတဲ့သူ ဖြစ်ရပါဦးမယ်။ အဲဒါမှ ကျောင်းဆရာမလုပ်ခင်ကတည်းက သင်ယူလာခဲ့တဲ့ အသိပညာလောက်နဲ့တင် ပြီးပြည့်စုံသွားပြီလို့ မထင်ဘဲ ထပ်မံလေ့လာဖြည့်စွက်နေမယ့် တိုးတက်ဖွံ့ဖြိုးသောဆရာဖြစ်လာမှာပါပဲ။ ခေတ်အလိုက် အယူအဆပြောင်းတာကိုလည်း နားလည်ရမှာဖြစ်တဲ့အတွက် ခေတ်ကိုလည်း မျက်ခြည်မပြတ်အောင် လေ့လာနေတဲ့သူ ဖြစ်ရပါဦးမယ်။

ဘာသာရပ်ကို ကျွမ်းကျင်တဲ့ဆရာဟာ သင်ကြားတဲ့အခါမှာ အားရှိပါတယ်။ အချက်အလက်များကို စကားလုံးများနဲ့ ပုံဖော်တဲ့အခါမှာ ပိုင်နိုင်ကျွမ်းကျင်လွန်းတဲ့အတွက် ကျောင်းသားများရဲ့စိတ်အာရုံမှာ ပြက်ပြက်ထင်ထင် မြင်လာအောင် စွမ်းဆောင်နိုင်ပါတယ်။ အထူးသဖြင့် သင်ရိုးလောက် ကျောင်းသုံးစာအုပ်ထဲမှာ ပါတဲ့စာလောက်ကိုသာ တတ်တဲ့ဆရာများနဲ့ ယှဉ်လိုက်ရင် သိသိသာသာ ထူးခြားတဲ့စွမ်းအား ရှိပါတယ်။ မူလက ဆရာသင်တဲ့ဘာသာရပ်ကို စိတ်မဝင်စားခဲ့တဲ့သူတောင်မှ ဆရာ့သင်ကြားပုံကောင်းတာကြောင့် စိတ်ဝင်စားမှုများ နိုးကြားလာတတ်ပါတယ်။ ဘာသာရပ်ထဲမှာပါတဲ့ အနှစ်သာရကိုလည်း မြင်လာတတ်ပါတယ်။ စာအုပ်ထဲမှာပါတာလောက်ပဲ တတ်တဲ့သူများကတော့ ဆရာဖြစ်ပေမယ့် ဆရာမည်ကာမတ္တပါပဲ။ အဲသည်လိုဆရာများဟာ ကိုယ့်အစွမ်းအစကို ကိုယ်မယုံတဲ့အတွက် မှားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသားများကလည်း ဆရာ့အစွမ်းအစကို မလေးစားနိုင်ဘဲ စိတ်ဝင်စားမှု နည်းပါးလာရင် ဆရာက ဒေါသနဲ့တုံ့ပြန်တတ်လို့ပါပဲ။

အဲသည်လိုကိစ္စများကို ကြုံခဲ့တဲ့သူ များမှာပါပဲ။ ဆရာမက စာအုပ်ကြီးတကိုင်ကိုင်နဲ့ စာသင်နေတယ်။ ဆိုလိုတာက စာအုပ်မပါရင် သူမသင်တတ်ဘူးလို့ ဆိုလိုတာပါပဲ။ အဲသည်လိုစာအုပ်ကိုင်ရင်း စာအုပ်ထဲမှာမပါတာကို သူမှန်းဆပြီး ပြောလိုက်ရင် တစ်ခါတည်းမှားသွားတာမျိုး ဖြစ်တတ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဥပမာ တင်ပြချင်ပါတယ်။ ကျွန်မတို့ ၈ တန်းမှာ သမိုင်းသင်တဲ့ ဆရာမကြီးက သမိုင်းကို မကျွမ်းပါဘူး။ စာအုပ်ကိုဖတ်ပြီး သင်ပါတယ်။ အဲသည်နောက် စာအုပ်ထဲမှာ ရဝေရှင်ထွေးဆိုတာလည်း ပါလာရော၊ ဆရာမကြီးက ရဝေရှင်ထွေးဆိုတာ ယောက်ျားဖြစ်ရမယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ အင်းဝကနေ တောင်ငူကိုပြေးသွားတဲ့ ရှင်ထွေးနာသိန် (အမှန်မှာ နားသိမ်ဖြစ်ရပါမယ်၊ ဆရာမကြီး အမှားမဟုတ်ပါ။ ရှင်ထွေးအမည်ရှိသူ စာဆိုတစ်ယောက် နားသိမ်နေသောကြောင့် ရှင်ထွေးနားသိမ်ဟု ရေးခဲ့ရာမှာ နောင်တွင် ရှင်ထွေးနာသိန်ဟု အရေးမှားခဲ့ကြသည်) ဟာ ယောက်ျားဖြစ်တယ်။ အဲဒါကြောင့် ရဝေရှင်ထွေးဆိုတာကလည်း ယောက်ျားပဲဖြစ်ရမယ်လို့ ပြောတော့တာပါပဲ။

ဆရာမကြီးက ကျောင်းသုံးစာအုပ်ကလွဲလို့ စာများများမဖတ်ဘူးဆိုတာ သိသာနေပါတယ်။ ကျမ်းကြီးကျမ်းခိုင်များကို ဖတ်တာ မဖတ်တာတွေတော့ ထားလိုက်ပါဦး။ အဲသည်ခေတ်က မြဝတီမဂ္ဂဇင်း ထွက်နေပါပြီ။ အဲသည်မဂ္ဂဇင်းထဲမှာ လစဉ် လစဉ် စာဆိုများအကြောင်းကို ဖော်ပြနေခဲ့တာပါပဲ။ ပန်းချီဦးငွေကိုင်ရဲ့ ပန်းချီပုံများကို သုံးထားပါသေးတယ်။ ကျွန်မကလည်း မလိမ်မိုးမလိမ္မာအရွယ်ဖြစ်တော့ လက်ညှိုးကလေးတစ်ချက်ထောင်ကာ ခွင့်တောင်းပြီး မတ်တတ်ရပ်လိုက်ပါတယ်။ ပြီးတော့မှ ရဝေရှင်ထွေးဟာ မိန်းမဖြစ်တယ်၊ စာဆိုဖြစ်တယ်၊ ပုဂံခေတ်က ဆံထုံးထုံးနည်း ၅၅ မျိုးကို စပ်ဆိုခဲ့သူ ဖြစ်တယ်ဆိုတာ မြဝတီမဂ္ဂဇင်းထဲမှာ ပါတယ်ဆိုတာတွေ ပြောလိုက်မိပါတယ်။ ဆရာမကြီးတစ်ယောက်တည်း ရှိနေချိန်မှာမှ မြဝတီမဂ္ဂဇင်းကို ယူပြပြီး တိုးတိုးတိတ်တိတ် ပြောသင့်တယ်ဆိုတာကို မတွေးမိပါဘူး။ ကလေးများရဲ့ ပွင့်လင်းသောစိတ်အထာနဲ့ ပြောချလိုက်တာပါပဲ။ ပြီးတော့ ဆရာမကြီးက သမိုင်းမှာ လူရောထွေးပြီး သင်တတ်တာကလည်း တစ်ဒုက္ခပါပဲ။ စလေငခွေးနဲ့ ဝါရီရူကို ရောလိုရောနဲ့ ဖြစ်တတ်သူပါပဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်မဟာ ဆရာမကြီး နေမကောင်းလို့ ဆေးရုံတက်ရတဲ့အချိန်မှာ သမိုင်းဆရာအဖြစ် ခဏအစားထိုးပြီး သင်ကြားတဲ့ဆရာကို သဘောကျပါတယ်။ ဗညားဦးဆိုရင် အသံထွက်အနေနဲ့ ဗင်ညားဦးလို့ထွက်ရမှာကို ဆရာက သိပါတယ်။ စာသင်လည်းကောင်းပါတယ်။ ဆရာမကြီးကျောင်းပြန်တက်တော့ ဆရာမကြီးက အဲသည်ဆရာသင်တာ မကောင်းဘူးမဟုတ်လားလို့ မေးတော့တာပါပဲ။ ကျောင်းသူတွေကလည်း မကောင်းပါဘူးလို့ ဖြေကြပါတယ်။ ကျွန်မကတော့ စိတ်ဓာတ်ကျနေတာပေါ့။ အစမ်းစာမေးပွဲမှာ ကျွန်မရဲ့ သမိုင်းအမှတ်က ၄၇ မှတ်ပဲ ရပါတယ်။ ဆရာမကြီးက လျှော့ပေးတာမဟုတ်ပါဘူး။ ကျွန်မမှ သမိုင်းကို မချစ်တော့တာ၊ စာလည်းကောင်းကောင်း မကျက်မိတော့ဘူးပေါ့။

သို့ပေမယ့် ဆိုးတာက အမှတ်တွေထွက်လာပြီးတဲ့အခါမှာ ဆရာမကြီးက ကျွန်မကိုထခိုင်းပြီး အမှတ်ကို မေးတော့တာပါပဲ။ ကျွန်မက ၄၇ မှတ်ပဲ ရပါတယ်လို့ ဖြေတော့ ငါ့ဖြင့် ထ ထပြီး စာမေးတတ်လို့ ပြောတတ်လို့ အမှတ်တွေ များလိမ့်မယ်ထင်တာ၊ မများပါဘဲကလားလို့ ပြောပြီး သရော်ပြုံးပြုံးနေတာကို အခုထိသတိရနေမိပါတယ်။ တော်သေးတာက ကျွန်မဟာ ၁၀ တန်းကိုရောက်တော့ စာသင်အလွန်ကောင်းတဲ့ဆရာနဲ့ သမိုင်းသင်ခွင့်ရလာတဲ့အတွက် သမိုင်းကို ပြန်လည်ချစ်ခွင့်ကြုံလာလို့ပါပဲ။

ကျွန်မတို့နဲ့အတူ အတန်းတက်လာတဲ့ ဆရာမကြီးက ပထဝီဝင်ကို စာအုပ်ကြီးကိုင်ပြီး ရွတ်ပြတဲ့နည်းနဲ့ သင်ပါတယ်။ ကျွန်မဟာ အခုအချိန်အထိ ပထဝီဝင်ဘာသာနဲ့ဆိုင်တဲ့ စာအုပ်တွေကို ဖတ်ဖြစ်ပါတယ်။ မြေပုံကိုကြည့်ရတာကိုလည်း အခုအချိန်အထိ ကြိုက်တာပါပဲ။ သို့ပေမယ့် ဆရာမကြီးကို မချစ်နိုင်လို့ ၁၀ တန်းမှာ ပထဝီဝင်ဘာသာကို မယူခဲ့တော့ပါဘူး။ အဲသည်လိုအဖြစ်မျိုးက ပထမ မိမိသင်ရမယ့်စာကို ကောင်းစွာလေ့လာဖတ်ရှုခြင်းမရှိတဲ့ ဆရာဟာ ကျောင်းသားဘဝကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



များစွာသောအပြောင်းအလဲကို ဖြစ်စေတယ်။ ကောင်းတဲ့အပြောင်းအလဲထက် ဆိုးတဲ့အပြောင်းအလဲများကို ဖြစ်စေတယ်။ မိမိသင်ရမယ့်စာကို သေသေချာချာ မလေ့လာတဲ့ဆရာဟာ သင်ကြားတဲ့အခါမှာလည်း ပိုင်နိုင်ကျွမ်းကျင်ခြင်း မရှိနိုင်ပါဘူး။ အဲသည်တော့ ကျောင်းသားများရဲ့ စိတ်ထဲနှလုံးထဲကို ဘာသာရပ်ကပေးတဲ့အသိ ဘာသာရပ်ကပေးတဲ့ အနှစ်ကို စိမ့်ဝင်ပျံ့နှံ့အောင် လုပ်မပေးနိုင်ဘူးပေါ့။ အဲသည်အချက်ကတော့ အကြောင်းဆိုးနဲ့ အကျိုးဆိုးရဲ့ ဆက်သွယ်မှုပဲဖြစ်ပါတယ်။

ဆရာဟာ မလိမ္မာတာကို လိမ္မာအောင် သွန်သင်ညွှန်ပြတဲ့သူ ဆိုတာကို တစ်နေရာမှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲသည်လို မလိမ္မာတာဆိုတဲ့စကားဟာ မိုက်မဲတာကို ဆိုလိုခြင်းမဟုတ်ပါဘူး။ မကျွမ်းကျင်တာကို ညွှန်းဆိုတဲ့စကား ဖြစ်ပါတယ်။ ကျောင်းသားများကို သိအောင် တတ်အောင် သိစရာတတ်စရာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင်ဆိုတာက ဆရာကိုယ်တိုင် ဘာသာရပ်များကို ကောင်းစွာ တတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ ဘာသာရပ်တိုင်းကို တတ်ရမှာလားလို့ မေးရင် ဘာသာရပ်တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာကို သိမြင်လောက်အောင်တော့ တတ်ရမှာပေါ့လို့ပဲ ဖြေလိုပါတယ်။ ဥပမာဆိုပါတော့ သမိုင်းကို သင်ကြားတဲ့အခါမှာ ပထဝီဝင်နောက်ခံကို ရှင်းလင်းပြပြီးမှ သင်တတ်တဲ့ဆရာနဲ့ သမိုင်းကို စာအုပ်ထဲမှာပါသလောက်သာ သင်တတ်တဲ့ဆရာများဟာ သိသိသာသာ ကွာခြားသွားတော့မှာပါပဲ။

နောက်ထပ်အရေးကြီးတဲ့အချက်တစ်ခုကို တင်ပြလိုပါတယ်။ ဆရာဆိုတာ စာသင်ဆရာလောက်သာဖြစ်ရင်တော့ အခုလို စာအုပ်ကောင်းတွေ နည်းပညာအသစ်တွေ ပေါ်လာတဲ့အချိန်မှာ ဆရာရဲ့အခန်းကဏ္ဍဟာ မှေးမှိန်သွားတော့မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နည်းပညာတွေက ကျောင်းသားကိုပိုပြီး စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်စွမ်း ရှိလို့ဖြစ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တကယ်တော့ အဲသည်လိုမဖြစ်သင့်ပါဘူး။ ဆရာဆိုတာ လူကို လိမ္မာအောင် သင်ရမှာဖြစ်ပါတယ်။ သိသင့် သိထိုက်တာတွေကို သိအောင် သူတို့ကိုယ်တိုင် ကိုယ်ထူကိုယ်ထ လေ့လာတတ်အောင် လေ့ကျင့်သင်ကြားပေးနိုင်တဲ့ အစွမ်းအစရှိတဲ့သူများ ဖြစ်သင့်ပါတယ်။ အဲသည်လို ဆိုရင် ဆရာက စာကိုချည်းသိနေလို့ တတ်နေလို့ မဖြစ်သေးပါဘူး။ ဆရာဟာ သူသင်ကြားသမျှကို သင်ယူနေတဲ့ကျောင်းသားများကိုလည်း ကောင်းစွာသိရမှာ ဖြစ်ပါတယ်။ ပြီးတော့ သတိကြီးစွာထားရမှာက မိမိပြောသမျှ သင်ကြားသမျှကိုသာမကဘဲ မိမိရဲ့အသံတိတ်စံနမူ(Silent example) ကို ယူနေတဲ့သူများ ဖြစ်တယ်ဆိုတာကိုလည်း သတိထားရဦးမှာ ဖြစ်ပါတယ်။

ကျောင်းသားများကို သိနားလည်ဖို့အတွက် ဆရာအတတ်သင်ကျောင်းများမှာ ပညာရေးစိတ်ပညာဆိုတဲ့ ဘာသာရပ်ကို သင်ကြားပေးလေ့ရှိပါတယ်။ အဲသည်ဘာသာရပ်က ယေဘုယျ ဖြစ်နိုင်ခြေရှိတဲ့ ကျောင်းသားများရဲ့ အရွယ်အလိုက် ကိုယ်ရောစိတ်ပါ အပြောင်းအလဲများ။ ကျောင်းသားများရဲ့ ဗီဇသတ္တိများ၊ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုများ စသည်တို့ကို ကျောင်းသားများ ဘယ်လိုတုံ့ပြန်တတ်တဲ့ အကြောင်းစတဲ့ ကျောင်းသားများရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို သင်ကြားပေးလေ့ရှိပါတယ်။ ဆရာဖြစ်သူဟာ ပညာရေးစိတ်ပညာက သင်ကြားပေးလိုက်တဲ့ အကြောင်းအရာကို စာအုပ်ကြီးအတိုင်း ကျက်မှတ်ထားရုံ ထားလို့ကတော့ ဘာမှအကျိုးများမှာ မဟုတ်ပါဘူး။ ဖြစ်သင့်တာကတော့ ပညာရေးစိတ်ပညာမှာ ဖော်ပြထားတဲ့အကြောင်းအရာများနဲ့ မိမိရဲ့ကျောင်းသားများရဲ့ စိတ်နေသဘာဝ ဘယ်လောက်ကိုက်ညီသလဲ ဆိုတာကို လေ့လာဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ပညာထဲမှာ ရေးထားတဲ့အကြောင်းအရာအတိုင်း ကျောင်းသားများရဲ့စိတ်က တစ်ထပ်တည်းရှိနေမှာ မဟုတ်လို့ဖြစ်ပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လူတွေရဲ့စိတ်ဟာ ထွေပြားပါတယ်။ ထင်ထားသလို အများ တကာမှာ ဖြစ်လေ့ရှိသလို လူတိုင်းဖြစ်တတ်တာ မဟုတ်ပါဘူး။ ဥပမာ စာသိပ်တော်တဲ့ကျောင်းသားဟာ သာမန်အားဖြင့်စဉ်းစားရင် ဉာဏ်ရှိ တယ်ပေါ့။ တွေးတောဆင်ခြင်နိုင်စွမ်း ရှိတယ်ပေါ့။ သို့ပေမယ့် စာ သိပ်တော်တဲ့ကျောင်းသားဖြစ်ပြီး လူ့လောကမှာ သာမန်အားဖြင့် သိထိုက် တဲ့ လူ့စည်းမျဉ်းတောင်မှ မသိတဲ့သူဖြစ်နေတာကို ကျွန်မသိရဖူးပါ တယ်။ သိပ်ဆင်းရဲပေမယ့် လောဘကို သတ်နိုင်သူ၊ သိပ်ချမ်းသာပေမယ့် လက်ဆော့သူစသည်ဖြင့် မထင်မှတ်တာတွေကို တွေ့ရတတ်ပါတယ်။ ဘယ်လိုပဲ မထင်မှတ်သည်ဖြစ်စေ ဆရာဟာ ကျောင်းသားတိုင်းကို လူတော်လူကောင်းများဖြစ်အောင် သွန်သင်ဆုံးမရမှာ ဖြစ်ပါတယ်။ အဲသည်တော့ ကျောင်းသားတိုင်းရဲ့စိတ်နေသဘာဝကို သိထားမှဖြစ်ပါ မယ်။

ကျောင်းသားများကို လေ့လာလေလေ စိတ်ဝင်စားစရာ ကောင်း လေလေပါပဲ။ တချို့ဆရာများက ကျောင်းသားများ စာမရဘူးဆိုရင် ဒီလောက်ကလေးတောင်မှ မရကောင်းလားဆိုပြီး ဆူပူတတ်ပါတယ်။ တချို့ကျတော့ ငါ့တပည့်က တော်ပါတယ်။ အခုကိစ္စမှာ တစ်ခုခုလွဲချော် နေလို့သာ မအောင်မြင်တာလို့ ဆရာထင်တယ်။ အဲသည်တော့ ဘယ်လို ကိစ္စမျိုးများ ဆရာကူညီပြီး ဖြေရှင်းပေးဖို့ လိုသလဲဆိုတာကို ပြောပြစမ်း ပါဦးလို့ သာသာယာယာ မေးမြန်းစုံစမ်းပြီး ကျောင်းသားကို လမ်းမှန် ရောက်အောင် ကူညီနိုင်ပါတယ်။

အဲသည်လို ဆရာမျိုးကိုလည်း ကျွန်မတို့ဘဝမှာ တွေ့ခဲ့ဖူးတာ ပါပဲ။ အဲသည်လိုဆရာမျိုးမဟုတ်ဘဲ ဆန့်ကျင်ဘက် ဆရာမျိုးကိုလည်း တွေ့ခဲ့ရဖူးပါတယ်။ မျက်နှာလိုက်တာတို့၊ တပည့်ဖြစ်သူကို အထင်သေး တာတို့ဆိုတဲ့ ဆရာများမှာ မရှိအပ်တဲ့ သဘောထားများကို ထင်ရှား အောင် ပြတတ်တဲ့ဆရာများလည်း အများကြီးရှိပါတယ်။ ကိုယ့်တပည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ယောက်က အလုပ်လုပ်ရာမှာ သေသပ်တယ်၊ သေသပ်သူတို့ ထုံးစံအတိုင်း အချိန်ပိုပြီးယူတယ်။ တစ်ယောက်က မသေသပ်ဘူး၊ မြန်မြန်ပြီးတယ်။ အဲသည်လို နောက်ကျမှပြီးတယ်ဆိုတာတောင် အများ ထက်လည်း စောတယ်၊ စာအုပ်ကိုကြည့်လိုက်ရင်လည်း သိသိသာသာ သေသပ်နေတယ်ဆိုတာကိုတောင်မှ မထောက်ထားဘဲ နင် စကောလား ရှစ် ရတယ်ဆိုတာ အစိုးရမျက်စိမှားလို့ ရတာလားလို့ မေးသေးတယ် ဆိုတဲ့ဆရာကတော့ သူသင်နေတဲ့စာကို အမေးခံရတဲ့ကျောင်းသား မချစ် အောင် ပြုမူလိုက်တာပါပဲ။ ဆရာက တစ်ဖက်က ဂုဏ်ကြီးရှင် မိန်းကလေးကို လက်ညှိုးထိုးပြပြီး သူကပြီးတာဖြင့် ကြာပြီလို့လည်း စာပြိုင်ဘက်အချင်းချင်းကို မျက်နှာလုပ်လိုက်သေးတယ်ဆိုတော့ အပြော ခံရတဲ့ ကျောင်းသူရဲ့နှလုံးသား မှာ (ဆရာကြီးရွှေဥဒေါင်း ပြောသလို ပြောရရင်) ဆူးကြီးတစ်ချောင်း ပေါက်လာတာပါပဲ။

အဲသည်ဆရာသင်တဲ့သင်္ချာကို အစောပိုင်းမှာ အမှတ်ပြည့် ရနေ ရာကနေပြီး အမှတ်နည်းသွားလိုက်တာ နောက်ဆုံး ၁၀ တန်းလည်း အောင်ပြီးရော အိမ်ကဈေးဖိုးကိုတောင် မတွက်တတ်တော့လောက်အောင် သင်္ချာကို မုန်းသွားရောဆိုတဲ့သူဟာ ကျွန်မဖြစ်ပါတယ်။ စိတ်တော့ မကောင်းပါဘူး။ ကိုယ့်ဆရာအကြောင်းကို ကိုယ်ပြန်ပြောရလို့ပါပဲ။

ကျွန်မရဲ့ ဆရာတစ်ယောက်ဖြစ်တဲ့ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းကတော့ စာသင်ခန်းဝင်ရင် ပြုံးချိုနေတာပါပဲ။ သူ့ဘာသာ သူလည်း အဲသည်လိုအေးဆေးရွှင်ပြုံးတဲ့ အနေအထားနဲ့ပဲ နေတတ်ပါ တယ်။ ဆရာကြီးကို ပါးချိုင့်ကြီးပေါ်အောင် ပြုံးနေတတ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြောမိတော့ ဆရာကြီးက ဆရာလည်း သူငယ်တန်းက စပြီး ပါရဂူဘွဲ့ကို ရလာတဲ့အထိ သဘောကောင်းတဲ့ ပြုံးချိုရွှင်ပျတဲ့ ဆရာများသင်တဲ့ ဘာသာရပ်မှာ အမှတ်ကောင်းကောင်းရတတ်တယ် ဆိုတာကို ကိုယ့်ဘာသာကိုယ် သတိထားမိတယ်။ အဲဒါကြောင့် ကိုယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တိုင် ဆရာဖြစ်လာတော့ ပြုံးပြုံးရွှင်ရွှင် နေခဲ့တာပါပဲတဲ့။ အဲသည်တော့မှ ကျောင်းသားတွေက ကိုယ်သင်တဲ့ဘာသာကို စိတ်ဝင်စားမှာ ဖြစ်ပါတယ်တဲ့။

ဆောင်းပါးအသွင်နဲ့ ဆရာများနဲ့ သင်ကြားနည်းများအကြောင်းများကို တစ်ပုဒ်ချင်းတင်ပြခဲ့တာ အခုဆောင်းပါးမှာတော့ အပြီးသတ်ပြီ ဖြစ်ပါတယ်။ ဆရာ့အကြောင်းဟာ မိဘအကြောင်းလိုပဲ ကျယ်ပြန့်ပါတယ်။ ပြောရင်တော့ မပြီးနိုင်အောင် များပြားကျယ်ဝန်းပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လောကကို လှစေနိုင်တဲ့အစွမ်းရှိသလို အကျည်းတန်စေနိုင်တဲ့ အစွမ်းလည်း ဆရာများမှာ ရှိလို့ဖြစ်ပါတယ်။ မြန်မာမှာတော့ အနန္တော အနန္တငါးပါးထဲမှာ ပါဝင်တဲ့ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် လောကကို အလှဆင်မယ့်သူများလို့ ကိုးစားအားထားနေတတ်ကြပါတယ်။ မိမိရဲ့ မြင့်မြတ် တဲ့ရုပ်သွင်ကို ပီပြင်အောင် ထိန်းသိမ်းနိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ ။

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

